မဒေါက်မြို့

(အဂ္ဂမဟာပဏ္ဍိတ)

ပန်းငွေရုံဆရာတော်

# ဒေသနာပန်းခင်း

ဒုတိယတွဲ



## ပုံနှိပ်မှတ်တမ်း

သာသနာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် - ၂၁/ ၂၀၀၁ (၁)

စာမူခွင့်ပြုချက်အမှတ် - ၁၂၆/ ၂၀၀၁ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၃/ ၂၀၀၁ (၂)

**မျက်နှာဖုံးဒီဇိုင်း**

နေဝင်းအောင်

**ထုတ်ဝေသူ**

ဦးမိုးကြည် (၀၉၅၈) (မေမြို့ မိုးကြည်)

မိုးကြည်စာပေ

အမှတ်- ၃၈၇၊ ဖျာပုံလမ်း၊ (၇)ရပ်ကွက်

ဒဂုံမြောက်ပိုင်းမြို့နယ်-ရန်ကုန်။

**ပုံနှိပ်သူ**

ဦးကြီးမြင့် (၀၂၉၃၆)

အောင်ချမ်းသာပုံနှိပ်တိုက်

အမှတ် ၁၃/ ၂၇ ရွှေဝါလမ်း

မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်



အမှတ် ၂၈၄၃၃

# မာတိကာ(က)


| | |
|---|---|
| * ပုံဖော်ကြည့်မိပါသည် | (ဈ) |
| **၁။ ကံနှစ်မျိုးအကျိုးပြဒေသနာ–** | ၁ |
| –သဗ္ဗမင်္ဂလာဂါထာဖြင့်အာသီသပြုခြင်း | ၁ |
| –ဆောင်ရန်,ရှောင်ရန် | ၂ |
| –ကံနှစ်မျိုးတို့ရဲ့ အကျိုးပေး | ၃ |
| –ကံနှစ်မျိုးတို့ရဲ့ဥပမာ | ၇ |
| –ဆန်မှာလား,စုန်မှာလား | ၈ |
| –ပုထုဇဉ်လူသားတွေမို့ | ၉ |
| –သုဘလုလင်လျှောက်ထားခဲ့ဖူးပါတယ် | ၁၀ |
| –ဘုရားရှင်ရဲ့အဖြေ | ၁၁ |
| –အသက်တို့ရှည် | ၁၂ |
| –ပူတိဂတ္တတိဿမထေရ်အကြောင်း | ၁၃ |
| –တိဿလို့အမည်ပေး | ၁၄ |
| –တိဿမှ ပူတိဂတ္တတိဿသို့ | ၁၄ |
| –မည်သူမှအနားမကပ်နိုင် | ၁၅ |
| –ကြောက်မက်ဖွယ်ရာ အကုသိုလ်ကံရဲ့အကျိုးပေး | ၁၆ |
| –ဘုရားရှင်တို့ မစွန့်အပ်သောအရာဌာန | ၁၆ |
| –ဗုဒ္ဓပွင့်တာသတ္တဝါတွေအတွက်ပါ | ၁၇ |
| –အားကိုးအားထားပြုဖို့ကောင်း | ၁၈ |
| –ဗုဒ္ဓကိုယ်တိုင်ဂိလာနကိုပြုစုခြင်း | ၂၀ |
| –ဘုရားရှင်တရားဟောတော်မူ | ၂၂ |

## မာတိကာ(ခ)


-ထင်းတုံးလောက်ပင်အသုံးမကျတဲ့ခန္ဓာ ၂၃

-ပူတိဂတ္တတိဿမထေရ်ရဟန္တာဖြစ်တော်မူ ၂၄

-ဟန်ချက်ညီညီ ၂၅

-စေတီတည်ထားခြင်း ၂၆

-မထေရ်မြတ်၏အတိတ်ဇာတ်ကြောင်း ၂၆

-မထေရ်အလောင်းငှက်မုဆိုးဘဝ ၂၇

-ရဟန္တာတစ်ပါးကိုဆွမ်းလှူခဲ့ ၂၈

-ငှက်မုဆိုး၏ဆုတောင်း ၂၉

-ဒါနမြောက်ရန်အတွက်လိုအပ်ချက် ၃၀

-ဆုတောင်းမမှားဖို့အရေးကြီးတယ် ၃၁

-ကိုယ်ပြုတဲ့ကံကိုယ်ပြန်ခံရ ၃၂

-သတိပြုဖို့ကောင်း ၃၂

-နိဂုံးစကား ၃၃

၂။ကျောင်းအနုမောဒနာဒေသနာ ၃၄

-အကောင်းဆုံးတရား ၃၄

-ဘုရားဖြစ်ပြီးစအခြေအနေ ၃၆

-ရာဇဂြိုဟ်သို့ ၃၆

-နေထိုင်စရာကျောင်းကိုခွင့်မပြုခင်က ၃၇

-ရာဇဂြိုဟ်သူဌေးကအစပျိုးခဲ့ ၃၇

-ရှေးကအထုံပါလာလျှင် ၃၉

# မာတိကာ(ဂ)


-ကြည်ညိုလို့ပါ ၃၉

-ကြည်ညိုမှုကသိုလ်ပြုဖြစ် ၄၀

-ကျောင်းလှူခွင့်တောင်းတဲ့အခါ ၄၁

-ကျောင်းနဲ့နေထိုင်ခွင့်အမိန့် ၄၂

-ကျောင်းပေါင်း(၆၀)ဆောက်လုပ်လှူဒါန်းခြင်း ၄၃

-ဘယ်လိုသဘောထားပြီးလှူကြမလဲ ၄၃

-အလှူအကျိုးကြီးအောင်နှလုံးသွင်းနည်း ၄၄

-ရည်စူးချက်တွေအောင်မြင်ဖို့ ၄၅

-သံဃာကိုရည်စူးခိုင်းလိုက်တာပါ ၄၆

-ဒါနနှစ်မျိုးနဲ့ပတ်သက်၍ ၄၆

-ဘုရားဟောကျောင်းအနုမောဒနာ ၄၈

-အအေးအပူတွေကိုပယ်ဖျောက်ပေးတယ် ၄၉

-ယနေ့မျက်မြင် ၅၀

-အလှူရှင်များအတွက်အကျိုး ၅၁

-သစ်ကျားစတဲ့သားရဲဘေးတွေကိုလဲကာကွယ်ပေးတယ်၅၁

-မှက်ခြင်မြွေကင်းသန်းတို့ကိုလဲကာကွယ်ပေးတယ် ၅၂

-အလှူရှင်များအတွက်အကျိုး ၅၃

-လေတွေမိုးတွေကိုလဲ ကာကွယ်ပေးတယ် ၅၃

-အလှူရှင်များအတွက်အကျိုး ၅၄

-လေပြင်းနေပူတွေကိုလဲကာကွယ်ပေးတယ် ၅၅

# မာတိကာ(ဃ)


-ကိန်းအောင်းနေဖို့ချမ်းသာဖို့လဲဖြစ်တယ် ၅၅

-သမထဝိပဿနာတွေပွားများဖို့လဲဖြစ်တယ် ၅၆

-အမြတ်ဆုံးအလှူတဲ့ ၅၇

-ကိ ဒဒသုတ်မှာလဲသဗ္ဗဒဒဒါနလို့ဟောထားတယ် ၅၈

-အားလုံးကိုပေးလှူရာရောက်ပုံ ၅၉

-ကျောင်းလှူရန်တိုက်တွန်းရခြင်း ၆၀

-ဆရာတင်မမှားဖို့လိုတယ် ၆၁

-ဒီအတိုင်းမပစ်ထားရပါဘူး ၆၂

-သတိပြုလိုက်နာကြဖို့လို ၆၃

-သဒ္ဒါကြည်ဖြူပေးလှူကြရမယ် ၆၄

-လိုအပ်ချက်တွေပြည့်စုံနေရင် ၆၅

-တရားဟောတယ်ဆိုတာ ၆၆

-ကျောင်းအကျိုးပြလင်္ကာများ ၆၈

-နိဂုံးစကား ၇၀

၃။ပိဋကသုံးပုံရေစက်ချဒေသနာ - ၇၂

-ပိဋကတ်အနှစ်ချုပ် ၇၂

-ပိဋကတ်ကျမ်းစာများပေါ်ပေါက်လာခြင်း. ၇၄

-သံဂါယနာတင်ခြင်း ၇၅

-ဓမ္မဒါနပြုရာရောက် ၇၆

-ကျေးဇူးများတဲ့အလှူ ၇၈

# မာတိကာ(၄)


| | |
|---|---|
| - ပရိယတ္တိသာသနာ | ၇၉ |
| -ပရိယတ္တိသာသနာမကွယ်ရအောင် | ၈၀ |
| -ဆရာအဖြစ်ထားခဲ့ခြင်းဖြစ် | ၈၂ |
| -သီဟိုဠ်ကျွန်းကအဖြစ်အပျက်လေးတစ်ခု | ၈၃ |
| -သာသနာ့အာဇာနည်တွေ | ၈၄ |
| -ဘယ်သူပဓာနလဲ | ၈၅ |
| -သတိပြုရမှာက | ၈၇ |
| -သာသနာသုံးရပ်ကိုစဉ်ကြည့်ခြင်း | ၈၈ |
| -အတုယူလိုက်နာရမယ် | ၈၉ |
| ၃။ အနေကဇာတင်ခြင်းသနာ | ၉၂ |
| -အနေကဇာတင်တယ်ဆိုတာ | ၉၂ |
| -အနေကဇာတင်မှဘုရားဖြစ်သလား | ၉၂ |
| -ရွှေဝါရောင်နတ်သမီးလေးအကြောင်း | ၉၃ |
| -ကောင်းမှုသေးငယ်သော်လဲ | ၉၄ |
| -သိကြားမင်းတိုက်တွန်းပုံ | ၉၅ |
| -ဘုရားပွင့်တယ်ဆိုတာ | ၉၈ |
| -ဘုရားဟောပဲဖြစ်ပါတယ် | ၉၉ |
| -ဘုရားတည်တယ်ဆိုတာ | ၁၀၀ |
| -ပုလိနထုပိယမထေရ်အကြောင်း | ၁၀၄ |
| -ဆရာမရှိတာဒုက္ခတစ်မျိုးပဲ | |

# မာတိကာ(ခ)


-အမြဲပူဇော်နေဖို့လဲလိုတယ် ၁၀၂

-အကျိုးကျေးဇူးများ ၁၀၃

-ထူးခြားတဲ့အကျိုးတွေကိုလဲခံစားသေးတယ် ၁၀၃

-အမြတ်ဆုံးအကျိုးတွေ ၁၀၅

-နိဂုံးစကား ၁၀၆

၅။သိမ်ထပ်အနုမောဒနာဒေသနာ ၁၀၈

-ကုသိုလ်ထူးလှလူ့ဘဝ ၁၀၉

-မြင့်မြတ်တဲ့သာသနာ ၁၁၀

-ဓမ္မပါလဇာတ်တော် ၁၁၁

-ဘုရင်ကြီးအထင်လွဲခဲ့ ၁၁၂

-ဓမ္မပါလခလေးငယ်ကို နှိပ်စက်ကြခြင်း ၁၁၃

-ဓမ္မပါလကလေးငယ်၏ ခန္တီမေတ္တာ ၁၁၃

-ပါရမီပြည့်ဖို့အရေးအသက်ပေး ၁၁၄

-အမြတ်ဆုံးသာသနာ ၁၁၆

-"ခံယဉ်း"စာရင်းဝင်သာသနာ ၁၁၇

-လူသားတွေသာချီးမြှောက်နိုင်ကြတာပါ ၁၁၉

-နတ်ဗြဟ္မာတွေမပြုနိုင်တဲ့ကုသိုလ် ၁၂၀

-ဘုန်းရှင်ကံရှင်ဖြစ်ဖို့လဲလိုပြန်တယ် ၁၂၂

၆။ဆွမ်းသွတ်အနုမောဒနာဒေသနာ ၁၂၆

-ရည်စူးပြီးပြုတဲ့နေရာမှာ ၁၂၆

# မာတိကာ(ဆ)


-အလှူခံမြတ်ဖို့အရေး ၁၂၇

-မမေ့ကောင်းတဲ့ကျေးဇူးရှင်တွေ ၁၃၀

-မိဘကျေးဇူးမြင့်မိုရ်ဦး ၁၃၁

-ကျေးဇူးဆပ်ရကျိုး ၁၃၃

-ရတနာသုံးပါးကိုလဲမမေ့သင့် ၁၃၄

-ဆရာ့ကျေးဇူးကိုလဲမမေ့နဲ့ ၁၃၆

-သောကတွေမဖြစ်မိဖို့လိုတယ် ၁၃၆

-အနိစ္စသဘောတွေကိုမြင်အောင်ကြည့် ၁၃၈

-ခန္ဓာရထား၊သံသရာခရီးသွား ၁၃၈

-ဘာရိက္ခာတွေယူသွားကြမလဲ ၁၃၉

-ပစ္စည်းဥစ္စာတွေကိုလဲ စွန့်ရလိမ့်မယ် ၁၄၀

ရှုခန္တီအကြောင်းသိကောင်းစရာဒေသနာ ၁၄၅

-မေတ္တာတရားအကျိုးများ ၁၄၆

-မေတ္တာအကျိုး(၁၁)မျိုး ၁၄၇

-ခန္တီဆိုတာ ၁၄၈

-သီလနဲ့ခန္တီ ၁၅၀

-သမာဓိနဲ့ခန္တီ ၁၅၁

-ပညာနဲ့ခန္တီ ၁၅၁

-ဒါနနဲ့ခန္တီ ၁၅၁

-အခြားကုသိုလ်များနဲ့ခန္တီ ၁၅၄

# မာတိကာ(၈)


-ဝေယျာဝစ္စအဖွဲ့ဆိုတာတွေသတိပြု ၁၅၄

-အခြေခံကောင်းအောင်တည်ဆောက်ထားကြဖို့လို ၁၅၅

-အကျိုးပေးမှုကိုတော့ခံစားရလိမ့်မယ် ၁၅၆

-ဗုဒ္ဓရဲ့ခန္တီဆိုင်ရာသြဝါဒ ၁၅၇

-ကိုယ်တိုင်လဲခန္တီတရားလက်ကိုင်ထားတော်မူ ၁၅၈

-ခန္တီဝါဒီဇာတ်တော် ၁၅၉

-ကောထွက်တော်မူ ၁၆၀

-ကလာဗုမင်းနဲ့ဆုံရပုံ ၁၆၀

-ကြောက်ဖွယ်ကောင်းလှ ဣဿာမစ္ဆရိယ ၁၆၃

-ဣဿာမစ္ဆရိယဖြစ်ကြောင်း ၁၆၃

-အချစ်နဲ့အမုန်းကိုရှောင် ၁၆၅

-ဣဿာတရားရဲ့ဥပမာ ၁၆၆

-အလောင်းတော်အားနှိပ်စက်ခြင်း ၁၆၇

-တစ်ဆင့်တိုးပြီးနှိပ်စက်ကြခြင်း ၁၆၉

-ဒေါသရဲ့အပြစ်ကြောက်စရာ ၁၆၉

-အံ့သြဖွယ်မိန့်ကြားခြင်း ၁၇၀

-သူတော်ကောင်းတို့ရဲ့သဘော ၁၇၂

-သတ္တဝါတွေအတွက် ၁၇၃

-အတုယူကြပါ ၁၇၃

-ခန္တီရဲ့အကျိုးအပြစ်များ ၁၇၄

(၅)

# ပုံဖော်ကြည့်မိပါသည်

ဤကမ္ဘာလောကကြီး၌ မှီတင်းနေထိုင်ကြသော သတ္တဝါအားလုံးတို့အား အရောင်အလင်းဖြင့် ဖြန့်ဝေပေးနေသော အရာဝတ္ထုနှစ်ခုရှိ၏။ ၎င်းတို့မှာ နေမင်းနှင့် လမင်းနှစ်ပါးပင်ဖြစ်၏။

အရောင်အလင်းဖြန့်ဝေပေးခြင်းတူညီကြသော်လည်း ဖြန့်ဝေသောအရောင်အလင်းခြင်းမှာမူ မတူကွဲပြား ခြားနားလျက်ရှိနေပါ၏။ နေမင်းကြီးမှာ ပူပြင်းသော အရောင်ကိုဖြန့်ဝေလျက် လမင်းကြီးမှာမူ အေးမြသော အရောင်ကို ဖြန့်ဝေပေး၏။

နေမင်း၏ရောင်ခြည်နှင့် ထိတွေ့ခံစားရသော သတ္တဝါတို့မှာ ပူပြင်း သောထိတွေ့မှုကို ခံစားရမည်ဖြစ်၏။ လမင်း၏ရောင်ခြည်နှင့် ထိတွေ့မိသော သတ္တဝါတို့မှာမူ အေးမြသောထိတွေ့မှုကို ခံစားရမည်ဖြစ်ပေ၏။

သတ္တဝါအားလုံးတို့သည် နေ့စဉ်နှင့်အမျှ လုပ်ငန်းဆောင်တာများကို ဆောက်ရွက်နေကြရပါ၏။ ဆောင်ရွက်ခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုများလည်း ဖြစ်ပေါ်ကြရ၏။ ၎င်းပင်ပန်းနွမ်းနယ်မှုများမှ တဒင်္ဂတစ်ခဏမျှဖြစ်စေ ငြိမ်းချမ်းလိုကြ၏။ ကင်းပျောက်လိုကြ၏။ ကင်းပျောက်အောင်လည်း နှစ်သက်ရာနည်းလမ်းအဖုံဖုံကို အသုံးပြုလျက်ရှိကြပါ၏။

လမင်းကြီး၏အရောင်အလင်းသည် အဆိုပါ ပင်ပန်းနွမ်းနယ်မှုမျိုးကို ပယ်ဖြောက်ပေးနိုင်သော စွမ်းအင်သတ္တိရှိ၏။ လသာနေသည့်အချိန် လရောင်အောက်သို့ ဝင်ရောက်မိသည်နှင့် ဖြစ်ပေါ်နေသော ပင်ပန်းနွမ်းနယ်မှုများ ပျောက်ကွယ်သွားမည်ဖြစ်ပါ၏။ ကြည်နူးမှုအရသာ၊ နှစ်သက်-

# (ည)

ရှင်လန်းမှုအရသာများ ခံစားကြရမည်ဖြစ်၏။

ဗုဒ္ဓ၏ ဓမ္မများသည် လမင်း၏ ရောင်ခြည်နှင့်တူ၏။

သတ္တဝါများသည် နေ့စဉ်နေ့တိုင်း ကိလေသာအပူမီးများ၏ လောင်မြိုက်မှုဒဏ်ကို ခံစားနေကြရပါ၏။ ယင်းကိလေသာအပူမီးများမှ တဒင်္ဂဖြစ်စေ, ထာဝရဖြစ်စေ ကင်းဝေးလိုကြပါ၏။ အဆိုပါ ကိလေသာ အပူမီးကြောင့် ပင်ပန်းနွမ်းနယ်မှုကို ပယ်ဖြောက်ပေးနိုင်သည့် စစ်မှန်သော နည်းလမ်းမှာ တစ်ခုတည်းသာရှိ၏။ လမင်း၏ အလင်းရောင်နှင့်တူသည့် ဗုဒ္ဓ၏ ဓမ္မရောင်ခြည်ဖြင့် ထိတွေ့ခံစားမှု နည်းလမ်းပင် ဖြစ်ပါ၏။

ဗုဒ္ဓ၏ ဓမ္မများသည် သတ္တဝါအားလုံး နေ့စဉ်နေ့တိုင်း တွေ့ထိ ခံစားနေသော ကိလေသာအပူမီးတို့ကြောင့်ဖြစ်ပေါ်လာရသည့် ပင်ပန်း နွမ်းနယ်နေမှုမှန်သမျှကို ပယ်ဖြောက်ပေးနိုင်သော စွမ်းရည်သတ္တိရှိနေပါ၏။ ထာဝရကင်းပျောက်လိုလျှင်လည်း ထာဝရကင်းပျောက်နိုင်သော နည်းလမ်း ဖြင့် အသုံးချ ထိတွေ့ခံစား၍ ရပါ၏။ ဤအကျိုးကျေးဇူးများကို သတ္တဝါ များ ခံစားနိုင်ရန် မြတ်ဗုဒ္ဓက သူ၏ ဓမ္မလင်းရောင်ခြည်ကို ဖြန့်ဝေပေးခဲ့ ခြင်းဖြစ်ပါ၏။

ဓမ္မ၏ အေးမြကြည်လင်သော ရောင်ခြည်ဖြင့် ထိတွေ့ခံစားကြရ သည့်အတွက် ကိလေသာအပူမီးကြောင့် ပင်ပန်းနွမ်းနယ်နေကြသော သတ္တဝါအများအပြားတို့ ပင်ပန်းနွမ်းနယ်မှုမှ ကင်းပျောက်သွားခဲ့ကြ၏။ ထာဝရကင်းပျောက်သွားကြသော သတ္တဝါများမှာ မရေတွက်နိုင်အောင် ပင်များပြားခဲ့၏။ တဒင်္ဂငြိမ်းအေးမှုကို ရရှိခံစားနေရသော သတ္တဝါ များမှာလည်းမနည်းလှ။

အဆိုပါ ဓမ္မရောင်ခြည်များသည် ယနေ့တိုင်အောင် ထွန်းလင်း တောက်ပလျက်ရှိနေသေး၏။ ဓမ္မရောင်ခြည်ပိုင်ရှင်မရှိသော်လည်း ဗုဒ္ဓ၏ တပည့်သားသာဝကများက လက်ဆင့်ကမ်းဖြန့်ဝေလျက်ရှိနေကြပါ၏။ ကိုယ်တိုင်လည်း ဓမ္မရောင်ခြည်၏ ထိတွေ့မှုကို ခံစားနေကြ၏။ ဓမ္မရသ များကို အပြည့်အဝ ခံယူစားသုံးနေကြ၏။ ကိုယ်တိုင် ခံစားသကဲ့သို့ အခြားသော သတ္တဝါများကိုလည်း ခံစားဖို့ရန် ဖြန့်ဝေပေးလျက်ရှိကြ၏။

အမတဒါနအဖြစ်   ဖန်တီးပေးနေကြပါ၏။

ယခု စာရှုသူလက်ဝယ်သို့ ရောက်ရှိနေသော စာအုပ်သည် မြတ်ဗုဒ္ဓစတင်ဖြန့်ဝေခဲ့သော ဓမ္မရောင်ခြည်များကို ကိုယ်တိုင် ခံစားပြီး တပည့်ပရိတ်သတ်များအတွက် တွေ့ထိခံစားစေဖို့ –ဟူသော ရည်သန်ချက်ဖြင့် ဖြန့်ဝေလိုက်သော ဓမ္မရောင်ခြည်များပင်ဖြစ်ပါ၏။ ဖြန့်ဝေပေးသူကား အဂ္ဂမဟာပဏ္ဍိတ၊မဒေါက်မြို့၊ပန်းငွေရုံဆရာတော်ပင်ဖြစ်ပါ၏။

လမင်း၏အရောင်အလင်းကို ထိတွေ့ခံစားရလျှင် ပင်ပန်းနွမ်းနယ်မှုများကင်းဝေး၍ နှစ်သက်မှုအရသာ,ကြည်နူးမှုအရသာတို့ကို ခံစားကြ၏။ ပန်းငွေရုံဆရာတော်ဘုရား ဖြန့်ဝေလိုက်သော ဓမ္မရောင်ခြည်ဖြင့် ထိတွေ့မိသူများသည်လည်း သောက,ဗျာပါဒအပူဒဏ်တို့မှ ကင်းဝေးလျက် နှစ်သက်မှုအရသာ,ကြည်နူးမှုအရသာတို့ကို ခံစားကြရမည်ဖြစ်၏။ တစ်ဆင့် ဖြန့်ဝေပေးလိုသူ ရှင်,ရဟန်းများသည်လည်း ဖြန့်ဝေမှုနည်းစနစ်များအတွက် အထောက်ကူဖြစ်စေမည် ဖြစ်ပါ၏။

နည်းစနစ်ရယူသူ, ဓမ္မရသကို ထိတွေ့ခံစားလိုသူ အားလုံးအတွက် အကျိုးဖြစ်ထွန်းအောင်–

ဤ"ဒေသနာပန်းခင်း"စာအုပ်က အထောက်ကူပြုပေးလိမ့်မည်။

အေးမြကြည်လင်သော ဓမ္မရောင်ခြည်၏ ထိတွေ့မှုကို အပြည့်အဝ ခံစားရပါလိမ့်မည်–ဟု ရည်မျှော်လျက်–

**စိစဉ်သူတပည့်များ**

**(ကိုယ်စား)**

**အရှင်ဝိလာသ(ညောင်လေးပင်)**

# ကံနှစ်မျိုးအကျိုးပြဒေသနာ

<u>သဗ္ဗဂ်လာဂါထာဖြင့် အာသီသပြုခြင်း</u>

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။

သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။

အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

**အာဒိစ္စော**–ရောင်ခြည်တစ်ထောင်,အလင်းဆောင်သည့်,တောက်ပြောင်ထိန်လွင်,ဘော်ငွေစင်သို့,ကြည်လင်သန့်ရှင်း,အာဒိစ္စမည်သော ရှင်နေမင်းသည်၊ **ဒိဝါ**–ညဥ့်မှလွတ်ကင်း,အရုဏ်ချင်း၍,အလင်းရောင်လာ,နေ့အခါ၌သာလျှင်၊ **တပတိ**–လောကဓာတ်အလယ်,ဂုဏ်မြင့်ကြွယ်၍,တင့်တယ်ရွှန်းမြ,ထွန်းလင်းတောက်ပနိုင်ပါပေ၏၊ **စန္ဒိမာ**–ရှုမြင်ကြသူ,များဖိုလ်လူတို့,ကြည်ဖြူအေးမြ,နှစ်သက်ကြသဖြင့်,ကမ္ဘာ့တန်ဆာ,ထိန်ထိန်ဖြာသည့်၊ ရောင်ဝါပဝင်း,ငွေလမင်းသည်၊ **ရတ္တိံ**–ဒေါင်းဖန်ရဝိန်,နေသူရိန်သည်,ဂေါဝိန်သို့ချင်း,အရောင်ကင်း၍,မလင်းမှောင်မိုက်,ညဥ့်အခါ၌သာလျှင်၊ **အာဘာတိ**–ဆီးနှင်း–မြူ–တိမ်,သူရိန်–မီးခိုး,ညစ်မျိုးငါး၀,ကင်းစင်ပသဖြင့်မနှစ်ရှင်အောင်,ကြည်လင်တင့်ရွှန်း,ထွန်းလင်းတောက်ပနိုင်ပါပေ၏၊ **ခတ္တိယော**–မိုးနှင့်မြေပါ,အာဏာတန်ခိုး,လွှမ်းခြုံမိုး၍,အုပ်စိုးပိုင်နင်း,ပြည့်ရှင်မင်းသည်၊**သန္နဒ္ဓေါ**–ခဂ္ဂေါ–ဆတ္တ,ဥဏှီသနှင့်,ဝါဠ္ဗီ–ဗီဇနီ,မည်ရှိနောက်မှ ပါဒုကဟု,ငါးဝင်ါးဖြာ,မင်းတန်ဆာကို,ကောင်းစွာပြုပြင်,ဝတ်ဆင်ယင်မှ

သာလျှင်၊တပတိ–သူဌေးသူကြွယ်,ကုန်သည်ပုဏ္ဏား,ဆင်းရဲသားဟု, များထုပေါ်ယယ်,လူတို့လယ်၌,တင့်တယ်စွာလှ,ထွန်းလင်းတောက်ပ နိုင်ပါပေ၏။ ဗြာဟ္မဏော–ကာမရာဂ,စသည်များစွာ,ကိလေသာကို, ပယ်ခွာဆေးကြော,အကုန်မျှောသည့်,အာသဝေါကင်းပြီ,ရဟန္တာပုဂ္ဂိုလ်သည်၊ ဈာယီ–သမထဝိပဿနာ,ဘာဝနာကို,လွန်စွာထပ်ထပ်,လေ့လာအပ်သဖြင့်,မပြတ်ထင်ရှား,ဈာန်ဝင်စားမှသာလျှင်၊ တပတိ–ကြက်သရေဆောင်, ရဟန်းဘောင်၌,ဂုဏ်ရောင်တန်ခိုး,မနှမ်းညှိုးဘဲ,ပွားတိုးဖြိုင်ဖြိုင်,ထွန်းလင်းတောက်ပနိုင်ပါပေ၏။

အထ–ထိုမှကြူး၍,ထူးသည်မှာကား၊ ဗုဒ္ဓေါ–သစ္စာလေးဆင့်,ခိုင်လုံးရင့်ကာ,ပွင့်လာခေါင်ဖျား,အောင်တော်မူမြတ်စွာဘုရားသည်။ သဗ္ဗ–မဟောရတ္တိ˙–ခဏ–လယ–မုဟုတ္တဟု,ကာလမယွင်း,မကျန်ကြွင်းဘဲ, ခပင်းဥဿုံ,အလုံးစုံသောနေ့ညဥ့်တို့ကာလပတ်လုံးသာလျှင်၊ တေဇသာ–ဘုန်းတော် က်တော်,သမ္မာတော်နှင့်,ဉာဏ်တော်အနန္တ,ဟူသမျှတို့ကြောင့်, အကနိဋ္ဌ,ဗြဟ္မာဘုံရောက်,ကုန်လျှောက်ကြွ၍,ထက်အောက်ထင်ပေါ်,တန်ခိုးတော်အနန္တတို့ဖြင့်၊ တပတိ–ဗုဒ္ဓအသရေ,ရှန်းမြဝေလျှက်,မသွေနိစ္စ,ထွန်းလင်းတောက်ပတော်မူနိုင်ပါပေ၏။

ဧတေနသစ္စဝဇ္ဇေန–ဤသို့နှုတ်သံ,ဖော်ထုတ်ပြန်၍,ဟုတ်မှန်လေငြား,ဝစီသစ္စာစကားကြောင့်၊ သဗ္ဗေ–ကြွင်းမဲ့ဥဿုံ,အလုံးစုံသော၊ ပါဏိနော–သတ္တဝါမှန်သမျှ,အနန္တတို့သည်၊ သုခိတာ–ကိုယ်စိတ်နှစ်ဖြာ, အေးကြည်သာ၍,ဗျာပါမငြိ,ကျန်းမာခြင်း–ချမ်းသာခြင်း–လန်းဖြာဝမ်းသာ ခြင်း,ရှိကြကုန်သည်၊ ဟောန္တု–သစ္စာတန်ခိုး,ဆင့်ဆင့်တိုး၍, အရာရာဖြိုးကာ,လာဘ်မိုးကြီးရွာချသလို,ကောင်းစွာမသွေ,ဖြစ်ကြပါစေကုန်သတည်း . . .။

ရှောင်ရန် ဆောင်ရန်

ယနေ့ ၁၃၆၁–ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့မှာ ဘုန်းကြီးအနေနဲ့ အနမောဒနာတရား မချီးမြှင့်မီ တရားနာယူကြကုန်သော သူတော်ကောင်းအပေါင်းတို့နှင့်တကွ အနန္တစကြဝဠာမှာရှိနေကြတဲ့ အနန္တသတ္တဝါတွေ–

ဘေးခပ်သိမ်း၊ရန်ခပ်သိမ်း၊အန္တရာယ်ခပ်သိမ်း၊သောကဗျာပါဒ ခပ်သိမ်းတို့မှ ကင်းဝေးစေဖို့၊ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေနဲ့ပြည့်စုံစေဖို့ မြတ်ဗုဒ္ဓရှင်နှုတ်မြွက်တော်ဖြစ်တဲ့ သဗ္ဗင်္လာဂါထာတော်ဖြင့် သစ္စာ မေတ္တာပြု ပေးပါတယ်။

သစ္စာမေတ္တာပြုပြီးတဲ့နောက်၊ ယနေ့ ဒုတိယဝါဆိုလကွယ်နေ့မှာ တရားနာယူကြသည့် သူတော်ကောင်းအပေါင်းတို့အား အနုမောဒနာတရား ချီးမြှင့်ပေးဖို့ပဲဖြစ်ပါတယ်၊ အနုမောဒနာတရားအနေနဲ့ ကုသိုလ်ကံ၊အကုသိုလ်ကံ နှစ်မျိုးတို့ရဲ့ အကျိုးပေးပုံ ကွာခြားချက်တွေကို ဦးတည်ပြီး ဟောကြားထားတဲ့ ဒေသနာတော်ကို အခြေပြု ဟောကြားပါ့မယ်။

ယခုလို လူ့ဘဝကြီးကို ရတုံးရခိုက်လေးမှာ၊ ဗုဒ္ဓမြတ်စွာသာသနာ တော်ကြီးနဲ့ ကြုံကြိုက်နေတုံး အခိုက်အတန့်လေးမှာ စွမ်းအားရှိသမျှ ဘဝရဲ့တန်ဖိုးတွေကို ရရှိအောင် ဒါန၊သီလ၊-စတဲ့ ကောင်းမှုတွေကိုလဲ ပြုလုပ်ကြရပါမယ်၊ အားထုတ်ဆည်းပူးကြရပါမယ်၊ ဒါ့အပြင် ပါဏာတိ ပါတ-စတဲ့ မကောင်းမှုအကုသိုလ်တွေကိုလဲ ရှောင်ကြဉ်ကြရပါမယ်၊ ပယ်စွန့်ကြရပါမယ်၊ လိုရင်းချုပ်ပြောမယ်ဆိုရင်တော့ ကုသိုလ်ကံတွေကိုသာ ပြုလုပ်ကြပြီး အကုသိုလ်ကံတွေကို ရှောင်ကြဉ်ကြဖို့ပါပဲ၊ ရှောင်သင့်တာကို ရှောင်ပြီး ဆောင်သင့်တာကို ဆောင်ကြဖို့ပါပဲ။

**ကံနှစ်မျိုးရဲ့ အကျိုးပေး**

ပြောခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံနှစ်မျိုးဆိုတာ ပုထုဇဉ်လူသားများ အနေနဲ့ အဲဒီနှစ်မျိုးလုံးကို အခါအားလျော်စွာ ပြုလုပ်မိကြမှာပဲ ဖြစ်ပါတယ်၊ ကုသိုလ်ကံတွေကို ပြုလုပ်ကြသလို အကုသိုလ်ကံတွေကိုလဲ ပြုလုပ်မိကြမှာ ပါပဲ၊ "ကံ"ဆိုတာ အလုပ်ပါပဲ၊ အလုပ်လုပ်ရင် အဲဒီအလုပ်ရဲ့ အကျိုးကို တော့ အနဲနဲ့အများဆိုသလို ခံစားကြရမှာဖြစ်ပါတယ်၏

အကြောင်းတရား ဆိုတာ အကျိုးတရားနဲ့ ဒွန်တွဲနေတာပါ၊ အကြောင်းတရားကြောင့် အကျိုးတရားဆိုတာ ဖြစ်ပေါ်လာရတာပါ၊ ဒီလိုပါပဲ၊ ကုသိုလ်ကံအကြောင်း တရားတွေကို ပြုလုပ်ကြမယ်ဆိုရင် အဒီကုသိုကံကြောင့် ဖြစ်ပေါ်လာမဲ့ ကောင်းကျိုးတွေကို ခံစားကြရမည်

အကုသိုလ်ကံအကြောင်းတရားတွေပြုလုပ်ခဲ့မယ်ဆိုရင်လဲ အဲဒီ အကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာမဲ့ မကောင်းကျိုးတွေကို ခံစားကြရလိမ့်မယ်၊ ရှောင်လွှဲလို့ မရနိုင်ပါဘူး၊ ကံနှစ်မျိုးရဲ့ အကျိုးပေးမှုတွေကတော့ ဆန့်ကျင်ဘက်တွေပါပဲ။

ပုညံဝ သုခံ ဇနေတိ၊ အပုညံ ဒုက္ခံ ဇနေတိ။

တသ္မာ ပုညံ ကာတဗ္ဗံ၊ အပုညံ န စ ကာတဗ္ဗံ။

ပုညံဝ-ဒါန-သီလာ,ဘာဝနာဟု,သုံးဖြာကျင့်ရိုး,ကောင်းမှုမျိုး သည်သာလျှင်၊ သုခံ-လူနတ်နိဗ္ဗာန်,သုံးတန်မှန်လှ,မြတ်သုခကို၊ ဇနေတိ-မုချပုံသေ,ဖြစ်စေနိုင်၏၊ အပုညံ-ပါဏာတိပါတ,စသည်အပြား, အကုသိုလ်တရားသည်၊ ဒုက္ခံ-ဆင်းရဲငြိုငြင်,ခိုဝင်မရ,ပင်ပန်းးလှသော, ဒုက္ခအမျိုး, မကောင်းကျိုးကို၊ ဇနေတိ-မုချပုံသေ,ဖြစ်စေနိုင်၏၊ တသ္မာ-ထိုသို့ ချမ်းသာဆင်းရဲ,အမြစ်အချေ,ဖြစ်လေသောကြောင့်၊ ပုညံ-ဒါန,သီလ, စသည်အပြား,ကုသိုလ်တရားကို၊ ကာတဗ္ဗံ-မနားမနေ,ပြုသင့်ပေ၏၊ အပုညံ-ပါဏာတိပါတ,စသည်အပြား,အကုသိုလ်တရားကို၊ န စ ကာတဗ္ဗံ-အပြုအပ် မပြုသင့် မပြုထိုက်ပါပေတော့ သတည်း . . .။

ဒီဒေသနာတော်ရဲ့ အဓိပ္ပါယ်က၊ ဒါန,သီလ,ဘာဝနာ စသည်တွေဟာ ကောင်းတဲ့ကံတရားတွေ၊ ကုသိုလ်ကံတရားတွေပဲဖြစ်တယ်၊ အဲဒီကောင်းမှုကံတွေကို ပြုလုပ်ထားမယ်ဆိုရင် လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာသုခတွေကို ရရှိခံစားကြရမယ်၊ အဲဒီ ကုသိုလ်ကံတွေက ချမ်းသာသုခမှန်သမျှသို့ပို့ဆောင်ပေးမယ်။

ပါဏာတိပါတ စသည်တွေကတော့ မကောင်းတဲ့ အကုသိုလ်ကံတွေပဲဖြစ်တယ်၊ အဲဒီ မကောင်းတဲ့ အကုသိုလ်ကံတွေကို ပြုလုပ်ကြမယ်ဆိုရင် ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကယ်-ဆိုတဲ့ မကောင်းတဲ့ ဘုံဘဝတွေကို ရောက်ရှိပြီး မကောင်းကျိုးတွေကို ခံစားကြရမယ်၊ အဲဒီ မကောင်းတဲ့ကံတွေက ဒုဂ္ဂတိဘဝသို့ ပို့ဆောင်ပေးလိမ့်မယ်၊ ဒါကြောင့် ကောင်းကျိုးတွေကိုသာ ပေးတတ်တဲ့ ဒါန,သီလ,ဘာဝနာ-

စတဲ့ ကောင်းမှုကံတွေကိုသာ ကြိုးစားပြီးတော့ ပွားများအားထုတ်ကြရမယ်၊ ပါဏာတိပါတ စတဲ့မကောင်းမှုကံတွေကိုတော့ ကြိုးစားပြီးရှောင်ရှားကြရမယ်၊ ဒါက ဒီဒေသနာတော်ရဲ့ ပြောလိုရင်းအဓိပ္ပါယ်ပါပဲ။

**ကံနှစ်မျိုးတို့ရဲ့ သဘော**

နောက်တစ်ခါ၊ ကုသိုလ်ရဲ့သဘောက ကောင်းကျိုးကို ပေးတတ်တဲ့လက္ခဏာရှိပါတယ်၊ အပြစ်လဲကင်းစင်ပါတယ်၊ ဒါကို ဒေသနာတော်များမှာ"ကုသလံ အနဝဇ္ဇသုခဝိပါကလက္ခဏံ"လို့ဖွင့်ဆိုကြပါတယ်။ "ကုသလံ-ကုသိုလ်သည်၊ အနဝဇ္ဇသုခဝိပါကလက္ခဏံ-အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိ၏"။ အပြစ်ကင်းတဲ့ အလုပ်လို့ဆိုလိုတာပါ။

အဲဒီပြုလုပ်လိုက်တဲ့ ကုသိုလ်ကံဟာ အကျိုးပေးပြီဆိုရင် ကောင်းတဲ့အကျိုးကိုသာ ပေးတတ်တဲ့သဘောရှိတယ်၊ ဒါကြောင့် ကုသိုလ်ပြုတဲ့ အလုပ်မှန်သမျှတွေဟာ မကောင်းကျိုးပေးမှာမဟုတ်ပါဘူး၊ ဒီလိုနားလည်ထားရမယ် နော်၊ ဘာလို့လဲဆိုတော့ တစ်ချို့က လွယ်လွယ်ပြောတတ်ကြပါတယ်၊ ဘယ်လိုပြောတတ်ကြသလဲဆိုတော့ "ကုသိုလ်လုပ်တာ ပစ္စည်းဥစ္စာတွေကုန်တာသာ အဖတ်တင်တာပါ၊ ဘာမှ အကျိုးမရှိပါဘူး" စသည်ဖြင့် ကုသိုလ်ရဲ့ အကျိုးပေးတွေကို မမြင်ရလို့ ဆိုပြီး ပြောဆိုတတ်ကြလို့ပါ။

ဒေသနာတော်များအလိုကတော့ ကုသိုလ်ဆိုတာ ကောင်းကျိုးပေးတယ်လို့သာ လာရှိပါတယ်၊ အချီးနှီးဖြစ်သွားတယ်လို့တော့ မလာရှိပါဘူး၊ ကောင်းတဲ့အလုပ်ကိုလုပ်ရင် ကောင်းကျိုးခံစားရမယ်လို့သာ ဗုဒ္ဓဟောကြားတော်မူထားပါတယ်။

အကုသိုလ်ကံရဲ့ သဘောကျတော့ ကုသိုလ်ကံနဲ့ဆန့်ကျင်ဘက်ပဲ၊ မကောင်းကျိုးကိုပေးပြီးတော့ အပြစ်ရှိတယ်၊ ဒါကိုတော့ ဒေသနာတော်များက "**အကုသလံ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏံ** " လို့ ဖွင့်ဆိုတော်မူကြပါတယ်၊ "**အကုသလံ**-အကုသိုလ်တရားသည်၊ **သာဝဇ္ဇဒုက္ခဝိပါက-လက္ခဏံ**-အပြစ်နှင့်တကွဖြစ်ခြင်း,မကောင်းသော အကျိုးပေးခြင်းလက္ခဏာရှိ၏" ။ အကုသိုလ်ကံရဲ့အကျိုးပေးကျတော့-

ကုသိုလ်ကံရဲ့အကျိုးပေးနဲ့ဆန့်ကျင်ဘက်ပါပဲ၊ အကုသိုလ်ကံတစ်ခုကို ပြုလုပ်မိမယ်ဆိုရင် အဲဒီအလုပ်ဟာ အပြစ်ရှိတဲ့အလုပ်ပဲဖြစ်တယ်၊ အကျိုးပေးတဲ့အခါကျတော့လဲ မကောင်းတဲ့အကျိုးကိုပေးလိမ့်မယ်။

ဒါကြောင့် ကောင်းကျိုးကိုသာ ပေးတတ်ပြီး အပြစ်ကင်းစင်တဲ့ တရားဟာ ကုသိုလ်တရား၊ ကုသိုလ်ကံ–လို့မှတ်ကြရကြရမယ်။ အပြစ် ရှိတဲ့သဘောရှိပြီး မကောင်းကျိုးကိုပေးတတ်တဲ့တရားက အကုသိုလ် တရား၊ အကုသိုလ်ကံ–လို့ မှတ်ကြရမယ်။ မှတ်သားလွယ်အောင် လင်္ကာလေးတိုင်ပေးမယ် လိုက်ဆိုကြည့်ကြ–

ဖြစ်သော်ညစ်ထေး၊ အပြစ်ဘေးနှင့်၊ ကျိုးပေးဒုက္ခ၊

အမှန်ပ၊ မုချအကုသိုလ်ခေါ်။

ဖြစ်သော်သန့်ရှင်း၊ အပြစ်ကင်း၍၊ ကောင်းခြင်းသုခ၊

ကျိုးပေးက၊ မုချကုသိုလ်ခေါ်။

နောက်တစ်ခါ၊ ကုသိုလ်ရဲ့သဘောက–

သဗ္ဗံ ကုသလံ ဥဒ္ဒဂ်မနိယံ။

သဗ္ဗံ–အလုံးစုံသော၊ ကုသလံ–ကုသိုလ်တရားသည်၊ ဥဒ္ဒဂ်မနိယံ– အထက်သို့ဆန်တက်တတ်၏။

ကုသိုလ်ဆိုတာ အထက်ကို ဆန်တက်တတ်တဲ့ သဘောရှိတယ်၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်ထားရင် အဲဒီကုသိုလ်ရှင်ကို မိမိပြုလုပ် ထားတဲ့ ကုသိုလ်ကံက အထက်သို့ ပို့ဆောင်ပေးလိမ့်မယ်၊ "အထက်" ဆိုတာက လူ၊နတ်၊နိဗ္ဗာန်တွေကို ပြောတာပါပဲ၊ လူ၊နတ်၊နိဗ္ဗာန် ဆိုတာတွေဟာ မြင့်မြတ်တဲ့အရာတွေပါ၊ အဲဒီ မြင့်မြတ်တဲ့ အရာတွေကို ရောက်ရှိအောင်၊ရရှိခံစားနိုင်အောင် ကုသိုလ်ကံက ပို့ဆောင်ပေးတတ် ပါတယ်။

အကုသိုလ်ကံကား

**သဗ္ဗံ အကုသလံ အဓောဂမနိယံ။ သဗ္ဗံ- အလုံးစုံသော၊ အကုသလံ-အကုသိုလ်တရားသည်၊ အဓောဂမနိယံ-အောက်သို့ စုန်ဆင်းတတ်၏။**

အကုသိုလ်ဆိုတာ အောက်ကိုစုန်ဆင်းတတ်တဲ့ သဘောရှိတယ်၊ မကောင်းမှုကို ပြုလုပ်ထားလျှင် အဲဒီမကောင်းမှုပြုထားသူကို မိမိပြုလုပ်ထားတဲ့ အကုသိုလ်ကံက အောက်အရပ်သို့ ပို့ဆောင်ပေးလိမ့်မယ်၊ "အောက်"ဆိုတာကတော့ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်-ဆိုတဲ့ အပါယ်လေးပါးပါပဲ။ အဲဒီလေးပါးဟာ ယုတ်ညံ့တဲ့သဘော၊ အောက်တန်းကျတဲ့သဘော ရှိပါတယ်၊ ဒီလေးပါးကို စုံဆင်းကြရတာဟာ အကုသိုလ်ကံရဲ့ လက်ချက်ကြောင့်ပဲ-လို့မှတ်သားကြရမယ်။

**ကံနှစ်မျိုးတို့ရဲ့ဥပမာ**

ကုသိုလ်ကံဆိုတာ အထက်သို့ ဆန်တက်တတ်တဲ့ အဆန်တရား၊ အကုသိုလ်ကံဆိုတာ အောက်သို့စုန်ဆင်းတတ်တဲ့ အစုန်တရား၊ ဒီနှစ်မျိုးကို ဘာနဲ့ ဥပမာပြလဲဆိုတော့၊ ကုသိုလ်ကံကိုတော့ ဆီဦးထောပတ်နဲ့ ဥပမာပြကြပါတယ်၊ အကုသိုလ်ကံကိုတော့ ကျောက်ခဲနဲ့ ဥပမာပြကြပါတယ်။

ကျောက်ခဲဆိုတာ ရေထဲချလိုက်ရင် မြုပ်သွားတာပါ၊ ရေပေါ် ပြန်ပေါ်ရိုး ထုံးစံမရှိပါဘူး၊ အဲဒီကျောက်ခဲကို အိုးတစ်လုံးမှာထည့်ပြီး ရေထဲချကြည့်လိုက်ရင် ကျောက်ခဲတွေက အောက်အရပ်ကို တဖြည်းဖြည်း နစ်မြုပ်သွားကြမယ်၊ အိုးကတော့ ရေအောက်ရောက်ပြီး မြေကြီးဖြစ်သွားမယ်၊ ဒီဥပမာမှာ ကျောက်ခဲသည် အကုသိုလ်ကံနဲ့ တူတယ်၊ အိုးကတော့ ခန္ဓာကိုယ်ကြီးနဲ့တူပါတယ်။

ကုသိုလ်ကံကိုတော့ ဆီဦးထောပတ်နဲ့ ဥပမာပေးထားတယ်၊ ဆီဦးထောပတ်ဆိုတာ ရေထဲချကြည့်လိုက်ရင် ဘယ်တော့မှ မြုပ်သွားရိုးထုံးစံ မရှိပါဘူး၊ အဲဒီဆီဦးထောပတ်တွေကို အိုးပေါက်လုံးမှာထည့်ပြီး ရေထဲ ချကြည့်လိုက်ရင် ဆီဦးထောပတ်တွေက ရေပေါ်မှာ ပေါ်နေခဲ့မယ်၊ အိုးကတော့ မြေကြီးပေါ်ရောက်ပြီး မြေကြီးပဲ ပြန်ဖြစ်သွားမယ်။

ဒီဥပမာမှာ ဆီဦးထောပတ်သည် ကုသိုလ်ကံနဲ့ တူပါတယ်၊ အိုးကတော့ ခန္ဓာကိုယ်ကြီးနဲ့ တူပါတယ်။

ဆန်မှာလား၊စုန်မှာလား

မိမိတို့ ခန္ဓာကိုယ်ကြီးနဲ့ ရင်းနှီးပြီးတော့ နေ့စဉ်နေ့စဉ် ဒါန သီလ၊ဘာဝနာ-ဆိုတဲ့ ကုသိုလ်ကံတရားတွေကို ပြုလုပ်ကြရမယ်၊ ဒါဟာ အိုးထဲကို ဆီဦးထောပတ်တွေ ထည့်တာနဲ့ တူပါတယ်။

မိမိတို့ ခန္ဓာနဲ့ရင်းနှီးပြီးတော့ ပါဏာတိပါတ-စတဲ့ အကုသိုလ်ကံ တရားတွေကို ပြုလုပ်ကြမယ်ဆိုရင် အိုးထဲကို ကျောက်ခဲတွေ ထည့်တာနဲ့ တူနေပါတယ်။

အဲဒီ နှစ်မျိုးထဲမှာ ကုသိုလ်ကံတရားတွေကိုသာ ထည့်ထား ကြရမယ်၊ အကုသိုလ်ကံတရားတွေကိုတော့ မထည့်မိအောင် သတိပြု ရှောင်ရှားကြရမယ်၊ အကုသိုလ်ကံတရားတွေ ထည့်မိရင်တော့ ခန္ဓာကိုယ် ကြီး တစ်နေ့ကျ ပျက်စီးသွားတဲ့အခါ၊သေဆုံးကြရတဲ့အခါ အပါယ်လေးပါး တည်းဟူသော အောက်အရပ်သို့စုန်ဆင်းသွားလိမ့်မယ်။

အပါယ်လေးပါးဆိုတာ ဘယ်သူကရောက်ချင်မှာလဲ၊ တို့တရားနာ ပရိသတ်ကြီးကို မေးကြည့်ရင် အောက်ဆင်းချင်တဲ့သူ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး၊ အောက်အရပ်ကို စုန်ချင်တယ်လို့ ဘယ်သူမှဖြေမှာ မဟုတ်ဘူး။

အောက်အရပ်ကို မစုန်ချင်ရင်တော့ မိမိတို့ခန္ဓာတည်းဟူသော အိုးထဲကို အကုသိုလ်တရားတွေ မထည့်ကြဖို့ပဲရှိတယ်၊ အကုသိုလ်ကံတွေကို မပြုလုပ်မိအောင် ရှောင်ကြဉ်ကြရမယ်၊ ဒါမှ အထက်အရပ်ကို ဆန်တက် မှာဖြစ်ပါတယ်၊ ကုသိုလ်ကံတွေ များများထည့်ထားမှ လူ့၊နတ်၊နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခတွေကို ရရှိခံစားကြရမယ်၊ အဲဒီ အကျိုးတရား တွေကို ခံစားရခြင်းဟာ အထက်ကို ဆန်တက်တာနဲ့တူပါတယ်။

ကုသိုလ်ဆိုတာ၊ ဆီပမာ၊ ပေါ်မှာဆန်တက်သည်။

အကုသိုလ်ဟာ၊ ကျောက်ပမာ၊ အောက်မှာနစ်မြုပ်သည်။

**ပုထုဇဉ်လူသားတွေမို့**

ကုသိုလ်ကံတွေကိုသာ ပြုလုပ်ကြရမယ်၊ အကုသိုလ်ကံတွေကိုတော့ မပြုမိအောင် ရှောင်ကြဉ်ကြရမယ်။ ဒါပေမဲ့ ပုထုဇဉ်လူသားများဖြစ်ကြသည့်အလျောက် ဆီနဲ့တူတဲ့ ကုသိုလ်ကံတွေကို ပြုလုပ်ကြသလို၊ ကျောက်ခဲနဲ့တူတဲ့ အကုသိုလ်ကံတွေကိုလဲ ပြုလုပ်မိကြမှာပါ၊ ယခု မျက်မှောက်ဘဝမှာလဲ ကံနှစ်မျိုးလုံးကို အနည်းနဲ့ အများဆိုသလို ပြုလုပ်ကြမှာဖြစ်သလို အတိတ်ဘဝများဆီကလဲ ပြုလုပ်ခဲ့ကြမှာပါ။ ယခုလို မြင့်မြတ်တဲ့ လူ့ဘဝကြီးကို ရရှိနေခဲ့တာဟာ အတိတ်ဘဝတွေက ဆည်းပူးခဲ့တဲ့ ကုသိုလ်ကံတရားတွေ အားကောင်းခဲ့လို့၊ များများဆည်းပူးခဲ့လို့ပဲဖြစ်ပါတယ်၊ လူ့ဘဝကြီးကို ရရှိခဲ့တာ ကုသိုလ်ကံကြောင့်ပါပဲ၊ ဆီနဲ့တူတဲ့ ကုသိုလ်တွေ မိမိတို့ခန္ဓာထဲမှာ ထည့်ခဲ့ကြလို့ ယခုလို့ လူ့ဘဝကြီးကို ရရှိနေတာပဲ ဖြစ်ပါတယ်။

ယခုလို လူ့ဘဝကြီးကို ရရှိတဲ့အခါမှာ လူ့ဘဝကြီးကို ရရှိလို့ဆိုပြီး အကုသိုလ်ကံတွေကိုတော့ အတိတ်က မပြုခဲ့ဘူးလို့တော့ မထင်နဲ့ပေါ့၊ အကြောင်းအားလျော်စွာ ပြုလုပ်ခဲ့ကြမှာပါ၊ ဒါကြောင့် လူ့ဘဝကို ရရှိသူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် အကျိုးပေးတွေ ကွာခြားနေကြတာပေါ့၊ လူ့ဘဝကို ရရှိအောင် လူ့ဘဝရောက်ကြောင်းဖြစ်တဲ့ အားကြီးတဲ့ ကုသိုလ်ကံတွေက ပို့ဆောင်ပေးလိုက်ပါပြီ။

အဲဒီနောက်ပိုင်း (ပဝတ္တိ)မှာတော့ အရှိန်အဟုန်မကုန်သေးတဲ့ ကုသိုလ်ကံတွေရဲ့ အကျိုးပေးတွေကိုလဲ ခံစားရမှာဖြစ်သလို၊ အကြောင်းအားလျော်စွာ ပြုခဲ့မိတဲ့၊ အားနည်းတဲ့ အကုသိုလ်ကံတွေရဲ့ အကျိုးပေးတွေကိုလဲ ခံစားရမှာပါပဲ၊ မခံစားချင်လို့မရနိုင်ပါဘူး၊ ရှောင်လွှဲနေလို့ မရနိုင်ပါဘူး၊ ပြုခဲ့တဲ့အကုသိုလ်ကံ အနဲအများအလိုက် ခံစားကြရမှာပါ။

တချို့ကျတော့ လူ့ဘဝကိုသာ ရရှိလာတယ်၊ ကုသိုလ်ကံတွေရဲ့ နောက်ဆက်တွဲ အကျိုးပေးတွေကို ခံစားရတာ မရှိသလောက်ပါပဲ။ အကုသိုလ်ကံတို့ရဲ့ အကျိုးပေးမှုတွေကိုသာ မျက်စိမိုက်ပြီး ခံစားနေ-

ကြရတော့တယ်။ တချို့ကျတော့လဲ အကုသိုလ်ကံတွေရဲ့အကျိုးပေးတွေက မဆိုစလောက်ပဲခံစားရပြီး ကုသိုလ်ကံတွေရဲ့အကျိုးပေးတွေကိုပဲ အပြည့်အဝ ခံစားကြရတယ်။

သုဘလုလင်လျှောက်ထားခဲ့ဖူးပါတယ်

ဒီလို လူဖြစ်တာခြင်းအတူတူ၊ တစ်ယောက်နဲ့တစ်ယောက် အကျိုးပေးကွာခြားနေကြတာဟာ အတိတ်က မိမိပြုခဲ့တဲ့ကံနှစ်မျိုးရဲ့ အားနဲ့အားသာမှုတွေကြောင့်ပဲဖြစ်ပါတယ်။ "ဘယ်သူမပြု မိမိမှု"ဆိုတဲ့ အတိုင်း ဒီကံနှစ်ပါးကို မိမိတို့ကိုယ်တိုင်ပဲ ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။

အကျိုးပေးလေးတွေ မတူညီကြတာနဲ့ပတ်သက်လို့ သုဘလုလင်က ဘုရားရှင်ကို လျှောက်ထားဘူးပါတယ်–

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား–လောကမှာ လူဖြစ်ခြင်းတူကြပေမဲ့ အယုတ်အမြတ် စသည်ဖြင့် မတူညီဘဲ ကွာခြားနေကြတာကို တွေ့မြင်နေရပါတယ်၊–

*–တချို့ကျတော့ အသက်ရှည်ပြီး တချို့ကျတော့ အသက်တိုကြပါတယ်။

*–တချို့ကျတော့ အနာရောဂါကင်းပြီး တချို့ကျတော့ အနာရောဂါတွေ များနေကြပါတယ်။

*–တချို့ကျတော့ အဆင်းမလှဘဲ၊ တချို့ကျတော့ အဆင်းလှနေကြပါတယ်။

*–တချို့ကျတော့ အခြွေရံတွေများပြီး တချို့ကျတော့ အခြွေရံတွေ နည်းပါးကြပါတယ်။

*–တချို့ကျတော့ စည်းစိမ်ဥစ္စာတွေနည်းပါးနေကြပြီး တချို့ကျတော့ စည်းစိမ်ဥစ္စာတွေပေါများကြွယ်ဝချမ်းသာကြပါတယ်။

*–တချို့မှာတော့ အမျိုးယုတ်ညံ့တယ်၊ တချို့မှာတော့–

အမျိုးမြတ်ကြပါတယ်။

*-တချို့မှာတော့ ပညာမဲ့ပြီး တချို့မှာတော့ ပညာရှိကြပါတယ်။

ယခုလို လူဖြစ်ခြင်းတူကြပေမဲ့ အယုတ်အမြတ် စသည် ကွဲပြားနေကြတာ ဘာကြောင့်ပါလဲ မြတ်စွာဘုရား-လို့ လျှောက်ထားပါတယ်။

ဘုရားရှင်ရဲ့အဖြေ

ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယာတိ။

မာဏဝ-သုဘလုလင်၊ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မဿကာ-ကံသာလျှင် မိမိဥစ္စာရှိကြကုန်၏၊ ကမ္မဒါယာဒါ-ကံ၏အမွေခံတို့ဖြစ်ကြကုန်၏၊ ကမ္မယောနိ-ကံသာလျှင် အကြောင်းရှိကြကုန်၏၊ ကမ္မဗန္ဓု-ကံသာလျှင် ဆွေမျိုးရှိကြကုန်၏၊ ကမ္မပဋိသရဏာ-ကံသာလျှင် မှီခိုရာရှိကြကုန်၏၊ ဟီနပ္ပဏီတတာယ-အယုတ်အမြတ်ဖြစ်ခြင်းငှါ၊ သတ္တေ-သတ္တဝါတို့ကို၊ ကမ္မံ-ကံသာလျှင်၊ ဝိဘဇတိ-ဝေဖန်လေ၏။

ဣတိ-ဤသို့၊ ဘဂဝါ-ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံပေသြား မြတ်ဘုရားသည်၊ အဝေါစ-ကရုဏာရှေ့သွား မေတ္တာအားဖြင့် ဖြေကြားတော်မူလိုက်ပါပေသတည်း . . .။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဖြေကြားချက်ပါပဲ၊ ဒီလိုဖြေကြားတော်မူတော့ သုဘလုလင်က အကျဉ်းချုပ်ဖြေကြားချက်ဖြစ်နေလို့ အကျယ်တဝင့် ဖြေကြားရှင်းလင်းပေးပါရန် ထပ်မံလျှောက်ထားတဲ့ အခါ မြတ်စွာဘုရားကလဲ ဆက်လက်ပြီးတော့ အကျယ်တဝင့်ဖြေကြားတော်မူပါတယ်၊

မြတ်စွာဘုရားရဲ့ အကျယ်ဖြေကြားချက်တွေကို ဒီနေရာမှာ

ဘုန်းကြီးအနေနဲ့ ဟောကြားနေမယ်ဆိုရင် သိပ်ပြီးတော့ ကျယ်ပြန့်သွားလိမ့်မယ်၊ ဒါကြောင့် ဥပရိပဏ္ဏာသ၊ဒက္ခိဏာဝိဘင်္ဂသုတ်မှာ မြတ်ဗုဒ္ဓ အကျယ်ဟောပြောချက်တွေကို နောက် အလျဉ်းသင့်တဲ့အခါ ထည့်သွင်းဟောကြားပေးပါ့မယ်။

ယခုဘုန်းကြီးနေနဲ့ ကံနှစ်မျိုးရဲ့ အကျိုးပေးမှုနဲ့ပတ်သက်ပြီး လူ့ဘဝ လူဖြစ်ရခြင်းအတူတူ ဘာဖြစ်လို့ ကွာခြားနေရသလဲ ဆိုတာ သိရအောင် သုဘလုလင်မေးလို့ ဘုရားရှင်ဖြေဆိုပြချက်ကို ထုတ်ပြလိုက်တာပါ။

အသက်တို ၊ ရှည်

"အသက်တိုတဲ့သူတွေ ဘာဖြစ်လို့ အသက်တိုရသလဲ၊ အကုသိုလ်ကံကြောင့် အသက်တိုရတာဖြစ်တယ်၊ အသက်တိုကြောင်း အကုသိုလ်ကံတွေကို ပြုလုပ်ခဲ့ကြလို့ အသက်တိုရတယ်။

အသက်ရှည်တဲ့သူတွေ ဘာကြောင့် အသက်ရှည်ကြရသလဲ၊ ကုသိုလ်ကံတွေကြောင့် ဖြစ်တယ်၊ အသက်ရှည်ကြောင်း ကုသိုလ်ကံတွေကို ပြုလုပ်ခဲ့ကြလို့ အသက်ရှည်ကြတာဖြစ်ပါတယ်၊ ဒီလို" ကံတရားရဲ့ အကျိုးပေးသရုပ်ကို မြတ်စွာဘုရားက ဖော်ထုတ်ဟောကြားတော်မူလိုက်တာဖြစ်တယ်၊ အတိက်ဘဝတွေက အသက်တိုကြောင်းဖြစ်တဲ့ အကုသိုလ်ကံတွေကို ပြုလုပ်ခဲ့သူဟာ ဘယ်လိုပင် အသက်ရှည်အောင် ဂရုစိုက်ပြီး၊ဆင်ခြင်ပြီးနေထိုင်ပေမဲ့ ကံတရားရဲ့ လက်ချက်က အကွက်သာလာရင် ဝင်ရောက်အကျိုးပေးတော့တာပါပဲ၊ ဘယ်လိုမှ တားဆီးလို့ မရနိုင်ပါဘူး။

အသက်ရှည်ကြောင်းဖြစ်တဲ့ ကောင်းမှုတွေကို ပြုလုပ်ခဲ့သူကျတော့ ဘယ်လိုပင် အသက်အန္တရာယ်တွေနဲ့ ကြုံတွေ့ရသော်လဲ မသေနိုင်ဘူး၊ အကျိုးပေးမှုအတိုင်းအတာအထိတော့ မနေချင်လဲ နေသွားရမှာပါ၊ ကံတရားရဲ့ ဆန်းကြယ်မှုတစ်ရပ်ပါပဲ၊ ဒီလိုအသက်ရှည်နေကြတာတွေ အသက်တိုနေကြတာတွေဟာ မြင်တွေ့နေကျတွေပါပဲ။ မျက်စိအောက်မှာ ဖြစ်ပျက်နေကြတာတွေဖြစ်လို့ တွေ့နေမြင်နေကြတာရတာပါပဲ။

သုဘာလုလင် လျှောက်ထားချက်တွေထဲက အခုပြောခဲ့တဲ့ အသက် တိုရခြင်း, အသက်ရှည်ရခြင်းဆိုတဲ့ နှစ်ချက်ဟာ ပထမဆုံးအချက် နှစ်ချက်ပဲ ဖြစ်ပါတယ်။

ဒီနှစ်ချက်ကို လိုရင်းချုပ်နားလည်ထားရမှာက-အသက်တိုရတာဟာ အကုသိုလ်ကံကြောင့်ဖြစ်တယ်၊ အသက်ရှည်ရတာဟာ ကုသိုလ်ကံကြောင့်ပဲ ဖြစ်တယ်၊ ဒီလို လိုရင်းချုပ်အနေနဲ့ မှတ်ထားကြရမယ်၊ နောက်ထပ် ကျန်တဲ့ အချက်တွေလဲ ယခုရှင်းပြခဲ့တဲ့အတိုင်း နည်းမှီပြီး နားလည်လောက်ပါပြီ။

**ပူတိဂတ္တတိဿမထေရ်အကြောင်း**

ဘုန်းကြီးအနေနဲ့ ကုသိုလ်ကံ,အကုသိုလ်ကံ နှစ်မျိုးလုံးဟာ လူတိုင်းမှာလို အတိက်ကပြုခဲ့သည့်အလျောက် ပါဝင်ခဲ့ကြမယ်-လို့ ရှေ့နားမှာ ပြောခဲ့ပြီးပါပြီ၊ ဒီနှစ်မျိုးလုံးကို ယခုပစ္စုပ္ပန်ဘဝမှာ မိမိပြုခဲ့တဲ့ အတိုင်းအတာအရ ခံစားကြရမှာပါပဲ၊ ဒီစကားနဲ့ ပတ်သက်ပြီးတော့ ဓမ္မပဒ၊စိတ္တဝဂ်မှာလာတဲ့ ပူတိဂတ္တတိဿမထေရ်အကြောင်းကို သာဓက အနေနဲ့ ထုတ်ပြပါ့မယ်။

**အစိရံ ဝတ ယံ ကာယောတိ ဣမံ ဓမ္မဒေသနံ သတ္ထာ သာဝတ္ထိယံ ဇေတဝနေ ဝိဟရန္တော ပူတိဂတ္တတိဿတ္ထေရံ အာရဗ္ဘ ကထေသိ။**

**အစိရံ ဝတ ယံ ကာယောတိ ဣမံ ဓမ္မဒေသနံ**-အစိရံ ဝတ ယံ ကာယော အစရှိသော ဤဓမ္မကထာ ဒေသနာတော်ကို၊ **သတ္ထာ** လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ **သာဝတ္ထိယံ**-သာဝတ္ထိပြည်၌၊ **ဇေတဝနေ**-ဇေတဝန်ကျောင်းတော်၌၊ **ဝိဟရန္တော**-နေစဉ်၊ **ပူတိဂတ္တတိဿတ္ထေရံ**-ပူတိဂတ္တတိဿမထေရ်ကို၊ **အာရဗ္ဘ**-အကြောင်းပြု၍၊ **ကထေသိ**-ကရုဏာရှေ့သွား,ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း . . ။

## တိဿ-လို့ အမည်ပေး

ကုသိုလ်ကံနဲ့ အကုသိုလ်ကံနှစ်မျိုးတို့ရဲ့ ကြောက်မက်ဖွယ်ကောင်းလောက်အောင်၊အံ့သြဖွယ်ကောင်းလောက်အောင် အကျိုးပေးတတ်ပုံနဲ့ ပတ်သက်ပြီး လူနတ်တို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် ပူတိဂတ္တတိဿ အမည်ရှိတဲ့ ရဟန်းတော်တစ်ပါးကို အကြောင်းပြုပြီး ဟောကြားတော်မူခဲ့ပါတယ်။

သာဝတ္ထိပြည်မှာ မြတ်ဗုဒ္ဓသီတင်းသုံးနေခိုက်၊ အဲဒီ သာဝတ္ထိမြို့သားအမျိုးကောင်းသားတစ်ယောက်ဟာ မြတ်စွာဘုရားရှင်ရဲ့ တရားဓမ္မတွေကို နာကြားရလို့ မြတ်စွာဘုရားနဲ့ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကို ကြည်ညိုလွန်းလို့ဆိုပြီး မြတ်ဗုဒ္ဓထံတော်မှာ ရဟန်းပြုတော်မူပါတယ်၊ ရဟန်းပြုတယ်ဆိုတော့ ရဟန်းအမည်ဆိုတာ မှည့်ခေါ်ကြရတဲ့ထုံးစံအတိုင်း အဲဒီ ရဟန်းကိုလဲ တိဿ-လို့ မှည့်ခေါ်ကြပါတယ်။

အဲဒီ တိဿရဟန်းတော်ဟာ ရဟန်းဖြစ်ပြီးတဲ့နောက် ရဟန်းတို့ကျင့်သုံးအပ်တဲ့ သီလ၊သမာဓိ၊ပညာ ဆိုတဲ့ သိက္ခာသုံးရပ်ကို ဖြည့်ပြီးတော့ နေတော်မူပါတယ်၊ ရဟန်းကျင့်ဝတ်တွေ မချွတ်ယွင်းစေအောင် ကြိုးစားအားထုတ်ပြီးတော့ နေပါတယ်။

## တိဿမှ ပူတိဂတ္တတိဿသို့

အချိန်ကာလတွေ ကြာညောင်းလာတဲ့အခါမှာ အဲဒီတိဿရဟန်းတော်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အဖုအပိန့်လေးတွေ ပေါက်လာပါကယ်။ စာထဲမှာတော့"အိုင်းအမာ"လို့လာပါတယ်။ အဲဒီ အိုင်းအမာဆိုတဲ့ အဖုအပိန့်တွေပေါက်ခါစတော့ မုန်ညင်းစေ့လောက်ကလေးတွေပါ၊ နောက်တော့ ပဲစင်းငုံသီးခန့်လောက် ဖြစ်လာတယ်၊ နောက်တစ်ခါ ဆီးသီးခန့်လောက် ဖြစ်လာတယ်၊ အဲဒီကတစ်ဆင့် ဆီးဖြူသီးခန့်ဖြစ်လာပြန်တယ်၊ နောက်ပိုင်းကျတော့ ဥသျှစ်သီးလောက်ကြီးတွေအထိ ဖြစ်လာ-

တော့ကယ်၊ တဖြည်းဖြည်းကြီးလာလိုက်တာနော်။

နောက်ပိုင်းမှာတော့ အဲဒီ ဥသျှစ်သီးလောက်ရှိနေတဲ့ အဖုကြီးတွေဟာ ပေါက်ကွဲကုန်တော့တယ်။ အဖုကြီးတွေ မှည့်ရင့်လာပြီး ပေါက်ကွဲကုန်တာကြောင့် ခန္ဓာကိုယ်တစ်ခုလုံး အနာတွေ ဖြစ်နေတော့တယ်။ အနာတွေက ပြည်ပုတ်တွေယို,သွေးပုတ်တွေယိုနဲ့ ခန္ဓာကိုယ်တစ်ခုလုံးဆိုတာ ပေကျံနေတာပဲ-တဲ့။

အနံ့အသက်တွေကလဲ မကောင်းတော့ဘူး၊ တစ်ကိုယ်လုံး ပေကျံနံစော်နေတော့တယ်၊ အဲဒီ အခြေအနေကြောင့် မူလကခေါ်နေတဲ့ "တိဿ"ဆိုတဲ့နာမည်ရှေ့ကနေ "ပူတိဂတ္တ"ဆိုတဲ့ အတိုးနာမည်နဲ့ ဖြစ်သွားတော့တယ်။ "ပုတ်သော ခန္ဓာကိုယ်ရှိသူ"လို့ အဓိပ္ပါယ်ရပါတယ်။

မည်သူမှ အနားမကပ်နိုင်

နောက်ပိုင်းကျတော့ ဘာတွေဖြစ်လာလဲဆိုတော့ အဲဒီ မထေရ်ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ပေါက်နေတဲ့အနာတွေဟာ ခန္ဓာကိုယ်ရဲ့ အတွင်းပိုင်းကိုပါ တဖြည်းဖြည်း စားလာတော့တယ်၊ ဒါကြောင့် အရိုးတွေပါ ဆွေးဆွေးလာတယ်၊ ခန္ဓာကိုယ်ပေါ်မှာ သွေးတွေ အလိမ်းလိမ်းပေကျံနေလို့ ဝတ်ရုံထားတဲ့ အဝတ်သင်္ကန်းတွေဟာ အလိမ်းလိမ်းအကျံကျံနဲ့ ခန္ဓာကိုယ်ကို ရစ်ပတ်ပြီးတော့နေတော့တယ်၊ နောက်ပိုင်းကျတော့ သွေးတွေ ပြည်တွေကခြောက်ကပ်ပြီး ခန္ဓာကိုယ်မှာ ဝတ်ထားတဲ့ အဝတ်ဟာ ခန္ဓာကိုယ်နဲ့ ကပ်နေတော့တယ်။

အဲဒီလိုဖြစ်နေတော့ သူ့အနားကို ဘယ်သူမှမကပ်တော့ဘူးပေါ့၊ နံစော်နေတဲ့ ခန္ဓာကိုယ်ကြီးနဲ့ဆိုတော့ ဘယ်သူကကပ်တော့မှာလဲ။

သူ့နားမှာ စောစောပိုင်းက လုပ်ကျွေးပြုစုနေတဲ့ အတူနေတပည့်တွေလဲ သူ့နားက ရှောင်ခွာသွားကြတော့တယ်။ ဘယ်သူမှ အနားကပ်မဲ့သူ မရှိကြတော့ တစ်ပါးတည်း အထီးကျန်ဖြစ်နေတော့တယ်။ တစ်ပါးတည်း ဒုက္ခဝေဒနာတွေကို ပြင်းထန်စွာ ခံစားနေရတယ်။

## ကြောက်မက်ဖွယ်ရာအကုသိုလ်ကံရဲ့အကျိုး

အကုသိုလ်ကံရဲ့ အကျိုးပေးနော်၊ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ။ ဒီလောက်ဝေဒနာတွေ ပြင်းထန်စွာ ခံစားနေရတာ၊ အရိုးတွေဆွေးမြေ့တဲ့ အထိပဲ၊ ဒီလောက်ခံစားနေရပေမဲ့ ပျံလွန်တော်မမူနိုင်သေးဘူးဖြစ်နေတယ်။

အတိက်ဘဝတွေက ပြုခဲ့တဲ့ အကုသိုလ်ကံတွေရဲ့ အရှိအဟုန်တွေက မကုန်ခမ်းနိုင်သေးလို့ ပျံလွန်တော် မမူနိုင်တာဘဲ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်လဲ ဒီမထေရ်မြတ်ဟာ အရဟတ္တမဂ်၊အရဟတ္တဖိုလ်တွေကို ရဖို့ ရှိနေသေးတယ်၊ အဲဒီ အရဟတ္တမဂ်၊အရဟတ္တဖိုလ်တွေကို မရသေးလို့၊အချိန်မရောက်သေးလို့ ပျံလွန်တော်မမူနိုင်ဟာလဲ ဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကုသိုလ်ကံရဲ့ အကျိုးပေးကို လောလောဆယ်ဆယ်မှာတော့ အပြင်းအထန်ဆုံး ခံစားနေရပါတယ်။

## ဘုရားရှင်တို့ မစွန့်အပ်သောအရာဌာန

ဒီချိန်မှာ မြတ်ဗုဒ္ဓဟာ လောကဓာတ်တစ်ခုလုံးမှာ ရှိနေကြတဲ့ သတ္တဝါတွေကို ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူတဲ့အခါ၊ အဲဒီ ဝေဒနာတွေ ပြင်းစွာ ခံစားနေရရှာတဲ့ ပူတိဂတ္တတိဿမထေရ်ကြီးကို မြင်တော်မူပါတယ်။ ဒါဟာ ဘုရားရှင်တို့ရဲ့ လောကအားလုံးကို ကြည့်ရှုမြဲဖြစ်တဲ့ မစွန့်အပ်သော အရာဌာန၊ ပြုလုပ်နေကျ အလေ့အကျင့်တစ်ခုပဲဖြစ်တယ်။

ဘုရားရှင်တို့မည်သည်မှာ နံနက်မိုးသောက် အလင်းရောက်တဲ့ အခါ တစ်ကြိမ်၊ ညချမ်းရောက်တဲ့အခါမှာ တစ်ကြိမ်၊ တစ်နေ့ကို နှစ်ကြိမ် လောကဓာတ်တစ်ခုလုံးကို ကြည့်တော်မူလေ့ရှိပါတယ်၊ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်ရှုတော်မူတာ ဖြစ်ပါတယ်။

အဲဒီလို တစ်နေ့နှစ်ကြိမ်ကြည့်တော်မူရာမှာ နံနက်တစ်ကြိမ် ကြည့်တဲ့အခါမှာတော့ စကြဝဠာရဲ့ အနားစပ်ကနေ စပြီးတော့ သီတင်းသုံးတော်မူတဲ့ ဂန္ဓကုဋိကျောင်းတော်အထိ ဖြန့်ကျက်ပြီး ကြည့်ရှုတော်မူပါတယ်။ ညချမ်းအခါ ကြည့်တော်မူရာမှာတော့-

သီတင်းသုံးတော်မူရာ ဂန္ဓကုဋိကျောင်းက စပြီးတော့ စင်္ကြံဝဠာအနားစပ် အထိ ကြည့်ရှုတော်မူတယ်၊ နံနက်အခါကြည့်ပုံနဲ့ ညချမ်းအခါကြည့်ပုံ မတူဘူးနော်၊ နံနက်အခါ ကြည့်တဲ့အခါမှာ စကြဝဠာရဲ့ အနားစပ်က စတယ်၊ ညချမ်းကျတော့ ဂန္ဓကုဋိက စတယ်။

ယခုလို ကြည့်ရှုတော်မူတာဟာ တစ်ကြိမ်ထဲမဟုတ်, တစ်နေ့ထဲ လဲ မဟုတ်၊ နေ့စဉ်နေ့စဉ် အမြဲမပြတ် ကြည့်ရှုတော်မူတာ ဖြစ်ပါတယ်။ ဒါကို ဘုရားရှင်တို့ရဲ့ "အဝိဇဟိတဉာဏ"လို့ ခေါ်ပါတယ်။ အမြဲ ပြုလုပ် လေ့ရှိတဲ့ အလေ့အထ လို့ဆိုရမှာပေါ့။

ဗုဒ္ဓပွင့်တာ သတ္တဝါတွေအတွက်ပါ

ဘုန်းကြီးတို့ တရားနာပရိတ်သတ်ကြီးအနေနဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ ကြည်ညိုဖွယ်ရာ ဒီအချက်လေးကို သေသေချာချာစဉ်းစားကြည့် နော်။ ဘယ်လောက်ကြည်ညိုဖို့ကောင်းသလဲ၊ တို့ရဲ့ ဗုဒ္ဓရှင်တော်မြတ်ဟာ တို့အပေါ်မှာ ဘယ်လောက်အထိ မဟာကရုဏာတော်တွေ ထားတော်မူ သလဲ–ဆိုတာ ကြည့်လိုက်ရင် အင်မတန်မှ ကြည်ညိုဖွယ်ရာ ကောင်းလှ ပါတယ်။

သတ္တဝါတွေအတွက် ဘုရားရှင် အလုပ်လုပ်တော်မူတာနော်၊ မိမိကိုယ်ကျိုးအတွက် တစ်ခုမှ မပါဘူး။

သုမေဓာရှင်ရသေ့ဘဝ နိယတဗျာဒိတ်ခံယူပြီးနောက် စဉ်းစား တော်မူတဲ့အခါမှာ "ငါတစ်ယောက်ထဲ နိဗ္ဗာန်တစ်ဖက်ကမ်းကို ကူးမြောက် သွားလို့မဖြစ်ဘူး၊ သတ္တဝါတွေကို ကယ်တင်တော်မူမယ်"ဆိုပြီး စဉ်းစား တော်မူခဲ့တယ်၊ အဲဒီလို စဉ်းစားခဲ့ပြီးမှ ဘုရားဖြစ်ကြောင်းကောင်းမှု တွေ, ပါရမီတော်တွေကို နေ့မအား ညမအား ကြိုးစားအားထုတ်တော်မူ ခဲ့တာ ဖြစ်ပါတယ်၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်အောင်ကြိုး စားအားထုတ်တော်မူခဲ့ပါတယ်။

အဲဒီလို ဘုရားဖြစ်အောင် အားထုတ်တဲ့နေရာမှာ ကိုယ်ကျိုး အတွက် မဟုတ်ဘူး–ဆိုတဲ့ ခံယူချက်ဟာ သုမေဓာရှင်ရသေ့ဘဝကစပြီး–

သန္နေတည်ခဲ့တာဖြစ်ပါတယ်။

သတ္တဝါတွေရဲ့ အကျိုးကို ငါဆောင်ရွက်မယ်–ဆိုပြီး နှလုံးသွင်းပြီးတော့မှ ဘုရားဖြစ်အောင် အားထုတ်ခဲ့တာဖြစ်ပါတယ်။ ဘုရားဖြစ်တော်မူတဲ့ အခါမှာတော့ သတ္တဝါတွေရဲ့ အကျိုးတွေကို ရည်မှန်းထားခဲ့တဲ့အတိုင်း ဆောင်ရွက်တော်မူပါတယ်။ နေ့ရောညဉ့်ပါ ဆောင်ရွက်တော်မူပါတယ်။

ကျွတ်ထိုက်တဲ့သတ္တဝါတစ်ယောက်ကို ဉာဏ်တော်မှာ မြင်တွေ့တော်မူပြီဆိုရင် ဘယ်လောက်ပင်ဝေးကွာသော အရပ်ကိုပင်ဖြစ်စေ အပင်ပန်းခံ၍ ကြွရောက်ချေချွတ်တော်မူပါတယ်။ ဘုရားအဖြစ်ကိုရပြီးနောက် ဘုရားရှင်ချေချွတ်တော်မူလို့ ကျွတ်တမ်းဝင်သွားကြတဲ့ သတ္တဝါတွေဟာလဲ မရေတွက်နိုင်လောက်အောင် များပြားတော်မူတယ်။

မိမိသက်တော်ထင်ရှားရှိစဉ်မှာ မိမိကိုယ်တိုင် သတ္တဝါတွေကို ကယ်တင်ခဲ့တာ အားမရနိုင်သေးဘူး၊ မိမိရဲ့အဆုံးအမ သာသနာတော်မြတ်ကြီးကိုတောင် ထားရစ်တော်မူခဲ့ပါသေးတယ်။ မိမိကို မကိုးကွယ်မဆည်းကပ်လိုက်ရလို့၊ မိမိကိုယ်တိုင် မကယ်တင်ခဲ့ရလို့ ကျန်ရစ်ခဲ့တဲ့ သတ္တဝါတွေအတွက်–ဆိုပြီး သာသနာတော်မြတ်ကြီးကို ထားရစ်ခဲ့ပါတယ်။

**အားကိုးအားထားပြုဖို့ကောင်း**

အေး–ဒါကြောင့် ဘုန်းကြီးတို့တတွေသည် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါမှာ ကျွတ်တမ်းမဝင်နိုင်ခဲ့ကြပေမဲ့ ဘုရားရှင်သာသနာတော်မြတ်ကြီးနဲ့တော့ ယခု လာပြီးတော့ကြုံနေကြရပါတယ်၊ ဒီသာသနာတော်ကြီးဟာ တို့အတွက်ထားရစ်ခဲ့တဲ့ သာသနာတော်ကြီးပဲ-လို့၊ ဒီလိုအသိဉာဏ်လေးတွေပေါ်ပေါက်ကြရမယ်၊ မြင်ကြည့်တတ်ကြရမယ်နော်။ တို့အတွက် ဘုရားရှင်က သာသနာတော်မြတ်ကြီးကို ထားရစ်ခဲ့တာဖြစ်တယ်၊ အခြားသူတွေအတွက် မဟုတ်ဘူး–လို့ အမြဲမပြတ်သတိပြုနေကြရမယ်။

အခွင့်အရေးဆိုတာ ရတုံးရခိုက်ယူထားရတာမျိုးဖြစ်ပါတယ်၊–

တို့အတွက်ထားခဲ့တယ်ဆိုပြီး အသုံးမပြုဘဲ ပစ်ပယ်ထားရင်တော့ ပစ်ပယ်ထားသူပဲ မိုက်မဲရာရောက်မယ်။

မိဘတွေကတော့ အမွေတွေကို သားသမီးတွေအတွက်ဆိုပြီး ထားရစ်ခဲ့ကြတာပါပဲ၊ သားသမီးလုပ်သူတွေက တို့အတွက်ဆိုတာတော့ သိပါရဲ့၊ အသုံးမပြုဘူးဆိုရင် အကျိုးမပြီး အချီးနှီးပဲ ဖြစ်ကုန်မှာ၊ မိမိလဲမချမ်းသာ၊ပစ္စည်းတွေလဲဆုံး-ဒီလိုမျိုး ဖြစ်နေမယ်။

အခုလဲ ဒီအတိုင်းပဲပေါ့၊ တို့အတွက် သာသနာတော်ကြီးကို ထားရစ်ခဲ့တာ၊ တို့လက်ထဲ ရောက်နေပြီ၊ ဒီသာသနာတော်ကြီးကို အမှီပြု ပြီးတော့ တို့တတွေအကျိုးရှိစွာအသုံးပြုမယ်၊ ဒီလို နှလုံးသွင်းပြီးတော့ မိမိတို့ရဲ့ လောကီအကျိုးစီးပွား၊လောကုတ္တရာအကျိုးစီးပွားတွေ တိုးတက်ရာ တိုးတက်ကြောင်းဖြစ်တဲ့ ဒါန၊သီလ၊ဘာဝနာ-ဆိုတဲ့ ကောင်းမှုတွေကို ကြိုးစားအားထုတ်ကြရမယ်၊ ဒါဟာ မိဘတွေထားရစ်ခဲ့တဲ့ အမွေတွေကို အကျိုးရှိရှိအသုံးချတယ်ခေါ်တာပဲပေါ့။

ဘုရားရှင်ထားရစ်ခဲ့တဲ့ ဘုရားရှင်ရဲ့ ဓမ္မတည်းဟူသောအမွေ အနှစ်တွေကိုပဲ အားကိုးအားထားပြုကြရမယ်၊ အခြားသော အားထားစရာ ဆိုတာတွေကို အားမထားမိဖို့၊မကိုးကွယ်မဆည်းကပ်မိဖို့လဲလိုအပ်တယ်၊ မိဘနဲ့တူတဲ့ ဘုရားရှင်ကတော့ နောင်လာမဲ့ သားသမီးတွေအတွက် ဓမ္မတည်းဟူသော အမွေအနှစ်တွေကို ထားပေးခဲ့ပါတယ်၊ အဲဒါတွေကို အားမကိုးဘဲ သူတစ်ပါးလက်ထဲက ဥစ္စာတွေကို လှမ်းမျှော်နေမယ်ဆိုရင် သဘာဝမကျတော့ဘူး၊ စဉ်းစားတတ်ကြရမယ်နော်။

အေး-ဒါကြောင့် မိမိတို့လက်ဝယ်မှာ ရောက်ရှိနေတဲ့ မိမိတို့ ကိုးကွယ် ဆည်းကပ်နေတဲ့ ရတနာသုံးပါးတည်းဟူသော အမွေအနှစ်၊ ဓမ္မတည်းဟူသော အမွေအနှစ်တွေကိုသာ အားကိုးအားထားပြုကြရမယ်၊ အကျိုးရှိရှိ အသုံးချကြရမယ်။ ဒီလိုပြုတာဟာ အမွေအနှစ်တွေကို အသုံးချတာပဲပေါ့။

ဒါန၊သီလ၊ဘာဝနာတည်းဟူသော ဓမ္မအမွေအနှစ်တွေကို-

ကြိုးစားပြီးတော့ ပြုလုပ်ကြမယ်ဆိုရင် ဘုရားရှင် ရည်မျှော်ခဲ့တဲ့အတိုင်း ဘုရားရှင် ကယ်တင်တဲ့သတ္တဝါတွေအထဲမှာ မိမိတို့လဲ ပါဝင်သွားတယ်၊ ဒီလို နားလည်ထားကြရမယ် နော်။

ဗုဒ္ဓကိုယ်တော်တိုင်ဂိလာနကို ပြုစုပေးခြင်း

ဒါက ဗုဒ္ဓရဲ့ နေ့စဉ် သတ္တဝါတွေအပေါ် ဉာဏ်တော်နဲ့ ကြည့်ရှုလေ့ ရှိပုံနဲ့ ပတ်သက်လို့ အဋ္ဌကထာမှာလာတဲ့အတိုင်း ကြည်ညိုဖွယ်ကောင်း လှလို့ ထည့်သွင်းပြောကြားတာဖြစ်ပါတယ်။

စောစောက ပူတိဂတ္တတိဿမထေရ်ဟာ သူ့အနားမှာ ဘယ်သူမှ ပြုစုစောင့်ရှောက်မဲ့သူမရှိဘဲ တစ်ယောက်တည်း ဒုက္ခဝေဒနာတွေကို ပြင်းထန်စွာ ခံစားနေရတာကို ဗုဒ္ဓကိုယ်တော်မြတ်ရဲ့ ဉာဏ်တော်မှာ လာပြီးတော့ထင်ပါတယ်၊ ဒီမထေရ်မြတ်ဟာ အရဟတ္တမဂ်၊အရဟတ္တ ဖိုလ်ကို ရနိုင်တဲ့ အကြောင်းအထောက်အပံ့တွေ ရှိနေတာကိုလဲ မြင်တော် မူတယ်။

"ဤမထေရ်ကြီးကို အတူနေတပည့်တွေ စွန့်ပစ်ထားကြပြီ၊ ယခုအခါ ဤမထေရ်သည် ငါဘုရားရှင်မှတပါး အခြားသော ထောက် တည်ရာ မှီခိုအားထားရာမရှိတော့ပြီ"လို့ဆင်ခြင်တော်မူပြီးနောက်၊ သီတင်းသုံးတော်မူရာ ဂန္ဓကုဋိကျောင်းမှ ထွက်ကြွကာ ကျောင်းစဉ်ကို လှည့်လည်ကြည့်ရှုပြီး အဲဒီ မထေရ်ရှိနေတဲ့ ကျောင်းကို ရောက်တော်မူလာ ခဲ့ပါတယ်၊

ဒီအခါမှာ ဘုရားရှင်က ဘာလုပ်သလဲဆိုတော့ မီးတင်းကုတ်ထဲကို ဝင်သွားပြီး အိုးခွက်တွေကို သုတ်သင်တော်မူပါတယ်၊ ရေနွေးတည်မဲ့ အိုးကိုလဲ ဆေးကြောသုတ်သင်တော်မူတယ်၊ အဲဒီနောက် ရေနွေးအိုးထဲကို ရေထည့်ပြီး မီးဖိုပေါ်တင်တယ်၊ ရေနွေးပူလာတဲ့အခါ ပူတိဂတ္တတိဿ မထေရ်ရဲ့ ခုတင်ညောင်စောင်းနားကို ကြွပါတယ်၊ ညောင်စောင်းကို လက်တော်ဖြင့် ကိုင်တွယ်နေချိန်မှာ ရဟန်းတော်တွေ တွေ့မြင်သွား ကြပါတယ်၊

အဲဒီအခါ ရဟန်းကော်တွေက ဘုရားရှင်အနီးကို ဝိုင်းအုံရောက်ရှိလာခဲ့ကြပါတယ်။ ရောက်လာပြီးတော့ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် ဖယ်ခွာတော်မူ၍ ချမ်းသာသလို သီတင်းသုံးနေတော်မူပါ၊ တပည့်တော်တို့ ကိုင်ငင်ဆောင်ယူပေးပါမည် ဘုရား" လို့ လျှောက်ထားကြပြီး ညောင်စောင်းကို ရဟန်းတော်တွေ ဝိုင်းဝန်းမချီကာ မီးတင်းကုပ်ကို သယ်သွားကြပါတယ်၊ မီးဖိုနားမှာ အသာအယာချပေးထားကြပါတယ်။

ဒီနောက် ဘုရားရှင်ကိုယ်တော်မြတ်က စောစောက တည်ထားတဲ့ ရေနွေးအိုးထဲက ရေနွေးလေးတွေကို ယူပြီး ပူတိဂတ္တတိဿမထေရ်ပေါ် ပက်ဖြန်းပေးတော်မူတယ်၊ ရေနွေးနဲ့ပက်ဖြန်းပေးတာက စောစောက ခန္ဓာကိုယ်နဲ့ကပ်နေတဲ့ သင်္ကန်းတွေကို ခွာလို့ရအောင် လုပ်တာပါ၊ ဒီတော့မှ သင်္ကန်းတွေကို ခွာပြီး ကျန်တဲ့ရေနွေးတွေနဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို သုတ်သင်ပေးတော်မူပါတယ်၊ ခွာယူလိုက်တဲ့ သင်္ကန်းတွေကို ယူပြီး နေလှန်းပေးပါတယ်၊ သင်္ကန်းတွေ နေလှန်းထားတုံးမှာ မထေရ်ကိုရေချိုးပေးတယ်၊ သင်္ကန်းတွေ ခြောက်တဲ့အခါ ပြန်ယူပြီး မထေရ်ကို ပြန်ဝတ်ပေးတော်မူပါတယ်။

ဘုရားရှင်ကိုယ်တော်တိုင် ဂိလာနကို ပြုစုနေတာဖြစ်ပါတယ်၊ သူ့အနားမှာ ဘယ်သူမှ မကပ်နိုင်လေတော့ ဘုရားရှင်ကိုယ်တော်တိုင်ပဲ ပြုစုပေး၊ သန့်ရှင်းပေးနေရတယ်၊ သင်္ကန်းတွေကို ခွာယူတဲ့အခါ သင်းပိုင်နဲ့ ကိုယ်ရုံ တစ်လှည့်စီခွာ၊ တစ်လှည့်စီရေလျှော်နေလှန်းပြီး တစ်လှည့်စီ ပြန်ဝတ်ပေးတော်မူပါတယ်။

အဲဒီလို ပြုစုပေးလိုက်တော့ မထေရ်မြတ်လဲ နေသာထိုင်သာလေး ရှိသွားပါတယ်၊ သန့်သန့်ရှင်းရှင်းလေးဖြစ်သွားတယ်၊ ဒါပေမဲ့ ညောင်စောင်းခုတင်ပေါ်ကတော့ မဆင်းနိုင်တော့ပါဘူး၊ မလှုပ်ရှားနိုင်လို့ အဲဒီ ညောင်စောင်းခုတင်ပေါ်မှာပဲ လဲလျောင်းနေရပါတယ်။ ပြင်းထန်လှတဲ့ ရောဂါတွေ နှိပ်စက်မှုကို ခံစားနေရတာ နော်။

၂၈၄၃၃

ဘုရားရှင် တရားဟောတော်မူ

အဲဒီလို နေသာထိုင်သာလေးရှိသွားအောင်, သန့်ရှင်းသွားအောင် ဘုရားရှင်ကိုယ်တော်တိုင် စီမံပေးပြီးတဲ့နောက် မထေရ်မြတ်လျောင်းနေတဲ့ ခုတင်ညောင်စောင်းလေးရဲ့ ခေါင်းရင်းဘက်ကို ကြွတော်မူပြီး မထေရ်မြတ်ကို တရားဟောတော်မူပါတယ်။

''ချစ်သား ပူတိဂတ္တတိဿ၊ ဆံပင်မွေးညှင်း-စတဲ့ သုံးဆယ့်နှစ်ပါးသော အဖို့အစုတို့သည် ပြုပြင်စီမံ၍ထားအပ်သော အလျားတစ်လံ အနံတစ်ထွာမျှလောက်သော ဤခန္ဓာကိုယ်အကောင်ပုတ်ကြီးကို စောင့်ရှောက်နေတဲ့ အသက်ဝိညာဉ်ဆိုတာရှိတယ်၊ အဲဒီအသက်ဝိညာဉ်က ဒီခန္ဓာကိုယ်ပုတ်ကြီးကို စွန့်ခွာသွားပြီဆိုရင် ဒီခန္ဓာကိုယ်ကြီးဟာ ဘာမျှအသုံးမကျတဲ့ ဖွဲထင်းလို ဖြစ်သွားတော့တယ်၊ ဖွဲထင်းလို ဖြစ်သွားတဲ့ ဒီခန္ဓာကိုယ်ကြီးဟာ မဟာပထဝီမြေကြီးပေါ်မှာ ပက်လက်ဖြစ်စေ, စောင်းခွေလျှက်ဖြစ်စေ ထာဝရအိပ်နေရတော့မယ်''

ဒီလို ရှင်းလင်းမိန့်ကြားတော်မူပြီးနောက်--

အစိရံ ဝတ ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။

ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။

ဘိက္ခု-ချစ်သား တိဿရဟန်း၊ အယံ ကာယော-ဤသင့်ကိုယ်ခန္ဓာကြီးသည်၊ အစိရံ-မကြာမြင့်မီ၊ အပေတဝိညာဏော-အသိစိတ်ဝိညာဏ် ကင်းသည်ဖြစ်၍၊ ဆုဒ္ဓေါ-သီတင်းသုံးဖော်များက သုဿာန်၌ စွန့်ပစ်အပ်သောကြောင့်၊ ပထဝိံ အဓိသေဿတိ ဝတ-သုဿာန်မြေ၌ စင်းစင်းခွေခွေ အိပ်နေရတော့မည်တကား၊ ကိမိဝ-မည်သည့်အရာနှင့် တူပါသနည်း၊ နိရတ္ထံ-အကျိုးမပြီး၍ အသုံးမဝင်သော၊ ကလိင်္ဂရံ-သစ်သား အဖျင်းအညံ့နှင့်တူပါတော့၏။

ဣတိ-ဤသို့၊ ဣမံ ဓမ္မဒေသနံ-ဤဓမ္မကထာ,ဒေသနာကို၊ ဘဂဝါ-ဘုန်းတော်ခြောက်စုံ,တန်ခိုးဂုဏ်နှင့်,ပြည့်စုံပေငြား,မြတ်ဘုရားသည်၊ ပူတိဂတ္တတိဿထေရံ-ရောဂါဝေဒနာတွေ,ပြင်းထန်စွာနှိပ်စက်-

မှုကို ခံနေရရှာတဲ့ ပူတိဂတ္တတိဿမထေရ်ကို၊ အဝေါစ-ကရု ဏာရှေ့သွား၊မေတ္တာအားဖြင့်၊ဟောကြားတော်မူလိုက်ပါပေသတည်း- ။

ထင်းတုံးလောက်ပင်အသုံးမကျတဲ့ခန္ဓာ

ချစ်သားတိဿရဟန်း-သင်ရဲ့ခန္ဓာကိုယ်ကြီးဟာ မကြာမြင့်မီ မှာပဲ အသိစိတ်ဝိညာဉ်ကင်းတော့မယ်၊ မကြာမီ သေရတော့မယ်၊ သင့်ရဲ့ ခန္ဓာကိုယ်ကြီးကို သီတင်းသုံးဖော်တွေက သုသာန်တစ သင်္ချိုင်းဝသို့ ပစ်ချကြတော့မယ်-လို့ သတိပေးတော်မူပါတယ်။ မထေရ်မြတ်ကလဲ မြတ်ဗုဒ္ဓရဲ့ သတိပေးတရားတော်ကို အာရုံလေးစိုက်၊သတိလေးကပ်ပြီးတော့ နာယူနေပါတယ်။ နောက် ဆက်ပြီးတော့ ခန္ဓာကိုယ်ကြီးကို ဘာနဲ့ဥပမာ ပေးလိုက်လဲဆိုတော့ အကျိုးမဲ့အသုံးမဝင်တဲ့ သစ်သားတုံးကြီးနဲ့ ဥပမာ ပေးတော်မူပါတယ်။

လောက မှာ သစ်သားတုံးဆိုတာ သူ့နေရာနဲ့သူ အသုံးပြုလို့ ရတာပါပဲ၊ ဒါပေမဲ့ ဆွေးမြေ့နေတဲ့ သစ်သားတုံးမျိုးကျတော့ ဘယ်သူကမှ အသုံးမပြုကြပါဘူး။ ဘာမှအသုံးမပြုဘဲ ဘာလုပ်ပစ်လေ့ရှိသလဲ။ မြေကြီးပေါ် တစ်နေရာရာမှာ ပစ်လိုက်ကြတယ်။

ခန္ဓာကိုယ်ကြီးရဲ့ သဘောဟာလဲ အသုံးမဝင်တော့တဲ့ သစ်တုံးနဲ့ တူလှတယ်၊ အသက်ဝိညာဉ်ရှိနေစဉ်မှာတော့ အသုံးဝင်နေပါတယ်၊ အသက်ဝိညာဉ်ကင်းမဲ့တဲ့နောက်ပိုင်းကျတော့ ကိုယ်တိုင်လဲ အသုံးမပြုနိုင် တော့သလို ကျန်ရစ်သူများကလဲ ဘာမှအသုံးမပြုကြတော့ပါဘူး၊ အသုံးပြုဖို့ဝေးစွ သေပြီးလို့ သုံးလေးရက်ဆိုရင် သုသာန်ကို ပို့တော့တာ ပါပဲ။ ဘယ်သူမှ ခင်တွယ်ပြီးတော့ မထားကြတော့ပါဘူး၊ မတင့်မှ မတင့်တယ်တော့ပဲ။

အသက်ဝိညာဉ်ရှိစဉ်ကတော့ မိမိကို စောင့်ရှောက်နေကြတဲ့၊ မိမိက စောင့်ရှောက်ခဲ့ရတဲ့ ချစ်လှပါတယ်ဆိုတဲ့ သားတွေ၊သမီးတွေ၊ ဇနီးမယားတွေ၊ ညီကိုမောင်နှမတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ ဒီပုဂ္ဂိုလ် တွေကကော ဝိညာဉ်ကင်းမဲ့နေတဲ့ မိမိကို ချစ်ကြတော့ရဲ့လား၊ မချစ်နိုင်-

ကြတော့ပါဘူး၊ စောစောပဲ သုသာန်ကို ပို့လိုက်ကြတော့တာပါပဲ၊ ချစ်လှပါတယ်ဆိုတဲ့သူတွေ ကိုယ်တိုင် လိုက်ပို့ကြတာပဲ နော်။ အေး- သတိလေးတွေ သံဝေဂဉာဏ်လေးတွေ ဖြစ်ဖို့ အင်မတန်ကောင်းလှပေတယ်၊ ဒါဟာ ခန္ဓာကိုယ်ကြီးရဲ့ ထင်းတုံးလောက်တောင် တန်ဖိုးမရှိတော့တဲ့ သဘောပဲ။

ဒီသဘောရှိတဲ့ ခန္ဓာကိုယ်ကြီးကို အခုလိုဉာဏ်သက်ဝင်ပြီးတော့ မမြင်တတ်ဘူးဆိုရင် ကိလေသာလောဘတွေဖြစ်ကြမယ်၊ ခန္ဓာကိုယ်ကြီးကို အကြောင်းပြုပြီးတော့ မာန်မာနတရားတွေ ထောင်လွှားကြလိမ့်မယ်။ ယခုမျက်မှောက်ခေတ်မှာ ဒီလို သံဝေဂဉာဏ်တွေ မဖြစ်ကြဘဲ ခန္ဓာကိုယ်ကိုအကြောင်းပြုပြီးတော့ မာန်မာနတရားတွေ လွှမ်းမိုးနေကြသူတွေ အတော်များများ ရှိနေကြပါတယ်၊ တရားနာပရိတ်သတ်လဲ မြင်သိကြမှာပါ၊ ဒါဟာ ဘာကြောင့် ဖြစ်ရတာလဲ၊ ခန္ဓာကိုယ်ကို စောစောက ပြောခဲ့တဲ့ သဘောတရားတွေကို မြင်အောင် မသိမြင်နိုင်ကြလို့ပဲဆိုတာ ထင်ရှားနေပါတယ်။

မာန်မာနတရားတွေဆိုတာ အကုသိုလ်တရားတွေပါပဲ၊ အကုသိုလ်ဆိုတာ မကောင်းကျိုးပေးတတ်တဲ့တရားတွေဖြစ်တယ်-လို့ ရှေ့နားမှာ ဘုန်းကြီး ပြောခဲ့ပြီးပါပြီ။

ဒီလို အကုသိုလ်တရားတွေ မဖြစ်ကြလေအောင် သဟိတရားလေးတွေ သံဝေဂဉာဏ်လေးတွေဖြစ်နေအောင် မြင်တတ်, ကြည့်တတ်ကြရမယ်၊ ရှုမှတ်ကြရမယ်။

## ပူတိဂတ္တတိဿမထေရ်ရဟန္တာဖြစ်တော်မူ

အဲဒီလို မြတ်ဗုဒ္ဓက ဒေသနာတော်လေးကို သူ့ရဲ့ခေါင်းရင်းမှာ ရပ်ပြီးတော့ ဟောကြားသတိပေးတော်မူပါတယ်၊ မထေရ်မြတ်ကလဲ သတိလေးကပ်ပြီးတော့ နာယူလာခဲ့ပါတယ်၊ ရှေးရှေးက သီလ,သမာဓိ, ပညာသိက္ခာတွေကို ပြည့်ပြည့်ဝဝ ဖြည့်ကျင့်ထားသူဖြစ်လေတော့ ဒေသနာတော်က တိုတောင်းလှပေမဲ့ သတိလေးဝင်လာပြီး ဆင်ခြင်လိုက်တာ-

မြတ်ဗုဒ္ဓရဲ့ ဂါထာပုဒ်အဆုံးမှာပဲ ရဟန္တာအဖြစ်သို့ရောက်ရှိသွားခဲ့ပါတယ်။ အတိက်က ပါရမီကွေပါလာဖို့ လိုအပ်တယ်နော်။ အတိက်ဘဝကပါရမီတွေလဲ ပါလာပါမှ ယခုမျက်မှောက်ဘဝမှာလဲ သီလ၊သမာဓိ၊ပညာသိက္ခာတွေကို ဖြည့်ကျင့်ပါမှ အရဟတ္တမဂ်၊အရဟတ္တဖိုလ်ကို အလွယ်တကူ ရရှိနိုင်ပါတယ်။

ဟန်ချက်ညီညီ

ဘုရားရှင်လက်ထက်က ယခုလို တရားနာပြီးအဆုံးမှာ ကျွတ်တမ်းဝင်သွားကြတဲ့သတ္တဝါတွေဟာ မရေတွက်နိုင်လောက်အောင်-များပြားခဲ့ပါတယ်၊ အဲဒီသတ္တဝါတွေဟာ ဘာကြောင့် ယခုလောက် တရားထူး တရားမြတ်တွေကို လွယ်လွယ်ကူကူ ရရှိသွားကြတာလဲဆိုရင်၊ အတိတ်က ဖြည့်ဆည်းခဲ့တဲ့ ပါရမီအထုံတွေ များစွာပါခဲ့လို့ပဲ ဖြစ်တယ်။

သက်ရှိထင်ရှားဘဝမှာလဲ မဂ်၊ဖိုလ်ရကြောင်းကောင်းမှုတွေကို ကျင့်ကြံကြိုးကုတ်အားထုတ်မယ်၊ အတိက်ဘဝကပြုခဲ့တဲ့ ကောင်းမှုတွေကလဲ အကျိုးပေးမယ်၊ ဒီလို အတိက်၊ပစ္စုပ္ပန် ဟန်ချက်ညီညီ အကျိုးပေးမှုတွေ တိုက်ဆိုင်ခဲ့လျှင် မဂ်ဖိုလ်ရဖို့ဆိုတာမခဲယဉ်းဘူး-တဲ့၊

အဲဒီလိုတိုက်ဆိုင်ခဲ့လို့ ဘုရားရှင်လက်ထက်တော်အခါက တရားတစ်ပုဒ်မျှ နာပြီးရုံနဲ့ အရတ္တမဂ်၊အရတ္တဖိုလ်ဆိုက်သွားကြသူတွေ မရေတွက်နိုင်ဘူး၊ ယခု ပူတိဂတ္တတိဿမထေရ်မြတ်လဲ တစ်ပါးအပါအဝင်ပါပဲဖြစ်ပါတယ်၊

ယခု ဝေဒနာတွေပြင်းစွာ ခံစားရင်း ဘုရားရှင်ဟောကြားတဲ့တရားကို နာယူလိုက်တာ ဂါထာပုဒ်တစ်ပုဒ်အဆုံးမှာပဲ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ အရဟတ္တမဂ်၊အရဟတ္တဖိုလ်ကို ရရှိတော်မူသွားခဲ့ပါတယ်၊ ဒါကြောင့်-

ဒေသနာဝသာနေ-မြတ်ဗုဒ္ဓသတိပေး ဟောကြားတော်မူတဲ့ ဒေသနာတော်အဆုံး၌၊ သော ပူတိဂတ္တတိဿထေရော-ထို ပူတိဂတ္တတိဿ-

မထေရ်မြတ်သည်၊ သဟပဋိသမ္ဘိဒါပတ်-ပဋိသမ္ဘိဒါတို့နှင့်တကွ၊ အရဟတ္တ်-အရဟတ္တဖိုလ်သို့၊ ပါပုဏ်-ကောင်းစွာမသွေ့ ဆိုက်ရောက်တော်မူခဲ့ပါပေသတည်း . . . ။

စေတီတည်ထားခြင်း

ပူတိဂတ္တတိဿမထေရ်မြတ် ဘာဖြစ်သွားပြီလဲ၊ ပဋိသမ္ဘိဒါပတ္တ-ရဟန္တာမထေရ်မြတ်ကြီးဖြစ်ခဲ့ပြီနော်၊ ရဟန္တာဖြစ်ပြီးတယ်ဆိုရင်ပဲ ပြင်းထန်စွာခံစားနေရတဲ့ ရောဂါဝေဒနာတွေရဲ့ နှိက်စက်မှုကြောင့် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါတယ်။

ပူတိဂတ္တတိဿမထေရ် ရဟန္တာဖြစ်သလို၊ အခြားအခြားသော မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်ကို နာယူနေကြတဲ့ ပုဂ္ဂိုလ်တွေလဲ သောတာပန်ဖြစ်သူဖြစ်,သကဒါဂါမ်ဖြစ်သူဖြစ်-စသည်တွေ ဖြစ်ခဲ့ကြပါတယ်။

အဲဒီနောက်မှာ ဘုရားရှင်ကိုယ်တော်မြတ်က ပူတိဂတ္တတိဿမထေရ်ရဲ့ အလောင်းတော်ကို ကောင်းမွန်စွာ မီးသင်္ဂြိုဟ်စေပြီး ဓာတ်တော်တွေကို စေတီအဖြစ် တည်ထားစေတော်မူပါတယ်။

မထေရ်မြတ်၏အတိက်ဇာတ်ကြောင်း

အဲဒီလို မထေရ်မြတ်ရဲ့ ဓာတ်တော်တွေကို စေတီတည်ပြီးတဲ့နောက်မှာ ရဟန်းတော်တွေက မြတ်စွာဘုရားကို လျှောက်ထားကြတယ်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား· ဤပူတိဂတ္တတိဿရဟန်းသည် အဘယ်အရပ်မှာ ဖြစ်နေပါလိမ့်ဘုရား" လို့ မထေရ်မြတ်ရဲ့ လားရာဂတိကို မေးလျှောက်ကြပါတယ်၊ ဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က-

"ချစ်သားရဟန်းတို့၊ ငါ၏ သားတော်ဖြစ်တဲ့ ပူတိဂတ္တတိဿမထေရ်ဟာ ပရိနိဗ္ဗာန်ပြုသွားပါပြီ"လို့ ဖြေကြားတော်မူပါတယ်။

တစ်ဖန်ထပ်ပြီးတော့ ရဟန်းတော်တွေက လျှောက်ထားကြပြန်ပါတယ်-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား-ယခုလို ရဟန္တာဖြစ်မဲ့ ဥပနိဿယအဆောက်အဦနဲ့ ပြည့်စုံတဲ့ ပါရမီဓာတ်ခံတွေ ပါလာသူဖြစ်ပါလျက်နဲ့ အဘယ်အကြောင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံး အနာတွေဖြစ်ပြီး အရိုးတွေကွဲအက် ပြင်းစွာခံခက်လောက်အောင် ရောဂါတွေ ဖြစ်ပေါ်ခံစားရပါသလဲဘုရား"လို့ လျှောက်တဲ့အခါ၊ ဘုရားရှင်က လိုရင်းချုပ်ဖြေကြားတော်မူပါတယ်။

"ပူတိဂတ္တတိဿမထေရ် ယခုလို ရဟန္တာဖြစ်ရခြင်း၊ ရောဂါဝေဒနာတွေ ပြင်းစွာနှိပ်စက်ခံရခြင်းတို့ဟာ မိမိကိုယ်တိုင် ပြုလုပ်ခဲ့တဲ့ ကောင်းမှုကံ, မကောင်းမှုကံတို့ကြောင့် ဖြစ်တယ်"လို့ ဖြေကြားတော်မူတယ်။

ရဟန္တာဖြစ်ရတာလဲ သူပြုခဲ့တဲ့ အတိက်ကုသိုလ်ကံကြောင့်ပဲ၊ ယခုလိုအနာရောဂါတွေ ဖြစ်ပေါ်ခံစားရတာလဲ သူပြုခဲ့တဲ့ အတိက်အကုသိုလ်ကံကြောင့်ပဲ-လို့ ဖြေကြားလိုက်တာပါပဲ။

တစ်ယောက်ထဲမှာ ကံနှစ်မျိုး၊ နှစ်မျိုးလုံးကို မျှဝေခံစားရတယ်ဆိုတဲ့ အချက်ဟာ ဒီမထေရ်မြတ်ရဲ့ ဇာတ်ကြောင်းက သက်သေပြနေပါကယ်၊ ကောင်းတာလုပ်ခဲ့တဲ့ကံက ကောင်းကျိုးပေးခဲ့ပြီး မကောင်းတာလုပ်ခဲ့တဲ့ကံက မကောင်းကျိုးပေးခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ရဟန်းတော်တွေက အကျယ်ချဲ့ပြီး ဟောတော်မူဖို့ တောင်းပန်လျှောက်ထားကြတဲ့အခါမှာ ဘုရားရှင်က ပူတိဂတ္တ-တိဿမထေရ်ရဲ့ အတိက်ကပြုခဲ့တဲ့ ကောင်းမှု,မကောင်းမှု ကံတွေကို သရုပ်ပေါ်အောင် မထေရ်မြတ်ရဲ့ အတိက်ဇာတ်ကြောင်းကို ဟောကြားတော်မူပါတယ်။

### မထေရ်အလောင်းငှက်မုဆိုးဘဝ

ပူတိဂတ္တတိဿမထေရ်ဟာ ကဿပမြတ်စွာဘုရားရှင်လက်ထက်မှာ ငှက်မုဆိုးဖြစ်ခဲ့တယ်၊ ငှက်တွေကို သတ်ဖြတ်ပြီးတော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူကို သွင်းဆက်ရတယ်၊ မင်းကြီးထံကို ဆက်သလို့-

ပိုတဲ့ ငှက်တွေကိုတော့ အရပ်ထဲမှာရောင်းစားပါတယ်၊ အရပ်ထဲ ရောင်းလို့ မကုန်တဲ့ငှက်တွေကိုတော့ နောက်နေ့တွေအတွက် ချန်ထားပါတယ်၊ ချန်ထားတဲ့အခါ ဘယ်လိုလုပ်ထားသလဲဆိုတော့ အဲဒီချန်ထားတဲ့ ငှက်တွေရဲ့ အတောင်တွေ့ခြေထောက်တွေကို ချိုးထားတယ်၊ အဲဒါမှ နောက်နေ့ လတ်လတ်ဆတ်ဆတ်ဖြစ်မှာကိုး။ နောက်တစ်ခုက သတ်ဖြတ်ထားတယ် ဆိုရင် သတ်နေတုံးမှာ လွတ်သွားနိုင်တယ်၊ အခုလို့ အတောင်လေးတွေ၊ ခြေထောက်လေးတွေကို ချိုးထားလိုက်တော့ မပျံနိုင်တော့ဘူး၊ နောက်နေ့ တွေမှာလဲ လတ်လတ်ဆတ်ဆတ်ရောင်းချရတာပေါ့၊ ဒီလိုရည် ရွယ်ချက်နဲ့ ငှက်ကလေးတွေကို အတောင်ချိုး့ခြေထောက်တွေကို ချိုးထားတာဖြစ် ပါတယ်။

နောက်တစ်နေ့ ရောင်းတဲ့အခါ အသစ်အသစ်ဖြစ်တဲ့ ငှက်တွေကို လဲ ဖမ်းဆီးပေ့ါ၊ ယခင်နေ့က ချန်ထားတဲ့ ငှက်တွေကိုလဲ ရောင်းချပေ့ါ။

ဒီလိုနဲ့ အသက်မွေးဝမ်းကြောင်းပြုလာခဲ့တာ နေ့တွေ ရက်တွေ လတွေ ကြာညောင်းလာခဲ့ပါတယ်၊ ဒီအကုသိုလ်ကံဟာ ပုတိဂတ္တတိဿ မထေရ်ဘဝရောက်တဲ့အခါ အနာရောဂါတွေဖြစ်ပြီး ပြင်းထန်တဲ့ ဝေဒနာတွေကို ခံစားရမဲ့ အကြောင်းပါပဲ။

အကုသိုလ်ကံတွေကို နေ့စဉ် ပြုနေတာနော်၊ နေ့တိုင်း အကုသိုလ် စိတ်တွေနဲ့ အချိန်တွေ ကုန်လွန်နေတာ၊ အကုသိုလ်ကံတွေကို စုဆောင်းနေ တာပဲပေ့ါ။

မိမိစုဆောင်းထားတဲ့ အကုသိုလ်ကံတွေရဲ့ အကျိုးကို ခံစားရမယ်- ဆိုတဲ့အချက်ကို ရှေ့တန်းတင်ပြီး မစဉ်းစားမဆင်ခြင်နိုင်တာဟာ အတော် ကြောက်ဖို့ကောင်းတဲ့ အချက်ပါပဲ။ သတိပြုဖို့ကောင်းလှပါတယ်။

ရဟန္တာတစ်ပါးကို ဆွမ်းလှူခဲ့

ဒီလို ငှက်တွေကို သတ်ဖြတ်ပြီးတော့အသက်မွေးနေတဲ့ ငှက်မုဆိုးဟာ တစ်နေ့မှာတော့ ကုသိုလ်ပြုဖို့ အခွင့်ရေးတစ်ခုနဲ့-

ကြုံခဲ့ ပါတယ်။

တစ်နေ့မှာ နေအိမ်မှာ မိမိတို့စားသောက်ဖို့အတွက်ဆိုပြီး ကောင်းမွန်တဲ့ဟင်းကလေးတွေကိုချက်ပြုတ်တယ်၊ အဲဒီနေ့မှာပဲ ရဟန္တာမထေရ်မြတ်တစ်ပါးဟာ အိမ်စဉ်လှည့်ပြီး ဆွမ်းခံရင်း ငှက်မုဆိုးရဲ့နေအိမ်ရှေ့သို့ ရောက်လာပြီး ဆွမ်းရပ်တော်မူပါတယ်၊ ငှက်မုဆိုးမြင်တဲ့အခါ မထေရ်မြတ်ကို ကြည်ညိုစိတ်တွေဖြစ်ပြီး ဘယ်လိုစဉ်းစားမိသလဲ ဆိုတော့–

"ငါသည် များစွာကုန်သော ငှက်သတ္တဝါတွေကို သတ်ဖြတ်စားသောက်ပြီး အသက်မွေးနေရသူဖြစ်တယ်၊ ဒီအဖို့ဘာဂတွေဟာ ငါ့ဘဝအတွက် ဝန်လေးစရာတွေပဲဖြစ်တယ်၊ ဒီ ဝန်လေးစရာအမှုတွေကို ငါပြုလုပ်နေရတယ်၊ ဒါကြောင့် ကုသိုလ်ကောင်းမှုလေးတွေဖြစ်ရအောင် ဒီနေ့တော့ ငါချက်ထားတဲ့ ဆွမ်းဘောဇဉ်တွေကို ဒီမထေရ်မြတ်ကိုလှူဒါန်းပြီးကုသိုလ် ပြုလိုက်အုံးမှပဲ"လို့ စဉ်းစားမိတယ်။

ဒါနဲ့ မထေရ်မြတ်ကို သူချက်ထားတဲ့ ဟင်းကောင်းလေးတွေနဲ့ အခြားဆွမ်းခဲဖွယ်ဘောဇဉ်တွေကို လှူဒါန်းဆက်ကပ်ပါတယ်၊ ဆက်ကပ်တဲ့နေရာမှာလဲ ကြည်ညိုတဲ့စိတ်တွေ တစ်ဖွားဖွားဖြစ်ရင်းနဲ့ ရိုရိုသေသေလေးလေးစားစား ဆက်ကပ်လှူဒါန်းပါတယ်။

## ငှက်မုဆိုး၏ဆုတောင်း

အဲဒီလို စေတနာ,သဒ္ဓါတရားတွေ ထက်သန်စွာနဲ့ လှူဒါန်းဆက်ကပ်ပြီးတဲ့နောက် မထေရ်မြတ်ထံမှာ ဆုတောင်းပါတယ်–

"ဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ များစွာသော ငှက်သတ္တဝါတွေကို သတ်ဖြတ်ပြီး အသက်မွေးနေရတဲ့ တပည့်တော်သည်၊ မြတ်နိုးစေတနာသဒ္ဓါတရား တိုးပွားသမှု ပြုစုအပ်သော ကောင်းမှုကံကြောင့် အရှင်မြတ်တို့ မျက်မှောက်ပြုအပ်,သိမြင်အပ်သော တရားထူးတရားမြတ်တွေကို သိမြင်နိုင်သူ ဖြစ်ရပါလို၏ဘုရား" လို့ ဆုတောင်းပါတယ်။

ရဟန္တာမထေရ်မြတ်ကြီးကို ဖူးမြင်လိုက်ရလို့ အခုလို ကုသိုလ်တွေ

ပြုဖြစ်တာဖြစ်တယ်။ သမဏဒဿန မင်္ဂလာ–ကနေ ဒါနမင်္ဂလာတွေ, ဓမ္မစရိယမင်္ဂလာတွေ တိုးပွားသွားလိုက်တာနော်၊ ကုသိုလ်ပြုဖို့ သတိမရနိုင်ဖြစ် နေတဲ့ မုဆိုးကြီး အခုတော့ ရဟန္တာအရှင်မြတ်ကို ဖူးမြင်လိုက်ရတဲ့အတွက် ကုသိုလ်တွေပြုဖြစ်သွားပါပြီ။

ဒါနမြောက်ရန်အတွက် လိုအပ်ချက်

တရားနာပရိတ်သတ်များအနေနဲ့လဲ ဒီအချက်လေးကို သတိပြုဖို့ကောင်းလှတယ်၊ ဒါနကုသိုလ်တစ်ခုဖြစ်ဖို့ဆိုတာ သာမန်အားဖြင့်ကြည့်ရင် လွယ်လွယ်လေးလို့ထင်နေကြမယ်။ ဒါနကုသိုလ်တစ်ခုဖြစ်လာဖို့အတွက်–

(၁)အလှူပေးသူရှိရတယ်။

(၂)အလှူခံမဲ့(အလှူခံပုဂ္ဂိုလ်)ရှိရတယ်။

(၃)လှူဖွယ်ပစ္စည်းဝတ္ထုလဲ ရှိနေရတယ်။

(၄)လှူကြောင်းစေတနာလဲ ရှိနေရတယ်။(ပေတ၊ ၄၊ ၇)

ဒီလေးချက်နဲ့ ပြည့်စုံနေမှ ဒါနကုသိုလ်တစ်ခုဖြစ်လာနိုင်တာပါ၊ အလှူပေးမဲ့သူကတော့ရှိပါရဲ့၊ လှူဖွယ်ပစ္စည်းတွေလဲ ရှိနေပါရဲ့၊ လှူလဲလှူချင်နေပါရဲ့၊ ဒါပေမဲ့ အလှူခံမဲ့သူကမရှိဘူးဆိုရင် ဒီဒါနဟာ အထမမြောက်နိုင်ပါဘူး။

ယခု ငှက်မုဆိုးကို ကြည့်လိုက်တော့ အခုပြောခဲ့တဲ့ အချက်တွေနဲ့ ညီညွတ်နေတာကို မြင်တွေ့နေရမယ်၊ အလှူခံပုဂ္ဂိုလ်ကို မြင်တွေ့ရလို့ သူ့မှာ တစ်သက်လုံးအကုသိုလ်တွေနဲ့သာ အချိန်ကုန်နေတဲ့အဖြစ်ကို ရုတ်တရက် သတိဝင်လာတယ်၊ ဒီလိုသတိဝင်လာအောင် အလှူခံပုဂ္ဂိုလ်က ဆောင်ရွက်ပေးလိုက်သလို,သတိပေးလိုက်သလိုဖြစ်ခဲ့တယ်။ အလှူခံပုဂ္ဂိုလ်ကြောင့် ငှက်မုဆိုးရဲ့ ဒါနကုသိုလ်လဲဖြစ်မြောက်အောင်မြင်ခဲ့ရတယ်။

ဘယ်လောက်ကျေးဇူးများလိုက်သလဲဆိုတာနော်။ ဒါဟာ အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ ရဟန္တာအရှင်မြတ်ကို ဖူးမြင်လိုက်ရလို့–

ငှက်မုဆိုးအတွက် ဖြစ်ပေါ်ခဲ့ရတဲ့ ကုသိုလ်ကံပါပဲ။

ဆုတောင်းမမှားဖို့အရေးကြီးတယ်

အဲဒီလို ပေးလှူပြီးတော့ ဆုတောင်းတဲ့အခါမှာလဲ "အရှင်မြတ်တို့ မျက်မှောက်ပြုအပ် သိမြင်အပ်သော တရားထူးတရားမြတ်တွေကို သိမြင်ရပါလို၏"လို့ ဆုတောင်းခဲ့ပါတယ်၊ ဒီလို ဆုတောင်းမိဖို့လဲ မလွယ်လှပါဘူး၊ တရားထူးကို သိဖို့ပဲ ဆုတောင်းခဲ့တယ် နော်၊ နတ်ပြည်ရောက်ရပါလို၏၊ ဘုရားဖြစ်ရပါလို၏– စသည်ဖြင့် ကာမဂုဏ်ဆုတွေကို မတောင်းဘူး၊ ဒါလဲ အတုယူသင့်တဲ့အချက်ပဲ၊ ငှက်မုဆိုးတောင်းတဲ့ဆုမျိုးဖြစ်အောင် အလေ့အကျင့်လေးတွေ ပြုထားသင့်တယ်။

ဗုဒ္ဓဘာသာအယူဝါဒရဲ့ နောက်ဆုံးအထွတ်အထိပ်ဟာ မဂ်,ဖိုလ်,နိဗ္ဗာန်ပါပဲ၊ ဗုဒ္ဓဘာသာအယူဝါဒရဲ့ လမ်းဆုံးပန်းတိုင်ဟာ မဂ်,ဖိုလ်,နိဗ္ဗာန်ပါ။ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရရှိခံစားနိုင်ဖို့အတွက် ဒါန,သီလ,ဘာဝနာ–စတဲ့ ကောင်းမှုတွေကို ပြုလုပ်နေကြတာပဲ ဖြစ်ပါတယ်။

အဲဒီ ဒါန,သီလ,ဘာဝနာကောင်းမှုတွေကို ပြုလုပ်ပြီးရင် အထွတ်အထိပ်ဖြစ်တဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရဖို့သာ ဆုတောင်းသင့်တယ်၊ ဒါမှ သဘာဝလဲကျမယ်။

လမ်းဆုံးဖြစ်တဲ့,အမြင့်မြတ်ဆုံးဖြစ်တဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ဆုတောင်းရင် မဂ်,ဖိုလ်,နိဗ္ဗာန်လောက် အဆင့်မမြင့်တဲ့ နတ်ရွာသုဂတိချမ်းသာတွေကိုလဲ "တန္တယ်ငင် တစဉ်ပါ"–ဆိုတာလို ရရှိခံစားရမှာပါ။

မဂ်,ဖိုလ်,နိဗ္ဗာန် ဘူတာဆိုက်မဲ့ လက်မှတ်ကြီးကို ယူထားမှတော့ ကြားဘူတာတွေ မဆိုက်ချင်လို့တောင် မရပါဘူး၊ ဒီဥပမာအတိုင်းဖြစ်တယ်ဆိုတာ သဘောကျထားဖို့ကောင်းလှတယ်။ ငှက်မုဆိုးကြီးကတော့ အထွတ်အမြတ်ဆုံးဖြစ်တဲ့ တရားထူးတရားမြတ်တွေကို သိမြင်ဖို့သာ ဆုတောင်းနေတယ်၊ မှန်ကန်တဲ့ ဆုတောင်းနော်၊ ယနေ့ တရားနာယူကြတဲ့ ပရိတ်သတ်လဲ ဒီငှက်မုဆိုးကြီးရဲ့ ဆုတောင်းတာကို အတုယူ ဆုတောင်းကြရမယ်။

ရဟန္တာအရှင်မြတ်ကလဲ-

"ဒါယိကာ၊ သင် တောင်းအပ်သော ဆုမြတ်အတိုင်း မချွတ်ကုံလုံ ပြည့်စုံပါစေ"လို့ ဆုပေးတော်မူပါတယ်။

ဆုပေးပြီးနောက် အလိုရှိရာအရပ်သို့ ကြွတော်မူပါတယ်။

ကိုယ့်ပြုတဲ့ကံ ကိုယ်ပြန်ခံရ

ပူတိဂတ္တတိဿမထေရ်ရဲ့ အတိတ်အကြောင်းကို ဟောကြားတော်မူပြီးတဲ့နောက်-

"ချစ်သားရဟန်းတို့၊ ပူတိဂတ္တတိဿမထေရ်သည် ယခုလို ခန္ဓာကိုယ်တစ်ခုလုံးမှာ ရောဂါတွေကပ်ရောက်ပြီး အရိုးတွေ ကွဲအက်ကျိုးပဲ့ ကုန်သည်အထိ ဖြစ်ခဲ့ရခြင်းသည် ငှက်မုဆိုးဘဝက ငှက်တွေကို သတ်ဖြတ်ခဲ့ခြင်း၊ ငှက်တွေရဲ့ အတောင်တွေ၊ခြေထောက်တွေကို ချိုးဖဲ့ခဲ့ခြင်းဆိုတဲ့ အကုသိုလ်ကံကြောင့်ဖြစ်တယ်။

ရဟန္တာအရှင်မြတ်တစ်ပါးကို ကြည်ဖြူသဒ္ဓါစေတနာဝေဖြာလျှက် ဆွမ်းလှူခဲ့တဲ့ ကုသိုလ်ကံကြောင့် အရဟတ္တမဂ်၊အရဟတ္တဖိုလ်ကို ရရှိခြင်းဖြစ်တယ်" လို့ ကံနှစ်မျိုးတို့ရဲ့ အကျိုးပေးသရုပ်ကို ဖေါ်ထုတ်ဟောကြားတော်မူပါတယ်။

သတိပြုဖို့ကောင်း

အေး-ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ခွဲခြားပေးတော်မူလိုက်တဲ့ ကံနှစ်မျိုးတို့ရဲ့ အကျိုးပေးမှုကို သတိပြုကြရလိမ့်မယ်၊ ပူတိဂတ္တတိဿမထေရ်ကြီးသည် အတိတ်ဘဝကပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံတွေကြောင့် ရဟန္တာပင် ဖြစ်နေလင့်ကစား အကုသိုလ်ကံရဲ့ အကျိုးပေးမှုကို ခံစားသွားရပါတယ်၊ ဒီအကုသိုလ်ကံဟာ ရဟန္တာဖြစ်သည့်တိုင်အောင် လိုက်ပြီးတော့ အကျိုးပေးတယ်။

အကုသိုလ်ကံဆိုတာ ပုဂ္ဂိုလ်သတ္တဝါမရွေးဘူး၊ အဆင့်အတန်းအနိမ့်အမြင့်လဲမရွေးဘူး၊ အကျိုးပေးမှုအင်အားမကုန်မချင်း-

အကျိုးပေးနေမှာပဲဆိုတာ သတိပြုကြရမယ်။

ပူတိဂတ္တတိဿမထေရ်ဟာ ရဟန္တာဖြစ်ခဲ့တာတောင် အကုသိုလ်ကံရဲ့ အကျိုးပေးမှုကို ခံစားသွားရပါတယ်၊ မိမိပြုတဲ့ အကုသိုလ်ကံရဲ့ အကျိုးပေးကို အရဟတ္တမဂ်,အရဟတ္တဖိုလ်က မတားဆည်းပေးနိုင်ဘူး-ဆိုတဲ့ အချက်ကို အထူးသတိပြုသင့်ပါတယ်။

နောက်တစ်ခုက၊ ကုသိုလ်ကံရဲ့ အကျိုးဖြစ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ ကောင်းကျိုးကို ခံစားရတာ ငှက်မုဆိုးဘဝက ပြုခဲ့တဲ့ ဒါနကောင်းမှုလေးရဲ့ အစွမ်းသတ္တိကြောင့်ဖြစ်တယ်၊ သူပြုလိုက်တဲ့ ဒါနကုသိုလ်ဟာလဲ မွန်မြတ်နေတယ် အကျိုးပေးမဲ့ အချက်အလက်တွေနဲ့ ပြည့်စုံနေပါတယ်၊ ဒါကြောင့် ကောင်းမှုရဲ့အကျိုးကို ထိုက်ထိုက်တန်တန် ခံစားသွားရခြင်းပဲဖြစ်ပါတယ်။

အဲဒါ ကံနှစ်မျိုးတို့ရဲ့ အကျိုးပေးမှုတွေပါပဲ၊ ကုသိုလ်ကံက ကောင်းတဲ့အကျိုးကိုပေးပြီးတော့ အကုသိုလ်ကံကတော့ မကောင်းတဲ့အကျိုးကိုပေးသွားတယ်၊ ယခုထုတ်ပြတဲ့ ပူတိဂတ္တတိဿမထေရ်မြတ်ရဲ့ သာဓကကိုကြည့်ခြင်းဖြင့် ကံနှစ်မျိုးတို့ရဲ့ အကျိုးပေးကြပုံ, အကျိုးပေးကွာခြားကြပုံ, အကျိုးပေးအင်အားကြီးမားကြပုံတွေကို သိရှိနိုင်လောက်ပြီဖြစ်လိမ့်မယ်။

နိဂုံးစကား

ဒီကနေ့ တရားနာယူနေကြတဲ့ သူတော်ကောင်းအပေါင်းတွေလဲ ဘုန်းကြီး ယခုဟောခဲ့တဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ နှစ်မျိုးတို့ရဲ့ အကျိုးပေးပုံ အကြောင်းအရာတွေကို ဆင်ခြင်စဉ်းစားကြပြီးတော့၊ ကုသိုလ်ကံတွေကိုသာ ပြုလုပ်ကြပြီး,အကုသိုလ်ကံတွေကို ရှောင်ကြင်မိအောင် သတိဆောင်၍ ကြိုးစားအားထုတ်နိုင်ကြပါစေ-

ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်လို့ခေါ်တဲ့ ကံ,ကံရဲ့ အကျိုးပေးမှုတွေကို ယုံကြည်လက်ခံသော အသိဉာဏ်များလဲတိုးပွား ကြနိုင်ကြပါစေ-ဟူ၍ အာသီသပတ္ထနာ ပြုလိုက်ရပါသတည်း . . .။

# ကျောင်းအနုမောဒနာဒေသနာ

ယနေ့ မဒေါက်မြို့ပန်းငွေရုံတောရ၊ ပရိယတ္တိစာသင်တိုက်-အတွင်း၌ ကျောင်းအမကြီးဒေါ်ငြိမ်း အမှူးပြုသော မိသားစု ဆွေမျိုးဉာတိတစ်စုတို့ စုပေါင်း၍ ဆောက်လုပ်ပြီးစီးသွားသော မဏိရတနာကျောင်းအား ရေစက်သွန်းချ လှူဒါန်းသည့် ဓမ္မသဘင်၌ ဟောကြားအပ်သော "ကျောင်းအနုမောဒနာဒေသနာ"တရား . . .။

ယနေ့ ဆောက်လုပ်ပြီးစီးသွားတဲ့ ဆယ်သိန်းကျော်တန် "မဏိရတနာ"ကျောင်းဟာ ဒါယကာမကြီးဒေါ်ငြိမ်းအမှူးပြုတဲ့မိသားတစ်စုတို့ စုပေါင်းပြီးဆောက်လုပ်လှူဒါန်းတာဖြစ်ပါတယ်။

ယခုကျောင်းရေစက်ချ လှူဒါန်းသည့် အခမ်းအနားဓမ္မသဘင်မှာ ကျောင်းအလှူရှင်များ ဝမ်းမြောက်ဝမ်းသာတွေဖြစ်ကြစေဖို့၊ ကုသိုလ်တရားတွေ တိုးပွားစေဖို့၊ လှူဒါန်းရတဲ့ ကုသိုလ်တွေအပေါ် အားရကျေနပ်မှုတွေ၊ နှစ်သက်ကြည်နူးမှုတွေ ဖြစ်ကြစေဖို့အတွက် ဘုန်းကြီးအနေနဲ့ ကျောင်းနဲ့ ပတ်သက်တဲ့ ဒေသနာတော်များကို ဟောကြားပေးရပါမယ်။

အကောင်းဆုံးတရား

ဘုန်းကြီးဟောမဲ့ ကျောင်းနဲ့ပတ်သက်တဲ့တရားဆိုတာ ဘုရားရှင်ကိုယ်တော်တိုင်ဟောကြားခဲ့တဲ့တရားပါပဲ၊ ဘုရားရှင်ကိုယ်တိုင်ဟောတဲ့ တရားဖြစ်လို့ အကောင်းဆုံးတရားလို့ ဆိုချင်ပါတယ်။

မြတ်ဗုဒ္ဓက ကျောင်းအနုမောဒနာတရားတော်ကို ဘယ်သူ့ကို အကြောင်းပြုပြီးတော့ ဟောခဲ့သလဲဆိုတာ ရှေးဦးစွာ သိရှိထားဖို့လိုပါလိမ့်မယ်။ ဒါကြောင့်-

ကျောင်းနဲ့နေဖို့ခွင့်မပြုသေး

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ရာဇဂဟေ ဝိဟရတိ

ဝေဠုဝနေ ကလန္ဒကနိဝါပေ။ (ပူဠဝါ၊သေနာသနက္ခန္ဓက)

တေန သမယေန-ထိုအခါ၌၊ ဘဂဝါ-ဘုန်းတော်ခြောက်စုံ့တန်ခိုး ဂုဏ်နှင့်ပြည့်စုံတော်မူသော၊ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ ရာဇဂဟေ-ရာဇဂြိုဟ်ပြည်၌၊ ကလန္ဒကနိဝါပေ-ရှဉ့်နက်တို့ကို အစာပေးရာဖြစ်သော၊ ဝေဠုဝနေ-ဝေဠုဝန်ကျောင်းတော်၌၊ ဝိဟရတိ-ဣရိယာပထ့မျှတစွာပြုး၊ သီတင်းသုံးနေတော်မူခဲ့ပါပေသတည်း . . ။

ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်က၊ ကျောင်းပေါင်း(၆၀)ကို လှူဒါန်းတဲ့ ရာဇဂြိုဟ် သူဌေးတစ်ယောက်ကို အကြောင်းပြုပြီး ကျောင်းအနုမောဒနာတရားကို ဟောကြားတော်မူခဲ့ပါတယ်၊

အဲ့ဒီအချိန်က မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ဟာ တပည့်ဖြစ်တဲ့ ရဟန်းတော်တွေကို ကျောင်းအဆောက်အဦနဲ့ နေထိုင်ဖို့ ခွင့်မပြုရသေးရတဲ့ အချိန်ပဲဖြစ်ပါတယ်။

ဒါကြောင့်-

တေန ခေါ ပန သမယေန-ထိုအခါက၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ဘိက္ခူနံ-တပည့်ဖြစ်သော ရဟန်းတော်တို့အား၊ သေနာသနံ-ကျောင်းကို၊ အပညတ္တံ-မပညတ်ရသေးသည်၊ ဟောတိ-ဖြစ်၏။

ရဟန်းတော်များကို ကျောင်းနဲ့ နေထိုင်ဖို့ ပညတ်ချက်မထုတ်ရသေးချိန်ဆိုတော့-

ဘုရားရှင်ကိုယ်တော်မြတ် ဘုရားဖြစ်ပြီးလို့ မကြာသေးတဲ့ အချိန်ပဲရှိသေးတယ်ဆိုတာ မှန်းဆလို့ရပါတယ်။

ဘုရားဖြစ်ပြီးစ အခြေအနေ

ဒီနေရာမှာ အနုသန္ဓေစပ်တဲ့အနေနဲ့ ပြောလိုပါတယ်၊ ဘုရားရှင်ဟာ ဘုရားဖြစ်ပြီးတော့ မိဂဒါဝုန်တောမှာ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါတယ်။ အဲဒီ ဓမ္မစကြာတရားဟောပြီးတော့ အနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူရာ ပဥ္စဝဂ္ဂီငါးဦးလုံး ရဟန္တာမထေရ်တွေဖြစ်ကုန်ကြပါတယ်။

ပဥ္စဝဂ္ဂီငါးဦး ရဟန္တာဖြစ်ကြပြီးတဲ့နောက် ယသသူဌေးသားအမှူးရှိတဲ့ ငါးဆယ့်ငါးဦးဟာလဲ မြတ်စွာဘုရားထံမှာ တရားနာပြီး ရဟန္တာတွေ ဖြစ်ကုန်ကြပါတယ်၊ ပဥ္စဝဂ္ဂီငါးဦးနဲ့ဆိုရင် မြတ်စွာဘုရားဘုရားဖြစ်တဲ့ ပထမဝါမှာ ရဟန္တာပေါင်းခြောက်ဆယ် ရှိလာပါတယ်၊ ဘုရားရှင်နဲ့ပါဆိုရင်တော့ ခြောက်ဆယ်တစ်ပါးပေါ့၊ အဲဒီ ပထမဝါကျွတ်တဲ့အခါ မြတ်စွာဘုရားက တပည့်ရဟန္တာခြောက်ဆယ်ကို ထိုထိုအရပ်ဒေသတွေမှာ တရားဟောဖို့သာသနာပြုဖို့ စေလွှတ်တော်မူပါတယ်၊ မြတ်စွာဘုရားကိုယ်တိုင်ကလဲ ဥရုဝေလကဿပအမှူးရှိတဲ့ ရသေ့တစ်ထောင်ကို ချေချွတ်ဖို့ ဥရုဝေလတောသို့ ကြွတော်မူပါတယ်၊ ဒီအချိန်အထိ ကျောင်းမရှိသေးပါဘူး၊ ကျောင်းနဲ့ မနေကြသေးပါဘူး။

ရာဇဂြိုဟ်သို့

အဲဒီ ဥရုဝေလတောမှာ ရသေ့တစ်ထောင်ကို တန်ခိုးအမျိုးမျိုးပြပြီး ချွတ်တော်မူပါတယ်၊ ဥရုဝေလကဿပအမှူးရှိတဲ့ ရသေ့တစ်ထောင်လဲ မြတ်စွာဘုရားထံ ရဟန်းပြုပြီးတော့ အာဒိတ္တသုတ်တော်ကို နာရတဲ့အခါ ရဟန္တာတွေဖြစ်ကုန်ကြပါတယ်။

အဲဒီရဟန္တာတစ်ထောင် အခြံရံနှင့်တကွ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ကြွလာခဲ့ပါတယ်၊ ရာဇဂြိုဟ်မြို့က ဗိမ္ဗိသာရမင်းကြီးက တစ်သိန်းနှစ်သောင်းသော လူထုပရိတ်သတ်နဲ့တကွ မြို့ကထွက်ပြီး ကြိုဆိုပါတယ်၊ အဲဒီကြိုဆိုပွဲမှာ မြတ်စွာဘုရား တရားဟောတော်မူလို့ ဗိမ္ဗိသာရမင်းကြီးလဲ သောတာပန်ဖြစ်ခဲ့ပါတယ်။

အဲဒီနောက် ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းပါတယ်၊ မြတ်စွာဘုရားဟာ ဝေဠုဝန်ကျောင်းတိုက်အရာမ် ဥယျာဉ်မှာ သီတင်းသုံးတော်မူပါတယ်။

အဲဒီတုံးက ဝေဠုဝန်ဥယျာဉ်ထဲမှာ အဆောက်အဦတွေ ရှိကောင်းရှိပါလိမ့်မယ်၊ ဒါပေမဲ့ မြတ်စွာဘုရားက ကျောင်းအဆောက်အဦနဲ့ နေထိုင်ဖို့ ခွင့်မပြုသေးပါဘူး။

ရဟန်းတော်တွေကို နေစရာကျောင်းနဲ့ နေထိုင်ဖို့ ခွင့်ပြုတော်မမူသေးချိန်ဟာ ယခုပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရား တစ်ဝါရပြီးလို့ နောက်ပိုင်းအချိန်ကလမှာ ဖြစ်တယ်၊ ဒီလို ဆက်စပ်ပြီးတော့ နားလည်ထားရမယ်၊ မြင်နေရမယ် နော်။

နေစရာကျောင်းကိုခွင့်မပြုမီက

နေထိုင်ဖို့ ကျောင်းတွေကို ခွင့်မပြုသေးချိန်မှာ ရဟန်းတော်တွေဟာ ဘယ်လိုနေထိုင်ကြသလဲ, ဘယ်အရပ်မှာ နေထိုင်ကြသလဲဆိုတော့- အရည-တောထဲမှာနေကြတယ်၊ ရုက္ခမူလ-သစ်ပင်အောက်တွေမှာ နေထိုင်ကြတယ်၊ ပဗ္ဗတ-တောင်တွေမှာ နေကြတယ်၊ ကန္ဒရ-ချောက်ကမ်းပါးတွေမှာ နေကြတယ်၊ ဂိရိဂုဟ-တောင်ခေါင်းတွေ၊ သုသာန-သုသာန်တွေ၊ ဝနပတ္ထ-တောအုပ်တွေ၊ အဗ္ဘောကာသ-လင်တီးခေါင်တွေ၊ ပလာလပုဉ္ဇ-ကောက်ရိုးပုံတွေ၊ အဲဒီလို အရပ်တွေမှာ ချမ်းသာသလို နေထိုင်ကြပါတယ်၊ ချမ်းသာသလိုနေထိုင်ရင်း တရားဓမ္မတွေကို ပွားများနေကြရပါတယ်၊ ဒါဟာ ကျောင်းနဲ့ နေထိုင်ခွင့်မပြုသေးမီက ရဟန်းတော်တွေ နေထိုင်ကြရတဲ့ အခြေအနေလေးပါပဲ၊ မျက်စိထဲ မြင်အောင် ကြည့်နိုင်ဖို့ ပြောပြတာဖြစ်ပါတယ်။

ရာဇဂြိုဟ်သူဌေးက အစပျိုးခဲ့

ရဟန်းတော်တွေ ယခုပြောတဲ့အတိုင်း ချမ်းသာသလို နေထိုင်ပြီးတော့ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့တဲ့အခါ၊ ဆွမ်းခံကြွတဲ့အခါ-

-စတဲ့ အခါတွေမှာ အမှတ်သတိလေးတွေနဲ့ ကြကြတယ်၊ ကြည်ညိုဖွယ်ကို ဆောင်တဲ့ ကိုယ်အမူရာလေးတွေနဲ့ ကြွတော်မူကြပါတယ်၊ ရှေ့ကိုလှမ်းတဲ့ အခါ၊ နောက်ကို ပြန်ကြွတဲ့အခါ- စသည့်ဖြင့်ပေါ့လေ၊ ရဟန်းတော်များရဲ့ လှုပ်ရှားမှုတိုင်းမှာ ကြည်ညိုဖွယ်အမူရာတွေနဲ့ ပြည့်စုံနေကြပါတယ်။

တစ်နေ့သောအခါမှာ ရာဇဂြိုဟ်မြို့မှာ နေထိုင်တဲ့ သူဌေးတစ်ယောက်ဟာ ဉယျာဉ်တစ်ခုသို့ သွားပါတယ်၊ သွားရင်းနဲ့ စောစောက ရဟန်းတော်တွေကို မြင်တွေ့တယ်၊ တောထဲမှာနေတဲ့ ရဟန်းတော်တွေ၊ သစ်ပင်ရင်းမှာနေတဲ့ ရဟန်းတော်တွေ- စသည်ဖြင့် ရဟန်းတော်တွေ နေထိုင်တဲ့ အရပ်တွေကို မြင်တွေ့တယ်၊ နောက်ပြီးတော့ စောစောက ပြောတဲ့အတိုင်း ရဟန်းတော်တွေရဲ့ ကြည်ညိုဖွယ်ကိုဆောင်တဲ့ အမူအရာတွေကိုလဲ မြင်တွေ့တယ်၊ အဲဒီလိုမြင်တွေ့တဲ့အခါ ရာဇဂြိုဟ်သူဌေးရဲ့စိတ်ထဲ ကြည်ညိုစိတ်တွေဖြစ်ပေါ်လာပါတယ်၊ ကြည်ညိုစိတ်တွေ ဖြစ်ပြီးတော့ ရဟန်းတော်များ သီတင်းသုံးဖို့ နေရာကျောင်းက မရှိဘဲ ဖြစ်နေတာကို သတိပြုမိလိုက်တယ်၊ ဒီအခါမှာ ရာဇဂြိုဟ်သူဌေးဟာ ရဟန်းတော်များထံကို ချဉ်းကပ်သွားပြီးတော့ လျှောက်ထားပါတယ်။

**သစာဟံ ဘန္တေ ဝိဟာရေ ကာရာပေယျံ၊ ဝသေယျာထ မေ ဝိဟာရေသု။**

ဘန္တေ-အရှင်ဘုရားတို့၊ အဟံ-တပည့်တော်သည်၊ **ဝိဟာရေ**-ကျောင်းတို့ကို၊ **သစေ ကာရာပေယျံ**-အကယ်၍ ဆောက်လုပ်လှူဒါန်းသည် ဖြစ်အံ့၊ **ဧဝံ သတိ** ဤသို့ ဆောက်လုပ်လှူဒါန်းမယ်ဆိုရင်၊ မေ-တပည့်တော်၏၊ **ဝိဟာရေသု**-ကျောင်းတို့၌၊ **ဝသေယျာထ**-သီတင်းသုံးနေထိုင်မည်လားဘုရား။

အရှင်ဘုရားတို့ နေမယ်ဆိုရင် တပည့်တော် ကျောင်းတွေ ဆောက်ပြီး လှူဒါန်းပါမယ်ဘုရား-လို့ ရာဇဂြိုဟ်သူဌေးက လျှောက်ထားပါတယ်၊ ကျောင်းတွေဆောက်ပေးမယ်-လို့ လျှောက်တဲ့အခါ သူဆောက်ပေးတဲ့ ကျောင်းတွေမှာ နေကောနေပေါ့မလား-လို့ တစ်ဆက်တည်း လျှောက်ထားပါတယ်။ နေမယ်ဆိုရင် ဆောက်မယ်ပေါ့-

## ရှေးကအထုံပါလာလျှင်

ရာဇဂြိုဟ်သူဌေးနော်၊ ရဟန်းတော်တွေကို မြင်ရရုံနဲ့ ကြည်ညိုစိတ်တွေဖြစ်ပြီး ကျောင်းဆောက်လှူဒါန်းဖို့ လျှောက်ထားနေပါပြီ၊ ကြည်ညိုတဲ့စိတ်ဆိုတာ ဖြစ်ဖို့ရာ မလွယ်ပါဘူး၊ သူသူငါငါ အမှုမဲ့ အမှတ်မဲ့ နေထိုင်သွားလာနေကြတာပဲ၊ ယခုလို ရဟန်းတော်တွေရဲ့ ကြည်ညိုဖွယ်ကို မြင်တွေ့ပြီး ကြည်ညိုမိဖို့ဆိုတာ ဖြစ်တောင့်ဖြစ်ခဲပဲ–လို့ဆိုရမှာပဲ၊ အတိတ်ဘဝတွေက ဖြည့်ဆည်းခဲ့တဲ့ ပါရမီအထုံလေးတွေ ပါလာခဲ့လို့သာ ယခုလို ဖြစ်လာရတာပဲ၊ ဒါကို"ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ"လို့ ခေါ်ပါတယ်။ ဒီလို မင်္ဂလာမျိုးနဲ့ ပြည့်စုံလာခဲ့မှသာ ယခုလို ကုသိုလ်စေတနာတွေ ဖြစ်လွယ်ပါတယ်။

ရှေးရှေးဘဝ,ရှေးရှေးကာလတွေက ကောင်းမှုတွေကို ပြုခဲ့ဖူးရင် နောက်နောက်ဘဝ,နောက်နောက်ကာလတွေမှာ ကောင်းကျိုးကို ရရှိမယ်၊ ကောင်းမှုပြုလိုတဲ့စိတ်တွေ ဖြစ်လွယ်မယ်၊ ဒါဟာ ရှေးက ကောင်းမှုတွေရဲ့ အရှိအဟုန်ကြောင့်ပဲလို့ မှတ်ကြရပါမယ်။

ယခု ရာဇဂြိုဟ်သူဌေးကိုကြည့်။ ရဟန်းတော်တွေရဲ့ ကြည်ညိုဖွယ်တွေကို မြင်တွေ့ရုံနဲ့ ကြည်ညိုစိတ်တွေဖြစ်ခဲ့ပါတယ်၊ ဖြစ်ရုံတင်မကဘဲ လှူဒါန်းလိုတဲ့ ကုသိုလ်စေတနာတွေပါ ဖြစ်ခဲ့ပါတယ်၊ ကုသိုလ်စိတ်စေတနာတွေ ဖြစ်ပေါ်ခဲ့တဲ့အလျောက် လက်တွေ့လှူဒါန်းဖို့ ဆုံးဖြတ်ပြီး ယခုရဟန်းတော်တွေကို လျှောက်ထားနေပါပြီ၊ ဒီအချက်လေးတွေကို တရားနာပရိတ်သတ် သတိပြုကြရမယ် နော်။

## ကြည်ညိုလို့ပါ

ယခု မဏ္ဍိရတနာကျောင်းကို ဆောက်လုပ်လှူဒါန်းဖြစ်ကြတာလဲ ဒီအချက်တွေကြောင့်ပါပဲ၊ ကျောင်းတိုက်အတွင်းရှိ သံဃာတော်တွေ၊ စာသင်သံဃာတော်တွေ ကြည်ညိုဖွယ်ကိုဆောင်ပြီး သွားလာလှုပ်ရှားနေကြတာတွေ၊ စာပေကျမ်းဂန်တွေကို နေ့,ညမအား သင်အံလေ့ကျက်နေကြတာတွေ၊ ဒါလေးတွေကို မြင်နေရ,တွေ့နေရတဲ့အခါ ဒီ သံဃာတော်တွေ ချမ်းချမ်း–

သာသာနဲ့ နေရာထိုင်ခင်းအတွက် အဆင်ပြေလိုစိတ်တွေ ဖြစ်လာမယ်။ ဒီလို စိတ်ဆေတနာတွေ ဖြစ်လာလို့ ယခုလို ကျောင်းဆောင်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းတာဖြစ်တယ်။

ဒါဟာ ယခု မဏိရတနာကျောင်းကို ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းအလှူရှင်များမှာ ဖြစ်ခဲ့တဲ့ စိတ်စေတနာပါပဲ၊ ဘာဖြစ်လို့ ကျောင်းဆောက်လှူဒါန်းရသလဲ-လို့ မေးကြည့်မယ်ဆိုရင်၊ အဖြေကတော့ မဖြေခင်ကသိမဲ့ အဖြေမျိုးပဲ ထွက်နေပြီးသားပါ။

သံဃာတော်တွေကို ကြည်ညိုလို့၊ မိမိကြည်ညိုတဲ့ သံဃာတော်များ ချမ်းချမ်းသာသာနဲ့ သီတင်းသုံးပြီး ပရိယတ္တိအလုပ်၊ပဋိပတ္တိအလုပ်တွေကို လုပ်နိုင်ဖို့ လှူဒါန်းတာဖြစ်တယ်-ဆိုတာ ထင်ရှားပါတယ်၊ ဒီလို ကြည်ညိုစိတ်တွေ၊ ကုသိုလ်စေတနာတွေ မဖြစ်ခဲ့ရင် သိန်းပေါင်းများစွာ အကုန်ခံပြီး ဒီ မဏိရတနာကျောင်းကို လှူဒါန်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

## ကြည်ညိုမှသာ ကုသိုလ်ပြုဖြစ်

သံဃာတော်အရှင်မြတ်တွေအပေါ် ကြည်ညိုတယ်၊ ကြည်ညိုပြီဆိုထဲက မိမိကြည်ညိုတဲ့ သံဃာတော်တွေ ဆင်းဆင်းရဲရဲနဲ့၊ချို့ချို့တဲ့တဲ့နဲ့ နေထိုင်ကြရတဲ့အဖြစ်ကို ကြည့်ရက်မှာမဟုတ်ဘူး၊ လိုအပ်တဲ့ ပစ္စည်းဝတ္ထုတွေ လှူဒါန်းတော့မှာပါ။

ကြည်ညိုတဲ့ စိတ်စေတနာတွေ အားကောင်းလေလေ လှူဒါန်းချင်စိတ်တွေပိုပြီးဖြစ်လေလေပဲပေါ့၊ လှူဒါန်းချင်တဲ့ စေတနာတွေ အားကောင်းနေပြီဆိုရင် ဘယ်နည်းနဲ့မဆို လှူဒါန်းတော့မှာပဲ၊ မဖြစ် ဖြစ်တဲ့နည်းနဲ့ လှူဒါန်းတော့မှာသေချာပါတယ်။

ဒါဟာ ကုသိုလ်ကောင်းမှုတစ်ခု ဖြစ်လာဖို့အတွက် ရှေးဦးစွာ ဖြစ်ပေါ်လာတဲ့ အကြောင်းရင်းပဲဖြစ်ပါတယ်။

အတိတ်ဘဝများက ဆည်းပူးခဲ့တဲ့ ပါရမီဓာတ်ခံတွေကြောင့်လဲ-

ယခုလို ကြည်ညိုစိတ်တွေဖြစ်, ကြည်ညိုစိတ်ဖြစ်လို့ လှူဒါန်း၊ ဒီလို အကြောင်းအကျိုးတွေ ဆက်စပ်နေပါတယ်။

ကျောင်းလှူခွင့်တောင်းတဲ့အခါ

အဲဒီလို ရဟန်းတော်တွေကို ရာဇဂြိုဟ်သူဌေးက လျှောက်ထားတဲ့ အခါ၊ ရဟန်းတော်တွေက ဘယ်လိုပြန်ပြောကြသလဲဆိုတော့-

န ခေါ ဂဟပတိ ဘဂဝတာ ဝိဟာရာ အနုညာတာ။

ဂဟပတိ-သူကြွယ်၊ ဘဂဝတာ-ဘုရားရှင်သည်၊ ဝိဟာရာ- ကျောင်းတို့ကို၊ န အနုညာတာ-ခွင့်ပြုတော်မမူသေးပါ။

ရဟန်းတော်တွေက ပြန်ပြီးတော့ ပြောတယ်၊ သူကြွယ်၊ သင်လှူ ဒါန်းတာတော့ ဟုတ်ပါပြီ၊ ဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းတော်တွေ ကျောင်းအဆောက်အဦတွေမှာ နေထိုင်ဖို့ ခွင်မပြုသေးဘူး၊ ခွင့်ပြုချက် မရှိသေးဘူး-လို့ ဖြေကြားကြပါတယ်။ ဒီအခါမှာ ရာဇဂြိုဟ်သူဌေးက-

တေန ဟိ ဘန္တေ ဘဂဝန္တံ ပဋိပုစ္ဆိတွာ မမ အာရောစေယျာထ။

ဘန္တေ-အရှင်ဘုရားတို့၊ တေန ဟိ-ထိုသို့ဖြစ်လျှင်၊ ဝါ-ဘုရားရှင် ရဲ့ ခွင့်ပြုချက်မရှိသေးဘူးဆိုရင်၊ ဘဂဝန္တံ-ဘုရားရှင်ကို၊ ပဋိပုစ္ဆိတွာ- မေးမြန်းလျှောက်ထားပြီး၍၊ ဝါ-ကျောင်းဆောက်လှူခွင့်, ကျောင်းတွေမှာ နေထိုင်သီတင်းသုံးခွင့် ရ /မရ လျှောက်ထားပြီးတော့၊ မမ-ဘုရားတပည့် တော်အား၊ အာရောစေယျာထ-ပြန်ပြောကြပါဘုရား။

ဒီလိုလျှောက်ထားတဲ့အခါ၊ ရဟန်းတော်တွေကလဲ ကောင်းပြီ ဆိုပြီး ဘုရားရှင်ထံသို့ ကြွကြ၊ ဘုရားရှင်ထံ ရောက်တဲ့အခါ-

ရာဇဂဟကော ဘန္တေ သေဋ္ဌိ ဝိဟာရေ ကာရာပေတုကာမော

ကထံ နု ခေါ ဘန္တေ အမှေဟိ ပဋိပဇ္ဇိတဗ္ဗံ။

ဘန္တေ-မြတ်စွာဘုရား၊ ရာဇဂဟကော သေဋ္ဌိ-ရာဇဂြိုဟ်သူဌေး သည်၊ ဝိဟာရေ-ကျောင်းတို့ကို၊ ကာရာပေတုကာမော-ဆောက်လုပ်လှူ-

ဒါန်းလိုနေပါသည်ဘုရား၊ ဘန္တေ-မြတ်စွာဘုရား၊ အမေ့ဟိ-ဘုရားတပည့်တော်တို့သည်၊ ကထံ န ခေါ-အဘယ်သို့၊ ပဋိပဇ္ဇိတဗ္ဗံ-ပြုကျင့်ရပါမည်နည်းဘုရား။

ရာဇဂြိုဟ်သူဌေးက ဘုရားတပည့်တော်တို့အား ကျောင်းတွေဆောက်လုပ်လှူဒါန်းဖို့ လျှောက်ထားလာပါသည်ဘုရား၊ အဲဒါ ဘယ်လိုလုပ်ရပါမည်နည်းဘုရား-လို့ ဘုရားရှင်အား လျှောက်ထားကြပါတယ်။

ကျောင်းနဲ့နေထိုင်ခွင့်အမိန့်

အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လေဏာနိ ဝိဟာရံ

အဍ္ဎယောဂံ ပါသာဒံ ဟမ္မိယံ ဂုဟံ။

ဘိက္ခဝေ-ရဟန်းတော်များ အိုချစ်သားတို့၊ ဝိဟာရံ-လေးဘက်မိုး၊နှစ်ဘက်မိုးသောကျောင်းကိုလည်းကောင်း၊ အဍ္ဎယောဂံ-တစ်ဘက်စောင်းမိုးသောကျောင်းကိုလည်းကောင်း၊ ပါသာဒံ-ပြာသာဒ်ကိုလည်းကောင်း၊ ဟမ္မိယံ-ပြာသာဒ်ဦးပြီး တိုက်ကတုံးကိုလည်းကောင်း၊ ဂုဟံ-လိုဏ်ဂူကိုလည်းကောင်း၊(ဣတိ-ဤသို့အားဖြင့်) ပဉ္စလေဏာနိ-ငါးမျိုးသော ခိုအောင်းနေစရာ အဆောက်အဦတို့ကို၊ အနုဇာနာမိ-ကျောင်းဒကာကျောင်းအမတို့အား ကုသိုလ်ဖြစ်ပွားရေး၊ရဟန်းတော်တို့အား ချမ်းသာစွာနေရရေး၊သာသနာတော်ရှည်စွာတည်တံ့ရေးတို့ကို အလေးဂရု မြော်တွေး၍ အခွင့်ပြုတော်မူလိုက်ပါသတည်း . . ။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ရဟန်းတော်များ ကျောင်းအဆောက်အဦတွေမှာ သီတင်းသုံးနိုင်ကြောင်း ခွင့်ပြုတော်မူတဲ့ အမိန့်ပဲ ဖြစ်ပါတယ်၊ ဒီ မိန့်ခွန်းတော်ကြောင့်သာ ယခုအခါမှာ ရဟန်းတော်တွေ ကျောင်းအဆောက်အဦတွေနဲ့ သီတင်းသုံးနေကြရတာဖြစ်သလို၊ ဒါယကာဒါယိကာမများအနေနဲ့လဲ ကျောင်းလှူဒါန်းခွင့် ရနေကြတာပဲဖြစ်ပါတယ်။

ယခုလို ဗုဒ္ဓရဲ့ ခွင့်ပြုမိန့်ခွန်းတော်ကိုသာ မချွေခဲ့ရင် ယနေ့သံဃာတော် အရှင်မြတ်တွေ ကျောင်းအဆောက်အဦတွေမှာ နေထိုင်-

သီတင်းသုံးကြရမှာ မဟုတ်ပါဘူး၊ ဒါယကာ ဒါယိကာမများလဲ ထူးခြားပြီး အကျိုးကြီးတဲ့ ဝိဟာရဒါနကောင်းမှုတွေ ဖြစ်ခွင့်ရကြမှာ မဟုတ်ဘူး၊ ဒါကြောင့် ဗုဒ္ဓရဲ့ ကျောင်းလှူခွင့်အမိန့်တော်ဟာ သာသနာ တစ်ရပ်လုံးရဲ့ သမိုင်းတွင်မိန့်ခွန်းတော်ဖြစ်တယ်–လို့ ဆိုချင်ပါတယ်။

## ကျောင်းပေါင်း(၆၀)ဆောက်လုပ်လှူဒါန်းခြင်း

အဲဒီလို ရဟန်းတော်တွေကို ဗုဒ္ဓက ကျောင်းဆောက်လှူခွင့်,ကျောင်း အဆောက်အဦတွေမှာ နေထိုင်ခွင့်ပြုတော်မူလိုက်ပြီးတဲ့အခါ ရဟန်းတော် တွေဟာ စောစောက ကျောင်းလှူဖို့လျှောက်ထားတဲ့ ရာဇဂြိုဟ်သူဌေးထံကို သွားပြီးတော့ မြတ်စွာဘုရားက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ပြောကြား ကြပါတယ်။

ရာဇဂြိုဟ်သူဌေးကလဲ ချက်ချင်းပဲ ကျောင်းတွေကို ဆောက်လုပ် စေပါတယ်၊ တစ်နေ့တည်း ကျောင်းပေါင်း(၆၀)ပြီးအောင် ဆောက်လုပ်စေ ပါတယ်၊ တစ်နေ့တည်း ကျောင်းပေါင်း(၆၀)ဆောက်တယ်ဆိုတော့ ယခု မဏ္ဍိရတနာကျောင်းလို ခိုင်ခိုင်ခံ့ခံ့ ကြီးကြီးမားမား ထယ်ထယ်ဝါဝါတော့ ဟုတ်လိမ့်မယ်မထင်ပါဘူး၊ နေလို့ဖြစ်ရုံ ကျောင်းငယ်လေးတွေပဲ ဖြစ်ပါ လိမ့်မယ်၊ အဲဒီ ကျောင်းမျိုးလေးတွေကတော့ လူအားများရင် များသလို ဆောက်လုပ်လို့ ပြီးနိုင်ပါတယ်၊ ယခုလို မဏ္ဍိရတနာကျောင်းမျိုးဆိုရင် တစ်နေ့တည်းမပြောနဲ့ တစ်နှစ်,နှစ်နှစ်လောက်ကြာမှ ပြီးလိမ့်မယ်၊ တစ်ကျောင်းတည်းနဲ့ပဲ နှစ်အတော်ကြာသွားလိမ့်မယ်။

## ဘယ်လိုသဘောထားပြီးလှူကြမလဲ

ကျောင်းပေါင်း(၆၀)ကို ဆောက်လုပ်ပြီးစီးသွားတဲ့အခါ ရာဇဂြိုဟ် သူဌေးဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ပင့်ပြီး ဆွမ်းကပ်ပါတယ်၊ ဆွမ်းကပ်တဲ့အခါမှာလဲ ဝမ်းမြောက်ဝမ်းသာနဲ့ ကိုယ်တိုင်ကိုယ်ကျ သဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းပါတယ်။

ဘုရားရှင်နှင့်တကွ သံဃာတော်အရှင်မြတ်များ ဆွမ်းဘုဉ်းပေးပြီး တဲ့အခါ ရာဇဂြိုဟ်သူဌေးက မြတ်စွာဘုရားကို လျှောက်ထားပါတယ်–

ဧတေ မေ ဘန္တေ သင်္ဃဝိဟာရာ ပုညတ္ထိကေန

သဂ္ဂတ္ထိကေန ကာရာပိတာ၊ ကထာဟံ ဘန္တေ

တေသု ဝိဟာရေသု ပဋိပဇ္ဇာမိ။

ဘန္တေ-မြတ်စွာဘုရား၊ မေ-တပည့်တော်သည်၊ ပုညတ္ထိကေန-ကောင်းမှုကို အလိုရှိသည်ဖြစ်၍၊ သဂ္ဂတ္ထိကေန-နတ်ပြည် နက်ချမ်းသာကို အလိုရှိသည်ဖြစ်၍၊ ဧတေ သင်္ဃဝိဟာရာ-ထို ခြောက်ဆယ်သော ကျောင်းတို့ကို၊ ကာရာပိတာ-ပြုစေအပ်ပါကုန်၏၊ ဘန္တေ-မြတ်စွာဘုရား၊ အဟံ-ဘုရားတပည့်တော်သည်၊ တေသု ဝိဟာရေသု-ထိုခြောက် ဆယ်သော ကျောင်းတို့၌၊ ကထံ ပဋိပဇ္ဇာမိ-ဘယ်လို ပြုကျင့်ရမည်နည်းဘုရား၊ ဝါ-ဘယ်လိုသဘောထား၍ လှူဒါန်းရပါမည်နည်းဘုရား။

ရာဇဂြိုဟ်သူဌေးရဲ့ လျှောက်ထားချက်ကို သတိပြုကြရမယ်၊ ကျောင်းပေါင်းခြောက်ဆယ်ကို ဆောက်လုပ်လို့တော့ပြီးပါပြီဘုရား၊ ဒီကျောင်းပေါင်းခြောက်ဆယ်ကို ဆောက်လုပ်တာဟာ လှူဒါန်းဖို့အတွက် ဆောက်လုပ်တာဖြစ်ပါတယ်၊ လှူဒါန်းတဲ့နေရာမှာ ဘယ်လိုသဘော ထားပြီး လှူဒါန်းရမှာလဲဘုရား၊ ဘယ်လိုအာရုံပြု့ရည်စူးပြီး လှူဒါန်းရမှာလဲ ဘုရား၊ တပည့်တော်ဟာ ကောင်းမှုကို လိုလားလို့၊ ကောင်းကျိုးတွေ ဖြစ်ထွန်းလိုလို့နတ်ပြည်ရောက်ကြောင်းအနေနဲ့ လှူဒါန်းဖို့ ဆောက်လုပ် တာဖြစ်ပါတယ်၊ ကုသိုလ်တွေတိုးပွားပြီးအကျိုးများအောင်၊ ကောင်းမှုအထ မြောက်အောင် ဘယ်လိုသဘောထားပြီး လှူဒါန်းရမှာလဲဘုရား-လို့ လျှောက်ထားတာပါပဲ။ အဲဒီလို လျှောက်တဲ့အခါ မြတ်ဗုဒ္ဓက-

အလှူကျိုးကြီးအောင်နှလုံးသွင်းလှူဒါန်းနည်း

တေန ဟိ တွံ ဂဟပတိ တေ သင်္ဃဝိ ဟာရေ

အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ။

ဂဟပတိ-ဒါယကာသူဌေး၊ တေန ဟိ-ထိုသို့ဖြစ်ပါမူ၊ တွံ-သင်သည်၊ တေ သင်္ဃဝိဟာရေ-ထို ခြောက်ဆယ်သော ကျောင်းတို့ကို၊-

**အာဂတာနာဂတာသ–ရောက်ပြီး** ကိလာလတ္တဲ့ဖြစ်သော၊ စာတုဒ္ဒိသ–သ–အရပ်လေးမျက်နှာ၌ရှိသော၊ သံဃဿ–ရဟန်းအပေါင်းအား၊ ပတိဋ္ဌာပေတိ–တည်စေလော၊ ဝါ–လှူပါလော။

သင်ဆောက်လုပ်လို့ပြီးစီးသွားတဲ့ ကျောင်းပေါင်းခြောက်ဆယ်ကို မည်သည့်ပုဂ္ဂိုလ်ကိုမှ မရည်မှန်းဘဲ အရပ်လေးမျက်နှာမှာ ရှိနေကြတဲ့ သံဃာတော်အရှင်မြတ်အားလုံးကိုသာ ရည်မှန်းပြီးလှူဒါန်းပါလေ–လို့ မြတ်ဗုဒ္ဓက ကျောင်းအလှူရှင်ဒါယကာကြီးကို ညွှန်ကြားတော်မူပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်က ကျောင်းဆောက်လုပ်ပြီး ရေစက်ချလှူဒါန်းမဲ့ ရာဇဂြိုဟ်သူဌေးကို အဓိကကျတဲ့ လမ်းညွှန်ချက်ကို မိန့်ကြားတော်မူလိုက်တာပဲဖြစ်ပါတယ်၊ သံဃာကိုရည်းမှန်း၊အာရုံပြုပြီးတော့ လှူဖို့ မိန့်ကြားတော်မူပါတယ်၊ အခြားအခြားသော အလှူဒါနတွေအတွက်လဲ လမ်းညွှန်မှုပြုတဲ့ မိန့်ကြားချက်ဖြစ်တယ်လို့ မှတ်သားကြရမယ်။

ရည်ရွှယ်ချက်တွေအောင်မြင်ဖို့

အလှူဒါနတစ်ခုကို ပြုလုပ်တဲ့နေရာမှာ အလှူရှင်တွေအနေနဲ့ မိမိပြုတဲ့ကောင်းမှုကိုလဲ လိုလားနေကြမယ်၊ ကောင်းမှုရဲ့ အကျိုးတွေကိုလဲ ခံစားလိုကြမယ်၊ ဒီရည်ရွယ်ချက်တွေနဲ့ ကောင်းမှုပြုနေကြတာပါ။

ဒီရာဇဂြိုဟ်သူဌေးကလဲ သူကျောင်းလှူတာ ဘာရည်ရွယ်ချက်နဲ့ လှူသလဲ–ဆိုတာ သူ့ရဲ့လျှောက်ထားချက်ထဲမှာ ထည့်သွင်းလျှောက်ထားသွားတာကို တွေ့ရပါတယ်။

"ပုညတ္ထိကေန"ကောင်းမှုနဲ့ကောင်းမှုရဲ့ အကျိုးကို လိုလားလို့–တဲ့၊ "သဂ္ဂတ္ထိကေန"နတ်ရွာ နတ်ပြည်ကို လိုလားလို့–တဲ့၊ ဒါကြောင့် ကျောင်းပေါင်းခြောက်တယ်ကို လှူဒါန်းတာဖြစ်တယ်–လို့ သူ့ရဲ့ လျှောက်ထားချက်ထဲမှာ ထည့်သွင်းလျှောက်ထားသွားပါတယ်။

ဒါကိုကြည့်ခြင်းဖြင့် ယနေ့ အလှူရှင်များအနေနဲ့လဲ မိမိတို့ လိုလားနေတဲ့ ကောင်းမှုရဲ့အကျိုးတွေကို ရည်ရွယ်ထား၊ အာရုံပြုထားပြီး ဖြစ်ပါလိမ့်မယ်၊ ဘာကို လိုချင်လို့ ယခုလိုကျောင်းလှူဒါန်းတာဖြစ်တယ်–

စသည်ဖြင့် ရည်စူးထား၊အာရုံပြုထားပြီးဖြစ်ကြမှာပါ။

ဒါဟာ အလှူရှင်များရဲ့ တူညီတဲ့ ဆန္ဒ၊ တူညီနေကြမဲ့ အချက်တစ်ခုပါပဲ၊ ကောင်းမှုရှင်တွေက ကောင်းကျိုးတွေကို လိုလားပြီးတော့ပြုလုပ်ကြတာဖြစ်လို့ မြတ်ဗုဒ္ဓကလဲ သူတို့လိုလားတဲ့ ကောင်းကျိုးတွေခံစားရလေအောင်၊ ကောင်းမှုရှင်များအနေနဲ့ အလှူတစ်ခု ထမြောက်အောင်မြင်အောင် လမ်းညွှန်ပေးတော်မူပါတယ်၊ ဘယ်ကိုအာရုံထား၊ဘာကိုရည်စူးပြီးတော့လှူပါ–စသည်ဖြင့် လမ်းညွှန်ပေးပါတယ်၊ ဒါမှကောင်းမှုရှင်များ အနေနဲ့ မိမိတို့ပြုတဲ့ ကောင်းမှုဟာ စနစ်တကျဖြစ်ပြီးမိမိတို့ ရည်ရွယ်ထား၊ အာရုံပြုထားတဲ့ အကျိုးတွေကို လက်တွေ့ခံစားနိုင်ကြမှာ ဖြစ်ပါတယ်၊ ဒါကြောင့် မြတ်ဗုဒ္ဓက ကျောင်းတွေလှူဒါန်းတဲ့ ဒါယကာသူဌေးကြီးကို သူလိုလားတဲ့ ကောင်းကျိုးတွေခံစားနိုင်ဖို့ဆိုပြီး ကောင်းမှုရဲ့ အကျိုးကြီးနိုင်ကြောင်းဖြစ်တဲ့ နှလုံးသွင်းနည်း၊အာရုံပြုနည်းကို ညွှန်ကြားတော်မူခြင်းပဲဖြစ်ပါတယ်။

## သံဃာကိုရည်စူးခိုင်းလိုက်တာပါ

ဘုရားရှင်လမ်းညွှန်ချက်ထဲမှာ မိမိလှူဒါန်းမဲ့ ကျောင်းပေါင်းခြောက်ဆယ်ကို အရပ်လေးမျက်နှာမှ လာရောက်ကြ၊လာရောက်လတ္တံ့ဖြစ်တဲ့ သံဃာတော်အရှင်မြတ်များကို ရည်စူးပြီးလှူဒါန်းပါ–လို့လမ်းညွှန်တော်မူပါတယ်။

လိုရင်းပြောရရင်တော့ သံဃိကဒါနဖြစ်အောင် အာရုံပြုလှူဒါန်းခိုင်းလိုက် တာပါပဲ၊ သံဃာအားလုံးကို အာရုံပြုလှူဒါန်းခိုင်းလိုက်တော့သံဃိကဒါနဖြစ်သွားတယ်။

## ဒါနနှစ်မျိုးနဲ့ပတ်သက်၍

ပုဂ္ဂိုလ်ကိုသာ ရည်စူးလှူဒါန်းတဲ့"ပုဂ္ဂလိကဒါန"၊ သံဃာအားလုံးကို ရည်စူးလှူဒါန်းတဲ့ "သံဃိကဒါန"ရယ်လို့ ဒါနနှစ်မျိုးရှိနေပါတယ်၊ပုဂ္ဂလိကဒါနဆိုတာက ပုဂ္ဂိုလ်တစ်ပါးပါးကိုသာ ရည်စူးပြီး လှူဒါန်းတဲ့ဒါနမျိုးဖြစ်ပါတယ်၊ သံဃိကဒါနဆိုတာက ရှိရှိသမျှသံဃာအားလုံး၊

တစ်သာသနာလုံးမှာရှိနေကြတဲ့ သံဃာအားလုံးကို ရည်စူးပြီးလှူဒါန်းတဲ့ ဒါနမျိုးဖြစ်ပါတယ်။

အဲဒီ နှစ်မျိုးထဲမှာ ပုဂ္ဂိုလ်ကို ရည်စူးလှူဒါန်းတဲ့ ပုဂ္ဂလိကဒါနဟာ သံဃာအားလုံးကို ရည်စူးလှူဒါန်းတဲ့ သံဃိကဒါနလောက် အကျိုးမကြီးပါဘူး၊ ဒါကိုတော့ ယခုတရားနာနေကြတဲ့ ပရိတ်သတ်များ သိရှိနေပြီး ဖြစ်ပါလိမ့်မယ်။

ဒီ ဒါနနှစ်မျိုးရဲ့ အားနည်းချက်၊ အားသာချက်တွေကို လွယ်လွယ်နဲ့ နားလည်သဘောပေါက်အောင် ပြောရမယ်ဆိုရင်၊ အင်အားနှစ်ခုပြိုင်တဲ့နေရာမှာ တစ်ယောက်ထဲအင်အားနဲ့ အများစုအင်အား ဘယ်သူက အားများမလဲ၊ ဘယ်သူ့အားက ပိုပြီးကောင်းမလဲ၊ စဉ်းစားကြည့်ရင် အဖြေပေါ်မှာပါ။

ဒါနကုသိုလ်နှစ်မျိုးဟာလဲ ယခုပြောပြခဲ့တဲ့ ဥပမာအတိုင်းပါပဲ၊ တစ်ယောက်အင်အားနဲ့တူတဲ့ ပုဂ္ဂလိကဒါနထက် အများအင်အားနဲ့တူတဲ့ သံဃိကဒါနက ပိုပြီးတော့ အားသာပါတယ်၊ ပိုပြီးအားကြီးပါတယ်။

ဘုရားရှင်က ဒီအချက်ကို သိရှိနေတာဖြစ်လို့ အလှူရှင်ကျောင်းဒကာကြီးကို သူရည်စူးထားတဲ့ အကျိုးတွေခံစားရလေအောင် သံဃိကဒါန အဖြစ် ရည်စူးခိုင်းလိုက်တာဖြစ်ပါတယ်၊ တနည်းပြောမယ်ဆိုရင် သံဃာတော်တွေကို ချီးမြှောက်လိုက်တာပါပဲ။

ဘုရားရှင်ရဲ့ လမ်းညွှန်ချက်ကို ကြည့်ပြီးတော့ ယနေ့ မဏ္ဍိရ ဘနာကျောင်းဒါယကာများလဲ မိမိတို့ လိုလားတောင့်တအပ်သော အကျိုးတွေကို ခံစားဖို့ သေချာအောင် ယခုဘုရားရှင် ကျောင်းဒါယကာကြီးကို ညွှန်ကြားတော်မူတဲ့အတိုင်း သံဃိကဒါနအဖြစ် ရည်စူးထားကြရမယ်။ သံဃိကဒါနဖြစ်မှ အကျိုးပေးကြီးမားမှာ ဖြစ်လို့ပါ။

အခြားသော ဒါနကောင်းမှုများကို ပြုလုပ်ကြတဲ့ အခါမှာလဲ ပုဂ္ဂိုလ်တစ်ပါးကို လှူဒါန်းတာဖြစ်နေသည့်တိုင် အာရုံပြုရည်စူးတဲ့အခါမှာတော့ သံဃိကဒါနအနေနဲ့ သံဃာအားလုံးကို အာရုံပြု လှူဒါန်းကြရမယ်။

ဒါကို ရည်ရွယ်ပြီးတော့ တချို့ ဆရာတော်သံဃာတော်များဟာ မိမိတို့ကို ပုဂ္ဂလိကအဖြစ် လာရောက်လှူဒါန်းတဲ့ ပစ္စည်းဝတ္ထုပင်ဖြစ်လင့်ကစား "သံဃဿ ဒေမ"လို့ ဆိုခိုင်းလေ့ရှိပါတယ်၊ ဒါဟာ သံဃိကဒါနဖြစ်အောင် ဆောင်ရွက်ပေးလိုက်တာပါပဲ၊ အလှူရှင်များ အကျိုးကြီးအောင် ဆောင်ရွက်ပေးလိုက်တာပါပဲ။

ဘုရားဟောကျောင်းအနုမောဒနာ

သံဃာကို ရည်စူးခိုင်းပြီးတဲ့နောက် ဘုရားရှင်ကိုယ်တော်တိုင် ရာဇဂြိုဟ်သူဌေးအား ကျောင်းအနုမောဒနာတရား ချီးမြှင့်ပေးတော်မူပါတယ်။

ဘုရားရှင် ကျောင်းအနုမောဒနာတရားကို ချီးမြှင့်ဟောကြားထားဟာ ဂါထာပုဒ်ရေ(၅)ပုဒ်နဲ့ တန်ဆာဆင်ပြီး ဟောကြားထားတာ ဖြစ်ပါတယ်၊ အဲဒီတရားတော်များကို ဘုန်းကြီးအနေနဲ့ တစ်ပုဒ်ခြင်း ပေါ်လွင်အောင် အနည်းငယ်စီ ချဲ့ထွင်ဟောကြားသွားပါ့မယ်။

အနုမောဒနာတရားဆိုတာ ချီးမြှင့်ပေးရပါတယ်၊ ဒါမှလဲ အလှူရှင်များနေနဲ့ မိမိတို့ပြုလုပ်တဲ့ ကောင်းမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာ အချက်အလက်တွေကို သိရှိမယ်၊ ကောင်းမှုပြုရခြင်းရဲ့ အကျိုးကျေးဇူးတွေကိုလဲ သိရှိကြမယ်၊ ဒီလို သိရှိတဲ့အခါ မိမိပြုတဲ့ ကုသိုလ်အပေါ်မှာ ပိုပြီးတော့ အားရကျေနပ်မှုတွေဖြစ်မယ်၊ ကြည်နူးမှုတွေဖြစ်မယ်၊ ဝမ်းမြောက်မှု ပီတိသောမနဿတွေဖြစ်မယ်၊ ဒီလိုဖြစ်ပြီးတော့ လှူဒါန်းမယ်ဆိုရင် ကုသိုလ်စေတနာတွေ ပိုမိုအားကောင်းလာပြီး ကောင်းမှုပြုလုပ်ရတဲ့ အကျိုးတွေကို အပြည့်အဝခံစားကြရပါမယ်၊ ဒါကို ရည်ရွယ်ပြီးတော့ အနုမောဒနာတရား ချီးမြှင့်ပေးရခြင်းဖြစ်ပါတယ်။

ဘုရားရှင်ဟောတဲ့ ပထမဆုံးကျောင်းအနုမောဒနာကို ကြည့်မယ်ဆိုရင်–

သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။

သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။

(ဝိဟာရော–ကျောင်းသည်)၊ သီတံ–အအေးကိုလည်းကောင်း၊ ဥဏှံ–အပူကိုလည်းကောင်း၊ ပဋိဟန္တိ–ပယ်ရှားတတ် ကာကွယ်ပေးတတ်၏၊ တတော–ထိုမှတစ်ပါး၊ ဝါဠမိဂါနိ စ–သားရဲတို့ကိုလည်း၊ ပဋိဟန္တိ–ကာကွယ်တတ်ပါ၏။ သရီသပေ စ–မြွေကင်းတို့ကိုလည်းကောင်း၊ မကသေ စ–ခြင်,မှက်တို့ကိုလည်းကောင်း၊ ပဋိဟန္တိ–ကာကွယ်ပေးတတ်၏။ သိသိရေ စ–အလွန်အေးမြသော နှင်းလေတို့ကိုလည်းကောင်း၊ ဝုဋ္ဌိယော စ– မိုးရေအယဉ်တို့ကိုလည်းကောင်း၊ ပဋိဟန္တိ–ကာကွယ်ပေးတတ်၏။

အအေးအပူတွေကိုပယ်ဖျောက်ပေးတယ်

ကျောင်းဆိုတာ အအေး,အပူတွေကို ပယ်ရှားပေးတတ်တယ်၊ အေးတဲ့ ရာသီဥတုမှာ မအေးအောင်၊ ပူတဲ့ ရာသီဥတုမှာတော့ မပူအောင် ကျောင်းက ကာကွယ်ပေးတယ်။

ခန္ဓာကိုယ်ဆိုတာ ဓာတ်ကြီးလေးပါးနဲ့တည်ဆောက်ထားတာ ဖြစ်ပါတယ်၊ ဓာတ်ကြီးလေးပါး ညီညွတ်နေဖို့ဆိုတာ ခန္ဓာကိုယ်ရှိသူတိုင်း လိုအပ်ချက်တစ်ခုပဲ ဖြစ်ပါတယ်။

အအေးဒဏ် အပူဒဏ်တွေကို မျှတစွာ ထိတွေ့နေမှ ဒီ ခန္ဓာကိုယ်ကြီးဟာ ပုံမှန်လည်ပတ်နေနိုင်ပါတယ်၊ ပုံမှန်အလုပ်လုပ်နေနိုင်ပါတယ်၊ အအေး အပူတွေကို မျှတစွာ မထိတွေ့မခံစားရဘူး–ဆိုရင် ဒီခန္ဓာကိုယ်ကြီးဟာ ပုံမှန်မလည်ပတ်တော့ပဲ ဖောက်ပြန်လာပါလိမ့်မယ်။

အအေးလွန်လို့ ဖျားတယ်၊ အပူလွန်လို့ ဖျားတယ်၊ ဒါတွေဟာ အအေး,အပူမမျှလို့ ဖြစ်လာရတဲ့ ရောဂါတွေပါပဲ၊ တရားနာပရိတ်သတ်လဲ ဒီရောဂါမျိုးတွေကို မကြာမကြာခံစားဘူးကြပါလိမ့်မယ်၊ မခံစားဘူးသူဆိုတာ မရှိကြပါဘူး။

အဲဒီလို အအေးအပူ မမျှတလို့၊ အအေး,အပူဒဏ်တွေ လွန်ကဲစွာ ထိတွေ့ခံစားရလို့ရှိရင် ဖြစ်လာမဲ့ ရောဂါဝေဒနာတွေကို ဒီကျောင်းအဆောက်အဦက ကာကွယ်ပေးပါတယ်၊ ကျောင်းအဆောက်အဦက–

ကာကွယ်ပေးထားတော့ အဲဒီကျောင်းအဆောက်အဦမှာ နေထိုင်သီတင်းသုံးကြတဲ့ သံဃာတော်အရှင်မြတ်တွေလဲ ချမ်းချမ်းသာသာနဲ့ ပရိယတ္တိ ပဋိပတ္တိအလုပ်တွေကို ကြိုးစားအားထုတ်နိုင်မှာဖြစ်ပါတယ်။

ခန္ဓာကိုယ်က အအေးအပူကြောင့် မကျန်းမမာဖြစ်ပြီဆိုရင် သာသနာဆိုင်ရာ အကျင့်မြတ်တွေကို ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြတော့မှာမဟုတ်ပါဘူး၊ အဲဒီလို မကျင့်ကြံနိုင်ရင် ယနေ့သာသနာတော်မြတ်ကြီးလဲ ကြာရှည်စွာတည်တံ့နိုင်လိမ့်မယ်မဟုတ်တော့ပါဘူး။

ဘာလို့လဲဆိုတော့ သာသနာတော်မြတ်ကြီး အရှည်တည်တံ့အောင် ထမ်းရွက်နေသူတွေအထဲမှာ သာသနာ့ဝန်ထမ်းရှင်ရဟန်းတွေက ပဓာနကျနေလို့ပဲ ဖြစ်ပါတယ်၊ ပဓာနကျတဲ့ သာသနာ့ခေါင်းဆောင်တွေ မကျန်းမမာဖြစ်ပြီး သာသနာဆိုင်ရာအလုပ်တွေကို မလုပ်နိုင်ဘူးဆိုရင် ဒီသာသနာတော်ကြီး အရှည်တည်တံ့ဖို့ မဖြစ်နိုင်တော့ပါဘူး။

ယနေ့မျက်မြင်

ယနေ့ ပန်းငွေရုံတောရကျောင်းတိုက်ကြီးကိုပဲ ကြည့်လိုက်ပါ။ ကျောင်းဟောင်းပျက်လို့ အသစ်တစ်ဖန် မတည်ထောင်နိုင်ဘူးဆိုရင် ဒီ စာသင်တိုက်လဲ မဖြစ်နိုင်တော့ပါဘူး။

ကျောင်းတိုက် အသစ်တည်ထောင်ဖို့ ရှေဦးစွာ ဘာတွေလိုအပ်သလဲ၊ ကျောင်းအဆောက်အဦတွေ လိုအပ်တယ်၊ အအေး,အပူဆိုတဲ့ ဥတုဒဏ်ကို ခံနိုင်အောင် ကျောင်းအဆောက်ဦတွေလိုအပ်ပါတယ်၊ ဒီ အဆောက်အဦတွေရှိမှသာ သံဃာတော်အရှင်မြတ်တွေ သီတင်းသုံး နေထိုင်နိုင်မှာဖြစ်လို့ပါ၊ အချမ်းအပူဒဏ်တွေကို ကာကွယ်ပေးမဲ့ အဆောက်အဦမျိုး မရှိဘူးဆိုရင် ပရိယတ္တိ၊ ပဋိပတ္တိအလုပ်တွေကို သံဃာတော်တွေ လုပ်နိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် သာသနာတစ်ရပ်လုံးနဲ့ သက်ဆိုင်ပတ်သက်နေတဲ့ အဆောက်အဦမျိုးကို ယနေ့ ကျောင်းအမများ ဆောက်လုပ်လှူဒါန်းလိုက်တာဖြစ်ပါတယ်၊ သာသနာပြုကုသိုလ်တစ်မျိုးကို–

ဆည်းပူးလိုက်တယ်လို့ ဆိုနိုင်ပါတယ်။

ဒါကြောင့် ကျောင်းအလှူဆိုတာ အင်မတန်မှ အကျိုးကြီးလှတဲ့ အလှူမျိုးပဲဖြစ်တယ်၊ ပရိယတ္တိ ပဋိပတ္တိအလုပ်တွေကို ကြိုးစား လုပ်ကိုင်နိုင်ဖို့အရေးမှာ ပဓာနအကျဆုံးဖြစ်တဲ့ လိုအပ်ချက်တွေကို ပြည့်ဝ စေနိုင်တဲ့ အလှူမျိုးဖြစ်ပါတယ်၊ အခြေခံအကျဆုံး အလှူမျိုးလဲ ဖြစ်ပါတယ်။

## အလှူရှင်များအတွက်အကျိုး

ကျောင်းအဆောက်အဦသည် အအေး၊ အပူဆိုတဲ့ ဘေးအန္တရာယ် တွေကို ကာကွယ်ပေးလို့ အဲဒီကျောင်းမှာ သီတင်းသုံးတဲ့ သံဃာတော် တွေ အအေးအပူဒဏ်မခံရဘဲ ချမ်းသာစွာ ပရိယတ္တိ၊ ပဋိတ္တိအလုပ်တွေကို အားထုတ်နိုင်ခြင်းဆိုတဲ့ အကျိုးကို ရရှိခံစားရသလို ကျောင်းအလှူရှင် များလဲ "ကံတူ အကျိုးပေး"ဆိုတဲ့အတိုင်း အအေး၊ အပူဒဏ်ကို မခံစား ရခြင်းအကျိုးကို ရရှိမှာဖြစ်ပါတယ်၊ အပူ၊ အအေးနဲ့ ပတ်သက်တဲ့ ဘေးအန္တရာယ်တွေမှန်သမျှတို့က ကင်းဝေးမယ်။

ဗဟိဒ္ဓ-လို့ခေါ်တဲ့ အပြင်အအေး၊ အပူတွေ ကင်းဝေးမှာဖြစ်သလို အဇ္ဈတ္တ-လို့ခေါ်တဲ့ အတွင်းစိတ်မှာဖြစ်ပေါ်လာမဲ့ အအေး၊ အပူတွေပါ ကင်းဝေးကြမယ်၊ စိတ်ပူပင်ခြင်းဆိုတာ အဇ္ဈတ္တအပူပါပဲ၊ စိတ်ပူပန်မှု သောကဗျာပါဒတွေက ကင်းဝေးမယ်-လို့ဆိုလိုတာဖြစ်ပါတယ်၊ ကိုယ် ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေ ကင်းဝေးခြင်းဆိုတဲ့ အကျိုးတွေကို ခံစားရမယ်။ ဒါတွေက အလှူရှင်များ ခံစားကြရမဲ့ အကျိုးကျေးဇူးတွေပါပဲ။

## သစ်၊ ကျား-စတဲ့ သားရဲဘေးတွေကိုလဲကာကွယ်ပေးတယ်

ရှေးဥုးက ရဟန်းတော်တွေဟာ တောတောင်-စတဲ့ အရပ်တွေမှာ တရားအလုပ်တွေကို အားထုတ်လေ့ရှိကြပါတယ်၊ ယခုခေတ်မှာလဲ တောရ ဆောက်တည်တဲ့ ရဟန်းတော်တွေ ရှိနေတတ်ပါတယ်၊ အဲဒီ တောတောင် တွေထဲမှာ တရားဓမ္မတွေကို အားထုတ်လုပ်ကိုင်ရပြီဆိုရင် တောနေ တိရစ္ဆာန်တွေရဲ့ နှောင့်ယှက်မှု အန္တရာယ်ဆိုတာ ကြုံတွေ့ရတတ်ပါတယ်။

ဘုရားရှင်လက်ထက်က ရဟန်းတော်တွေ တောထဲမှာ တရားအားထုတ်နေကြတယ်၊ ညဘက်ရောက်တဲ့အခါ ကျားတစ်ကောင်ဟာ ရဟန်းတော်တွေကို လာရောက်ပြီး ဆွဲသွားလေ့ရှိတယ်၊ တစ်ညမှာတော့ ရဟန်းတော်တစ်ပါးကို အဲဒီကျားလာပြီးဆွဲသွားပါတယ်၊ သူက မအော်ဟစ်ဘဲ အားထုတ်ဆဲ ကမ္မဋ္ဌာန်းတရားကိုသာ ဆက်ပြီးအားထုတ်နေလိုက်တာ သူ့ကို ကျားစားလို့ ဝိညာဉ်ချုပ်ခါနီးလေးမှာပဲ အရိယာအဖြစ်သို့ ရောက်ရှိသွားပါတယ်၊ ဒါ ဘုရားရှင်လက်ထက်က ဖြစ်ခဲ့ဘူးတဲ့ အကြောင်းလေးတစ်ခုပါ။

ဒါဟာ သားရဲအန္တရာယ်ပါပဲ၊ ကျောင်းအဆောက်အဦမှာ နေထိုင်ရတဲ့ ရဟန်းတော်တွေကတော့ ဒီလိုမျိုးအန္တရာယ်တွေကို မခံစားကြရပါဘူး၊ ဒီအန္တရာယ်မျိုးတွေက ကင်းဝေးအောင် ကျောင်းအဆောက်အဦက ကာကွယ်ပေးထားပါတယ်။ တားဆီးပေးထားပါတယ်။

အခုလို သားရဲ-စတဲ့ အန္တရာယ်တွေကင်းဝေးစွာနဲ့ နေထိုင်ရမှသာ ပရိယတ္တိအလုပ် ပဋိပတ္တိအလုပ်တွေကို စိတ်ချမ်းသာစွာနဲ့ ပြုလုပ်နိုင်ကြမှာဖြစ်ပါတယ်။

မှက်,ခြင်,မြွေ,ကင်း,သန်းတို့ကိုလဲကာကွယ်ပေးတယ်

နောက်တစ်ခါ၊ မှက်,ခြင်,မြွေ,ကင်း တို့ကိုလဲ ကာကွယ်ပေးတယ်၊ ဒီအန္တရာယ်တွေဆိုတာလဲ မကျရောက်ဖို့ အရေးကြီးတာပါပဲ၊ မြေကြီးပေါ်မှာသာ နေထိုင်ကြရရင် ဒီ အန္တရာယ်တွေရဲ့ နှောင့်ယှက်ခြင်းကို ခံကြရမှာပါ၊ ကျောင်းအဆောက်အဦမှာ နေရတဲ့အခါကျတော့ ဒီ မြွေ, ကင်း စတဲ့ အန္တရာယ်တွေ ကျရောက်စရာမရှိတော့လို့ စိတ်ချလက်ချနဲ့ သာသနာဆိုင်ရာအလုပ်တွေကို လုပ်ကိုင်နိုင်ကြမှာဖြစ်ပါတယ်။

ဒါတွေဟာ ကျောင်းလှူခြင်းကြောင့် ရဟန်းတော်တွေ လက်ငင်းခံစားရတဲ့ အကျိုးတွေပဲ ဖြစ်ပါတယ်၊ ကျောင်းပေါ်မှာ တက်ရောက်သီတင်းသုံးတာနဲ့ ခံစားရမဲ့ အကျိုးကျေးဇူးတွေပဲဖြစ်ပါတယ်။

## အလှူရှင်များအတွက်အကျိုး

ယနေ့ မဏိရတနာကျောင်းအလှူရှင်များအနေနဲ့လဲ အဲဒီလို အကျိုးတွေကို ရရှိအောင် လှူဒါန်းတာဖြစ်လို့ သားရဲ၊မြွေ၊ကင်း-စတဲ့ အန္တရာယ်တွေကင်းပြီး မိမိတို့အလိုရှိတဲ့ ကောင်းကျိုးချမ်းသာတွေကို မကြောင့်မကြ မတောင့်မတဘဲ ရသွားနိုင်ပါတယ်။

လူတွေဟာ ဘေးအန္တရာယ်တွေ ကင်းချင်ကြပါတယ်၊ စားဝတ်နေရေးတွေလဲ အစစအဆင်ပြေပြေနဲ့ ဖြစ်ချင်ကြပါတယ်၊ အစစပြည့်စုံပြီးတော့ နေချင်ကြတယ်၊ အဲဒီအကျိုးတွေကို ရရှိအောင် ဒီ ကျောင်းအဆောက်အဦက အကျိုးဆောင်ပေးနိုင်စွမ်းရှိပါတယ်။

ကျောင်းဆောက်ပြီးလို့ အဲဒီကျောင်းပေါ်မှာ ရဟန်းတော်တွေ သီတင်းသုံးတာနဲ့ ကျောင်းပေါ်မှာနေရတဲ့ အကျိုးတွေကို ခံစားကြရသလို အလှူရှင်များလဲ မျက်မှောက်ဘဝမှာပင် မိမိတို့ ဆောင်ရွက်ချက်တွေမှာ အန္တရာယ်ကင်း၊ဘေးရှင်းစွာနဲ့ ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ခြင်းအကျိုးကို ခံစားကြရလိမ့်မယ်၊ ဒါလဲ ကျောင်းအလှူရှင်များအနေနဲ့ လိုအပ်နေတဲ့ အကျိုးတစ်မျိုးကို ခံစားရခြင်းပါပဲ။

## လေတွေမိုးတွေကိုလဲကာကွယ်ပေးတယ်

နောက်တစ်ခါ၊ အေးတဲ့ နှင်းလေတွေ မိုးရေအယဉ်တွေကိုလဲ ကာကွယ်ပေးတယ်-တဲ့။

ကျောင်းပေါ်မှာသာ မနေရရင်တော့ လေဒဏ်မိုးဒဏ်တွေကို ခံရမယ်ဆိုတာ အထူးပြောနေစရာမလိုပါဘူး၊ ရှေးတုံးက ရဟန်းတော်တွေ ကျောင်းနဲ့ မနေကြတာ ဒီ မိုးဒဏ်တွေ လေဒဏ်တွေကို ခံပြီးတော့ နေနေကြရမှာပဲ၊ ကျောင်းနဲ့သာ မနေရရင် ခံရဖို့သေချာနေပါပြီ၊ ကျောင်းနဲ့ နေရတဲ့အခါကျတော့ ဒီဒဏ်တွေက ကင်းဝေးပါတယ်၊ ဒီဒဏ်တွေ မခံရအောင် ကျောင်းအဆောက်အဦက ကာကွယ်ပေးထားပါတယ်။

ဒီ အကာအကွယ်ကို ရရှိကြမယ်ဆိုရင် သံဃာတော်အရှင်မြတ်-

တွေဟာ ပရိယတ္တိ ပဋိပတ္တိအလုပ်တွေကို စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အားထုတ်နိုင်မယ်၊ မိုးဒဏ်လေဒဏ်တွေ ခံရဖို့မရှိတာကြောင့် ကြောင့်ကြမဲ့ နေထိုင်သီတင်းသုံးနိုင်ကြမယ်။ ဒါ ရဟန်းတော်တွေ ခံစားရမဲ့ လက်တွေ့ အကျိုးကျေးဇူးတွေပါပဲ။

အလှူရှင်များအတွက်အကျိုး

အလှူရှင်များအနေနဲ့လဲ ရဟန်းတော်တွေ ခံစားရသလို အကျိုးတွေကို ခံစားကြရမယ်၊ သဘာဝမိုးဒဏ်လေဒဏ်ဆိုတာ မကြာခဏဆိုသလို ဆိုက်ရောက်လာတတ်ပါတယ်၊ ရာသီဥတုတွေ ဖောက်ပြန်မှုကြောင့် မိုးလေကြမ်းတွေတိုက်ခတ်ပါတယ်၊ ဒါမျိုးတွေဟာ မကြာခဏဆိုသလို ဖြစ်တတ်ပါတယ်၊ အဲဒီလိုဖြစ်လာခဲ့ရင် အလှူရှင်များအနေနဲ့ မခံစားရပဲ ကင်းဝေးနေလိမ့်မယ်။

သဘာဝပြင်ပ လေဒဏ်မိုးဒဏ်တွေက ကင်းဝေးနိုင်သလို အဇ္ဈတ္တသန္တာန်မှာ ကိန်းအောင်းနေတဲ့ လောဘ၊ဒေါသ၊မောဟ စတဲ့ ကိလေသာ မိုးလေဒဏ်တွေရဲ့ နှိက်စက်ခြင်း၊လောင်မြိုက်ခြင်းခံရမှုတို့မှလဲ ကင်းလွတ်နိုင်ပါတယ်။ ဒီလို ထူးမြတ်တဲ့ အကျိုးတွေကို ခံစားကြရမှာဖြစ်ပါတယ်။

ဒါက ဘုရားရှင်ဟောကြားတဲ့ ဒေသနာတွေထဲက ပထမဆုံး ဒေသနာတော် ပဲဖြစ်ပါတယ်။ နောက်တစ်ခါ–

တတော ဝါတာတပေါ ဃောရော၊ သဉ္ဇာတော ပဋိဟညတိ။

လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။

တတော–ထို့အပြင်၊ သဉ္ဇာတော–ဖြစ်ပေါ်လာသော၊ ဃောရော–ကြမ်းတမ်းသော၊ ဝါတာတပေါ–လေပြင်းနေပူကို၊ ပဋိဟညတိ–ပယ်ဖျောက်ကာကွယ်ပေး၏၊ လေဏတ္ထဉ္စ–ကိန်းအောင်းနေရန်လည်းဖြစ်ပေ၏၊ သုခတ္ထဉ္စ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရန် လည်းဖြစ်ပေ၏၊ ဈာယိတုဉ္စ–သမထဈာန် ဝင်စားရန်အလို့ငှါလည်းဖြစ်ပေ၏၊ ဝိပဿိတုံ စ–ဝိပဿနာ ရှုပွားရန်အလို့ငှါလည်းဖြစ်ပေ၏။

**လေပြင်း,နေပူတွေကိုလဲကာကွယ်ပေးတယ်**

လေပြင်း လေကြမ်းတွေ၊ အလွန်ပူပြင်းတဲ့ နေရောင်ခြည်အပူတွေကိုလဲ ဒီကျောင်းက ကာကွယ်ပေးပါတယ်။

ဒီနေရာမှာ ရှေ့ဂါထာတုံးက ဆိုခဲ့တဲ့ အပူ–ဆိုတာနဲ့ ဒီဂါထာမှာလာတဲ့ အပူ–နှစ်မျိုး ဘယ်လိုထူးသလဲဆိုတော့၊ ရှေ့ဂါထာမှာ ဆိုခဲ့တဲ့ အပူ–ဆိုတာက "ဥတုပိသဘာဂဝသေန ဝုတ္တံ"လို့ အဋ္ဌကထာမှာ ဖွင့်ဆိုတာကြောင့် ရာသီဥတုအပူကို ပြောတာလို့ မှတ်ယူရမယ်၊ ဒီဂါထာမှာလာတဲ့ အပူ(အာတပ)ဆိုတာက နေရောင်ခြည်နဲ့ထိလို့ ဖြစ်လာတဲ့ အပူကို ပြောတာလို့ မှတ်ရပါမယ်၊ ရှေ့ဂါထာမှာလာတဲ့ လေ–ဆိုတာက မိုးနှင့်ရောတဲ့လေ၊ အလွန်အေးမြတဲ့ နှင်းလေမျိုးတွေကို ဆိုတာဖြစ်တယ်၊ ဒီဂါထာမှာလာတဲ့ လေ–ကတော့ ကြမ်းတမ်းတဲ့ လေကြမ်းတွေကို ပြောတာပဲ ဖြစ်ပါတယ်၊

လေကြမ်းတွေတိုက်တဲ့ဒဏ်၊ အလွန်ပူပြင်းတဲ့ နေရာင်ခြည်အပူဒဏ်တွေကို မကပ်ရောက်ရလေအောင် ကျောင်းအဆောက်အဦက ကာကွယ်ပေးထားပါတယ်၊ ဒီအကာအကွယ်တွေကို ရရှိနေကြတဲ့ ကျောင်းနေသံဃာတော်တွေဟာ ချမ်းချမ်းသာသာနဲ့ နေထိုင်ကြရမယ်၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ နေထိုင်ကြရမှာ ဖြစ်ပါတယ်၊ သာသနာဆိုင်ရာအလုပ်တွေကို ချမ်းချမ်းသာသာနဲ့ လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ဒီအကျိုးတွေကို နေထိုင်တဲ့ သံဃာတော်အရှင်မြတ်တွေ ခံစားကြရမှာ ဖြစ်ပါတယ်။

**ကိန်းအောင်းနေဖို့,ချမ်းသာဖို့လဲဖြစ်တယ်**

လေဏတ္ထဉ္စ–ကိန်းအောင်းနေရန်လည်းဖြစ်၏–တဲ့။

ကျောင်းဆိုတာ ဆိတ်ဆိတ်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ကိန်းအောင်းနေဖို့ရာလဲ ဖြစ်ပါတယ်၊ အဲဒီ ချမ်းသာမှုကို ကျောင်းက ပေးစွမ်းနိုင်ပါတယ်။

သုခတ္ထဉ္စ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရန်လဲ ဖြစ်၏–တဲ့။

အဋ္ဌကထာမှာ ဒီပုဒ်ကို "**သီတာဒိပရိဿယာဘာဝေန** သုခဝိဟာရတ္ထံ"လို့ ဖွင့်ဆိုပါတယ်၊ အဓိပ္ပါယ်ကတော့ ရှေ့ဂါထာမှာ ပြောခဲ့တဲ့ အချမ်းအပူ-စတဲ့ ဘေးရန်အန္တရာယ်တွေ ကင်းရှင်းနေတဲ့ အတွက် ကိုယ်ရောစိတ်ပါ ချမ်းသာခြင်းအကျိုးရှိတယ်-လို့ ဆိုလိုပါတယ်။

ယခု မဏိရတနာကျောင်းကိုကြည့်လိုက်ရင်၊ ကျောင်းထဲကို ဝင်လာတယ်ဆိုထဲက ကျောင်းထဲမှာ သပ်သပ်ရပ်ရပ်နဲ့ ပြင်ဆင်ထားတာ တွေ၊ ကုဋီ,ရေချိုးခန်း-စသည်ဖြင့် အသုံးအဆောင်တွေကလဲ အဆင်သင့်၊ ဘုရားစင်ကလဲ သပ်သပ်ခပ်ခပ် ကြည်ညိုဖွယ်ရာနဲ့ ပြင်ဆင်ထားတယ်၊ ဒါတွေကို မြင်တွေ့ရရင် ဝင်လာထဲက စိတ်ချမ်းသာနေပါပြီ။

နေထိုင်ချင်စရာဖြစ်အောင် ကောင်းကောင်းမွန်မွန် ဖန်တီးပေး ထားတာဖြစ်လေတော့ ကိန်းအောင်းဖို့ရာ သင့်တော်လှတဲ့ ကျောင်းမျိုး ဖြစ်ပါတယ်၊ ဒါကြောင့် ဒီကျောင်းကိုလှူဒါန်းထားတာ ချမ်းသာအပင် ကြီးကို စိုက်ပေးထားသလို ချမ်းသာတွေကို အမြဲတန်းလှူနေရာရောက် နေပါတယ်၊ အင်မတန်မှ ဝမ်းမြောက်ဖွယ်ရာ ကောင်းပါတယ်၊ ကိုယ်စိတ် နှစ်ပါးချမ်းသာအောင် ဖန်တီးထားလို့ နေထိုင်သီတင်းသုံးကြတဲ့ သံဃာ တော်တွေလဲ ချမ်းသာကြမယ်။

အလှူရှင်များအနေနဲ့လဲပဲ သံဃာတော်များ ရရှိခံစားရသလို ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုတွေကို ရရှိခံစားကြရမယ်၊ ချမ်းသာကို လှူဒါန်းရာရောက်လို့ လှူဒါန်းတဲ့သူလဲ ချမ်းသာမယ်။

## သမထ,ဝိပဿနာတွေပွားများဖို့လဲဖြစ်တယ်

နောက်တစ်ခါ၊ ဈာယိတုဉ္စ-သမထဈာန်ဝင်စားရန်လည်း ဖြစ်ပါ ပေ၏၊ ဝိပဿိတုံ စ-ဝိပဿနာ ရှုရန်လည်းဖြစ်ပါပေ၏-တဲ့။

ကျောင်း အဆောက်အဦမှာ မနေဘဲ အပြင်ဘက်မှာသာ နေထိုင် မယ်ဆိုရင် တရားအလုပ်တွေကို အားထုတ်တဲ့အခါ အာရုံတွေများနေမှာပဲ၊ ဟိုအာရုံ,ဒီအာရုံ တွေဆီပဲ ရောက်ရောက်နေမှာပဲ၊ စိတ်တွေပျံ့လွင့်နေမယ်၊ သမထအာရုံကို ယူလို့ကောင်းမှာမဟုတ်ဘူး၊-

သမာဓိအလုပ်ကို လုပ်ကိုင်နိုင်ဖို့ ခဲယဉ်းလှပါတယ်။ ကျောင်းထဲဝင်ပြီး တော့ နှလုံးသွင်းနေရင်၊အားထုတ်နေမယ်ဆိုရင် သမာဓိတွေ ရလွယ်မယ်၊ ဘုရားအာရုံယူရတဲ့ကိစ္စတွေကို ဆောင်ရွက်တဲ့အခါ၊ တစ်နည်းပြောရင် ဘုရားရှိခိုးတဲ့အခါ၊ ဒီလိုအာရုံတွေယူရတဲ့အလုပ်တွေကို လုပ်တဲ့အခါ အာရုံပြုလို့ကောင်းမယ်၊ အဲဒီအကျိုးကျေးဇူးတွေကို ကျောင်းအဆောက် အဦက ပေးစွမ်းနိုင်ပါတယ်။

ဝိပဿနာတရားရှုမှတ်ပွားများတဲ့အခါမှာလဲပဲ ထို့အတူပါပဲ၊ ဒါတွေဟာ အရေးကြီးတဲ့ ကိစ္စတွေ၊ အရေးကြီးတဲ့ လုပ်ငန်းတွေပဲ ဖြစ်ပါတယ်၊ ဒီလုပ်ငန်းတွေကို ချမ်းချမ်းသာသာနဲ့၊ ချောချောမောမောနဲ့ ဆောင်ရွက်နိုင်အောင် ကျောင်းအဆောက်အဦက ဖန်တီးပေးထားပါတယ်။

စာပေကျမ်းဂန်တွေကို လေ့လာဆည်းပူးတဲ့အခါမှာလဲ အာရုံယူလို့ သာမာဓိတွေတည်လို့ စာပေတွေကို ကျက်မှတ်ရ လွယ်ကူမယ်၊ အလွယ်တကူပဲ ရရှိနိုင်မယ်၊ ဒီအကျိုးကျေးဇူးတွေကို ခံစားရပါတယ်။

သံဃာတော်များအတွက် ရရှိနိုင်မဲ့ အကျိုးတွေကို ကြည့်ခြင်းဖြင့် ကျောင်းဆောက်လုပ်လှူဒါန်းသူတွေလဲ ဈာန်၊မဂ်၊ဖိုလ်တရားတွေကို ရအောင် အားထုတ်တဲ့အခါ အလွယ်တကူ ရရှိနိုင်တဲ့ အကျိုးတွေကို ခံစားရမှာဖြစ်ပါတယ်။ သိပ်ပြီးတော့ ဝမ်းမြောက်ဖို့ကောင်းလှတယ်။

### အမြတ်ဆုံးအလှူတဲ့

နောက်တစ်ခါ၊ တတိယမြောက် ဂါထာမှာတော့ ကျောင်းအလှူကို မြင့်မြတ်တဲ့အလှူ၊ အမြတ်ဆုံးအလှူလို့ ချီးမွမ်းတော်မူပါတယ်၊ အမြတ်ဆုံး အလှူဖြစ်လို့ လှူဒါန်းကြဖို့လဲ တိုက်တွန်းတော်မူပါတယ်။

ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။

သံဃဿ-သံဃာတော်အရှင်မြတ်တို့အား၊ ဝိဟာရဒါနံ-ကျောင်း လှူခြင်းကို၊ အဂ္ဂံ-အမြတ်ဆုံးဟူ၍၊ **ဗုဒ္ဓေန**-ဘုရားရှင်သည်၊ ဝဏ္ဏိတံ-

ချီးကျူးတော်မူပါ၏၊ တသ္မာ-ထိုသို့ အမြတ်ဆုံးဒါနဖြစ်သော ကြောင့်၊ ပဏ္ဍိတော-ကြောင်းကျိုးမြင်သိ ပညာရှိသော၊ ပေါသော-ပုဂ္ဂိုလ်သည်၊ အတ္တနော-မိမိ၏၊ အတ္ထံ-ကျိုးကို၊ သမ္ပဿံ-မျှော်မြင်လျက်၊ (ရမ္မေ-နှလုံးမွေ့လျော်ဖွယ်ကောင်းကုန်သော၊ ဝိဟာရေ-ကျောင်းတို့ကို၊ ကာရယေ-ဆောက်လုပ်စေ၍ ပေးလှူရာသတည်း . . .။) (ဝိဟာရေ ကာရယေ ရမ္မေ-ဟု နောက်ဂါထာ ပထမပါဒ၌ စပ်သည်)

ဒါဟာ ဘုရားရှင်ကိုယ်တော်တိုင် ကျောင်းအလှူကို ချီးမွမ်းထားတာပါပဲ။ အလှူတွေထဲမှာ ကျောင်းအလှူဟာ အမြတ်ဆုံးဖြစ်ပါတယ်၊ စောစောက ပြောခဲ့တဲ့ ဘေးအန္တရာယ်အမျိုးမျိုးတွေက ကင်းဝေးရင် လောကမှာ ချမ်းသာဖို့ပဲ ရှိတော့တယ်၊ ဒါ လောကီချမ်းသာပဲရှိသေးတယ်၊ လောကီချမ်းသာတွေသာမက လောကုတ္တရာချမ်းသာတွေကိုလဲ ရရှိခံစားနိုင်တဲ့အလှူမျိုးပဲဖြစ်ပါတယ်။

ဈာန်တရား,မဂ်တရား,ဖိုလ်တရားတွေကို ရရှိဖို့အရေးမှာ ကျောင်းအဆောက်အဦက အထောက်ကူပေးနိုင်တာဖြစ်လို့ အဲဒီ ဈာန်တရား, မဂ်တရား,ဖိုလ်တရားတွေကိုပါ ပေးလှူရာရောက်နေပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ကျောင်းအလှူကို အမြတ်ဆုံးအလှူလို့ ချီးမွမ်းတော်မူတာပဲ ဖြစ်ပါတယ်၊ ဝမ်းမြောက်ဖို့ သိပ်ကောင်းတဲ့ အလှူမျိုးပါ၊ ဘုရားရှင်ကိုယ်တော်တိုင် ချီးမွမ်းတဲ့အလှူမျိုးဆိုတော့ အလှူရှင်များ သိပ်ဝမ်းမြောက် ဖို့ကောင်းလှပါတယ်။

ကိ ံဒဒသုတ်မှာလဲ သဗ္ဗဒဒဒါန,လို့ဟောထားပါတယ်

ဒ့ါအပြင်၊ သဂါထာဝဂ္ဂသံယုတ်၊ ကိ ဒဒသုတ်တော်မှာလဲပဲ ဘုရားရှင်ကို နတ်သားတစ်ယောက်က "အဘယ်အရာကို လှူသောပုဂ္ဂိုလ်သည် အလုံးစုံသောအလှူကို ပေးလှူသည် မည်ပါသနည်း"လို့ လျှောက်တဲ့ အခါ၊ ဘုရားရှင်က-

သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။

ယော-အကြင်ပုဂ္ဂိုလ်သည်၊ ဥပဿယံ-မှီခိုနေထိုင်စရာကျောင်း-

အဆောက်အဦကို၊ ဒဒါတိ-ပေးလှူ၏၊ သော စ-ထိုပုဂ္ဂိုလ်သည်ကား။ သဗ္ဗဒဒေါ-အလုံးစုံကို ပေးလှူသည်မည်ပေ၏။

ဆွမ်းကိုပေးလှူရင် ခွန်အားဗလ ကို ပေးလှူသည်မည်တယ်၊ အဝတ်ကို ပေးလှူရင် အဆင်းကိုပေးလှူသည်မည်တယ်၊ ယာဉ်ကို လှူရင် ချမ်းသာ ကို လှူသည်မည်တယ်၊ ဆီမီးကိုလှူရင် မျက်စိကို ပေးလှူသည် မည်တယ်။

ကျောင်းကိုလှူရင်တော့ "သဗ္ဗဒဒေါ"တဲ့၊ အားလုံးကို ပေးလှူပြီး ဖြစ်ပါတယ်၊ အားလုံးကို ပေးလှူရာရောက်သွားပါတယ်-တဲ့။

ဘယ်လိုနည်းနဲ့ အားလုံးကို ပေးလှူရာရောက်သလဲဆိုတာကို သာရတ္ထဒီပနီဋီကာမှာ ဖွင့်ဆိုထားတာရှိတယ်၊ အဲဒါကို ပြောပြပါအုံးမယ်။

## အားလုံးကိုပေးလှူရာရောက်ပုံ

ဆွမ်းခံသွားခြင်း စသည်တွေကြောင့် ပင်ပန်းနွမ်းနယ်လာတဲ့ ရဟန်းတော်ဟာ ကျောင်းထဲကို ဝင်လိုက်တယ်ဆိုရင် ပင်ပန်းသမျှတွေ ကင်းပျောက်ပြီး မူလခွန်အားတွေ ပြန်လည်ပြည့်ဝလာပါတယ်၊ ဒါကြောင့် ကျောင်းလှူခြင်းဟာ ခွန်အားဗလကိုလဲ ပေးလှူရာရောက်ပါတယ်။

လေ၊နေပူတွေကြောင့် ရုပ်ရည်အဆင်းညှိုးနွမ်းနေတဲ့ ရဟန်းတော်ဟာ ကျောင်းထဲကို ဝင်လိုက်ရရင် ရုပ်အဆင်းတွေ ကြည်လင်ရွှင်လန်း လာပါတယ်၊ ဒါကြောင့် ကျောင်းလှူခြင်းဟာ ရုပ်အဆင်းကိုလဲပေးလှူရာ ရောက်နေပါတယ်။

ဘေးရန်အန္တရာယ်တွေနဲ့ ကြုံတွေ့လာတဲ့ ရဟန်းတော်ဟာ ဘေးရန်တွေက ကင်းဝေးအောင်ဆိုပြီး ကျောင်းထဲကို ဝင်လိုက်တဲ့အခါ ကြုံတွေ့လာတဲ့ ဘေးအန္တရာယ်တွေ ကင်းရှင်းသွားနိုင်ပါတယ်၊ ကျောင်း အဆောက်အဦက ကာကွယ်ပေးလိုက်တာဖြစ်လို့ အန္တရာယ်ကင်းသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် ချမ်းသာကို ပေးလှူရာလဲ ရောက်နေပါတယ်။

မျက်စိဝေနေလို့ အားနည်းလာတဲ့ ရဟန်းတော်ဟာ ကျောင်းထဲ

ဝင်ပြီး ကျိန်းစက်လိုက်ရမယ်ဆိုရင် မျက်စိကြည်လင်တဲ့ဆေး ထည့်ပေးလိုက်သလို အမြင်အာရုံတွေ ကြည်လင်လာမယ်၊ ဒါကြောင့် ကျောင်းအလှူဟာ မျက်စိကိုပါ ပေးလှူရာရောက်တဲ့ အလှူမျိုးလဲဖြစ်ပါတယ်။

ဒါက ကျောင်းအလှူဟာ အလုံးစုံကို ပေးလှူရာရောက်ကြောင်း သာရတ္ထဋီကာမှာ ဖွင့်ဆိုထားချက်ကို ထုတ်ပြလိုက်တာပါ။

ဒီအချက်တွေကို ရည်ရွယ်ပြီးတော့ ဘုရားရှင်က ကျောင်းအလှူဟာ "သဗ္ဗဒဒါန" အားလုံးကို ပေးလှူတဲ့ ဒါနဖြစ်တယ်လို့ ဟောတော်မူခြင်းပဲဖြစ်ပါတယ်။

ကျောင်းအလှူရှင်များလဲ ရဟန်းတော်များ ရရှိတဲ့ အကျိုးတွေအတိုင်း ပြန်လည်ခံစားကြရမှာ ဖြစ်ပါတယ်။

ကျောင်းလှူတဲ့ ရာဇဂြိုဟ်သူဌေးကို ဘုရားရှင်ဟောကြား နေတာတွေကို ယခု ကျောင်းအလှူရှင်များလဲ အာရုံပြုကြည်ညိုကြည့်၊ မိမိတို့ကို ဟောကြားနေတယ်-လို့ အာရုံရောက်ပြီး ပီတိသောမနဿတွေ ဖြစ်ကြရမယ် နော်။

ကျောင်းလှူရန်တိုက်တွန်းရခြင်း

ယခုပြောခဲ့တဲ့ အကျိုးကျေးဇူးတွေကို ရနိုင်တာကြောင့် ဘုရားရှင်က "တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော" စသည်ဖြင့် တိုက်တွန်းတော်မူခြင်းပဲဖြစ်ပါတယ်။ ယခုပြောခဲ့တဲ့ အကျိုးတွေကို ရရှိနိုင်တဲ့အလှူမျိုးဖြစ်တာကြောင့် သံဃာအား ကျောင်းတွေလှူကြပါ-လို့ တိုက်တွန်းတော်မူပါတယ်။

ဆက်လက်ပြီးတော့-

ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။

ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။

တွေ့-ဤဆောက်လုပ်ပြီးစီးသွားတဲ့ ကျောင်း၌၊ ဗဟုဿုတေ-အကြား အမြင်များကုန်သော ရဟန်းတို့ကို၊ ဝါသယေ-နေထိုင်သီတင်းသုံးစေရာ၏၊ တေသံ-ထို ကျောင်းနေရဟန်းတို့အား၊ အန္နဥ္စ-ဆွမ်းကိုလည်းကောင်း၊ ပါနဥ္စ-အဖျော်ကိုလည်းကောင်း၊ ဝတ္ထသေနာသနာနိ စ-သင်္ကန်း, နေထိုင်စရာ,အိပ်စရာ အသုံးအဆောင်တို့ကိုလည်းကောင်း၊ ဥဇုဘူတေသု-ဖြောင့်မတ်စွာ ဖြစ်၍ဖြစ်သော၊ ဝိပ္ပသန္နေန-ကြည်ညိုသော၊ ဝါ-ကြည်လင်သော၊ စေတသာ-စိတ်ဖြင့်၊ ဒဒေယျ-ပေးလှူရာသတည်း။

ဆရာတင် မမှားဖို့လိုတယ်

ကျောင်းဆောက်လှူဒါန်းပြီးတဲ့နောက်မှာ အဲဒီကျောင်းမှာ သီတင်းသုံးဖို့ အကြားအမြင်ဗဟုသုတများတဲ့ ရဟန်းတော်တွေကို ပင့်ပြီး သီတင်းသုံးနေစေရမယ်-တဲ့။

ဒီနေရာမှာ ဗဟုဿုတေ-ပုဒ်ကို အဋ္ဌကထာမှာ"ပရိယတ္တိဗဟုဿုတေ စ ပဋိပတ္တိဗဟုဿုတေ စ"လို့ဖွင့်တော်မူပါတယ်။ မိမိကျောင်းမှာ ပရိယတ္တိဆိုတဲ့ စာပေးကျမ်းဂန်ဗဟုသုတကြွယ်ဝတဲ့ ရဟန်းတော်တွေ, ပဋိဝေခဆိုတဲ့ မဂ်,ဖိုလ်,ကိုရရှိဖို့ အားထုတ်နေကြတဲ့ ရဟန်းတော်တွေကို ကိုးကွယ်ရမယ်-လို့ဆိုပါတယ်။

ဒီအချက်ဟာ အရေးကြီးလှတယ်၊ ဘာလို့လဲဆိုတော့ ကျောင်း အလှူရှင်တွေအနေနဲ့ လောကီ,လောကုတ္တရာချမ်းသာတွေကို ရရှိချင်လို့၊ အဲဒီချမ်းသာတွေကို ရကြောင်းဖြစ်တဲ့ ကောင်းမှုတွေကို ပြုနိုင်အောင်လို့ ကျောင်းတွေဆောက်လုပ်လှူဒါန်းတာဖြစ်ပါတယ်။

ဒီလို လောကီ လောကုတ္တရာချမ်းသာတွေကို ရရှိခံစားနိုင်အောင် စွမ်းဆောင်ပေးနိုင်တဲ့ ရဟန်းတော်မျိုးကို ကိုးကွယ်ဆည်းကပ်ဖို့ဆိုတာ သိပ်ပြီးတော့ အရေးကြီးပါတယ်၊ မိမိကိုးကွယ်မဲ့ ဆရာရဟန်းဟာ ပရိယတ္တိ,ပဋိပတ္တိ-ဆိုတဲ့ ဗဟုသုတအတွေ့အကြုံတွေ မရှိဘူးဆိုရင် မိမိတို့ကိုလဲ လောကီ လောကုတ္တရာ ချမ်းသာသုခတွေကို ရရှိကြောင်းဖြစ်တဲ့ ညွှန်ကြားမှုတွေကို ပေးနိုင်လိမ့်မယ်မဟုတ်ပါဘူး။

ဒါကြောင့် ကျောင်းမှာ သီတင်းသုံးမဲ့ ရဟန်းတော်ဟာ လောကီ လောကုတ္တရာနယ်ပယ်တွေမှာ ကျွမ်းကျင်လိမ်မာတဲ့ ဆရာရဟန်းမျိုး ဖြစ်နေဖို့, အဲဒီ ရဟန်းတော်မျိုးကို ပင့်တင်ပြီးကိုးကွယ်ဆည်းကပ်ဖို့ ဗုဒ္ဓကိုယ်တော်တိုင် လမ်းညွှန်တော်မူနေခြင်းဖြစ်ပါတယ်။

## ဒီအတိုင်းမပစ်ထားရပါဘူး

နောက်တစ်ခါ၊ ပရိယတ္တိ,ပဋိဝေဓ ဗဟုသုတတွေနဲ့ ပြည့်စုံတော်မူတဲ့ ရဟန်းတော်တွေကို ပင့်တင်ကိုးကွယ်ပြီးတော့ ဒီအတိုင်းထားထားလို့ မပြီးသေးပါဘူး၊ ကျောင်းဆောက်လှူဒါန်းပြီးရင် ပြီးတာပဲဆိုပြီး ပစ်ထားလို့ မဖြစ်သေးဘူး-တဲ့။

ကျောင်းပေါ်ပင့်ဆောင်ကိုးကွယ်ထားပြီးတဲ့နောက် ဆရာဖြစ်တဲ့ ရဟန်းတော်တွေကို "အန္နဉ္စ-ဆွမ်းကိုလည်းကောင်း၊ ပါနဉ္စ-အဖျော်ကို လည်းကောင်း၊ ဝတ္ထသေနာသနာနိ စ-သင်္ကန်း,နေထိုင်စရာ, အိပ်စရာ အသုံးအဆောင်တို့ကိုလည်းကောင်း၊ ဥဇုဘူတေသု-ဖြောင့်မတ်စွာဖြစ်၍ဖြစ်သော၊ ဝိပ္ပသန္နေန-ကြည်လင်သော၊ စေတသာ-စိတ်ဖြင့်၊ ဒဒေယျ-ပေးလှူရာ၏"-တဲ့။

မိမိပင့်ဆောင်ကိုးကွယ်ထားတဲ့ ရဟန်းတော်တွေကို ဆွမ်း,သင်္ကန်း, ကျောင်း,ဆေး-ဆိုတဲ့ ပစ္စည်းလေးပါးနဲ့ ချီးမြှင့်ထောက်ပံ့နေရအုံးမယ်-တဲ့။ ဒီအချက်ကိုလဲ ကျောင်းအလှူရှင်များအနေနဲ့ အထူးသတိပြုဖို့ ကောင်းလှပါတယ်။

ပစ္စည်းလေးပါးဆိုတာ ရဟန်းတော်များအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာတွေပါပဲ၊ ဒီ ပစ္စည်းလေးပါးကိုသာ အမှီမပြုရဘူးဆိုရင် ရဟန်းသံဃာတော်တွေဟာ ဘယ်နည်းနဲ့မှ သာသနာတော်မှာ ရပ်တည်နိုင် လိမ့်မယ်မဟုတ်ပါဘူး၊ ပရိယတ္တိ ပဋိပတ္တိအလုပ်တွေကို ဘယ်နည်းနဲ့မှ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်လိမ့်မယ်မဟုတ်ပါဘူး၊ အဲဒီလို မကျင့်ကြံ အားမထုတ်နိုင်ဘူးဆိုရင် ကျောင်းအလှူရှင်များကိုလဲ လောကီ,လောကုတ် ဆိုဟဲ့ နှစ်ဖြာသော ကောင်းကျိုးချမ်းသာတွေကို ဖြည့်ဆည်းပေးနိုင်-

လိမ့်မယ်မဟုတ်ပါဘူး။ လောကီ၊လောကုတ္တရာအကျိုးတွေ နှစ်ဦးနှစ်ဘက် ဖြစ်ထွန်းဖို့ဆိုတာ အဓိကကျတဲ့ အချက်ပါ၊ အရေးကြီးလို့၊အဓိကကျလို့ ဗုဒ္ဓကိုယ်တော်တိုင် ကျောင်းဒကာကြီးကို သတိပေးဟောကြားနေတာဖြစ်ပါတယ်။

## သတိပြုလိုက်နာကြဖို့လို

ယနေ့ ကျောင်းအလှူရှင်များအနေနဲ့လဲ ဘုရားရှင်ရဲ့ ယခုလို ညွှန်ကြားတော်မူချက်ကို သတိပြုပြီး လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်၊"ကျောင်းဆောက်ပြီးရင် ပြီးရော"လို့ သဘောမထားကြဖို့လိုပါတယ်၊ ကျောင်းဆောက်လှူဒါန်းပြီးရင် မိမိကျောင်းမှာ သီတင်းသုံးနေထိုင်ကြမဲ့ သံဃာတော်အရှင်မြတ်တွေ ကိုယ်စိတ်နှစ်ပါးချမ်းသာဖို့ ဒါယကာတွေဘက်က ဆောင်ရွက်ပေးရမဲ့ ဆောင်ရွက်ဖွယ်ရာတွေ၊ ဖြည့်ဆည်းပေးရမဲ့ ပစ္စည်းဝတ္ထုတွေကို အမြဲမပြတ် သတိပြုကြည့်ရှုပြီး ဆောင်ရွက်ပေးနေရပါမယ်။

သိပ်အရေးကြီးလှတယ် နော်၊ ယခုမျက်မှောက်မှာ တချို့ကျောင်းတွေမှာဆိုရင် ယခုပြောခဲ့တဲ့အချက်ကို မဖြည့်ဆည်းပေးနိုင်လို့ ရဟန်းသံဃာတော်တွေဟာ ကြာရှည်စွာ သီတင်းမသုံးနိုင်ကြဘဲ ရွှေ့ပြောင်းကုန်ကြတာတွေရှိနေကြပါတယ်၊ မရွှေ့ပြောင်းသည့်တိုင် ကိုယ်ဆင်းရဲစိတ်ဆင်းရဲတွေဖြစ်ပြီး သည်းခံပြီးတော့ နေထိုင်နေကြရတာတွေလဲ ရှိနေပါတယ်၊ ဒါတွေကို မြင်တွေ့နေကြ၊ ကြားသိနေကြမှာပါ။

နောက်ပြီးတော့ ကျောင်းအသုံးအဆောင်ပစ္စည်းဆိုတာတွေဟာလဲ လိုအပ်တာပဲ၊ ရဟန်းတော်တွေနဲ့ သင့်တင့်မဲ့ ပစ္စည်းအသုံးအဆောင်တွေကို ဖြည့်ဆည်းပေးထားရပါသေးတယ်။

ဒီ မဏိရတနာကျောင်းမှာတော့ ဖြည့်ဆည်းပေးထားတာ တွေ့ရပါတယ်၊ ဗီရိုတွေ၊အိပ်ယာနေရာတွေ-စသည်ဖြင့် စုံစုံလင်လင်ပဲ ဖြည့်ဆည်းပေးထားပါတယ်၊ ဒါဟာ ဘုရားရှင်ဟောကြားတော်မူတဲ့ အချက်ကို လိုက်နာကျင့်သုံးတယ်-လို့ ဆိုရမှာပါ၊ ဘုန်းကြီးအနေနဲ့လဲ ဝမ်းမြောက်

ဝမ်းသောတွေ ဖြစ်မိသလို အလှူရှင်များလဲ ပီတိသောမနဿတွေဖြစ်နေမှာပါ၊ ဒီလို ပြည့်ပြည့်စုံစုံနဲ့ ဆောင်ရွက်ထားတာတွေကို မြင်ရသူတိုင်းလဲ ပီတိသောမနဿတွေ ဖြစ်ကြမှာပါ။

## သဒ္ဓါကြည်ဖြူပေးလှူကြရမယ်

နောက်ပြီးတော့ ယခုပြောခဲ့တဲ့ ဆွမ်းစတဲ့ပစ္စည်းတွေ၊ ကျောင်းအသုံးအဆောင်တွေကို ဖြည့်ဆည်းလှူဒါန်းတဲ့နေရာမှာလဲ "ဝိပ္ပသန္နေန စေတသာ"- ကြည်လင်တဲ့ သဒ္ဓါတရားနဲ့ ထက်သန်တဲ့ စေတနာနဲ့ပေးလှူရမယ်-တဲ့။

ဒီဟောကြားချက်ကိုကြည့်ရင် မလုပ်ပေးရင် မကောင်းလို့၊ သူတစ်ပါးတွေ အပြစ်ပြောမှာကြောက်လို့၊ ဒီ သဘောတွေနဲ့ မလှူဒါန်းရဘူးလို့ ဆိုတာပါပဲ၊ အဲဒီလိုသဘောမျိုးနဲ့သာ လှူဒါန်းနေရမယ်ဆိုရင် လှူဒါန်းလို့ ပစ္စည်းဝတ္ထုတွေသာကုန်သွားမယ် အကျိုးခံစားရမှာ မဟုတ်ပါဘူး၊ ဒီလိုလဲ မဖြစ်စေရပါဘူး၊ ကျောင်းကို အကြောင်းပြုပြီးတော့ ဒီကျောင်းနဲ့ပတ်သက်လာသမျှတွေ၊ ဆောင်ရွက်ပေးစရာမှန်သမျှတွေကို ဆောင်ရွက်ဖြည့်ဆည်းပေးတဲ့အခါ ဘယ်အချိန်ပဲဖြစ်ဖြစ် ကြည်ကြည်ဖြူဖြူနဲ့ ဆောင်ရွက်ပေးနေရမှာ ဖြစ်ပါတယ်။

မကောင်းတတ်လို့-ဆိုတဲ့ သဘောထားကြီးတွေနဲ့ ပေးလှူရတာမျိုး၊ ဆောင်ရွက်ပေးနေရတာမျိုးတွေ မဖြစ်ဖို့ သိပ်အရေးကြီးပါတယ်။

ဒီလို ဖြစ်တတ်တဲ့ သဘောတွေကို သိမြင်တော်မူလို့ ဘုရားရှင်က ထည့်သွင်းမိန့်ကြားတော်မူတာပဲ ဖြစ်လိမ့်မယ်။ ဘုရားရှင်တို့ရဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ဟာ အင်မတန်မှ အံ့သြဖို့ကောင်းလှတယ်နော်၊ ဖြစ်တတ်တဲ့ သဘောတွေကို ကြိုတင်သိမြင်တော်မူတယ်၊ ကျောင်းလှူတာနဲ့ ပတ်သက်လို့ မိန့်ကြားထားလိုက်တာ အကွက်ကိုစေ့နေတာပဲ နော်၊ ကြည်ညိုဖွယ် အံ့ကြဖွယ်အလွန်ကောင်းလှတဲ့ သဗ္ဗညုတဉာဏ်တော်ပဲ၊ ဆရာဒကာ နှစ်ဦးနှစ်ဘက် ပြည့်စုံရမဲ့အချက်တွေကို မိန့်ကြားထားလိုက်တာ။

ယနေ့လဲ ဘုန်းကြီးတို့ ဆရာဒကာတွေ ယခု ဗုဒ္ဓဟောကြားတဲ့-

အချက်တွေကို ပြည့်စုံအောင် ဖြည့်ဆည်းလိုက်နာကြရမယ်။

လိုအပ်ချက်တွေပြည့်စုံနေရင်

နောက်တစ်ခါ၊ ဘုရားရှင် ဆက်ပြီးမိန့်ကြားတော်မူတာက-

တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာပနူဒနံ။

ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။

တေ -ထိုကျောင်း၌ နေထိုင်ကြကုန်သော ဆရာရဟန်းတော်တို့သည်၊ တဿ-ထိုကျောင်းဒါယကာအား၊ သဗ္ဗဒုက္ခာပနူဒနံ -အလုံးစုံသော ဆင်းရဲကို ပယ်ဖျောက်တတ်သော၊ ဓမ္မံ-တရားတော်ကို၊ ဒေသေန္တိ ဟောကြားလေကုန်၏၊ ယံ-အကြင် ကျောင်းနေရဟန်းတော်တို့က ဟောကြားတော်မူသော ဆင်းရဲငြိမ်းကြောင်းတရားကို၊ သုတွာ -ကြားနာရ၍၊ သော-ထို ကျောင်းဒါယကာသည်၊ ဓမ္မံ -သစ္စာလေးတန် တရားမှန်ကို ဣဓ -ဤ မျက်မှောက်ဘဝ၌ပင်[illegible]၊ အညာယ-သိ၍၊ အနာသဝေါ-အာသဝေါကင်းကွာ ရဟန္တာဖြစ်၍၊ ပရိနိဗ္ဗာတိ-ဆင်းရဲခပ်သိမ်းတို့မှ ကင်းငြိမ်းရလေတော့သတည်း . . .။

ကျောင်းနေ ရဟန်းတော်တွေက ပရိယတ္တိ၊ပဋိပတ္တိ ကြွယ်ဝနေတဲ့ ရဟန်းတော်တွေလဲ ဖြစ်နေမယ်၊ ကျောင်းဒကာတွေကလဲ ပစ္စည်းလေးပါးတွေနဲ့ ချီးမြှောက်ထောက်ပံ့နေမယ်၊ ဒီလို နှစ်ဦးနှစ်ဖက် ဆရာ့တာဝန် ဒါယကာ့တာဝန်တွေ ကြေပွန်နေအောင် ဆောင်ရွက်နေကြမယ်ဆိုရင်၊ ရဟန်းတော်တွေကလဲ တရားဓမ္မတွေကို ဟောကြားနိုင်မယ်၊ ဒါယကာတွေကလဲ ရဟန်းတော်များ ဟောကြားပြသ ဆိုဆုံးမအပ်သော တရားဓမ္မများအတိုင်း လိုက်နာကျင့်ကြံအားထုတ်နိုင်ကြမယ်၊ ဒီလို ပြည့်စုံနေကြမယ်ဆိုရင် အဲဒီ ကျောင်းဒါယကာတွေဟာ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်တိုင်အောင်သော လောကီ၊လောကုတ္တရာအကျိုးကျေးဇူးတွေကို ခံစားကြရမယ်-တဲ့။

ဘုရားရှင်ဟောကြားထားတဲ့ ကျောင်းနဲ့စပ်ပြီး ရရှိခံစားနိုင်မဲ့-

အကျိုးကျေးဇူးတွေ နော်၊ နောက်ဆုံး နိဗ္ဗာန်တိုင်အောင် ရရှိနိုင်တဲ့ အထိ အကျိုးရှိပါတယ်-တဲ့။

တရားဟောတယ်ဆိုတာ

မိမိတို့ ပင့်ဆောင်ကိုးကွယ်ထားတဲ့ ရဟန်းတော်တွေက တရားတွေဟောလိမ့်မယ်-ဆိုတဲ့ နေရာမှာ၊ အဲဒီ ရဟန်းတော်တွေဟာ စောစောကပြောတဲ့ ပရိယတ္တိ,ပဋိပတ္တိ-ဆိုတဲ့ ဗဟုသုတတွေ ကြွယ်ဝနေမှသာ ဟောနိုင်ကြမှာဖြစ်ပါတယ်။

ရဟန်းတော်တွေ ဟောကြားတဲ့ တရားတွေဟာ နိဗ္ဗာန်ရောက်ကြောင်း တရားစစ်တရားမှန်တွေ ဖြစ်နေဖို့လိုအပ်မယ်၊ နိဗ္ဗာန်ရောက်ကြောင်းမဟုတ်တဲ့, အယူအဆလွဲမှားနေတဲ့, ဘုရားဟောတွေနဲ့ မကိုက်ညီတဲ့ တရားတွေကို ဟောလို့ကတော့ ကျောင်းဒကာတွေအနေနဲ့ ဘယ်နည်းနဲ့မှ အကျိုးဖြစ်နိုင်မှာမဟုတ်ပါဘူး၊ အကျိုးမရှိနိုင်တဲ့အပြင် ဆင်းရဲဒုက္ခတွေနဲ့တောင် ကြုံတွေ့နိုင်ပါသေးတယ်၊ ဒါဟာ အတော်လေးအရေးကြီးတဲ့ အချက်ပါပဲ။

ဒီအမှုကတော့ မကောင်းတဲ့အမှုဖြစ်တယ်၊ ဒီအမှုကတော့ ကောင်းတဲ့ အမှုဖြစ်တယ်၊ ဒါကိုလုပ်ရင် ကောင်းကျိုးရမယ်၊ ဒါကိုလုပ်ရင်တော့ဖြင့် မကောင်းကျိုးတွေ ခံစားရလိမ့်မယ်-စသည်ဖြင့် ဗုဒ္ဓဒေသနာတော်များနဲ့ ကိုက်ညီတဲ့ တရားဓမ္မမျိုးတွေကိုသာ ဟောကြားပေးရပါမယ်၊ ဘုရားဟောမဟုတ်တဲ့ လမ်းညွှန်ဟောကြားမှုမျိုးတွေကိုတော့ ရှောင်ကြဉ်ကြရလိမ့်မယ်။

ယခုခေတ်ကာလကလဲ အခက်သားပဲ-နော်၊ လောကီနည်းလမ်းတွေကို ဆောင်ရွက်ဖို့ လမ်းညွှန်ဟောကြားပေးနေသူတွေကိုမှ တရားစစ်တရားမှန်ကို ဟောတယ်ထင်နေကြတာ၊ ဒါမျိုးတွေက တော်တော်လေး နေရာယူနေသလိုဖြစ်နေတဲ့ ခေတ်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုမျိုးတွေကို ဟောကြားတဲ့ တရားတွေကို မလိုက်နာ မကျင့်သုံးမိကြဖို့တော့ အရေးကြီးလှပါတယ်။

ဒီလိုဖြစ်ဖို့ဆိုတာလဲ ဆရာကောင်းသမားကောင်းတွေနဲ့တွေ့ဖို့ လိုအပ်တယ်၊ ဒါကို ဘုရားရှင်က မြင်တော်မူပါတယ်၊ မိမိဆောက်တဲ့ ကျောင်းပေါ်ကို အယူအဆလွဲတဲ့ ပုဂ္ဂိုလ်မျိုးတွေ ပင့်တင်ပြီး မကိုးကွယ်ဘဲ ပရိယတ္တိ၊ပဋိပတ္တိ အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်မျိုးတွေကိုသာ ရွေးချယ် ပင့်တင် ကိုးကွယ်ရမယ်–လို့ မိန့်ကြားတာပဲဖြစ်ပါတယ်။

တရားစစ်တရားမှန်တွေကို ဟောကြားနိုင်တဲ့ ရဟန်းတော်တွေကို ပင့်ဆောင်ပြီး ကိုယ်ကွယ်ဆည်းကပ်ကြရမယ်၊ အဲဒီပုဂ္ဂိုလ်မျိုးတွေကသာ ဘုရားရှင်ရည်ညွှန်းတဲ့အတိုင်း နိဗ္ဗာန်ကို ရောက်ရှိနိုင်တဲ့ တရားမျိုးတွေကို ဟောကြားပေးကြမှာဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ လမ်းညွှန်ချက်တွေကို သတိပြုကြရမယ်နော်။ ဆရာကောင်း သမားကောင်းတွေကို မှီဝဲမိဖို့၊ လမ်းကောင်းလမ်းမှန်တွေကို ဘုရားဟောဒေသနာတော်များနဲ့အညီ ဟောကြားပေးနိုင်တဲ့ ပုဂ္ဂိုလ်မျိုးတွေ ကိုသာ ကိုးကွယ်ဆည်းကပ်မိဖို့၊ ဒါတွေဟာ သိပ်အရေးကြီးတဲ့ အချက်တွေ ပါပဲ၊ အမြော်အမြင်ရှိရှိနဲ့ စဉ်းစားဆောင်ရွက်ရမဲ့ အချက်တွေပါပဲ၊ လမ်းမှန် ကိုရွေးချယ်တဲ့နေရာမှာ ဉာဏ်ပညာယှဉ်ပြီး ရွေးချယ်ရမဲ့ အချက်တွေပါပဲ။

ဘုရားရှင်ရဲ့ ကျောင်းအနုမောဒနာအရ ကျောင်းဆောက်လှူဒါန်းတဲ့ ကုသိုလ်ဟာ မဂ်၊ဖိုလ်၊နိဗ္ဗာန်အထိ အကျိုးကျေးဇူးများလှတယ်–ဆိုတာ ယနေ့ ကျောင်းလှူဒါန်းကြတဲ့ အလှူရှင်များအနေနဲ့ သိရှိလောက်ပါပြီ၊ ဝမ်းမြောက်ဝမ်းသာတွေ့မိမိတို့ အလှူဒါနအပေါ် ကျေနပ်မှုတွေ့အားတက် မှုတွေ ဖြစ်လောက်ပါပြီ။

ကျောင်းပေါင်း(၆၀)လှူဒါန်းတဲ့ ရာဇဂြိုဟ်သူဌေးကို ဘုရားရှင် ဟောကြားတဲ့ဒေသနာတော်ဟာ ယခုဘုန်းကြီးဟောခဲ့တဲ့အတိုင်း ဂါထာပုဒ်ရေ ငါးပုဒ်နဲ့ တန်ဆာဆင်ပြီး ဟောကြားခဲ့ပါတယ်။

ဒီဒေသနာတော်တွေကို လိုရင်းချုပ် မှတ်လို့လွယ်အောင် ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စပ်ဆိုထားတဲ့ ဆိုလွယ်ကဗျာ လေးတွေနဲ့ မှတ်ကြရအောင်၊ ဘုန်းကြီးက တိုင်ပေးမယ် လိုက်ဆိုကြ–

ကျောင်းအကျိုးပြုလင်္ကာများ

- အေး,ပူ စသား၊ ဘေးရန်များ၊ ပယ်ရှားကင်းစေသည်။
- ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊ အမှန်ဖြစ်ပေသည်။
- ဈာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ကေန်သင့်ပေသည်။
- ကျောင်းလှူဒါန၊ ကျိုးကြီးလှ၊ ဗုဒ္ဓချီးကျူးသည်။
- ကျောင်းလှူသူဟာ၊ လုံးစုံပါ၊ လှူရာရောက်ပေသည်။
- နေ့ညဥ့်မခြား၊ ကုသိုလ်များ၊ ဖြစ်ပွားနေတော့သည်။
- ဆင်းရဲပယ်ရှား၊ မြတ်တရား၊ နာကြားရပြန်သည်။
- ကျောင်းအလှူ့ရှင်၊ တရားမြင်၊ ခုပင်ငြိမ်းနိုင်သည်။

ဒါက ကျေးရွာရှင် မဟာစည်ဆရာတော်ဘုရားကြီး စပ်ဆိုထားတဲ့ ကျောင်းအကျိုးပြု လင်္ကာလေးတွေပါပဲ။

နောက်တစ်ခါ၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကလဲ ယခုဘုရားဟောကြားခဲ့တဲ့ အချက်လေးတွေကိုပဲ ကဗျာလင်္ကာတစ်မျိုး စပ်ဆိုထားခဲ့ပါသေးတယ်၊ အဲဒီကဗျာကိုလဲ လိုက်ဆိုကြည့်ကြ။

> စူဠဝါခန္ဓက၊ တစ်နည်းပြမှု၊ ချမ်းပူကိုဖျက်၊ နှင်း,မှက်,လေ,နေ၊
> ကင်းမြွေသားရဲ၊ မိုးလဲပယ်ဖျောက်၊ ချမ်းသာရောက်ကြောင်း၊
> ကိန်းအောင်းစံဝင်၊ ပွားမြင်ရှုငြား၊ တရားနာခြင်း၊ ထိုးထွင်း
> သိပြန်၊ နိဗ္ဗာန်စံပျော်၊ ကျောင်း,ဖျော်,အဝတ်၊ မလွတ်ဆွမ်းရ၊
> ဆယ့်ခုနစ်ဝသည်၊ မှတ်ကြကျောင်းလှူအကျိုးတည်း။

ဒီလင်္ကာလေးဟာလဲ ယခုဘုန်းကြီးဟောကြားခဲ့တဲ့ ဝိနည်းစူဠဝါမှာလာရှိတဲ့ ကျောင်းအကျိုးတွေကို ဖော်ပြထားတဲ့ လင်္ကာပါပဲ၊ အကျိုးကျေးဇူးပေါင်း(၁၇)မျိုးပါဝင်ပါတယ်။

ဒိပြင် အခြားသော ကျမ်းဂန်တွေမှာလာရှိတဲ့ ကျောင်းလှူရခြင်း-

အကျိုးတွေလဲ ရှိပါသေးတယ်၊ ဘုန်းကြီးအနေနဲ့ အဲဒီ အခြားကျမ်းဂန် တွေမှာလာတဲ့ ကျောင်းလှူရကျိုးတွေကို ဟောပြောနေဖို့ ရှင်းလင်းပြနေဖို့ အချိန်မရတော့ပါဘူး၊ ဒါပေမဲ့ ကဗျာလင်္ကာလေးတွေကိုတော့ တိုင်ပေး ခဲ့ပါမယ်၊ လိုက်ဆိုရင်း ကျောင်းလှူရကျိုးတွေကို နာယူကြတာပေါ့။

ရွှေဘုံပေါ်ပေါက်၊ ထိတ်ကြောက်လန့်ကင်း၊ ဘေးရှင်းရန်ပျောက်၊
မခြောက်ယက္ခ၊ ပါပ မမက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊
မှတ်ဘိ ကျောင်းလှူ ရှစ်မျိုးတည်း။

ဒါက မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး စပ်ဆိုခဲ့တဲ့ ကျောင်း လှူရကျိုး ရှစ်မျိုးပါပဲ၊ နောက်တစ်ခါ၊ တိပိဋကရေ မင်းကွန်းဆရာ တော်ဘုရားကြီးစပ်ဆိုထားတဲ့ ကျောင်းလှူရကျိုး(၇)မျိုးဆိုပြီး အခြား ကျမ်းဂန်တွေက ထုတ်နုတ်စပ်ဆိုထားခဲ့တာလဲ ရှိပါသေးတယ်၊ အဲဒီ လင်္ကာလေးကိုလဲ ဝမ်းမြောက်ဝမ်းသာလေးတွေ ဖြစ်ရအောင် လိုက်ဆို ကြည့်-

-ဝိဟာရကျောင်း၊ တန်ဆောင်းအလှူ၊ ဆောက်လှူသူတို့၊ ကြီးထူ ကဲဝှန်၊ ကျိုးရဟန်ကို၊ ကျမ်းဂန်ထောက်ချင့်၊ နိဒါန်းဖွင့်သော်- - -

(၁)နတ်နှင့်လူဝယ်၊ သန္ဓေတွယ်၍၊

(၂)လိုဖွယ် မဟ၊ ဆောက်ဦးရ၏၊

(၃)မထကြက်သီး၊ ကိုယ်လည်းမလှုပ်၊ ကြောက်ရုပ်မထင်၊ ထိတ်လန့်စင်၏၊

(၄)ခြင်္သေ့သစ်ကျား၊သားရဲများနှင့်၊ ဖမ်းစားကလူ၊ နှိပ်စက်မှုသား၊ ဘေးသူဘုတ်ပြိတ်၊ အဆိပ်ထန်ပြင်း၊ မြွေနှင့်ကင်းက၊ အဆင်း ဖောက်ပြန်၊ ကုမ္ဘန်ရက္ခိုသ်၊ နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ် ရှောင်း၏၊

(၅)မကောင်းအိပ်မက်၊ မမြင်မက်ဘူး၊

(၆)ထင်လျက်သတိ၊ မြဲခိုင်ဘိ၍၊ ဝိပရိဏာ၊ ဖောက်ပြန်စိတ်ရင်း၊-

ရှုံးသွပ်ခြင်းမှ၊ ရှင်းရှင်းလွတ်ချောင်း၊ ကျိုးဆက်ကောင်း၏၊

(၇)နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏကဲပို၊ အရဟတ္တဖိုလ်ဟု၊
ထိုထိုကျေးဇူး၊ လွန်ပြန့်ပြူးသည်၊ ဆောက်ဦးလှူကျိုး -
ခုနစ်တည်း . . .။

ဒီခုနစ်မျိုးဟာ ကျောင်းလှူတဲ့ပုဂ္ဂိုလ်များ ရရှိခံစားနိုင်မဲ့ အကျိုးတွေပဲဖြစ်ပါတယ်၊ အဓိပ္ပါယ်အပြည့်အစုံကိုတော့ အချိန်အခက်အခဲကြောင့် မရှင်းလင်းပြနိုင်တော့ပါဘူး၊ လင်္ကာလေးကိုဆိုရင်းနဲ့ပဲ အာရုံပြုပြီး-ပီတိသောမနဿလေးတွေ ပွားကြရုံပါပဲ။

နိဂုံးစကား

ကျောင်းအလှူနဲ့ပတ်သက်ပြီး အချိန်ရသလောက် ဟောပြောခဲ့ပါပြီ၊ အမတဒါန-လိုခေါ်တဲ့ တရားအလှူကို ပေးလှူခဲ့ပါပြီ၊ ယနေ့ ကျောင်းအလှူရှင်များလဲ ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿတွေ ဖြစ်ကြပါလိမ့်မယ်၊ မိမိတို့ စုဆောင်းထားတဲ့ ပစ္စည်းဝတ္ထုတွေကို ပန်းငွေရုံတောရ ပရိယတ္တိစာသင်တိုက်မှာ လိုအပ်နေတဲ့ ကျောင်းဆောင်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းမယ်-ဆိုပြီး လှူဒါန်းခဲ့တာဖြစ်ပါတယ်။

ကျောင်းတစ်ကျောင်းဖြစ်ဖို့ဆိုတာလဲ အခုခေတ်မှာ မလွယ်လှပါဘူး၊ သိန်းပေါင်းများစွာ အကုန်ကျခံမှ နေသာထိုင်သာရှိတဲ့ ကျောင်းတစ်ကျောင်းဖြစ်နိုင်ပါတယ်၊ ယခုမဏိရတနာကျောင်းကို ဆောက်လုပ်တဲ့အခါ ဆယ်သိန်းကျော်ကုန်ကျခဲ့ပါတယ်၊ ကြိုးစားပမ်းစားနဲ့ သဒ္ဓါစေတနာတွေ ထက်သန်စွာနဲ့ ဆောက်လုပ်လှူဒါန်းခဲ့တာဖြစ်ပါတယ်။

ကျောင်းဆောင်အတွင်းမှာလဲ ဖြည့်ဆည်းပေးထားတဲ့ သေနာသနအသုံးအဆောင်တွေဟာလဲ စုံစုံလင်လင်ရှိလှပါတယ်၊ ကျောင်းတစ်ဆောင်လုံးကိုလဲ ပြုပြင်မွမ်းမံထားလိုက်တာ မြင်ရသူတို့ရဲ့ စက္ခုအာရုံကို ဆွဲဆောင်နိုင်လောက်တဲ့ အထိပါပဲ၊ နေထိုင်ချင်စဖွယ်ဖြစ်အောင် ဖန်တီးပေးထားတာပါ၊ ဒါ ကျောင်းပေါ်မှာ သီတင်းသုံးမဲ့ သံဃာတော်တွေအတွက် ဘုရားရှင်ဟောကြားတဲ့အတိုင်း ဖြည့်ဆည်းပေးထားပါပဲ။

ဘုရားရှင်ဟောကြားတော်မူတဲ့ ကျောင်းအနုမောဒနာ ဒေသနာတော်ကို နာကြားကြရ၍လဲ ဝမ်းမြောက်ဝမ်းသာ ပီတိ သောမနဿတွေ ဖြာဝေကြပါလိမ့်မယ်၊ ထက်သန်တဲ့၊ အားကောင်းတဲ့ စေတနာသဒ္ဓါတရားတွေလဲ ဖြစ်ပေါ်ကြပါလိမ့်မယ်၊ ဒီလို စေတနာသဒ္ဓါတရားတွေ အားကောင်းခဲ့ရင် မိမိတို့ ကြိုးစားအားထုတ်ရတဲ့ ကောင်းမှုရဲ့ အကျိုးပေးတွေလဲ ထက်သန်မှာဖြစ်ပါတယ်။

ယနေ့ ပြုပြုသမျှကုသိုလ်အဖို့ဘာဂတွေကို အားလုံးသော လူနတ်ဗြဟ္မာသတ္တဝါတို့အား အမျှအတန်းပေးဝေလိုက်ကြရအောင်- - -။

# ပိဋကသုံးပုံရေစက်ချဒေသနာ

ယနေ့ယခု ဒါယကာကြီးဦးအောင်သောင်း ဒါယိကာမကြီး ဒေါ်အေးမြင့် အမှူးပြုတဲ့ မိသားစုများ စုပေါင်းပြီးတော့ ပိဋကသုံးပုံ ကျမ်းစာများကို လှူဒါန်းသည့် ဓမ္မသဘင်၌ ဟောကြားအပ်သော ပိဋကတ်တော်များနှင့် စပ်လျဉ်းသည့် ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ တရား . . . .။

ပိဋသုံးပုံဆိုတာ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာတော် တွေကို စုပေါင်းမှတ်တမ်းတင်ထားတဲ့ ကျမ်းစာတွေပဲ ဖြစ်ပါတယ်၊ အဲဒီကျမ်းစာတွေဟာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က (၄၅)ဝါကာလ ပတ်လုံး ဟောကြားတော်မူခဲ့တဲ့ သံသရာမှထွက်မြောက်ကြောင်းတရားဓမ္မ တွေပါပဲ၊ ဒီတရားတော်တွေကို နိကာယ်အားဖြင့် ပြောမယ်ဆိုရင် (၅)မျိုးဖြစ်ပါတယ်၊ ဓမ္မက္ခန္ဓာအားဖြင့် ပြောမယ်ဆိုရင်တော့ ၈၄၀၀၀ (ရှစ်သောင်းလေးထောင်) ဖြစ်ပါတယ်။

## ပိဋကတ်အနှစ်ချုပ်

ဒီလောက်များပြားခဲ့တဲ့ ဗုဒ္ဓရဲ့ ဒေသနာတော်တွေကို အနှစ် ချုပ်လိုက်ရင် သုံးမျိုးသုံးစား ထွက်လာပါတယ်၊ အဲဒီသုံးမျိုးသုံးစားက ဘာတွေလဲဆိုတော့။ ပထမသုံးမျိုးက-(၁)ဘုရားရတနာ (၂)တရားရတနာ (၃)သံဃာရတနာ-ဆိုပြီး ရတနာသုံးပါးထွက်လာပါတယ်။

နောက်ထပ်တစ်မျိုးကြည့်လိုက်အုံးမယ်ဆိုရင်-(၁)သီလသိက္ခာ (၂)သမာဓိသိက္ခာ (၃)ပညာသိက္ခာ--ဆိုပြီး သုံးမျိုးထွက်လာပါတယ်။ နောက်ထပ်သုံးမျိုးအနေနဲ့ ကြည့်လိုက်မယ်ဆိုရင်-(၁)အနိစ္စလက္ခဏာ (၂)ဒုက္ခလက္ခဏာ (၃)အနတ္တလက္ခဏာ -ဆိုပြီး သုံးမျိုးထွက်ပါတယ်။ ဒါကို ကြည့်ပြီးတော့ ရှေးဆရာများက လင်္ကာလေးဖွဲ့ခဲ့ကြပါတယ်၊ အဲဒီလင်္ကာလေးကို လိုက်ဆိုကြည့်ကြ-

သုံးရတနာ၊ သုံးသိက္ခာ၊ သုံးဖြာလက္ခဏာ။

ပိဋကသုံးပုံ၊ အကျဉ်းချုံ၊ သုံးစုံအနှစ်ရ။

ပိဋကသုံးပုံကို အနှစ်ချုပ်လိုက်မယ်ဆိုယင် အခုလို သုံးမျိုးသုံးစား ထွက်ပေါ်လာပါတယ်၊ ပထမသုံးမျိုးကတော့ ရတနာသုံးပါးပါပဲ။

ဘယ်လိုနည်းနဲ့ ရတနာသုံးပါး ဖြစ်ရသလဲဆိုတာ အကျယ်ရှင်းပြ ဖွယ်တော့ လိုမယ်မထင်ပါဘူး၊ ဒီပိဋကသုံးပုံထဲမှာ ပါဝင်နေတဲ့ အချက်အလက်တွေအားလုံးဟာ ရတနာသုံးပါးနဲ့ပတ်သက်တဲ့ အချက် အလက်တွေပါ၊ ရတနာသုံးပါးနဲ့ဆက်စပ်နေတဲ့ အကြောင်းအရာတွေကိုပဲ မှတ်တမ်းတင်ထားတာဖြစ်လို့ ပိဋကသုံးပုံရဲ့အနှစ်ချုပ်ဟာ ရတနာ သုံးပါးလို့ ဆိုရတာဖြစ်ပါတယ်။

နောက်တစ်ခါ၊ အဲဒီပိဋကသုံးပုံကို ရှုထောင့်တစ်မျိုးကနေပြီး အနှစ်ချုပ်ကြည့်လိုက်ပြန်တော့ သိက္ခာသုံးပါးထွက်လာပါတယ်။

ဝိနည်းပိဋကတော်မှာတော့ သီလကျင့်စဉ်, သီလသိက္ခာတွေကို ပြဆိုထားတယ်၊ သုတ္တန်ပိဋကမှာတော့ သမာဓိဆိုင်ရာကျင့်စဉ်, သမာဓိ သိက္ခာတွေကို ပြဆိုထားတယ်၊ အဘိဓမ္မာပိဋကထဲမှာတော့ ပညာကျင့်စဉ်, ပညာသိက္ခာတွေကို ပြဆိုထားပါတယ်။ ဒါကြောင့် ပိဋကသုံးပုံရဲ့ အနှစ်ချုပ်သည် သိက္ခာသုံးပါးပဲဖြစ်တယ်။

နောက်တစ်ခါ၊ ရှုထောင့်တစ်မျိုးကနေကြည့်ပြီး အနှစ်ချုပ် လိုက်ပြန်တော့ လက္ခဏာရေးသုံးပါးသာ တွေ့ရှိရမယ်၊-

ပိဋကသုံးပုံလုံးမှာ ဘာတွေကို ပြထားသလဲဆိုတော့ ရုပ်နာမဓမ္မသင်္ခါရတို့ရဲ မမြဲတဲ့ အနိစ္စလက္ခဏာ, ဆင်းရဲတဲ့ ဒုက္ခလက္ခဏာ, အစိုးမရတဲ့ အနတ္တလက္ခဏာ–ဆိုတဲ့ လက္ခဏာရေးသုံးပါးကို ပြဆိုထားပါတယ်။ ဒီ လက္ခဏာရေးသုံးပါးကို မြင်နိုင်ဖို့အတွက် ပိဋကသုံးပုံကို ဟောကြား ထားခဲ့ခြင်းဖြစ်ပါတယ်။ မြတ်ဗုဒ္ဓဟောကြားတဲ့ ဒေသနာမှန်သမျှဟာ လက္ခဏာရေးသုံးပါးနဲ့လွတ်တဲ့ ဒေသနာဆိုတာ မရှိနိုင်ပါဘူး။

ဗုဒ္ဓါနဉ္စ ဓမ္မဒေသနာ တိလက္ခဏမုတ္တာနာမ နတ္ထိ။ (ဇာ၊ဋ္ဌ၊ပ)

ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ ဓမ္မဒေသနာ စ–ဟောကြားတော်မူအပ်သော ဓမ္မဒေသနာတော်မြတ်သည်လည်း၊ တိလက္ခဏမုတ္တာ နာမ– လက္ခဏာရေးသုံးပါးမှလွတ်သော တရားမည်သည်၊ နတ္ထိ–မရှိနိုင်ပါပေ။

ဒါကြောင့် ပိဋကသုံးပုံသည် လက္ခဏာရေးသုံးပါးတို့ရဲ အနှစ်ချုပ် ပဲဖြစ်တယ်ဆိုတာ မှတ်ကြရမယ်နော်။

## ပိဋကတ်ကျမ်းစာများပေါ်ပေါက်လာခြင်း

ပိဋကတ်တော်များရဲ့ အနှစ်ချုပ်တွေကို သိရှိပြီးတဲ့နောက်၊ ဒီ ပိဋကတ်ကျမ်းစာတွေဟာ ကျမ်းစာအဖြစ်နဲ့ ဘယ်အချိန်ကနေ စတင် ပေါ်ပေါက်လာခဲ့သလဲဆိုတာ သိထားဖို့ကောင်းလှတယ်၊ ဘယ်က စခဲ့ သလဲဆိုရင် သံဂါယနာတင်မှုက စခဲ့တယ်လို့ပဲ မှတ်ယူသင့်ပါတယ်။

ဘာလို့လဲဆိုတော့ သံဂါယနာဆိုတာ အများသဘောတူညီချက်နဲ့ စုပေါင်းမှတ်တမ်းတင်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်၊ ဘုရားဟောဒေသနာ တော်တွေကို ကျမ်းစာအဖြစ်မှတ်တမ်းတင်မယ်–ဆိုပြီး အများသဘောတူ ဆုံးဖြတ်ပြီးမှ, တရားဝင်အသိမှတ်ပြုပြီးမှ "သမိုင်း စတယ်" လို့ ဆိုရမှာ ဖြစ်လို့ပါပဲ။

ဒါကြောင့် ဒီနေရာမှာ သံဃာယနာတင်မှုတွေကို စိစစ်ကြည့်ဖို့ လိုလာတဲ့အတွက် သံဂါယနာအကြောင်းအရာလေးတွေကို အတိုချုပ် အနေနဲ့ ကြည့်ကြရအောင်–။

**သံဂါယနာတင်ခြင်း**

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာ သံဃာတော်အရှင်မြတ်များဟာ ဘုရားရှင်ဟောကြားခဲ့တဲ့ ဒေသနာတော်တွေ မပျောက်ကွယ်ရအောင်ဆိုပြီး သံဂါယနာတွေ အထပ်ထပ်တင်ပြီးတော့ စောင့်ရှောက်ထိန်းသိမ်းခဲ့ကြပါတယ်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြီးလို့ လေးလအကြာမှာ အရှင်မဟာကဿပမထေရ်အမှူးပြုတဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ ဦးဆောင်ပြီး ပထမဦးဆုံးသံဂါယနာကို တင်ခဲ့ကြပါတယ်။

နောက်တစ်ခါ၊ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးလို့ နှစ်ပေါင်း(၁၀၀)-ရောက်တဲ့အခါမှာတော့ ဝေသာလီတိုင်းသား ရဟန်းတွေ ဝိနည်းတော်နဲ့ မညီတဲ့အကျင့်တွေကို ကျင့်ဖို့လုပ်လာကြတယ်၊ အဲဒါကို အကြောင်းပြုပြီးတော့ ဒုတိယအကြိမ် အရှင်ယသမထေရ်မြတ် အမှူးပြုတဲ့ ရဟန္တာခုနစ်ရာတို့ စုပေါင်းပြီးတော့ သံဂါယနာတင်ကြပြန်ပါတယ်။

နောက်တစ်တခါ၊ သာသနာတော် ၂၃၅-ခုနှစ်ရောက်လာပြန်တော့ သီရိဓမ္မာသောကမင်းကြီးလက်ထက်မှာ ဗြဟ္မဏဝါဒတွေ ဗုဒ္ဓဝါဒနဲ့ ရောထွေးအောင် ပြုလုပ်လာကြပြန်လို့ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးပြုတဲ့ ရဟန္တာအရှင်မြတ်များ ဦးစီးပြီး တတိယအကြိမ်သံဂါယနာတင်ကြရပြန်ပါတယ်။

အဲဒီလို သံဂါယနာ သုံးကြိမ်တင်ကြတဲ့နေရာမှာ ဗုဒ္ဓဘုရားရှင်ရဲ့ ဒေသနာတော်တွေကို နှုတ်တက်ရွက်ဖတ်ပြီးတော့ပဲ သံဂါယနာတင်ခဲ့ကြတာပါ။

တတိယသံဂါယနာတင်ပြီးတဲ့နောက် စတုတ္ထသံဂါယနာတင်တဲ့အခါမှာတော့ ပိဋကတ်တော်တွေကို ပေရွက်ပေါ်မှာရေးမှတ်ပြီး သံဂါယနာတင်ခဲ့ကြပါတယ်၊ အဲဒီ စတုတ္ထသံဂါယနာကို သာသနာတော် ၄၅၀-ခုနှစ်အရောက် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်မှာ အရှင်မဟာဓမ္မရက္ခိတမထေရ်အမှူးပြုတဲ့ သံဃာတော်အရှင်မြတ်တို့ ဦးဆောင်-

တင်ခဲ့ကြတာပဲဖြစ်ပါတယ်။

ဒါကြောင့် ပေရွက်ပေါ်မှာ ပိဋကတ်တော်တွေကို ရေးမှတ်ပြီး သံဂါယနာတင်ခဲ့တဲ့ သာသနာနှစ် ၄၅၀–ခုနှစ်က စပြီးတော့ ပိဋက သုံးပုံ–ဆိုပြီး ကျမ်းစာအဖြစ် ပေါ်ထွက်လာခဲ့တယ်လို့ မှတ်ကြ ရမယ်။

အဲဒီနောက် ပဉ္စမသံဂါယနာကို မင်းတုံးမင်းလက်ထက် သာသနာ ၂၄၁၅–ခုနှစ်အရောက် မန္တလေးမြို့မှာ တင်ခဲ့ကြပါတယ်၊ အဲဒီပဉ္စမ သံဂါယနာတင်တဲ့အခါမှာတော့ ပိဋကတ်တော်တွေကို ကျောက်ထက် အက္ခရာရေးထိုးပြီး တင်ခဲ့ကြပါတယ်။

ဆဋ္ဌသံဂါယနာကိုတော့ သိပြီးဖြစ်ကြတဲ့အတိုင်း ရန်ကုန်မြို့ ကမ္ဘာအေးမှာတင်ခဲ့ကြတယ်၊ အဲဒီ ဆဋ္ဌသံဂါယနာတင်တဲ့ အခါကျတော့ ခေတ်မီနေပြီဖြစ်လို့ ပိဋကတ်တော်တွေကို စက္ကူပေါ်မှာ စက်နဲ့ပုံနှိပ်ပြီးတော့ သံဂါယနာတင်ခဲ့ကြတယ်။

အခုပြောခဲ့တာတွေဟာ ပိဋကတ်ကျမ်းစာအုပ်တွေအဖြစ် ပေါ်ထွက် လာခဲ့တဲ့ သမိုင်းအကျဉ်းချုပ်ကလေးပါပဲ၊ မှတ်သားဖွယ်ရာလဲ ကောင်းလှ ပါတယ်၊ ဗုဒ္ဓဘာသာဝင်တိုင်း သိထားသင့်တဲ့ အချက်လေးတွေပါပဲ၊ ဒီအချက်တွေကို မသိကြသူတွေက အလွန်များပါတယ်၊ ခေတ်ကာလတွေ ကြာညောင်းရွေ့လျောလာတာနဲ့အမျှ မိမိတို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ သိသင့်တာတွေဟာ တဖြည်းဖြည်း တိမ်ကောလာတယ်၊ ဒီလိုမျိုးအခြေအနေမှာ ယနေ့ တရားနာပရိတ်သတ်အနေနဲ့ သတိပြုထိန်း သိမ်းကြဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် ဘုန်းကြီးအနေနဲ့ ထည့်သွင်း ပြောကြားပေးနေတာ ဖြစ်ပါတယ်။

ဓမ္မဒါနပြုရာရောက်

စောစောကပြောခဲ့သလို သာသနာတော်မြတ်ကြီး အရှည်တည် တံ့ဖို့အတွက် သံဃာတော်အရှင်မြတ်တွေဟာ သံဂါယနာတင်မှုတွေနဲ့ အားဖြည့်ပေးခဲ့ကြပါတယ်။ –

ယနေ့ ပိဋကသုံးပုံလှူဒါန်းတဲ့ အလှူရှင်များသည်လဲ မိမိတို့ရဲ့ ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့ရေးအတွက် အထောက်ကူ ဖြစ်ပါစေ–ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပိဋကသုံးပုံကျမ်းစာအုပ်တွေကို လှူဒါန်းကြတာပဲ ဖြစ်ပါတယ်။

ဧတဒဂ္ဂံ ဘိက္ခဝေ ဒွိန္နံ အနုဂ္ဂဟာနံ ယဒိဒံ ဓမ္မာနုဂ္ဂဟော။

ဘိက္ခဝေ–ရဟန်းတော်များ အိုချစ်သားတို့၊ ဒွိန္နံ အနုဂ္ဂဟာနံ ချီးမြှောက်မ,စ အနုဂ္ဂဟကုသိုလ်နှစ်မျိုးတို့တွင်၊ ယဒိဒံ ယော ဓမ္မာနုဂ္ဂဟော–တရားတော်ဖြင့် မြှောက်ကော်မ,စ အကြင်ဓမ္မာနုဂ္ဂဟသည်၊ အတ္ထိ–ရှိပါပေ၏၊ ဧတံ သော–ဤဓမ္မာနုဂ္ဂဟသည်၊ အဂ္ဂံ အဂ္ဂေါ– အမြတ်ဆုံးပင် ဖြစ်ပါပေတော့သတည်း. . . .။

ပိဋကသုံးပုံကို လှူဒါန်းခြင်းသည် ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့ဖို့အရေး အထောက်အပံ့ပေးရာရောက်တယ်၊ ဗုဒ္ဓသာသနာ တော်မြတ်ကြီးကို ချီးမြှောက်ထောက်ပံ့ရာရောက်နေပါတယ်။ ဒါကြောင့်မို့– အာမိသအနုဂ္ဂဟ–အာမိသဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း၊ ဓမ္မာနုဂ္ဂဟ– တရားဖြင့်ချီးမြှောက်ခြင်း–ဆိုတဲ့ ချီးမြှောက်ခြင်းနှစ်မျိုးထဲမှာ ဓမ္မနဲ့ ချီးမြှောက်မှုက အမြတ်ဆုံးချီးမြှောက်မှုပဲ–လို့ ဟောကြားတော်မူ ခြင်းဖြစ်ပါတယ်။

ပိဋကသုံးပုံကို လှူဒါန်းတဲ့အခါ ပိဋကသုံးပုံထဲမှာ ပါဝင်နေတဲ့ ဗုဒ္ဓရဲ့ ဓမ္မတွေကိုလဲ ပေးလှူရာရောက်လို့ တရားအလှူကိုလဲ ပေးလှူရာရောက် သွားပါတော့တယ်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗဒါနံ–အလုံးစုံသော အလှူဟူသမျှကို၊ ဓမ္မဒါနံ–တရားအလှူ ဖြူစင်စွာလှူ,ဓမ္မဒါနသည်၊ ဇိနာတိ–သာလွန်အောင်နိုင်လေ၏။

အလှူမျိုးမျိုးရှိသည့်အနက် တရားအလှူဟာ သာလွန်တယ်၊ တရားအလှူဟာ အလှူအားလုံးကို အောင်နိုင်တဲ့ အလှူပဲဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မိမိတို့လှူဒါန်းလိုက်တဲ့ ပိဋကတ်တော်တွေအထဲမှာ စောစောကပြောခဲ့တဲ့ သီလ,သမာဓိ,ပညာ–ဆိုတဲ့ သိက္ခာကျင့်စဉ်တွေပါဝင်နေပါတယ်၊ ဒီသိက္ခာကျင့်စဉ်တွေကို လှူရာရောက်သွားလို့ပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဓမ္မဒါနသည် အမြတ်ဆုံးဒါနဖြစ်တယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ဟောကြားတော်မူခြင်းပဲ ဖြစ်ပါတယ်။

ကျေးဇူးများတဲ့ အလှူ

ပိဋကတ်တော်တွေကို လှူဒါန်းတဲ့အတွက် ဟောဒီ ပိဋကတ်တော်တွေကို သံဃာတော်အရှင်မြတ်တွေ ကြည့်ရှုလေ့လာကြမယ်၊ သင်အံပို့ချကြမယ်၊ ဒီလိုလေ့လာ ပို့ချပြီးတော့ ပိဋကတ်တော်တွေမှာ ပါရှိတဲ့ကျင့်စဉ်တွေအတိုင်း ကျင့်ကြံအားထုတ်ကြမယ်၊ ဒါယကာ ဒါယိကာမများကိုလဲ ဟောကြားပြသဆိုဆုံးမကြမယ်။ ဓမ္မအသိဉာဏ်တွေ–ဖြန့်ဝေပေးကြမယ်။ ယခုလို ဘုန်းကြီးကိုယ်တိုင် တရားဓမ္မတွေကို ဟောကြားပေးနိုင်တာဟာ ဒီဟောကြားပေးနိုင်တဲ့ အသိဉာဏ်ပညာတွေကို ဘယ်က ရသလဲဆိုတော့၊ ပိဋကတ်တော်တွေထဲကပဲ ရတာဖြစ်ပါတယ်။ ဒါဟာ ပိဋကတ်ကျမ်းစာများရဲ့ ကျေးဇူးတွေပဲဖြစ်ပါတယ်။

သာသနာပြုကုသိုလ်မျိုးဖြစ်

ပိဋကတ်တော်တွေမရှိဘူး၊ ပိဋကတ်တော်တွေကို မလေ့လာမဆည်းပူးနိုင်ဘူး–ဆိုရင် သာသနာတော်မြတ်ကြီးလဲ အရှည်တည်တံ့နိုင်လိမ့်မယ်မဟုတ်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ သာသနာတော်ကွယ်ရခြင်းအကြောင်းတွေထဲမှာ စာပေကျမ်းဂန်တွေကို မသင်အံခြင်း–စတဲ့ အကြောင်းတစ်မျိုး ပါဝင်နေလို့ပါပဲ။

တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊

သိအောင်မပြု၊ ဓမ္မာနုဓမ္မ၊ ပဋိပတ်ကွာ၊ ဤငါးဖြာသည်၊

ဘုရားသာသနာကွယ်ကြောင်းတည်း။

သာသနာကွယ်ခြင်းအကြောင်းငါးမျိုးထဲမှာ စာပေကျမ်းဂန်တွေကို

မသင်ကြားခြင်း၊ နှုတ်တက်ရွရွမဆောင်ထားခြင်း၊ ဓမ္မရဲ့ အကြောင်းအရာ၊ ဓမ္မရဲ့ သဘောသဘာဝတွေကို သိရှိအောင် အားမထုတ်ခြင်း-ဆိုတာတွေ ပါဝင်နေတယ်၊ ဒီအချက်တွေဟာ ဘာနဲ့ဆက်စပ်နေသလဲ၊ ပိဋကတ်ကျမ်းစာတွေနဲ့ ဆက်စပ်နေတဲ့ အချက်တွေပဲဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။

ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် သာသနာတော်မြတ်ကြီး အရှည်တည်တံ့ဖို့အရေးမှာ ဒီပိဋကတ်တော်တွေဟာ တစ်ဖက်တစ်လမ်းက အထောက်ကူပေးနေတယ်ဆိုတာ ထင်ရှားပါတယ်၊ ဒါကြောင့် ပိဋကတ်ကျမ်းစာတွေကို လျှဒါန်းခြင်းသည် သာသနာတော်ကြီးကို အထောက်အပံ့ပေးရာရောက်နေလို့ လှူဒါန်းသူများအနေဖြင့် သာသနာပြုကုသိုလ်-တစ်မျိုးကို ဆည်းပူးရာရောက်နေပါတယ်။

ပရိယတ္တိသာသနာ

တစ်ဆင့် ကြည့်လိုက်အုံးမယ်ဆိုရင်၊ စာပေသင်ကြားခြင်း၊ နှုတ်တက်ဆောင်ခြင်း-ဆိုတာတွေဟာ သာသနာသုံးရပ်ရှိသည့်အနက် ပရိယတ္တိသာသနာတော်ကြီးနဲ့ ပတ်သက်နေပါတယ်၊ ပရိယတ္တိသာသနာဆိုတာ သာသနာသုံးရပ်ထဲမှာ ရေသောက်မြစ်နဲ့တူတဲ့ သာသနာပဲဖြစ်ပါတယ်။

သစ်ပင်တစ်ပင်မှာ ရေသောက်မြစ်သည် အဓိကအကျဆုံးပဲဖြစ်ပါတယ်၊ ရေသောက်မြစ်မှ မတည်ရင် ဒီသစ်ပင်ကြီးဟာ ဘယ်နည်းနဲ့မှ ရှင်သန်နိုင်တော့မှာ မဟုတ်ပါဘူး၊ ပရိယတ္တိသာသနာဆိုတာလဲ ရေသောက်မြစ်ပမာ သာသနာတည်ဖို့အတွက် အရေးပါလှပါတယ်၊ သာသနာတော်ကြီးတစ်ရပ်လုံး စည်ပင်ပြန့်ပွားရေးအတွက် အဓိကလဖြစ်နေတယ်။

ပရိယတ္တိဝန်ဆောင်ဖြစ်တဲ့ ရဟန်းတော်များဟာ ဒီ ပရိယတ္တိအလုပ်ကိုမှ မလုပ်နိုင်ကြရင် သစ်ပင်ကြီးနဲ့တူတဲ့ သာသနာတော်ကြီးလဲ စည်ပင်တော့မှာ မဟုတ်ဘူး၊ သာသနာတော် မစည်ပင်ဘဲဖြစ်ခဲ့ရင် အသီးအပွင့်နဲ့တူတဲ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တွေကိုလဲ ဆွတ်ယူသုံးစားနိုင်တော့မှာ

မဟုတ်ဘူး-တဲ့။

ပရိယတ္တိသာသနာတော်ကြီး မတည်တံ့တော့ရင် ပရိယတ္တိကို အခြေခံထားရတဲ့ ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ-ဆိုတာတွေလဲ ရပ်တည်နိုင်ကြတော့မှာမဟုတ်လို့ ပရိယတ္တိသာသနာနှင့်အတူ ကွယ်ကုန်တော့ပဲမှာ ဖြစ်ပါတယ်။ ဒါကြောင့်-

သာသနဋ္ဌိတိယာ ပရိယတ္တိပမာဏံ။ (ပါထိက၊ ၄)

သာသနဋ္ဌိတိယာ-သာသနာတော်မြတ်ကြီးတည်တံ့ဖို့အရေးသည်၊ ပရိယတ္တိပမာဏံ-ပရိယတ္တိသာသနာသည် ပဓာနဖြစ်ပါပေ၏၊

ပရိယတ္တိသာသနာသည် သာသနာသုံးရပ်လုံးရဲ့ အခြေခံအကျဆုံး သာသနာပဲ ဖြစ်ပါတယ်၊ ဒီ ပရိယတ္တိသာသနာတည်ရှိနေခြင်းသည် သာသနာတည်နေခြင်းဖြစ်တယ်။

ပရိယတ္တိသဒ္ဓမ္မော နာမ တိဝိဓမ္ပိ သဒ္ဓမ္မံ ပတိဋ္ဌာပေတိ။ (သာရတ္ထ)

ပရိယတ္တိသဒ္ဓမ္မော နာမ-ပရိယတ္တိသဒ္ဓမ္မမည်သည်၊ တိဝိဓမ္ပိ သဒ္ဓမ္မံ-သဒ္ဓမ္မသုံးပါးလုံးကိုလည်း၊ ပတိဋ္ဌာပေတိ-တည်တံ့စေ၏။

ပရိယတ္တိသဒ္ဓမ္မဆိုတာ သဒ္ဓမ္မသုံးပါးလုံးကို တည်တံ့စေတဲ့ သဒ္ဓမ္မပဲ ဖြစ်ပါတယ်။ ပရိယတ္တိသဒ္ဓမ္မသာ မတည်တော့ရင် သာသနာတော်လဲ တည်နေနိုင်မှာ မဟုတ်ပါဘူး။ သာသနာကွယ်တယ်ဆိုတဲ့နေရာမှာ အဓိကကျတဲ့ ပရိယတ္တိသာသနာက စတင်ကွယ်တာပဲ ဖြစ်ပါတယ်။ ပရိယတ္တိသာသနာကွယ်ပြီးရင် ပဋိပတ္တိသာသနာလိုက်ကွယ်မယ်၊ ပဋိပတ္တိသာသနာကွယ်ရင် ပဋိဝေဓသာသနာဆိုတဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်သာသနာလဲ ကွယ်ပါပြီ။ ဒါကြောင့် သာသနာတော်ကြီး အရှည်တည်တံ့ဖို့အရေးမှာ ပရိယတ္တိသည် သိပ်အရေးကြီးနေပါတယ်။

## ပရိယတ္တိသာသနာ မကွယ်အောင်

ယနေ့ဗာလူ့ရှင်များအနေနဲ့ ပိဋကသုံးပုံကို လှူဒါန်းတာဟာ-

အခြေခံကျတဲ့ ပရိယတ္တိသာသနာတော်ကို အထောက်အကူပေးလိုက်တာပါ။ ဒီပိဋကသုံးပုံကို ကြည့်ရှုလေ့လာပြီး သင်အံလေ့ကျက်ခြင်း၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်ခြင်း-စသည်တွေကို ပြုလုပ်ကြမယ်။ ဒီလို ပြုလုပ်ကြခြင်းဟာ သာသနာမကွယ်အောင် ဆောင်ရွက်နေတာဖြစ်တယ်။ သာသနာပြုလုပ်ငန်းတွေကို လုပ်ကိုင်နေတာဖြစ်ပါတယ်။ သာသနာပြု-ဆိုတာ ဒါမျိုးကိုပြောတာပါပဲ။

သာသနာကွယ်ခြင်းအကြောင်း ငါးမျိုးထဲမှာ ပိဋကတ်ကျမ်းစာတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့အချက်တွေ ပါဝင်နေတာဖြစ်လို့ ပိဋကတ်ကျမ်းစာတွေမှမရှိရင် သင်အံလေ့ကျက်ခြင်း၊ နှုတ်တွင်ဆောင်ထားခြင်း-ဆိုတဲ့ အလုပ်တွေကို ဘယ်နည်းနဲ့မှ လုပ်ကိုင်လို့ မဖြစ်နိုင်ပါဘူး၊ ဒီသာသနာပြုလုပ်ငန်းတွေကိုမှ မလုပ်ကိုင်နိုင်ကြတော့ဘူးဆိုရင် ပရိယတ္တိသာသနာလဲ တည်တံ့နိုင်တော့မှာ မဟုတ်ပါဘူး။ ရှေ့နောက်ဆင့်ဆင့်ပြီး ကွယ်ပျောက်ကုန်တော့မှာ ဖြစ်ပါတယ်။

ပိဋကတ်ကျမ်းစာတွေကိုမှ သင်ယူလေ့ကျက်ခြင်း-စသည်တွေ မလုပ်ကြဘူးဆိုရင် ကျင့်ကြံကြိုးကုတ်အားထုတ်မှုတွေလဲ ပြုလုပ်နိုင်ကြမှာ မဟုတ်တော့ပါဘူး၊ အကျင့်မရှိရင် ကျင့်မှသိမြင်နိုင်တဲ့ နိဗ္ဗာန်ဆိုတဲ့ အရသာကိုလဲ ခံစားနိုင်ကြမှာ မဟုတ်တော့ဘူး၊ ဒီလိုဆက်စပ်နေပါတယ်။

သင်ယူကျင့်ကြံ၊ ထိုးထွင်းဉာဏ်၊ သုံးတန်သာသနာ။
သင်မှကျင့်နိုင်၊ အသိပိုင်၊ ရောက်နိုင်နိဗ္ဗူတာ။

ဒါကြောင့် ယနေ့ ပိဋကသုံးပုံကျမ်းစာတွေကို လှူဒါန်းခြင်းဟာ သာသနာပြုနိုင်အောင်၊ သာသနာပြုအလုပ်တွေကို လုပ်ကိုင်နိုင်အောင် အထောက်အပံ့ပေးခြင်းဖြစ်လို့ မိမိတို့သည် သာသနာပြုကုသိုလ်တစ်မျိုးကို ပြုလုပ်ကြတာပဲဖြစ်တယ်။

စောစောကပြောခဲ့တဲ့ သိက္ခာသုံးရပ်ကို ပေးလှူရာလဲရောက်နေပါတယ်။ ပိဋကသုံးပုံကို လေ့လာ၊ သင်အံတဲ့ သံဃာတော်အရှင်မြတ်တွေ သိက္ခာသုံးပါးကို ဖြည့်ကျင့်နိုင်ပြီး မိမိတို့ကိုလဲ ဒါန၊ သီလ၊ ဘာဝနာ

စတဲ့ ကောင်းမှုတွေကို စနစ်တကျ ပြုလုပ်တတ်အောင်, ကျင့်ကြံနိုင်အောင် သံဃာတော်အရှင်မြတ်တွေက ဒီ ပိဋကတ်တော်တွေအထဲက ထုတ်နုတ်ပြီးတော့ ဘုရားရှင်ဟောကြားတော်မူတဲ့အတိုင်း ဟောကြားပြသ,ဆိုဆုံးမမှာ ဖြစ်လို့ မိမိတို့လဲ မဂ်,ဖိုလ်,နိဗ္ဗာန်တွေကို မျက်မှောက်ပြုနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါ ပိဋကတ်တော်များရဲ့ ကျေးဇူးတွေပါပဲ။ ဒီလို ကျေးဇူးတရားတွေရှိနေတာကို မြင်တွေ့တော်မူလို့ ဘုရားရှင်ကလဲ မိမိပရိနိဗ္ဗာန်စံပြီးနောက်ပိုင်း မိမိနှင့် ကြုံကြိုက်ခွင့်မရတဲ့ ဝေနေယျသတ္တဝါတွေအတွက် ရည်ရွယ်ပြီးတော့ ပိဋကတ်တော်တွေကို ထားရစ်ခဲ့တာပဲ ဖြစ်ပါတယ်။

ဆရာအဖြစ်ထားခဲ့ခြင်းဖြစ်

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။ (သီ၊ ၄)

အာနန္ဒ-ချစ်သားအာနန္ဒာ၊ မယာ-ငါဘုရားသည်၊ ဝေါ-သင်ချစ်သားတို့အား၊ ဓမ္မော စ-သုတ်,အဘိဓမ္မာကိုလည်းကောင်း၊ ဝိနယော စ-ဝိနည်းတော်ကိုလည်းကောင်း၊ ဒေသိတော-ဟောတော်မူအပ်ပြီ၊ ပညတ္တော-ပညတ်တော်မူအပ်ပြီ၊ သော-ထိုသုတ္တန်,ဝိနည်း, အဘိဓမ္မာဟူသော ပိဋကသုံးပုံသည်၊ မမစ္စယေန-ငါဘုရား ပရိနိဗ္ဗာန်စံသဖြင့်၊ ဝါ-ငါဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက်၊ ဝေါ-သင်တို့၏၊ သတ္ထာ-ဆရာသည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့။

ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးတဲ့အခါ ဟောဒီ ပိဋကတ်တော်တွေဟာ သင်တို့ရဲ့ ဆရာဖြစ်နေပါလိမ့်မယ်-လို့ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ကိုယ်တော်တိုင် မှာထားခဲ့တဲ့ စကားတော်ပဲ ဖြစ်ပါတယ်။ ဒီစကားတော်ဟာ သိပ်အရေးကြီးတဲ့ စကားတော်ပဲ ဖြစ်ပါတယ်၊ ဒီစကားတော်ကို သတိပြုလိုက်နာကြမှသာ ဘုရားရှင်ရဲ့ သာသနာတော်ကြီး အရှည်တည်တံ့နိုင်လိမ့်မယ်။

တနေ့လဲ ပိဋကသုံးပုံကို လှူဒါန်းကြတာဟာ ဘုရားရှင်ရဲ့-

သာသနာတော်ကြီးအရှည်တည်တံ့ဖို့အတွက် ရည်ရွယ်ပြီးလျှဒါန်းတာဖြစ်လို့ ဘုရားရှင်ရဲ့ စကားတော်ကို လိုက်နာဖြည့်ဆည်းကြတယ်လို့ပဲ ဆိုချင်ပါတယ်၊ ဒီလို ထောက်ပံ့ပေးကြမှသာ သာသနာတော်ကြီးဆက်လက်တည်တံ့နိုင်မယ်၊ ယခုလို သာသနာတော်ကြီး အရှည်တည်တံ့အောင် ဆရာဒကာတွေ မိမိတာဝန်ကို မိမိကျေပွန်အောင် ထမ်းဆောင်ခဲ့ကြလို့ ဒီကနေ့အထိ သာသနာကြီး တည်တံ့နေတာပဲ ဖြစ်ပါတယ်၊ ဆရာဒကာတွေ မညီညွတ်ဘဲ ပေါ့ပေါ့တန်တန်နေခဲ့ကြ၊ နေနေကြမယ်ဆိုရင် သာသနာတည်ဖို့ မဖြစ်နိုင်ပါဘူး။

## သီဟိုဠ်ကျွန်းက အဖြစ်အပျက်လေးတစ်ခု

ပိဋကတ်ကျမ်းစာဆိုတာ ပရိယတ္တိသာသနာအတွက် အထောက်ကူပြုပစ္စည်းတစ်မျိုးပါပဲ၊ စောစောက ပြောခဲ့သလို ပိဋကတ်ကျမ်းစာတွေသာ မရှိရင် သံဃာတော်တွေ အခက်အခဲအများကြီး ဖြစ်နိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တစ်ချိန်က ရဟန်းတော်များကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုကို ပြောပြပါ့မယ်။

တစ်ချိန်က သီဟိုဠ်ကျွန်းမှာ စဏ္ဍာလတိဿသူပုန်ဘေးကြီးကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်နေခဲ့တယ်၊ ပြည်သူလူထုဟာလဲ ကျီးပေနေ့စားစား ဆိုတာလိုဖြစ်နေကြတယ်၊ ဒါယကာ ဒါယိကာမများ အခက်အခဲနဲ့ တွေ့နေချိန်ဖြစ်လို့ ရဟန်းတော်တွေကိုလဲ အာရုံမစိုက်နိုင် ဖြစ်နေပါတယ်။

ဒီအခါမှာ သံဃာတော်အရှင်မြတ်တွေဟာလဲ ဆင်းရဲဒုက္ခတွေ ရောက်ကြရတော့တာပဲ၊ ဒါယကာတွေကို အမှီပြုပြီးမှ သာသနာပြုလို့ ဖြစ်တာဆိုတော့ ဒါယကာတွေ ဒုက္ခဖြစ်ရင် သံဃာတော်တွေလဲ ဒုက္ခဖြစ်ကြရပါတယ်။ ဆက်နွယ်နေပါတယ်။

အဲဒီလိုဘေးဆိုက်နေတဲ့အချိန်မှာ မိုးခေါင်ရေရှားကလဲဖြစ်လိုက်ပါသေးတယ်၊ ဒါကြောင့် သံဃာတော်အရှင်မြတ်တွေဟာ ဘယ်လိုမှရပ်တည်လို့မဖြစ်ကြတော့ဘူး။

ဒါကြောင့် သံဃာတော်တွေဟာ သီဟိုဠ်ကျွန်းကို စွန့်ခွာပြီး ဣန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ကြတော့တယ်။

ဣန္ဒိယကို မပြောင်းရွှေ့ဘဲ ကျန်ရစ်ခဲ့တဲ့ သံဃာတော်(၆၀) ရှိနေခဲ့တယ်၊ မိခင်ဖြစ်တဲ့ သီဟိုဠ်ကျွန်းမှာ သာသနာပြုအလုပ်တွေကို လုပ်ကိုင်နိုင်အောင်ဆိုပြီးတော့ နေရစ်ခဲ့ကြတာဖြစ်ပါတယ်၊ သာသနာ မကွယ်အောင်ဆိုပြီးတော့ အငတ်ငတ်၊အပြတ်ပြတ်နဲ့ နေထိုင်ကာ ပရိယတ္တိဓမ္မက္ခန္ဓာတွေ မပျောက်ကွယ်အောင် ဖြစ်သလို နေထိုင်ပြီး သင်အံလေ့ကျက်နေကြရတယ်။

အဲဒီအချိန်က ယခုလို ပိဋကတ်ကျမ်းစာတွေက မရှိသေးဘူး၊ နှုတ်တက်အာဂုံဆောင်တဲ့ ခေတ်ပဲရှိသေးတယ်။ သူ့ပုံဘေးကြီးကလဲ မငြိမ်းနိုင်သေးဘူး၊ ကြာလာတော့ ဆန်စပါးတွေက ရှားပါးလာတယ်၊ သံဃာတော်(၆၀)ဟာလဲ ဆွမ်းဘောဇဉ်မမျှမတဖြစ်နေကြတယ်၊ တစ်ဖြည်း ဖြည်းကြပ်တည်းလာလိုက်တာ နောက်တော့ ဆွမ်းခံလို့တောင် မရတော့ ပါဘူး–တဲ့။

အဲဒီအခါမှာ တောထဲမှာရှိတဲ့ သစ်ရွက်၊သစ်သီး၊သစ်ဥတွေကို ရှာဖွေစားသောက်နေကြရတော့တယ်၊ ခန္ဓာကိုယ်ဟာလဲ အစာငတ်မှု ဒဏ်ကြောင့် အားအင်တွေ ကုန်ခန်းလာတော့တယ်၊ တစ်ခါတစ်ရံ ထိုင်လို့ တောင် မရတော့တဲ့အထိဖြစ်လာတဲ့အခါ လျောင်းစက်ပြီးတော့ နေကြရ ပါတယ်၊ ဒီလောက်အထိ ပင်ပန်းဆင်းရဲမှုဒဏ်ကို ခံနေကြရပေမဲ့ ပိဋကတ်တော်တွေကိုတော့ နေ့စဉ်ရွတ်အံသရဇ္ဈာယ်ပြီး ထိန်းသိမ်းနေကြ ပါတယ်။

အစာဆာလောင်မွတ်သိပ်လို့ ဝမ်းထဲမှာ လေပူတွေထတဲ့အခါ သဲတွေကို ဝမ်းဗိုက်အောက်မှာစုပြီးတော့ ဝမ်းပူသက်သာအောင်လုပ်ရင်း ပိဋကတ်တော်တွေကို ရွတ်အံသရဇ္ဈာယ်ကြတယ်–တဲ့။

## သာသနာ့အာဇာနည်တွေ

ပိဋကတ်ကျမ်းစာတွေ မရှိတဲ့ခေတ်နော်၊ သံဃာတော် အရှင်မြတ်–

တွေ ဘယ်လောက်အထိ အသက်စွန့်ပြီး ကျိုးပမ်းခဲ့ရသလဲဆိုတာ ကြည့်ကြ ပေတော့။ ဒါ ပိဋကတ်ကျမ်းစာတွေမရှိလို့ ဒီလောက်အထိ ဆင်းရဲဒုက္ခခံပြီး ထိန်းသိမ်းနေကြရတာ ဖြစ်ပါတယ်။

ပိဋကတ်ကျမ်းစာတွေ စာရွက်,ပေရွက်တွေအပေါ်မှာ မရေးမှတ်ထားခင်က သံဃာတော်အရှင်မြတ်တွေဟာ အခုလို ဆင်းရဲဒုက္ခခံ, အသက်စွန့်ခံပြီး ပရိယတ္တိသာသနာတော်ကြီး မကွယ်ပျောက်အောင် ထိန်းသိမ်းတော်မူခဲ့ရပါတယ်၊ ဒီသံဃာတော်အရှင်မြတ်တွေ ယခုလိုသာ မထိန်းသိမ်းခဲ့ကြဘူးဆိုရင် ယနေ့ ပိဋကသုံးပုံဆိုတာ ရှိလာမှာမဟုတ်ဘူး။

ပိဋကတ်တော်တွေမရှိရင် ဘုရားရှင်သာသနာလဲ ရှိမှာမဟုတ်ပါဘူး၊ ဒါကြောင့် သာသနာတော်တည်တံ့ရေးမှာ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူကြတဲ့ ခေတ်အဆက်ဆက်က သံဃာတော်အရှင်မြတ်တွေ, သာသနာ့အာဇာနည် အရှင်မြတ်တွေကို သိပ်ပြီးကျေးဇူးတင်ဖို့ ကောင်းလှတယ်၊ သိပ်ပြီး ကျေးဇူးတွေ ပေးဆပ်ကြဖို့ ကောင်းလှပါတယ်။ ဒီလောက်အထိ ပင်ပန်းဆင်းရဲစွာနဲ့ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို အရှည်တည်တံ့အောင် သယ်ဆောင်လာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေဟာ တကယ့်သာသနာ့ အာဇာနည်တွေဖြစ်ကြပါတယ်။ ဒီ သာသနာ့အာဇာနည်တွေရဲ့ ကျေးဇူးတော်တွေကြောင့် ယနေ့ခေတ်မှာ ပိဋကသုံးပုံဆိုတာ အထင်အရှား ရှိနေသလို သာသနာတော်ကြီးလဲ မမှေးမမှိန် တည်ရှိနေတာပဲ ဖြစ်ပါတယ်။

ဘယ်သူ့ပဓာနလဲ

အဲဒီလို ပင်ပန်းဆင်းရဲမှုဒဏ်ကို သီဟိုဠ်ကျွန်းက သံဃာတော်အပါး(၆၀)ဟာ သူပုန်ဘေးကြီးမငြိမ်းမီ နှစ်ပေါင်း ၁၂-နှစ်အထိကြာအောင် ခံခဲ့ကြရတယ်၊ ၁၂-နှစ်ပြည့်တော့မှ သူပုန်ဘေးကြီးလဲ ငြိမ်းသွားတယ်၊ သူပုန်ဘေးကြီးငြိမ်းပြီးတဲ့နောက် ဇမ္ဗူဒီပကို ကြွသွားကြတဲ့ သံဃာတော်အရှင်မြတ်တွေလဲ မိမိတို့ မူလဇာတိဖြစ်တဲ့ သီဟိုဠ်ကျွန်းကို ပြန်လည်ကြွရောက်လာခဲ့ကြပါတယ်၊ သီဟိုဠ်ကျွန်းမှာကျန်ခဲ့တဲ့ စောစောက ရဟန်းတော်(၆၀)တို့ဟာ ဇမ္ဗူဒီပပြန် ရဟန်းတော်များ သီတင်းသုံးနေကြတဲ့-

သီဟိုဠ်ကျွန်းမှာရှိတဲ့ ဒက္ခိဏာမလဇနပုဒ်,မဏ္ဍလာရာမကျောင်းတော်သို့ ကြွရောက်ကြပြီး မိမိတို့ နှုတ်နဲ့ဆောင်ထားတဲ့ ပိဋကသုံးပုံကို အဲဒီ ရဟန်းတော်တွေနဲ့ တိုက်ဆိုင်ပြန်ဆိုကြည့်ကြပါတယ်၊ ဒီလိုတိုက်ဆိုင် ကြည့်တဲ့အခါ တစ်လုံးတစ်ပါဒမှ တိမ်းပါးတာကို မတွေ့ရဘဲ အားလုံး ပြည့်စုံညီညွတ်မှန်ကန်နေတာကို တွေ့ရပါတယ်။

တစ်ဆက်တည်းမှာပဲ အဲဒီရဟန်းတော်များဟာ သာသနာတော်ရဲ့ ရှေ့ရေးကို တွေးပြီး သာသနာအရှည်တည်တံ့ရေးမှာ ပရိယတ်က ပဓာန လား၊ ပဋိပတ်က ပဓာနလား–ဆိုတာ မေးခွန်းထုတ် ဆွေးနွေးကြပါ တော့တယ်။

အဲဒီအထဲမှာ ပဋိပတ္တိဝန်ဆောင် ဖြစ်ကြတဲ့ (ပံသုကူလိက) ရဟန်း တော်တွေက ပဋိပတ်သာ ပဓာနဖြစ်ကြောင်း အထောက်တွေပြပြီး တင်ပြ ဆွေးနွေးကြပါတော့တယ်၊ ပရိယတ္တိဝန်ဆောင်ဖြစ်ကြတဲ့ (ဓမ္မကထိက– ဓမ္မဓရ)ရဟန်းတော်တွေကတော့ ပရိယတ်သာ ပဓာနကျကြောင်း တင်ပြ ဆွေးနွေးတော်မူကြတယ်။

နောက်ဆုံးမှာတော့ ပရိယတ္တိဝန်ဆောင်ရဟန်းတော်တွေ တင်ပြတဲ့ အထောက်အထားတွေ့အကြောင်းပြယုတ္တိတွေကို ရဟန်းတော်တွေအားလုံး လက်ခံလိုက်တော့တယ်၊ ပရိယတ်သာ ပဓာနကျကြောင်း တညီတညွတ် ထဲ အတည်ပြုလိုက်ကြပါတော့တယ်။

အဲဒီလို အတည်ပြုလက်ခံလိုက်ကြပြီးတဲ့နောက် ပရိယတ္တိ သာသနာ မကွယ်ပျောက်ရေးအတွက် မည်သို့မည်ပုံလုပ်ထားရမလဲဆိုတာ စဉ်းစားတော်မူကြတဲ့အခါ "နှုတ်ငုံဆောင်ထားကြလို့ရှိရင် ယခုလို ခေတ် ပျက်တွေနဲ့ ကြုံတဲ့အခါ သာသနာတည်တံ့ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ နောက်နောင် သာသနာတော်ကို ထမ်းရွက်ကြမဲ့ ပုဂ္ဂိုလ်များအတွက် အခက်အခဲတွေ များစွာဖြစ်လာနိုင်တယ်၊ ပိဋကတ်တော်တွေကို ယခုလို နှုတ်ငုံမဆောင်ထားနိုင်ကြရင် ခက်မယ်၊ ဒါကြောင့် ဒီပိဋကတ်တော်တွေကို ပေရွက်တွေပေါ်မှာ ရေးမှတ်ပြီး သံဂါယနာတင်ကြမယ်"လို့ သဘောတူ ဆုံးဖြတ်ပြီး သံဂါယနာတင်တော်မူကြပါတယ်။

အဲဒီ သံဂါယနာဟာ သာသနာ ၄၅၀-ခုနှစ်မှာတင်တဲ့ စတုတ္ထ သံဂါယနာပဲ ဖြစ်ပါတော့တယ်၊ အဲဒီ ရဟန်းတော်တွေက ပိဋက သုံးပုံကို ပေရွက်ပေါ်မှာရေးမှတ်ပြီး သံဂါယနာတင်တော်မူခဲ့ကြပါတယ်။

အခုပြောပြခဲ့တာဟာ စတုတ္ထမြောက်သံဂါယနာတင်ရခြင်းရဲ့ အကြောင်းအထုပ္ပတ္တိပါပဲ၊ အဲဒီ သာသနာ့အာဇာနည် ရဟန်းတော်များရဲ့ ကျေးဇူးကြောင့် ယနေ့ခေတ်မှာ ယခုလို ပိဋကသုံးပုံကျမ်းစာတွေ ပေါ်ထွက်ခဲ့ရတာပဲဖြစ်ပါတယ်။

သတိပြုရမှာက

စောစောက ရဟန်းတော်တွေ ဆွေးနွေးတိုင်ပင်ကြတဲ့အထဲမှာ ပရိယတ်က ပဓာနလား. ပဋိပတ်က ပဓာနလား-ဆိုတာ ပါဝင်ပါတယ်၊ ဒီ ဆွေးနွေးဆုံးဖြတ်ချက်မှာ ဘယ်ဟာကို ပဓာနကျသလဲလို့ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသလဲ၊ ဒီအချက်ကို သတိပြုကြရမယ်နော်၊ ပရိယတ်ဆိုတဲ့ စာပေကျမ်းဂန်တွေကို လေ့လာသင်ယူမှုက ပဓာနဖြစ်ကြောင်း ရွေးချယ်ဆုံးဖြတ်ပေးတော်မူခဲ့ကြတာ မြင်တွေ့လိမ့်မယ်။ ဒီဆုံးဖြတ်ချက်ဟာ သမိုင်းတွင်ဆုံးဖြတ်ချက်ဖြစ်လို့ အလေးထားမှတ်သားကြရမယ်။ မှတ်သားပြီးတော့လဲ လက်တွေ့ အကောင်ထည်ဖော်ဆောင်ရွက်ကြရမယ်။

ယနေ့ခေတ်မှာလဲ အဲဒီသီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာအကြောင်း အထုပ္ပတ္တိကို အလေးထားပြီးတော့ ပရိယတ်သာ ပဓာနဖြစ်ကြောင်းကို လက်ခံနေကြတာ တွေ့မြင်ရမှာပါပဲ။

သို့ပေမဲ့ အချို့က ဒီအချက်ကို လက်မခံချင်ကြတာတွေလဲရှိနေပါတယ်၊ ဒါပေမဲ့ ဒီပုဂ္ဂိုလ်မျိုးတွေကတော့ အနည်းအကျဉ်းလောက်သာ ဖြစ်ပါတယ်၊ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေသာ ဖြစ်နေကြသလဲ၊ ပရိယတ္တိအခြေခံတွေကို သေချာကျန မလေ့လာမိတဲ့ ပုဂ္ဂိုလ်မျိုးတွေသာ ဖြစ်ကြပါတယ်၊ တစ်ပိုင်းကြောင် ကျက်စာလောက်နဲ့တော့ ယခုလို အခြေခံသဘောတရားတွေကို နားလည်သဘောကျဖို့ မဖြစ်နိုင်ပါဘူး၊ အတွင်းကျကျ လေ့လာထားမှသာ အခြေအမြစ်ကို နားလည်နိုင်မှာ ဖြစ်ပါတယ်။

ဒီအချက်ကို အားလုံး သဘောပေါက်ထား ကြရလိမ့်မယ်။

သာသနာသုံးရပ်ကို စဉ်ကြည့်လျှင်

ပရိယတ္တိသာသနာဆိုတာက သင်အံလေ့ကျက်မှု, ပဋိပတ္တိသာသနာဆိုတာက လက်တွေ့လိုက်နာကျင့်သုံးမှု,ပဋိဝေဓသာသနာဆိုတာက လက်တွေ့ကျင့်သုံးမှုကြောင့် ရရှိခံစားရမဲ့ မဂ်ဖိုလ်နိဗ္ဗာန်။ ဒီလို စဉ်ထားတာ ဖြစ်လေတော့ သင်ယူကျင့်ကြံမှုမှ မရှိရင် လက်တွေ့အနေနဲ့ ဘယ်လိုလိုက်နာကျင့်သုံးကြမလဲ၊ လက်တွေ့အကျင့်မှမရှိရင် မဂ်,ဖိုလ်,နိဗ္ဗာန်ကို ဘယ်လို ထိုးထွင်းပြီးတော့ သိမြင်နိုင်တော့မှာလဲ၊ ဒီလို အဆင့်ဆင့်ရှိနေပါတယ်။ ဒါကြောင့် --

သင်ယူကျင့်ကြံ၊ ထိုးထွင်းဉာဏ်၊ သုံးတန်သာသနာ။

သင်မှကျင့်နိုင်၊ အသိပိုင်၊ ရောက်နိုင်နိဗ္ဗုတာ။

နိဗ္ဗာန်ရောက်မှ၊ ဝဋ်ဒုက္ခ၊ မုချငြိမ်းရမှာ။

နိဗ္ဗာန်ရောက်ရန်၊ အခြေခံ၊ ဧကန်ပရိယတ်ပါ။

ပရိယတ်ရှည်ရေး၊ အစဉ်တွေး၊ လှူပေးသဒ္ဓါ၊ကြည်ဖြူစွာ။

သာသနာသုံးရပ်ဟာ ယခုလိုအစဉ်ကျနေတာဖြစ်လို့ မည်သည့် နည်းနဲ့မှ ပြောင်းလဲလို့ မဖြစ်နိုင်ပါဘူး။

အားလုံးသော ဗုဒ္ဓဘုရားရှင်ရဲ့ တပည့်သာဝကတွေဟာ ဘုရားရှင် ဟောကြားခဲ့တဲ့ ပိဋကတ်လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အားလုံးရဲ့ ဦးတည်ချက်ဟာ မဂ်တရား,ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်တွေကို ရရှိခံစားကြဖို့ပဲ ဖြစ်ကြပါတယ်။ အဲဒီ ချမ်းသာတွေကို ရရှိခံစားနိုင်ဖို့အရေးမှာ ဘုရားရှင်ဟောကြားခဲ့တဲ့ နည်းလမ်းတွေအတိုင်း လိုက်နာကျင့်ကြံကြဖို့ များစွာပဲ လိုအပ်လှပါတယ်။

မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာတွေကို ရရှိခံစားနိုင်ရန်အတွက် အဲဒီ ချမ်းသာတို့ရဲ့ အခြေခံဖြစ်တဲ့ ပရိယတ္တိဓမ္မတွေကို ကြိုးစားပြီးတော့-

လေ့လာမှတ်သားကြရမယ်၊ နာယူမှတ်သားနေကြရမယ်။ ဒါမှသာ မဂ်, ဖိုလ်,နိဗ္ဗာန်ချမ်းသာတွေကို ရရှိခံစားရမှာဖြစ်သလို ဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးလဲ အရှည်တည်တံ့နိုင်မယ်၊ အရှည်တည်တံ့နေမှသာ နောက်ပြစ်လာကြမဲ့ သတ္တဝါတွေအဆက်ဆက်လဲ ဗုဒ္ဓရဲ့ ဒေသနာတော်တွေကို လေ့လာမှတ်သားနိုင်ကြမယ်။ ဒီလို လေ့လာမှတ်သားကြပြီး သူတို့လဲ မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာသုခတွေကိုရရှိခံစားနိုင်ကြမယ်။ ဒီလောက်အထိ ရည်ရွယ်ချက်တွေ ထားရှိကြရမယ်နော်။

ဒါမှ ရှေးရှေးက သာသနာ့အာဇာနည်မထေရ်မြတ်တွေရဲ့ ရည်မှန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရာရောက်ပြီး ထိုသာသနာ့အာဇာနည်တွေရဲ့ ကျေးဇူးပေါ်တွေကို ပေးဆပ်ရာရောက်မယ်။

အတုယူ လိုက်နာရမယ်

အဲဒီ သာသနာ့အာဇာနည်မထေရ်မြတ်တွေနဲ့ သူတို့နဲ့ လက်တွဲပြီး သာသနာပြုခဲ့ကြတဲ့ သာသနာပြုဒါယကာ ဒါယိကာမတွေဟာလဲ ဒီလို နောင်လာနောင်သားတွေအတွက်ပါ ရည်ရွယ်ချက်တွေထားပြီး သာသနာပြုခဲ့ကြတာပဲ။ ဒါကြောင့်လဲ ယနေ့ခေတ်ကာလက ပုဂ္ဂိုလ်တွေ ဒီသာသနာကြီးနဲ့ တွေ့ဆုံပြီး ယခုလိုသာသနာတွင်းကုသိုလ်ကောင်းမှုတွေ ပြုလုပ်နိုင်ကြတာပဲဖြစ်ပါတယ်။ မိမိတို့ကိုယ်တိုင်လဲ ကုသိုလ်တွေပြုရင်း, မိမိတို့နောက် ဖြစ်လာကြမဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ ရည်မြှော်ပြီး သာသနာတည်တံ့ရေးကိုပါ တွဲဖက်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီလို နားလည်ထားကြရမယ်နော်။

အေး-ဒါကြောင့် ယနေ့ယခု ပိဋကသုံးပုံ ကျမ်းစာတွေကို လှူဒါန်းကြတဲ့ အလှူရှင်များသည်၊ မိမိတို့သည် ရှေးရှေးသော သာသနာပြုပုဂ္ဂိုလ်များရဲ့ ကျေးဇူးတရာတွေကိုလဲပေးဆပ်ရာရောက်, သာသနာတော်တစ်ရပ်လုံးမှာ အဓိကအကျဆုံးဖြစ်တဲ့ ပရိယတ္တိသာသနာတော်ကြီး မကွယ်ပျောက်အောင် အားပေးထောက်ပံ့ရာလဲရောက်တဲ့ ပိဋကတ်ကျမ်းစာအုပ်များကို လှူဒါန်းခြင်းဆိုတဲ့ ကောင်းမှုတွေကို ဆောင်ရွက်ကြတယ်။ ဒီလိုဆောင်ရွက်တဲ့ကုသိုလ်ဟာ သာသနာပြုကုသိုလ်လဲ-

ဖြစ်ပါတယ်။ ဓမ္မအလှူကို ပေးလှူရာရောက်နေတာကြောင့် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဆိုတဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ မိန့်ခွန်းတော်အရ အလှူဒါန အားလုံးတို့တွင် အမြတ်ဆုံးအလှူဖြစ်လို့ အမြတ်ဆုံးဖြစ်တဲ့အကျိုးတရား တွေကို ရရှိခံစားကြရမယ်-လို့ သဘောကျပြီး ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ကြရမယ်နော်။

ဒါကြောင့် သာသနာတော်ကို ချီးမြှောက်တဲ့နေရာမှာ ချီးမြှောက်ခြင်း အနုဂ္ဂဟ နှစ်မျိုးတို့တွင် ဓမ္မာနုဂ္ဂဟဆိုတဲ့ ဓမ္မနဲ့ချီးမြှောက်ခြင်းဖြစ်လို့ အမြတ်ဆုံးဖြစ်တဲ့ ဝိမုတ္တိရသလို့ခေါ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက် ပြုရပါစေ-လို့ ဆုတောင်းပြီး ယနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေကို အားလုံးသော လူနတ်ဗြဟ္မာသတ္တဝါတို့အား အမျှပေးဝေကြရအောင်-

# အနေကဇာတင်ဒေသနာ

ဒီကနေ့ဟာ ကဆုန်လပြည့်နေ့ ဖြစ်ပါတယ်၊ ကဆုန်လပြည့်နေ့ ဆိုတာ ဗုဒ္ဓဘာသာဝင်သူတော်စင်များ အထွတ်အမြတ်ထားတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်၊ ဘာဖြစ်လို့ အထွတ်အမြတ်ထားတဲ့နေ့-လို့ သတ်မှတ်ထား ကြသလဲဆိုတော့-

"ဖွားမြင်,ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန် လကဆုန်"ဆိုတဲ့အတိုင်း၊ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ကိုးကွယ်ဆည်းကပ်နေတဲ့ ဗုဒ္ဓရှင်တော် ဘုရားဟာ ကဆုန်လပြည့်နေ့မှာ ဖွားမြင်ပါတယ်၊ ကဆုန်လပြည့်နေ့မှာပဲ ဘုရားဖြစ်တော်မူပါတယ်၊ ကဆန်လပြည့်နေ့မှာ ပရိနိဗ္ဗာန်စံဝင်တော်မူ ပါတယ်၊ ကဆုန်လပြည့်နေ့မှာ နိယတဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

ဒီလို ဘုရားရှင်ရဲ့ ထူးခြားတဲ့ ဖြစ်ရပ်တွေဟာ ဒီနေ့,ဒီလမှာ လာပြီးတော့ ဖြစ်နေတာဖြစ်လို့ ဒီနေ့,ဒီလကို ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားနေကြတာပဲဖြစ်ပါတယ်။ အထွတ်အမြတ်ထားတဲ့ အနေနဲ့ ကဆုန်လပြည့်နေ့ကို "ကဆုန်လပြည့် ဗုဒ္ဓနေ့"လို့ ဝိသသပြု ခေါ်ဆိုနေကြတာဖြစ်ပါတယ်၊ နေ့ထူးအနေ့မြတ်အဖြစ် ခေါ်ဆိုသတ်မှတ် နေကြတာဖြစ်ပါတယ်။

ဒီလို ထူးမြတ်တဲ့နေ့တစ်နေ့မှာ ပုဇွန်မြောင်းရွာမှ ဒါယကာကြီး ဦးအောင်သောင်း ဒါယိကာမကြီး ဒေါ်အေးမြင့်တို့ ဦးဆောင်ပြီးတော့ မြတ်ဗုဒ္ဓရဲ့ ကိုယ်စားတော်ဖြစ်တဲ့ စေတီတော်ကို ထီးတော်တင်၊ အနေကဇာ တင်မှု-ဆိုတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြပါတယ်။

အနေကဇာတင်တယ်ဆိုတာ

အနေကဇာတင်တယ်ဆိုတာကတော့ ဘုရားရှင်ရဲ့ စေတီထိုက်တဲ့ ကိုယ်စားတော်များကို သက်တော်ထင်ရှား မြတ်စွာဘုရားအဖြစ် အာရုံပြု ပူဇော်လို့ကောင်းအောင် ပြုလုပ်ကြတဲ့ ကုသိုလ်တစ်မျိုးပါပဲ၊ လုပ်သင့်လုပ် ထိုက်တဲ့ ကောင်းမှုကိစ္စတစ်ရပ်အနေနဲ့ အမွှမ်းတင်ကြတာပါပဲ။

လောကမှာ မင်းများကို မင်းမြှောက်တန်ဆာတွေ ဆင်မြန်းပြီး အဘိသိက်မြှောက်သလို သံဃာတော်အရှင်မြတ်များ စုပေါင်းပြီးတော့ အနေကဇာတိသံသာရံ-စတဲ့ ဂါထာတော်နဲ့ ရွတ်ဆိုပူဇော်ကြတာပါပဲ။

ဘုရားရှင်ဟာ မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့မှာ ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်၊ ဘုရားဖြစ်တယ်ဆိုရင်ပဲ ဝမ်း မြောက်ဝမ်းသာ ပီတိသောမနဿတွေ ယိုဖိတ်ပြီး ဘဝများစွာ သံသရာက ပါလာခဲ့တဲ့ တဏှာဆိုတဲ့ ကိလေသာရဲ့ ချယ်လှယ်စီမံနေမှုတွေကို အမြစ် ပြတ်ပယ်ဖြတ်နိုင်ပြီဆိုပြီး ဝမ်းသာပီတိဖြစ်လွန်းလို့ ဥဒါန်းကျူးရင့် တော်မူပါတယ်၊ အဲဒီ ဥဒါန်းကျူးရင့်တဲ့ ဂါထာက "အနေကဇာတိ သံသာရံ"အစရှိတဲ့ ဂါထာပဲဖြစ်ပါတယ်၊ ဂါထာပါဠိတော်ရဲ့ အစဟာ "အနေက ဇာတိသံသာရံ" ဖြစ်ပါတယ်၊ အဲဒီ ဂါထာတော်ရဲ့ အစလေး ကိုယူပြီး "အနေကဇာတင်"လို့ ခေါ်နေကြတာပါပဲ။

အနေကဇာတင်မှဘုရားဖြစ်လား

အမှန်ကတော့ ယခုလို စေတီတော်များ တည်ထားကိုးကွယ်တဲ့ အခါ၊ ရုပ်ပွားတော်များ ထုလုပ်ပူဇော်တဲ့အခါ အနေကဇာတင်နေကျ- ဆိုတော့ အနေကဇာမတင်ရင် ဘုရားအဖြစ်ဘူး၊ အနေကဇာမတင်ရင် ကိုးကွယ်လို့ မရသေးဘူး-လို့ ထင်နေတတ်ကြပါတယ်။

အမှန်ကတော့ အနေကဇာမတင်လဲ ကိုးကွယ်နိုင်၊ ပူဇော်နိုင်ပါတယ်၊ စေတီတည်တယ်ဆိုလဲ တင့်တင့်တယ်တယ်နဲ့ ဖြစ်ပြီဆိုရင် ကိုးကွယ်လို့ရပါပြီ၊ ဆင်းတုတော်ဆိုရင်လဲ ရုပ်ပုံတော် ပီသရင် ဥဒ္ဒိဿစေတီ အနေနဲ့ ပူဇော်ကိုးကွယ်လို့ရပါပြီ။ အနေကဇာတင်တာ ကတော့ အစဉ်အလာအရသာ လုပ်နေတာပါ။

ဘယ်လိုပဲဖြစ်ဖြစ် အစဉ်အလာအတိုင်း လုပ်ကိုင်လိုက်တော့လဲ စိတ်ကြည်လင်မှုတွေ ပိုပြီးဖြစ်ရပါတယ်၊ သဒ္ဓါတရားတွေ ပိုမို အားကောင်းလာနိုင်ပါတယ်၊ ဒီ အကျိုးကျေးဇူးတွေကိုတော့ ခံစားရပါတယ်။

အဓိကကတော့ စိတ်ထားတတ်ဖို့ပါပဲ၊ "စိတ်ထားတတ်ရင် မြတ်၏" ဆိုတဲ့ မြန်မာဆိုရိုးအတိုင်း စိတ်ထားမှန်ကန်ရင်၊စိတ်ထားတတ်ရင် မြင့်မြတ်တဲ့ အကျိုးကျေးဇူးတွေကို ခံစားရမှာပါပဲ။

ရွှေဝါရောင်နတ်သမီးလေးအကြောင်း

ဒီနေရာမှာ ဘုရားရှင်ရဲ့ ဥဒ္ဒိဿစေတီကို ပူဇော်တဲ့အခါ စိတ်ထားတတ်လို့ ဘုရားရှင်ရဲ့ သရီရဓာတ်တော်အထိ စိတ်အာရုံယူပြီး ပူဇော်ခဲ့လို့ နတ်ပြည်ဆိုတဲ့ အမြတ်ကိုရခဲ့တဲ့ နတ်သမီးလေးတစ်ယောက် အကြောင်းကို ထုတ်ပြချင်ပါတယ်။

အဲဒီ နတ်သမီးလေးဟာ လူ့ပြည်ကနေ တာဝတိံသာနတ်ပြည်ကို ရောက်ပြီးတော့ နတ်သမီးလာဖြစ်တဲ့အခါ အခြားသော နတ်သမီးတွေနဲ့ မတူဘဲ အရောင်အဆင်းက ရွှေဝါရောင် အဆင်းနဲ့ လှပတင့်တယ်နေပါတယ်၊ ဒီလို ထူးခြားတဲ့ အရောင်အသွေးရှိနေတာကြောင့် သိကြားမင်းက မေးမြန်းကြည့်ပါတယ်၊

"သင်သည်၊ ရှေ့ဘဝ လူဖြစ်စဉ်က ဘယ်လိုကောင်းမှုတွေကို ပြုခဲ့ဘူးပါသလဲ၊ ဒီအကျိုးကို ဘယ့်လိုကုသိုလ်ထူးကြောင့် ရရှိခဲ့ပါသလဲ" လို့ မေးမြန်းတဲ့အခါ၊ နတ်သမီးက–

"အရှင်သိကြားမင်း၊ လူ့ပြည်မှာ လူဖြစ်စဉ်အခါက လူတွေက ခါးလို့ဆိုပြီး အသုံးပြုလေ့မရှိတဲ့ သပွတ်ခါးဆိုတာ ရှိပါတယ်၊

အဲဒီ သပွတ်ခါးပင်က အပွင့်လေးပွင့်ကို ယူဆောင်ပြီး မြတ်စွာဘုရားရဲ့ သရီရဓာတ်တော်ကို ရည်မှတ်ပြီးတော့ ကြည်လင်တဲ့စိတ်နဲ့ စေတီတစ်ဆူကို ပူဇော်ဖို့ ယူဆောင်ခဲ့ပါတယ်''

''စေတီတော်ဆီသို့ သွားတဲ့လမ်းမှာ နွားအုပ်တစ်အုပ် သွားနေတာကိုပင် သတိမပြုမိခဲ့ပါ၊ ဒါကြောင့် အဲဒီနွားအုပ်ထဲက သားသည်နွားမတစ်ကောင်ဟာ ကျွန်ုပ်ကို ဝှေ့သတ်လိုက်ပါတော့တယ်၊ စေတီတော်ဆီကိုတောင် မရောက်သေးပဲ လမ်းခုလပ်မှာတင် သေဆုံးခဲ့ရပါတယ်၊ ကျွန်ုပ်သာ စေတီတော်သို့ ကိုယ်တိုင်ရောက်ပြီး ပန်းတွေနဲ့သာ ပူဇော်မိခဲ့ရင် ဒီထက်မက စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံနိုင်ပါတယ်''

''အရှင်သိကြားမင်း၊ ကျွန်ုပ်ဟာ စေတီတော်ကို ပန်းတွေနဲ့ ပူဇော်လို၍ သွားခြင်းတည်းဟူသော ကောင်းမှုကြောင့် ယခုလို အရှင်သိကြားမင်း၏ အသင်းဝင် အပေါင်းအဖော်နတ်သမီး လာဖြစ်ရတာပါ''လို့ နတ်သမီးလေးက ဖြေကြားပါတယ်။

## ကောင်းမှုသေးငယ်သော်လည်း

ဒီနတ်သမီးလေးရဲ့ ကောင်းမှုဟာ စေတီတော်ကို ပူဇော်လိုတဲ့ ဆန္ဒနဲ့ ပန်းလေးပွင့်မျှသာ လှူဒါန်းခဲ့တာပါ။ ဒါတောင် စေတီတော်ဆီကို တိုက်ရိုက် မရောက်သေးပါဘူး၊ လမ်းခုလပ်မှာပဲ နွားဝှေ့လို့ သေဆုံးရှာခဲ့တာပါ။

နောက်ပြီး သူလှူဒါန်းတဲ့ ဒါနဝတ္ထုကလဲ သပွတ်ခါးပန်းပွင့်တွေ၊ သပွတ်ခါးပန်းဆိုတာ ဘာမှတန်ဖိုးမရှိပါဘူး၊ ဘယ်သူကမှလဲ အဲဒီအပွင့်တွေကို ပန်းပွင့်လို့တောင် မသတ်မှတ်ထားကြပါဘူး၊ ဒီလို ကောင်းမှုဟာ ယခုနတ်သမီးလေးဘဝရောက်အောင် ပို့ဆောင်ပေးလိုက်တာဟာ ထိရောက်တဲ့ ကောင်းမှုမျိုးဖြစ်နေလို့ပါပဲ။

စေတီတော်ကို ပူဇော်လိုတဲ့ ကုသိုလ်စေတနာတွေဟာ အတော်လေး ထက်သန်နေခဲ့လို့-ဆိုတာ ထင်ရှားနေပါတယ်၊ နောက်ပြီးတော့ အရေးကြီးတဲ့အချက်က စေတီတော်ကို ပူဇော်တယ်လို့ ဆိုပေမဲ့ -

သူ့ရဲ့အာရုံက ဘယ်ကိုရောက်နေသလဲ၊ စေတီတော်ဆိုတဲ့ ရုပ်ဝတ္ထုကြီးမှာတင် မနေပါဘူး၊ မြတ်ဗုဒ္ဓရဲ့ သရီရဓာတ်တော်တွေအထိ အာရုံရောက်နေခဲ့ပါတယ်၊ မြတ်ဗုဒ္ဓကို အာရုံပြုထားခဲ့တယ်၊ ဒီအချက်က ပဓာနကျတဲ့ အချက်ပဲဖြစ်ပါတယ်၊ ဒီလို မြတ်ဗုဒ္ဓအစစ်အမှန်အထိ အာရုံထားပြီး မြတ်ဗုဒ္ဓရဲ့ ကိုယ်စားတော်စေတီကို ပူဇော်ခဲ့လို့ ယခုလို အကျိုးကျေးဇူးတွေကို ရရှိခံစားခဲ့ရတာပဲ ဖြစ်ပါတယ်၊ ဒီအချက်ကို ယနေ့ ဘုရားဒါယကာ၊ ဘုရားအမများအနေနဲ့လဲ အတုယူကြရမယ်နော်။

## သိကြားမင်းတိုက်တွန်းပုံ

အဲဒီလို နတ်သမီးလေးရဲ့ ထူးခြားတဲ့ ကောင်းမှုကို ကြားသိရတဲ့ သိကြားမင်းဟာ မာတလိနတ်သားကို ပြောကြားပါတော့တယ်-

"မာတလိနတ်သား၊ အံ့ကြဖွယ်ကောင်း၍ ထူးဆန်းလှသော ဒီကုသိုလ်ကံရဲ့ အကျိုးကို ကြည့်လိုက်စမ်းပါ၊ လှူဖွယ်ဝတ္ထုသေးငယ်သော်လဲ ကောင်းမှုအကျိုးကျေးဇူးက များမြတ်ကြီးကျယ်လှပါပေတယ်"လို့ ပြောဆိုပါတယ်။ နောက်ဆက်လက်ပြီးတော့-

နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပကာ နာမ ဒက္ခိဏာ။

တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။

တထာဂတေ-ရှေးဘုရားသို့ လာခြင်းကောင်းတော်မူသော၊ သမ္ဗုဒ္ဓေ ဝါ-မြတ်စွာဘုရား၌သော်လည်းကောင်း၊ အထ-ထိုအပြင်၊ တဿ-ထိုမြတ်စွာဘုရား၏၊ သာဝကေ ဝါ-တပည့်သား သံဃာတော်၌လည်းကောင်း၊ စိတ္တေ-စိတ်သည်၊ ပသန္နမှိ-ကြည်ညိုသည်ရှိသော်၊ ဒက္ခိဏာ-ပေးလှူအပ်သော အလှူသည်၊ အပ္ပကာ နာမ-နည်းပါးသည် မည်သည်၊ နတ္ထိ-မရှိနိုင်ပါပေ။

ဘုရားရှင်ရယ်၊ ဘုရားရှင်ရဲ့ တပည့်သာဝကများဖြစ်တဲ့ သံဃာတော် အရှင်မြတ်တွေရယ်၊ နောက်ပြီး ပါဠိထဲမှာ တိုက်ရိုက်မပါသော်လဲ ဆက်နွယ်ပြီးယူရတဲ့ ဘုရားရှင်ရဲ့ တရားတော်ရယ်၊ -

ဒါဟာ ရတနာသုံးပါးပါပဲ၊ အဲဒီ ရတနာသုံးပါးအပေါ်မှာ ကြည်ညိုတဲ့ စိတ်ထားနဲ့ ဒါနကောင်းတွေကို ပြုရင်၊ ပြုတဲ့ ဒါနဟာ သေးငယ်ပေမဲ့လဲ အကျိုးပေးကျတော့ မနည်းနိုင်ပါဘူး-တဲ့။ သိကြားမင်းက မာတလိ နတ်သားကို ပြောပြနေတယ်။

ဒီ ဂါထာတော်ရဲ့ အဆိုကို ကြည့်မယ်ဆိုရင် ကောင်းမှုပြုတဲ့နေ ရာမှာ ကောင်းမှုရဲ့တည်ရာဖြစ်တဲ့ ရတနာသုံးပါးအပေါ် ကြည်ညိုစိတ်တွေ မနဲကြဖို့ အရေးကြီးတယ်-ဆိုတာ ထင်ရှားနေပါတယ်။

ခုနက နတ်သမီးလေးဟာ သူ့ရဲ့ ဒါနဝတ္ထုဟာ ပြောပလောက် စရာမရှိပါဘူး၊ ဒါပေမဲ့ ဘုရားရှင်ရဲ့ စေတီတော်ကို ပူဇော်တဲ့နေရာမှာ စေတီတော်မှာတင် စိတ်အာရုံမထားခဲ့ဘူး၊ သက်တော်ထင်ရှား မြတ်စွာ ဘုရားရဲ့ သရီရဓာတ်တော်အထိ စိတ်အာရုံထားပြီး ကြည်ညိုခဲ့ပါတယ်၊ ဒီလို ကြည်ညိုတတ်လို့ သဒ္ဓါတရားတွေ ထက်သန်လာတယ်၊ သဒ္ဓါတရား တွေထက်သန်အားကြီးပြီး လှူဒါန်းပူဇော်လို့ ယခုလို နတ်သမီးဘဝ ရောက်ရတယ်၊ ဒီလို ဆက်စပ်ပြီး မြင်ရမယ်နော်။

သိကြားမင်းက အလှူရဲ့ အကျိုးကို အံ့ကြပြီး ရတနာသုံးပါးအပေါ် ပူဇော်လိုစိတ်တွေ ထက်သန်လာလို့ မာတလိနတ်သားကို ငါတို့လဲ မြတ်စွာဘုရားရဲ့ သရီရဓာတ်တော်တွေကို ပူဇော်ကြမယ်-လို့ ပြောပါတယ်။ နောက် ဆက်လက်ပြီးတော့-

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။

စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ ။

တိဋ္ဌန္တေစာပိ-သက်တော်ထင်ရှား၊ ရှင်တော်မြတ်ဘုရား၌လည်း ကောင်း၊ နိဗ္ဗုတေ စ-ပရိနိဗ္ဗာန်၊ စံတော်မူသွား၊ကိုယ်တော်စား ရုပ်ပွား တော် ဆင်းတုတော်နှင့် စေတီပုထိုး အမျိုးမျိုး၌လည်းကောင်း၊ စိတ္တေ- ကြည်ညိုသောစိတ်သည်၊ သမေ-တူညီခဲ့သည်ရှိသော်၊ ဖလံ-လူနတ် နိဗ္ဗာန် သုံးတန်ထင်ရှား၊အကျိုးတရားသည်၊ သမံ-မပို၊မသာ တူမျှပါ၏၊ ဟိ- ထိုစကားမှန်၏၊ သတ္တာ-လူနတ်ဗြဟ္မာ၊ သတ္တဝါတို့သည်၊ -

**စေတောပဏိဓိဟေတု**-စိတ်ကို ကောင်းစွာထားနိုင်ခြင်းဟူသော အကြောင်းကြောင့်၊ ဝါ-စိတ်ဓာတ်၏ မြင့်မြတ်ခြင်းဟူသော အကြောင်းကြောင့်၊ သုဂ္ဂတိံ-သုဂတိဘဝသို့၊ ဂစ္ဆန္တိ-ကေန်မသွေ့ရောက်ကြရလေကုန်သတည်း . . .။

ရွှေဝါရောင် နတ်သမီးလေးရဲ့ အကျိုးပေးထူးခြားပုံကို ကြည့်ပြီး သိကြားမင်း ကောက်ချက်ချလိုက်တဲ့ စကားပါပဲ။

သက်တော်ထင်ရှား မြတ်စွာဘုရားရယ်၊ ဘုရားရှင်ရဲ့ ကိုယ်စားတော်ဖြစ်တဲ့ ရုပ်ပွားတော်တွေ့စေတီပုထိုးတွေရယ်၊ ဒါတွေဟာ ဘုရားရှင်ရဲ့ ကိုယ်စားတော်တွေပါပဲ၊ ပူဇော်တဲ့နေရာမှာ ကြည်ညိုတဲ့စိတ်ထားကို အတူတူ့ တန်းတူရည်တူထားပြီးပူဇော်ခဲ့မယ်ဆိုရင် အကျိုးခံစားမှုအပိုင်းမှာတော့ အတူတူပဲ ဖြစ်တယ်၊ ဒီလို အကျိုးတူခံစားရတာ ဘာဖြစ်လို့လဲဆိုတော့၊ ပူဇော်တဲ့နေရာမှာ ကြည်ညိုတတ်ဖို့က အဓိကဖြစ်နေလို့ပါပဲ။ "**စေတောပဏိဓိဟေတု**-စိတ်ကို ကောင်းစွာထားနိုင်ခြင်းဟူသော အကြောင်းကြောင့်"လို့ ဆိုထားပါတယ်။ သက်တော်ထင်ရှား မြတ်စွာဘုရားမဟုတ်သော်လဲ ပူဇော်တဲ့နေရာမှာတော့ သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်နေတယ်-ဆိုတဲ့ သဘောထားမှုက အရေးအကြီးဆုံးပါပဲ။

ပုံတော်ထဲမှာ ဂုဏ်တော်ကို သွင်းပြီးတော့ ကြည်ညိုရမယ်၊ ပူဇော်ရမယ်၊ အဲဒီလို ပူဇော်မယ်ဆိုလို့ရှိရင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရာရောက်လို့ အကျိုးပေးတော့လဲ ထူးခြားတဲ့ အကျိုးတွေပေးမှာပဲ-တဲ့။

ရွှေဝါရောင်နတ်သမီးလေး နတ်ပြည်ရောက်ရတာ ဒီအချက်ကြောင့်ပဲဖြစ်တယ်။ စေတီတော်ကို ပူဇော်တယ်ဆိုပေမဲ့ သူ့ရဲ့အာရုံက စေတီတော်မှာ မထားဘူး၊ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ သရီရဓာတ်တော်အထိ အာရုံထားပြီး ပူဇော်ခဲ့ပါတယ်၊ ဒီအချက်ကြောင့် နတ်ပြည်ဆိုတဲ့ သုဂတိသို့ ရောက်ရတာပဲ ဖြစ်ပါတယ်။

နောက်တစ်ခါ၊ သိကြားမင်းက ဆက်လက်ပြီးတော့ ဆိုပြန်တယ်-

ဘုရားပွင့်တယ်ဆိုတာ

ဗဟူနံ ဝတ အတ္ထာယ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။

ယတ္ထ ကာရံ ကရိတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

တထာဂတာ–မြတ်စွာဘုရားရှင်တို့သည်၊ ဗဟူနံ–လူရောနတ်ပါ, ဗြဟ္မာမကြွင်း,ခပင်းဥဿုံ,အလုံးစုံသော သတ္တဝါတို့၏၊ အတ္ထာယ–လောကီလောကုတ်,မယုတ်တိုးပွား,အကျိုးများကြစေခြင်းငှါ၊ ဝတ ကေဋ္ဌေန–မုချဧကန်, အမှန်စင်စစ်၊ ဥပ္ပဇ္ဇန္တိ–ပွင့်တော်မူကြကုန်၏၊ ယတ္ထ–တထာဂတ,နာမထင်ပေါ်,ယင်းဘုရားရှင်ကိုယ်တော်မြတ်၌၊ ဒါယကာ–ဒါယကာ ဒါယိကာမ,ဟူသမျှတို့သည် ကာရံ–ရိုသေမြတ်နိုး,ရှိခိုးကော်ရော်, ပူဇော်သက္ကာရကို၊ ကရိတွာန–သဒ္ဓါရွှင်လန်း, ကြိုးပမ်းမယုတ်, အားထုတ်ပြုစုကြကုန်သောကြောင့်၊ သဂ္ဂံ–စတုမဟာ,အစဖြာသည့်, နတ်ရွာလောက,ဘုံဌာနသို့၊ ဂစ္ဆန္တိ–ဝမ်းသာဝမ်းမြောက်,သွားရောက်ကြရလေကုန်သတည်း . . . .။

အဆူဆူသော ဘုရားရှင်တွေ ပွင့်တော်မူလိုက်ကြတာ၊ ရေတွက်လို့တောင် မကုန်နိုင်ဘူး၊ အဲဒီဘုရားရှင်တွေ ဘာကြောင့် ပွင့်ရတာလဲဆိုတော့ သတ္တဝါတွေအတွက် ပွင့်လာကြတာဖြစ်တယ်၊ သတ္တဝါတွေကောင်းကျိုးအမျိုးမျိုးတွေ ဖြစ်ထွန်းစေဖို့အတွက် ပွင့်ထွန်းပေါ်ပေါက်လာခဲ့ကြတာပါ၊ သတ္တဝါတွေရဲ့ အကျိုးစီးပွားတွေကို သယ်ပိုးဖို့အတွက် ပွင့်တော်မူလာကြတယ်။

အများအကျိုးအတွက် ပွင့်လာတဲ့ ဘုရားရှင်တွေဖြစ်လို့ သတ္တဝါအများကလဲ အဲဒီ ဘုရားရှင်ထံတော်မှာ ရိုသေမြတ်နိုး ရှိခိုးကော်ရော်ပူဇော်သမှု ပြုလိုက်ရရုံနဲ့ပဲ အကျိုးကျေးဇူးတွေ ခံစားရမှာဖြစ်ပါတယ်။

အကျိုးရလိုရင် အကျိုးဆောင်ပေးသူထံ သွားရောက်ချဉ်းကပ်ကြရတယ်၊ အကျိုးဆောင်ပေးသူကလဲ နဂိုထဲက အကျိုးဆောင်ဖို့ ဖြစ်နေလေတော့ ချဉ်းကပ်လာသူများကို အကျိုးဖြစ်အောင် ဆောင်ရွက်ပေးမှာပါပဲ။ ဒီ ဥပမာလိုပဲပေါ့။

သတ္တဝါတွေအတွက် ဘုရားရှင်တွေ ပွင့်လာကြတာဖြစ်လို့ အကျိုးစီးပွားတွေ ဖြစ်ထွန်းလိုရင် အဲဒီ ဘုရားရှင်တွေထံမှာ ပူဇော်သက္ကာရတွေ ပြုခဲ့ပါက မိမိလိုလားတောင့်တဲ့ အကျိုးတွေကို ခံစားရမယ်။

အကျိုးစီးပွားဖြစ်ထွန်းလိုလို့ ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်မှုတွေပြုရတယ်၊ ပူဇော်မှုတွေပြုကြတဲ့ ပုဂ္ဂိုလ်တွေ သုဂတိကို ရောက်ကုန်ကြတာ မရေတွက်နိုင်အောင် များပြားနေခဲ့ပါပြီ၊ ယခု ရွှေဝါရောင်နတ်သမီးလေးသည်လဲ ဘုရားရှင်ကို ပူဇော်သမှုပြုခဲ့လို့ သုဂတိရောက်ခဲ့ရတယ်။ ဒါတွေကို အတုယူပြီးတော့ ယနေ့ ဘုရားဒါယကာ ဘုရားအမများလဲ စေတီတော်တည်ထားပြီး အနေကဇာတင်ခြင်း အမှုတွေကို ပြုလုပ်ကြခြင်းပဲ ဖြစ်ပါတယ်။

ဒီလို ပြုလုပ်တဲ့အတွက် ဘုရားရှင်ကို ပူဇော်ရခြင်းရဲ့ အကျိုးကျေးဇူးတွေ မလွဲမသွေခံစားကြရမှာပဲ ဖြစ်ပါတယ်၊ ယခုဘဝမှာသော်လဲ ခံစားရမယ်၊ နောက်ဘဝဆက်တိုင်း နိဗ္ဗာန်ရောက်သည့်တိုင် အကျိုးတွေကို ခံစားရမှာပဲ ဖြစ်ပါတယ်။ အကျိုးတွေကို ဧကန်မုချ ခံစားနိုင်ဖို့အတွက် မိမိတို့ တည်ထားတဲ့ စေတီတော်,ပုံတော်အထဲမှာ သက်တော်ထင်ရှားမြတ်ဘုရားရဲ့ ဂုဏ်တော်တွေကို အာရုံပြုပူဇော်ကြရမယ်။

## ဘုရားဟောပဲဖြစ်ပါတယ်

ယခု ဘုန်းကြီး ဟောကြားခဲ့တဲ့ ရွှေဝါရောင်နတ်သမီးလေး အကြောင်းဟာ ဝိမာနဝတ္ထုပါဠိတော်မှာ ဘုရားရှင်က တစ်ဆင့်ပြန်လည် ဟောကြားထားတဲ့ ဒေသနာတော်ပဲ ဖြစ်ပါတယ်။

အရှင်မဟာမောဂ္ဂလာန်ဟာ နတ်ပြည်ကို သွားသွားပြီး နတ်သားနတ်သမီးတွေရဲ့ အကျိုးထူးတွေ ထူးခြားချက်တွေကို ကြည့်ကြည့်လာပြီး သူသိခဲ့ရ,မြင်ခဲ့ရ,ကြားခဲ့ရတာတွေကို ဘုရားရှင်ကို ပြန်လည်လျှောက်ထားတတ်ပါတယ်၊ ဘုရားရှင်ကလဲ သူတွေ့မြင်လာပုံကို နားထောင်ပြီး အကျိုးထူးတွေကို ပြန်လည်ဟောပြလေ့ရှိပါတယ်။

ယခု ရွှေဝါရောင်နတ်သမီးအကြောင်းကိုလဲ အရှင်မောဂ္ဂလာန်–

နတ်ပြည်ရောက်ခိုက်မှာ မြင်တွေ့ကြားသိခဲ့ရတာကို ဘုရားရှင်ကို ပြန်လည်လျှောက်ထားပြ၊ ဘုရားရှင်က သူလျှောက်ထားတဲ့အတိုင်း ပြန်လည်ဟောပြထားတာ ဖြစ်ပါတယ်၊ ဒါကြောင့် သိကြားမင်းပြောတဲ့ စကားတွေဖြစ်နေပေမဲ့ သိကြားမင်းဟောတဲ့ ဒေသနာမဟုတ်, ဘုရားဟော ဒေသနာတွေသာ ဖြစ်တယ်လို့ မှတ်သားကြရပါမယ်။

ဘုရားတည်တယ်ဆိုတာ

နောက်တစ်ခါ၊ ဘုရားတည်တယ်ဆိုတာ တည်ထားတဲ့ ပုဂ္ဂိုလ်တွေအတွက်သာ မဟုတ်ပါဘူး၊ ဘုရားတည်သူတွေရဲ့ နှလုံးသွင်း ရည်မှန်းချက်က လူနတ်ဗြဟ္မာသတ္တဝါတွေ ဒီ စေတီတော်ကို ကြည်ညိုကြပါစေ၊ ကုသိုလ်တရားတွေ ပွားများနိုင်ကြပါစေ–ဆိုတဲ့ ရည်မှန်းချက်တွေလဲ ပါဝင်နေပါတယ်၊ များစွာသော သတ္တဝါတွေ အကောင်းကျိုးချမ်းသာတွေ ရရှိကြပါစေ–ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားတည်ခြင်းပဲ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်,ရည်မှန်းချက်တွေဟာ အလွန်မွန်မြတ်နေတယ်၊ အဖိုးတန်တဲ့ ရည်မှန်းချက် ရည်ရွယ်ချက်တွေလဲ ဖြစ်နေပါတယ်၊ မှန်ကန်တည့်မတ်တဲ့ ရည်ရွယ်ချက်,ရည်မှန်းချက်တွေပဲ ဖြစ်တယ်၊ ဒီလို ရည်မှန်းချက်တွေ, ကုသိုလ်စေတနာတွေကြောင့် စေတီတည်တာဖြစ်လို့ တည်ထားသူများဟာ မြင့်မြတ်တဲ့ ကုသိုလ်ရဲ့ အကျိုးတွေကို ခံစားရလိမ့်မယ်။ ဒီနေရာမှာလဲ သာဓကတစ်ခု ထုတ်ပြပါအုံးမယ်။

ပုလိနထူပိယမထေရ်အကြောင်း

ဘုရားရှင် မပွင့်တဲ့အချိန်၊ ယခုလို သာသနာတော်ကြီးလဲ မရှိတဲ့ အချိန်ကာလက ပုလိနထူပိယမထေရ်အလောင်းတော်ဟာ ဟိမဝန္တာတောမှာ "နာရဒ"အမည်ရှိတဲ့ ရသေ့တစ်ပါး ဖြစ်နေခဲ့ပါတယ်။

သာသနာပကာလဆိုတော့ ယခုလို ဥဒ္ဒိဿစေတီ,ဓာတုစေတီ, ပရိဘောဂစေတီ,ဓမ္မစေတီဆိုတာတွေလဲ မရှိဘူးပေါ့၊ ဘုရားဆိုတဲ့ အသံကိုတောင် မကြားရတဲ့ ကာလမျိုးပဲဖြစ်ပါတယ်။ အဲဒီ ခေတ်ကာလကြီးမှာ ပုလိနထူပိယမထေရ်အလောင်း နာရဒရသေ့ဟာ ဟိမန္တာတောထဲမှာ–

သစ်ရွက်မိုးတဲ့ ကျောင်းလေးဆောက်ပြီးတော့ နေထိုင်ပါတယ်၊ လောကီ ချာန်တန်ခိုးဈာန်ဒိဗ္ဗပါဒ်တွေနဲ့လဲ ပြည့်စုံတယ်၊ နောက်ပြီး သူ့မှာ အခြံရံ ပရိသတ်ပေါင်း ရှစ်သောင်းရှိတယ်-တဲ့။ အဲဒီ တပည့်ရှစ်သောင်းကိုလဲ အကြီးအချုပ်အနေနဲ့ စီမံအုပ်ချုပ်ပြီးတော့ နေပါတယ်။

ဆရာမရှိတာ ဒုက္ခတစ်မျိုးပဲ

တစ်နေ့မှာတော့ သူဘယ်လိုစဉ်းစားမိသလဲဆိုတော့ "တပည့် အပေါင်း ရှစ်သောင်းတို့ဟာ ငါ့ဆရာတည်းဟူသော လေးစားကိုးကွယ် စရာရှိနေကြတယ်၊ မှီခိုအားထားစရာရှိနေတယ်၊ ငါကိုယ်တိုင်မှာတော့ ရှိသေလေးစား အားထားမှီခိုစရာ မရှိပါလား၊ ဆရာကင်း၍ နေရခြင်းဟာ လောကဆင်းရဲကြီးတစ်ခု၊မကောင်းတာကြီးတစ်ခုပါလား" လို့ စဉ်းစား မိတယ်-တဲ့။

ဒုက္ခော ခေါ ပနာယံ လောကေ၊ ယဒိဒံ အဂရုဝါသော။

လောကေ-လောက၌၊ ယဒိဒံ ယော အယံ အဂရုဝါသော- အကြင် အလေးပြုစရာ ဆရာကင်း၍ နေခြင်းသည်၊ အတ္ထိ-ရှိ၏၊ အယံ-ဤအလေးပြုစရာ ဆရာကင်း၍ နေရခြင်းသည်၊ ဒုက္ခော- ဆင်းရဲလှပါပေ၏၊ ဝါ-ဆင်းရဲကြီးတစ်ခု ဖြစ်ပါပေ၏။

အဲဒီလို ညည်းတွားပါတယ်၊ ဒီအချက်ကို သူမြင်ပြီးတဲ့နောက် ဉာဏ်ပညာက ကြီးမားသူဖြစ်လေတော့ ဗေဒင်ကျမ်းတွေကို လှေ့လာပြီး သဲပုံစေတီလေးတစ်ဆူ တည်ထားကိုးကွယ်ခဲ့ပါတယ်၊ အဲဒီ သဲပုံစေတီကို သူ့ရဲ့ဆရာအဖြစ် သတ်မှတ်ပြီးကိုးကွယ်ဆည်းကပ်ပါတယ်၊ ရွှေဆည်းလည်း ငွေပန်းတို့ဖြင့်လဲ ပူဇော်ပါတယ်။ သူ့စိတ်ကူးလေးနဲ့ ပုံဖော်ပြီးတော့ လုပ်နေတာပဲ ဖြစ်တယ်။

သာသနာပ အချိန်ကာလမှာ ရသေ့ကြီးဟာ သဲပုံစေတီကို ဆရာ အဖြစ်သတ်မှတ်ပြီး ကိုးကွယ်ဆည်းကပ်နေတယ်၊ ဉာဏ်ပညာကြီးရင့်သူ့ ထိုးထွင်းသိမြင်တတ်တဲ့ ဉာဏ်ပညာရှိနေသူ ဖြစ်လို့သာပေ့ါ၊ အသိဉာဏ် နည်းပါးသူတွေဆိုရင် ဒီလိုမျိုးလုပ်ရကောင်းမှန်း သိနိုင်-

ကြလိမ့်မယ်မဟုတ်ပါဘူး။

အမြဲပူဇော်နေဖို့လဲလိုပါတယ်

အဲဒီသံပုံစေတီလေးကို တည်ထားပြီးတော့ အမြဲမပြတ်ပူဇော်နေပါတယ်၊

သာယံ ပါတံ နမဿာမိ၊ ဝေဒဇာတော ကတဉ္ဇလိ။

သမ္မုခါ ဝိယ သမ္ဗုဒ္ဓံ၊ ဝန္ဒိံ ပုလိနစေတိယံ။

(အဟံ-နာရဒမည်သော ငါရသေ့သည်)၊ ပုလိနစေတိယံ-ဓာတ်တော်မလှူ သဲပုံစေတီကို၊ သမ္မုခါ-မျက်မှောက်တော်၌၊ သမ္ဗုဒ္ဓံဝိယ-မြတ်စွာဘုရားကဲ့သို့၊ ဝေဒဇာတော-ဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍၊ သာယံ ပါတံ-ညဉ့်နံနက်၊ ကတဉ္ဇလိ-ချီအပ်သော လက်အုပ်ရှိသည်ဖြစ်၍၊ နမဿာမိ-ရွှေဆည်းလည်း,ပန်းတို့ဖြင့် ရှင်လန်းပူဇော်ကာ ရှိခိုးပါ၏၊ ဝန္ဒိံ-ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးလေပြီတကား...။

နာရဒ ရသေ့ဟာ သူတည်ထားတဲ့ သဲပုံစေတီကို၊ တည်ထားပြီး ဒီအတိုင်း မနေဘူး၊ သာယံ ပါတံ-ညနေတိုင်း,နံနက်တိုင်း ရှိခိုးတယ်၊ ပန်းစသည်တွေနဲ့လဲ ပူဇော်ပါတယ်၊ ဒီနေ့ ဘုရားတည်ကြတဲ့ ဘုရားဒါယကာများ အတုယူဖို့ကောင်းလှတယ်၊ မိမိ တည်ထားပြီးဖြစ်တဲ့ ဒီစေတီတော်ကြီးကို ပြီးရင်ပြီးရောဆိုပြီး သဘောမထားရပါဘူး၊ တည်ထားသူကိုယ်တိုင် အမြဲမပြတ်ပူဇော်နေရမယ်၊ ဒီအချက်ကို သတိပြုကျင့်သုံးကြရမယ်။

နောက်ပြီးတော့ ပူဇော်တဲ့နေရာမှာလဲ "သမ္မုခံ ဝိယ သမ္ဗုဒ္ဓံ" မြတ်စွာဘုရားရှင်ရဲ့ မျက်မှောက်မှာ ပူဇော်နေရသလို သဘောထားပြီး ပူဇော်နေခဲ့တယ်-တဲ့။

ဒါဟာ အကျိုးပေးကြီးမားဖို့အတွက် သော့ချက်ပါပဲ။ သူတည်ထားတာက သဲပုံစေတီ၊ အမှန်တကယ်ပူဇော်တဲ့အခါကျတော့ စိတ်အာရုံကို သဲပုံစေတီမှာတင် မထားရှိဘဲ သက်တော်ထင်ရှား မြတ်စွာဘုရားထံ -

တော်မှာ ပူဇော်နေရသလို အာရုံပြုပြီး ပူဇော်ရှိခိုးခဲ့တာ ဖြစ်တယ်။ ဒါကြောင့် ထူးမြတ်တဲ့ အကျိုးကျေးဇူးတွေကို ခံစားရတာ ဖြစ်ပါတယ်။

## အကျိုးကျေးဇူးများ

ရသေ့ကြီးဟာ အဲဒီလို သူတည်ထားကိုးကွယ်နေတဲ့ သဲပုံစေတီလေးကို အမြဲမပြတ်ရှိခိုးတယ်၊ ပန်း-စသည်တွေနဲ့ ပူဇော်တယ်၊ ဒီလို အမြဲမပြတ်ပူဇော်နေတာဟာ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားနေတာပါပဲ။ အဲဒီ ဘာဝနာဉာဏ်ရင့်သန်လာတော့ ဈာန်သမာပတ်တွေနဲ့ ပြည့်စုံခဲ့ပါတယ်။

အချိန်ရောက်တဲ့အခါ လူ့ပြည်ကနေ စုတေခဲ့တယ်၊ ဈာန်သမာပတ်နဲ့ စုတေခဲ့တာဖြစ်လို့ ဗြဟ္မာ့ပြည်သို့ ရောက်သွားတယ်၊ သက်တန်းကုန်ဆုံးလို့ ဗြဟ္မာ့ပြည်နေပြီး စုတေပြန်တော့ တာဝတိံသာနတ်ပြည်မှာ နတ်တို့သေဋ္ဌနင်းသိကြားမင်း ဖြစ်ခဲ့ပြန်တယ်၊ အဲဒီ သိကြားမင်းဘဝကို အကြိမ်ရှစ်ရာအထိ ရရှိခဲ့တယ်၊ လူ့ပြည်သို့ရောက် ပြန်တော့လဲ စကြဝတေးမင်းအဖြစ်က အကြိမ်သုံးရာ၊ ပဒေသရာဇ်,ဧကရာဇ်မင်းအဖြစ်က ဘယ်လောက်များတယ်ဆိုတာ မရေတွက်လို့တောင် မကုန်နိုင်တော့ဘူး-တဲ့။ ဒါတွေဟာ သဲပုံစေတီတော်ကို တည်ထားကိုးကွယ်ရခြင်းရဲ့ အကျိုးတွေပါပဲ။

မြင့်မြတ်တဲ့ ဘုံဘဝတွေမှာ မြင့်မြတ်တဲ့ စည်းစိမ်တွေကို ခံစားခဲ့ရတာ သဲပုံစေတီလေးတစ်ဆူကို ကိုးကွယ်ခဲ့လို့ပါပဲ။ သူကိုးကွယ်ဆည်းကပ်တဲ့ အချိန်ကာလကလဲ သာသနာပကာလမှာသာ ဖြစ်တယ်၊ ဘုရား,တရား,သံဃာဆိုတဲ့ ရတနာသုံးပါးအသံပင် မကြားနိုင်တဲ့ ကာလမျိုးဖြစ်ပါတယ်။

## ထူးခြားတဲ့အကျိုးတွေကိုလဲခံစားရသေးတယ်

အဲဒီလို လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တွေမှာ ကုသိုလ်ကောင်းမှုရဲ့အကျိုးတွေကို ခံစားပြီးတဲ့နောက် ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား လက်ထက်ကျတော့ သာဝတ္ထိပြည်မှာ ကြွယ်ဝချမ်းသာတဲ့-

မဟာသာလ–အမျိုးမှာ ဖြစ်လာခဲ့တယ်၊ အရှင်သာရိပုတ္တရာထံမှာ ရှင်သာမဏေပြုပြီး ခုနစ်နှစ်အရွယ်မှာပဲ ပုလိနထူပိယ–ဆိုတဲ့ အမည်နဲ့ ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ပါတယ်။ ရဟန္တာဖြစ်တဲ့အခါ သူပြုခဲ့တဲ့ သဲပုံစေတီ တည်ထားကိုးကွယ်ရခြင်းအကျိုးကို ပြန်လည်ဟောကြားတော်မူပါတယ်။

ထူပဿ ပရိစိဏ္ဏတ္တာ၊ ရဇောဇလ္လံ န လိမ္ပတိ။

ဂတ္တေ သေဒါ န မုစ္စန္တိ၊ သပဘာသော ဘဝါမဟံ။

ထူပဿ–သဲပုံစေတီတော်မြတ်ကို၊ ပရိစိဏ္ဏတ္တာ–ရှိသေလေးမြတ်လုပ်ကျွေးပူဇော်ခဲ့ဖူးသောကြောင့်၊ ရဇောဇလ္လံ–မြူအညစ်အကြေး, ချေးအညှော်သည်၊ မေ–ငါ၏၊ ဂတ္တေ–ခန္ဓာကိုယ်၌၊ နလိမ္ပတိ–မလိမ်းကျံမလူးကပ်ခဲ့ပါ၊ မေ–ငါ၏၊ ဂတ္တေ–ခန္ဓာကိုယ်၌၊ သေဒါ–နံစော်ညစ်မေးပူအိုက်သော ချွေးတို့သည်၊ န မုစ္စန္တိ–ဘယ်အခါမှ မယိုထွက်ကုန်၊ အဟံ– ငါသည်၊ သပဘာသော–အဆင်းအရောင် ပြောင်ပြောင်တောက်ဝင်း လှပခြင်းရှိသည်၊ ဘဝါမိ–ဘဝသံသရာမှာ ဖြစ်ခဲ့ရပါသတည်း......။

နတ်စည်းစိမ်ဗြဟ္မာ့စည်းစိမ်တွေကို ခံစားရတဲ့အပြင် သူ့ရဲ့ခန္ဓာကိုယ်ဟာ မြူအညစ်ကြေးတွေ ကင်းစင်နေခြင်း၊ မကောင်းသော အနံ့အသက်တွေ မထွက်ခြင်း၊ ခန္ဓာကိုယ်ရဲ့ အရောင်အဆင်းကလဲ လှပတင့်တယ်တဲ့ အရောင်အဆင်းရှိနေခြင်းဆိုတဲ့ ထူးခြားတဲ့ အကျိုးတွေကို ခံစားခဲ့ရတယ်။ သဲပုံစေတီကို တည်ထားကိုးကွယ်ရတဲ့ အကျိုးတွေနော်၊ အလွန်ပဲ များပြားလှတယ်၊ ကြီးကျယ်ဆန်းပြားတယ်။

အဲဒီလို လောကီချမ်းသာအမျိုးမျိုးကို ခံစားပြီးတဲ့နောက်၊ ပုလိနထူပိယမထေရ်ဖြစ်လာတော့ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့ပါတယ်။

ရဟန္တာဖြစ်ရခြင်းအကျိုးဟာလဲ စေတီတော်ကို ပူဇော်ခဲ့တဲ့နောက်ဆုံး အထွတ်အထိပ်အကျိုးပါပဲ၊ ဒါဟာ သာသနာပကာလမှာပြုခဲ့တဲ့ ကုသိုလ်ပဲ ရှိသေးတယ် နော်၊ –

ယခုလို သာသနာတွင်းကာလမှာ သာ ပြုရတဲ့ကုသိုလ် မဟုတ်သေးဘူး။

ယနေ့ စေတီတည်ထားကြတဲ့ ဘုရားဒကာ၊ဘုရားအမများက တော့ သာသနာတွင်းကာလမှာ ပြုလုပ်ခွင့်ရရှိကြပါတယ်။ သာသနာတွင်း ကာလဖြစ်လို့ အကျိုးပေးတဲ့အခါလဲ ပိုမိုကြီးကျယ်တဲ့ အကျိုးမျိုးတွေကို ရရှိခံစားရမယ်ဆိုတာ သေချာလှပါတယ်။

ယခုပြောခဲ့တဲ့ ပုလိနထူပိယမထေရ်အကြောင်းဟာ ရဟန္တာဖြစ်ပြီး နောက် သူကိုယ်တိုင်ပြန်လည်ဟောပြတဲ့ အကြောင်းအရာတွေပါပဲ။

ဘုရားရှင်ရဲ့ကိုယ်စားတော်ဖြစ်တဲ့ စေတီတော်၊ရုပ်ပွားတော်တွေကို ပူဇော်ကြတယ်ဆိုတာ ပူဇော်သူများအတွက် ကြီးကျယ်သော အကျိုးတွေကို ရရှိနိုင်ကြောင်း ယခုပြောခဲ့တဲ့ သာဓကတွေကို ကြည့်ပြီး ယနေ့လဲပဲ ဘုရားဒကာ ဘုရားအမများအနေနဲ့ မိမိတို့ဟာ အမြတ်ဆုံးဖြစ်တဲ့ ကုသိုလ် မျိုးကို ဆည်းပူးလိုက်တာပဲလို့ သဘောကျပြီးတော့ အမြတ်ဆုံးဖြစ်တဲ့ ဘုရားရတနာကို ပူဇော်ရတာဖြစ်သောကြောင့် အမြတ်ဆုံးအကျိုးတွေကို ရရှိခံစားရမယ်လို့ သဘောကျထားရမယ်၊ ဘုရားရှင်ကလဲ အဂ္ဂပသာဒ သုတ်တော်မှာ-

## အမြတ်ဆုံးအကျိုးတွေ

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။

အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ။

အဂ္ဂသ္မိံ-လောက၌ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါး၌ ဒါနံ-အလှူဒါနကို၊ ဒဒတံ ဒဒန္တာနံ-ပေးလှူကြကုန်သော သူတို့အား၊ အဂ္ဂံ-အမြတ်ဆုံးဖြစ်သော၊ ပုညံ-ကောင်းမှုကုသိုလ်၏ အကျိုးသည်၊ ပဝဍ္ဎတိ-ဆက်ကဲအကျိုး အလွန်ပင်တိုးပွားပါပေ၏၊ အဂ္ဂံ-ဖြစ်လေရာရာ သံသရာအဆက်ဆက်တို့၌ အမြတ်ဆုံးဖြစ်သော၊ အာယု စ-အသက်ရှည် ခြင်းသည်လည်းကောင်း၊ အဂ္ဂေါ-အမြတ်ဆုံးဖြစ်သော၊ ဝဏ္ဏော စ အဆင်းလှခြင်းသည်လည်းကောင်း၊ အဂ္ဂေါ-အမြတ်ဆုံးဖြစ်သော၊

ယသော စ-အခြံရံသည်လည်းကောင်း၊ အဂ္ဂေါ-အမြတ်ဆုံးဖြစ်သော၊ ကိတ္တိ စ-အကျော်စောသည်လည်းကောင်း၊ အဂ္ဂ-အမြတ်ဆုံးဖြစ်သော၊ သုခံ စ-ချမ်းသာရခြင်းသည်လည်းကောင်း၊ အဂ္ဂ-အမြတ်ဆုံးဖြစ်သော၊ ဗလံ စ-ကိုယ်အား,ဉာဏ်အား ကြီးမားရခြင်းသည်လည်းကောင်း၊ ပဝဍ္ဎတိ-ဆကဲအကျိုး အလွန်ပင်တိုးပွားရလေတော့သတည်း.........။

အမြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးကို လှူဒါန်ခြင်း-စတဲ့ ကောင်းမှုတွေကို ပြုခဲ့မယ်ဆိုရင် အမြတ်ဆုံးဖြစ်တဲ့ အကျိုးကျေးဇူးတွေကို ခံစားကြရမယ်၊ သာမန်မဟုတ်တဲ့ အကျိုးတွေကို ခံစားရမယ်၊ အသက်ရှည်ရခြင်းအကျိုးကို ခံစားတဲ့အခါ သာမန်မဟုတ်ဘဲ ထူးခြားတဲ့ အသက်ရှည်မှုမျိုးတွေကို ခံစားရမယ်၊ သူများထက်ထူးခြားတဲ့ အဆင်းလှခြင်း၊ အခြံရံများခြင်း၊ ကျော်စောသတင်းပျံ့သင်းခြင်း၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း၊ ကာယဗလ,ဉာဏဗလတွေနဲ့ ပြည့်စုံခြင်း-ဆိုတဲ့ ထူးခြားတဲ့ အကျိုးတွေကို ခံစားကြရမယ်။

ဒါတွေဟာ အမြတ်ဆုံးကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ရရှိခံစားရမဲ့ အကျိုးကို ဘုရားရှင်ကိုယ်တော်တိုင် ထုတ်ဖော်ဟောကြားထားတာ ဖြစ်ပါတယ်။

နိဂုံးစကား

ယနေ့ ဘုရားဒါယကာ ဒါယိကာမများအနေနဲ့ အမြတ်ဆုံးဖြစ်တဲ့ မြတ်စွာဘုရားကိုလဲ ပူဇော်ကြပါတယ်၊ သံဃာတော်အရှင်မြတ်များကိုလဲ ပင့်ဖိတ်ပြီး ပူဇော်ကြပါတယ်၊ တရားတော်ကိုလဲ ပူဇော်ပါတယ်၊ ဒီလို ရတနာသုံးပါးစုံအောင်ပူဇော်တဲ့ အစွမ်းသတ္တိတွေသည် မိမိတို့ ကြင်လည်ရမဲ့ ဘဝသံသရာကနေပြီး နောက်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ရသည့်တိုင်အောင် အကျိုးတွေ ဖြစ်ထွန်းလိမ့်မယ်၊ ခံစားကြရလိမ့်မယ်-လို့ ယုံကြည်ပြီးတော့ -

စောစောက ပြောခဲ့တဲ့အတိုင်း ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကိုလဲ အာရုံပြု, မဂ်,ဖိုလ်,နိဗ္ဗာန်ကိုလဲ ရည်စူးကာ မိမိတို့ ယနေ့ပြုပြုခဲ့သမျှ

ကုသိုလ်အဖို့ဘာဂတွေကို မိမိတို့ကိုယ်တိုင် ရရှိသလို အခြားသော လူနတ်ဗြဟ္မာသတ္တဝါတွေလဲ ရရှိအောင် အမျှပေးဝေလိုက်ကြပါစို့ ..

# သိမ်ထပ်အနုမောဒနာဒေသနာ

သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။

သာသနမ္ပိ စ လောကဉ္စ၊ ဒေဝေါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿ စ-ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ လည်းကောင်း၊ လောကဿ စ-သတ္တဝါအနန္တ,ခိုမိုးကြသည့်,ကမ္ဘာလောကကြီး၏လည်းကောင်း၊ သဗ္ဗဒါ-နေ့ရောညဥ့်ပါ,ဘယ်ခါမယိမ်း,အခါခပ်သိမ်း၊ ဝုဍ္ဎိ-တစ်နေ့တစ်ခြား,အကျိုးများဖို့,တိုးပွားဖြစ်ထွန်းခြင်းသည်၊ ဘဝတု-မုချမသွေ,ဖြစ်ပါစေသတည်း၊ သာသနမ္ပိ စ-ဗုဒ္ဓမြတ်စွာ,သာသနာတော်မြတ်ကြီးကိုလည်းကောင်း၊ လောကဉ္စ-သတ္တဝါအနန္တ,ခိုမိုးကြသည့်,ကမ္ဘာလောကကြီးကိုလည်းကောင်း၊ ဒေဝေါ-တန်ခိုးကြီးလတ်,နတ်မြတ်နတ်ကောင်း,နတ်အပေါင်းတို့သည်၊ သဗ္ဗဒါ-နေ့ရောညဥ့်ပါ,ဘယ်ခါမယိမ်း,အခါခပ်သိမ်း၊ ရက္ခန္တု-ကောင်းစွာနေ့ည,နိစ္စမသွေ,စောင့်ရှောက်ကြပါစေကုန်သတည်း . . . ။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ပါစေ, အရှည်တည်တံ့အောင် သာသနာကို စောင့်ရှောက်ကြတဲ့ သာသနာစောင့်နတ်ကောင်းနတ်မြတ်တွေ ချမ်းသာပါစေ, သာသနာတော်မြတ်ကြီးကို-

အရှည်တည်တံ့အောင်လည်း စောင့်ရှောက်နိုင်ကြပါစေ–လို့ ဆုတောင်း ပတ္ထနာ ပြုပြီးတဲ့နောက်–

ယနေ့ ဒါယကာကြီး ဦးသန်းအောင် ဒါယိကာမကြီးဒေါ်သိန်း တို့ မိသားတစ်စု စုပေါင်းပြီးတော့ ပန်းငွေရုံတောရ၊ ပဓာနနာယကဆရာ တော်ကို ပစ္စည်းလေးပါးတို့ဖြင့် ပုနေဝပသမ္ပဒမင်္ဂလာ,သိမ်ထပ်မင်္ဂလာ ပြုလုပ်ကြတယ်၊ ဒီ သိမ်ထပ်တဲ့နေရာမှာ ဘုန်းကြီးအနေနဲ့ အလှူရှင်များ ဝမ်းမြောက်ဖွယ်တရားစကား ပြောကြားပေးရပါမယ်။

ကုသိုလ်ထူးလှ,လှူဘဝ

လောကမှိ သာသနံ နာမ၊ ဉက္ကဋ္ဌံ အတိဒုလ္လဘံ။

မနုဿာဝ ပဂ္ဂဏှန္တိ၊ န ဟိ ဒေဝါ အဝိသယာ။

လောကမှိ–လူတို့လောက,ဘုံဌာနဝ်၊ သာသနံ နာမ–ရှင်တော် မြတ်ဘုရား, တည်ထားသတ်မှတ်, သာသနာတော်မြတ်ကြီးသည်ကား၊ ဉက္ကဋ္ဌံ–ဘယ်အရာဘယ်ဌာန,ဘယ်သင်းနှင့်ကမ,မတူတန်အောင်,အမှန် ပင်မြတ်လှပါပေ၏၊ အတိဒုလ္လဘံ–ကမ္ဘာများစွာ,လွန်လေပါလည်း, တစ်ခါတစ်ရံ,တွေ့ကြိမ်ဖန်ဖို့,အမှန်မုချ,ခဲယဉ်းလှပါပေ၏၊ တံ သာသနံ– ထိုသို့တွေ့ကြုံခဲစွာ,ရောင်ဝါထွန်းပ,မြတ်ဗုဒ္ဓ၏,သုံးဝသျှော,သာသနာတော် မြတ်ကြီးကို၊ မနုဿာဝ–လူ့ရပ်ခိုမှီ,ပါရမီပြည့်စုံ,ဘုန်းဟုန်ကြီးမား, လူအများတို့သည်သာလျှင်၊ ပဂ္ဂဏှန္တိ–နေ့နေ့ ညည,စိတ်လိုကျအောင်, မုချမှန်စွာ,ချီးမြှောက်နိုင်ကြလေကုန်၏၊ ဒေဝါ–ထက်ရပ်ခိုမှီ,ဘုံကိုယ်စီဌ်, စုံညီပျော်ပါး,နတ်ဗြဟ္မာများတို့သည်ကား၊ အဝိသယာ–လောကစဉ်လာ, သူတော်စွာတို့,အရာဌာန,မဟုတ်ကြလေကုန်သောကြောင့်၊ န ဟိ ပဂ္ဂဏှန္တိ–ဘယ်လောက်ပင်သဒ္ဓါတွေရှိကြသော်လည်း ဘဂဝါပရမေ သုံးလူ့ဘုရားရယ်က,နတ်ဗြဟ္မာတွေကို သာသနာ့အမွေပိတ်ပင်၍ထားခဲ့ တာကြောင့်,စိတ်မရှင်လက်မှိုင်ထောက်ပြီး,မပြုစုမချီးမြှောက် နိုင်ကြလေ ကုန်သတည်း . . . . .။

ဒီဂါထာရဲ့အဓိပ္ပါယ်က၊ မြတ်ဗုဒ္ဓတည်ထောင်တော်မူခဲ့တဲ့ –

သာသနာတော်မြတ်ကြီးဟာ ဘယ်အရာနှင့်မှ မတူတန်အောင် အင်မတန် မွန်မြတ်တဲ့ သာသနာတော်မြတ်ကြီးပဲ ဖြစ်ပါတယ်၊ ဒီ သာသနာတော် မြတ်ကြီးနဲ့ တွေ့ကြုံဖို့ဆိုတာ အလွန်ပင်ခဲယဉ်းလှပါတယ်၊ ဒီလို မွန် မြတ်တဲ့ သာသနာတော်ကြီး၊တွေ့ကြုံခဲ့တဲ့ သာသနာတော်မြတ်ကြီးကို လူသားတွေပဲ ချီးမြှောက်ထောက်ပံ့နိုင်ကြတယ်၊ လူမဟုတ်တဲ့ နတ်ဗြဟ္မာ တွေကျတော့ မချီးမြှောက်မထောက်ပံ့နိုင်ကြဘူး၊ ချီးမြှောက်ထောက်ပံ့ နိုင်ခွင့် မရှိကြဘူး။ ဒီအဓိပ္ပါယ်ကို ပြဆိုပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ဟာ လူ့ဘုံ၊လူ့လောကကြီးမှာပဲ မိမိ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပါတယ်၊ မြတ်ဗုဒ္ဓ တည်ထောင်ထားခဲ့တဲ့ သာသနာတော်မြတ်ကြီးရှိနေတဲ့ လူ့ဘဝကြီးကို မိမိတို့ ရရှိနေကြတာဟာ အင်မတန်မှ တန်ဖိုးရှိလှပေတယ်။

သာသနာတော်မြတ်ကြီးရှိတည်ရှိတဲ့ လူ့ဘုံလောကကြီးဟာ တန်ဖိုးရှိနေသလို တန်ဖိုးရှိတဲ့ လူ့လောကကြီးမှာ လူလာဖြစ်ကြရတဲ့ မိမိတို့သည်လဲ တန်ဖိုးရှိတဲ့ လူသားများဖြစ်နေကြတယ်ဆိုတာ ထင်ရှားလှ တယ်။

## မြင့်မြတ်တဲ့သာသနာ

"သာသနံ နာမ ဥက္ကဋ္ဌံ"-တဲ့။ သာသနာတော်ကြီးဟာ ဘာဖြစ် လို့မြင့်မြတ်ရသလဲဆိုရင် ဒီသာသနာတော်ကြီးကို တည်ထောင်သွားတဲ့ မြတ်ဗုဒ္ဓက မြင့်မြတ်တဲ့ ဘုရားရှင်ဖြစ်နေလို့ပါပဲ၊ လောကမှာ အမြတ် ဆုံးပုဂ္ဂိုလ်ဟာ ဘုရားရှင်ပဲဖြစ်ပါတယ်၊ ဘုရားရှင်မှတပါး အခြားမြင့် မြတ်တဲ့ အရာဆိုတာ မရှိနိုင်တော့ပါဘူး။ ဒီလို မြင့်မြတ်တဲ့ပုဂ္ဂိုလ်က တည်ထောင်ခဲ့တာဖြစ်လေတော့ တည်ထောင်သူရဲ့ သာသနာတော်ကြီးဟာ လဲ မြင့်မြတ်ပြီဆိုတာ ပြောဖွယ်တောင် လိုတော့မယ် မထင်ပါဘူး။

သာသနာတော်မြတ်ကြီး ပေါ်ပေါက်လာဖို့အရေး၊ နှားထုတ်လိုက် ရတဲ့ ပါရမီတွေဟာ အလွန်ပဲ များပြားလှပါတယ်၊ ကြာလဲကြာညောင်း လှပါတယ်၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တွေ-

ကိုဖြည့်ကျင့်ပြီးမှ ဒီသာသနာတော်ကြီးကို တည်ထောင်နိုင်ခဲ့တာပါ။

အဲဒီ ဖြည့်ကျင့်ရတဲ့ ပါရမီဆိုတာတွေဟာလဲ အင်မတန်မှ များပြားလှတယ်၊ မြင့်လဲမြင့်မားလှတယ်၊ အသက်,သွေး,ချွေးတွေနဲ့ ရင်းခဲ့ရတယ်၊ အသက်,သွေး,ချွေးတွေနဲ့ရင်းပြီးတော့မှသာ ဘုရားအဖြစ်ကို ရရှိခဲ့တယ်၊ ဒီသာသနာတော်ကြီးကိုလဲ တည်ထောင်နိုင်ခဲ့တယ်၊ ဒါကြောင့် ဒီသာသနာတော်ကြီးဟာ အသက်,သွေး,ချွေးတွေနဲ့ ရင်းပြီးတော့မှ တည်ထောင်ခဲ့ရတဲ့ သာသနာတော်ကြီးဖြစ်တယ်။

ဒီနေရာမှာ မြင့်မြတ်တဲ့ သာသနာတော်ကြီး ပေါ်ထွက်လာဖို့အတွက် အသက်ပေးပြီး ရင်းနှီးခဲ့ရပုံ သာဓကလေးတစ်ခုထုတ်ပြပါမယ်။

ဓမ္မပါလဇာတ်တော်

ရှေးတုံးက ဗာရာဏသီပြည်ကြီးမှာ မဟာပတာပ-ဆိုတဲ့ မင်းဘစ်ပါး အုပ်စိုးခဲ့တယ်၊ အဲဒီတုံးက ဘုရားအလောင်းတော်ဟာ အဲဒီမင်းရဲ့ မိဖုရားကြီးဖြစ်တဲ့ စန္ဒာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေတည်နေပြီး ဖွားမြင်လာခဲ့တယ်၊ ရှင်ဘုရင်ရဲ့သားတော် ဖြစ်ခဲ့ပါတယ်။

သူ့ကို ဓမ္မပါလ-လို့ အမည်ပေးထားကြတယ်၊ ဓမ္မပါလသတို့သားလေး(၇)လအရွယ်ရောက်လို့ တစ်နေ့သောအခါမှာ မိခင်စန္ဒာဒေဝီ မိဖုရားကြီးက ရေချိုးပေးပြီး တန်ဆာဆင်ပေးလျက် ယုယုယယနဲ့ ကစားနေပါတယ်။

ဒီအချိန်မှာပဲ ဘုရင်မင်းမြတ်က စန္ဒာဒေဝီမိဖုရားကြီးရဲ့ အဆောင်တော်ကို ဝင်ရောက်လာပါတယ်၊ ဘုရင်မင်းမြတ်ရောက်တဲ့ အချိန်ဟာ စန္ဒာဒေဝီမိဖုရားကြီးက သားကလေးနဲ့ ကြည်နူးနေတဲ့အချိန်၊ သားကလေး ဆော့ကစားနေတာကိုကြည့်ပြီး မိခင်တို့ရဲ့ ချစ်မေတ္တာတွေ ယိုဖိတ်နေချိန်၊ ဒီလိုအချိန်မျိုးမှာ လင်တော်မောင် ရှင်ဘုရင်တစ်ပါး လာတယ်ဆိုတော့ မိဖုရားကြီးက ရုတ်တရက် အရိုအသေမပြုမိလိုက်ဘူး ဖြစ်သွားတယ်။

မိခင်တို့ရဲ့မေတ္တာ နော်၊ သားသမီးပေါ်အပေါ် ဘယ်လောက်အထိ ကြီးမားတယ်၊ ဘယ်လောက်အထိ အားကောင်းတယ်-ဆိုတာ မှန်းဆကြည့်နိုင်ပါတယ်၊ အရှိအသေပြုရမဲ့သူ,ခရီးဦးကြိုဆိုရမဲ့သူကိုပင် အရှိအသေမပြုမိနိုင်လောက်အောင် သားသမီးတွေအပေါ်မှာ သံယောဇဉ်ကြီးမားရှာကြတယ်။ မိခင်တို့ရဲ့ ချစ်ခြင်းမေတ္တာတရားဟာ သားသမီးတွေအပေါ် ဘယ်လောက် အားကောင်းကောင်းနဲ့ ထားရှိနေသလဲဆိုတာ ဒီအချက်ကလေးကို ကြည့်လိုက်ရင် အလွန်ပေါ်လွင်နေပါတယ်။

ဘုရင်ကြီးအထင်လွဲခဲ့

အဲဒီလို မိဖုရားကြီးရဲ့ ပြုမူဆက်ဆံချက်ကြောင့် မဟာပတာပမင်းကြီးက ဘယ်လိုထင်သွားသလဲဆိုတော့ "ဒီ မိဖုရားကြီးဟာ ယခုထဲက သားကိုမှီပြီးတော့ မာန်တက်နေပြီ၊ ဒီသားကလေးကြီးလာရင် ငါ့ကို ဘာမှ ဂရုစိုက်တော့မှာမဟုတ်ဘူး၊ ယခုထဲက ဒီသားကလေးကို သတ်ပစ်မှတော်မယ်"လို့ ထင်မှတ်ကြံစည်သွားခဲ့ပါတယ်။

ချက်ချင်းပဲ မိဖုရားကြီးရဲ့ အဆောင်ကထွက်ခွာသွားတယ်၊ ရာဇပလ္လင်ပေါ်တက်ကာ သူသတ်သမားတွေကို ခေါ်လိုက်တယ်၊ ခေါ်ပြီးတော့ မိဖုရားကြီးထံက ဓမ္မပါလသူငယ်ကို ယူဆောင်ကြဖို့ အမိန့်ပေးလိုက်ပါတယ်။

မိဖုရားကြီးကလဲ ဘုရင်းမင်းမြတ်ရဲ့ ပြုမူနေပုံတွေကို ရိပ်မိသွားတဲ့အတွက် သူ့အပေါ်မှာ အမျက်ထွက်သွားကြောင်း သိလိုက်ပါတယ်၊ ဒါကြောင့် ဓမ္မပါလသားငယ်ကလေးကို ရင်ခွင်မှာခေါ်ပြီး ပိုက်ထားလိုက်ပါတယ်၊ သားငယ်ကို ရင်မှာပိုက်ပြီးတော့ ငိုကြွေးနေတော့တယ်။

အဲဒီလိုငိုကြွေးနေရင်း သူသတ်ယောကျ်ားတွေဟာ မိဖုရားကြီးလက်ထဲက ကလေးငယ်ကို အတင်းလုယူသွား ကြပါတယ်၊ စန္ဒာဒေဝီမိဖုရားကြီးကလဲ ငိုကြွေးပြီးတော့ လိုက်ပါလာတယ်။ မင်းရဲ့ရှေ့တော်မှောက်ရောက်တော့ ဓမ္မပါလသူငယ်ကလေးကို ပျဉ်ချပ်ခုံပေါ်မှာ တင်ထားလိုက်ကြတယ်၊ ဒီအခါမှာ ဘုရင်ကြီးက ကလေးငယ်ရဲ့-

လက်ကလေးတွေကို ဖြတ်တောက်ကြဖို့ အမိန့်ပေးလိုက်ပါတယ်။

ဒီအခါမှာ မိဖုရားကြီးက ငိုကြွေးပြီးတော့ တောင်းပန်ရှာပါတယ်၊ "ကလေးငယ်ကလေးမှာ ဘာမှအပြစ်မရှိပါဘူး၊ ကျွန်တော်မျိုးမမှာသာ အပြစ်ရှိပါတယ်၊ ယခုလိုဖြစ်ရတာဟာ ကျွန်တော်မျိုးမကြောင့် ဖြစ်ရတာပါ၊ ဘာမှမသိတတ်သေးတဲ့ ကလေးငယ်မှာ အပြစ်မရှိပါဘူး။ ဒါကြောင့် ကျွန်တော်မျိုးမကိုသာ သတ်ပါ၊ ကျွန်တော်မျိုးမရဲ့ လက်တွေကိုသာ ဖြတ်ကြပါ"လို့ ငိုကြွေးပြီးတော့ တောင်းပန်ရှာပါတယ်။

ဓမ္မပါလလေးငယ်ကိုနှိပ်စက်ကြခြင်း

ဒီလိုတောင်းပန်ပေမဲ့လဲ မရခဲ့ပါဘူး၊ မင်းကြီးက ဖြတ်ခိုင်းတာဖြစ်လို့ သူသတ်ကျေးတွေကလဲ မနေသာပါဘူး၊ ဒါကြောင့် ၇-လသား အရွယ်ကလေးငယ်လေးရဲ့ လက်ကလေးတွေကို ရက်ရက်စက်စက် ဖြတ်တောက်လိုက်ကြပါတော့တယ်၊ စဉ်းစားသာကြည့်ပေတော့၊ ဘယ်လောက် ကြေကွဲဖို့ကောင်းသလဲဆိုတာ။ ဖြတ်တောက်တဲ့ ဓားကလဲထက်လှတာကြောင့် ၇-လသားအရွယ်နုနုနယ်နယ်ကလေးရဲ့ လက်ကလေးတွေကို ဝါးမျှစ်ကလေးများ ဖြတ်တောက်ရသလိုနေမှာပါ။

ဓမ္မပါလကလေးငယ်၏ခန္တီ,မေတ္တာ

ကလေးငယ်ကလေးက တစ်စုံတစ်ရာ ဘာမှမပြောတတ်သေးပါဘူး၊ ၇-လသားအရွယ်ကလေးဆိုတော့ ဘာမှပြန်လဲမပြောတတ်ရှာပါဘူး။ ဒါပေမဲ့ ဘုရားလောင်းကလေးဆိုတော့ အသိဉာဏ်ကတော့ အခြား ကလေးငယ်လေးတွေလိုတော့ မဟုတ်ဘူး၊ အသိဉာဏ်ကတော့ ကြွယ်ဝနေပါတယ်။ ဒါကြောင့် နှိပ်စက်နေစဉ်မှာ ဓမ္မပါလကလေးငယ်လေး ဘယ်လိုနေသလဲဆိုတော့-

"သော-ထိုဓမ္မပါလသူငယ်ကလေးသည်၊ ဟတ္ထေသု ဆိဇ္ဇမာနေ-နေသု-လက်ကလေးတွေကို ဖြတ်တောက်အပ်ကုန်သည်ရှိသော်၊ ဝါ-ဖြတ်တောက်နေစဉ်၊ နေဝ ရောဒိ-ငိုလဲမငို၊ န ပရိဒေဝိ-မြည်လဲမမြည်တမ်း၊ ခန္တိဥ္စ- သည်းခံခြင်းကိုလည်းကောင်း၊ မေတ္တဥ္စ-သူတစ်ပါးအား

ချမ်းသာစေခြင်းကိုလည်းကောင်း၊ ပုရေစာရိုက်–ရှေ့သွားပြု၍၊ အဓိဝါ သေတိ–သည်းခံနေလေတော့သတည်း . .

အလောင်းတော် ကလေးငယ်လေးရဲ့ သည်းခံတဲ့ ခန္တီတရားနဲ့ မေတ္တာတရားနော်၊ ဘယ်လောက်ထူးခြားသလဲဆိုတာ အံ့ဩလောက် ပါတယ်၊ ၇–လအရွယ်လေးပဲရှိပါသေးတယ်၊ သာမန်ကလေးငယ်လေးတွေ ဖြစ်နိုင်ခဲတဲ့ ကိစ္စမျိုးတွေပါ။ ဖြည့်ကျင့်ခဲ့တဲ့ ပါရမီအဟုန်တွေကြောင့် ယခုလောက် ခံနိုင်ရည်ရှိနေတာပါ။

ဒါဟာ ဘာအတွက်လဲ၊ သဗ္ဗညုတဉာဏ်တော်ကြီး ရရှိဖို့အတွက် ဒီလောက်အထိ ပြင်းထန်တဲ့ ပါရမီတွေကို ဖြည့်ကျင့်နေတာပဲဖြစ်ပါတယ်။ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိမှ ယခုတည်ရှိနေတဲ့ သာသနာ တော်မြတ်ကြီးလဲ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်၊ သာသနာတော်ကြီးတည် ထောင်ဖို့အရေး အသက်ပေးပြီးတော့ ပါရမီတော်တွေကို ဖြည့်ကျင့်နေတာ ဖြစ်ပါတယ်။

ယခုကြည့်လိုက်စမ်း၊ ဘယ်လောက်အထိ သည်းခံခဲ့သလဲ၊ ဘယ် လောက်အထိ သတ္တဝါတွေအပေါ် မေတ္တာထားနေသလဲ၊ မေတ္တာတရား သာ မထားနိုင်ဘူးဆိုရင် ယခုလို လက်ကလေးတွေကို ဖြတ်တောက်နေမှု ကို ခံနိုင်မှာမဟုတ်ပါဘူး။

ပါရမီပြည့်ဖို့အရေးအသက်ပေး

အဲဒီလို လက်ကလေးတွေကို ဖြတ်တောက်လိုက်တော့ လက် ကလေးတွေဟာ ကြမ်းပြင်ပေါ်ကို ကျလာပါတယ်၊ မိခင်ဖြစ်တဲ့ စန္ဒာဒေဝီ မိဖုရားကြီးက အဲဒီလက်ပြတ်လေးတွေကို ကောက်ယူပြီး သူ့ရဲ့ ရင်ခွင်မှာ ပွေ့ပိုက်ထားပြီး အပြင်းအထန် ငိုကြွေးပါတယ်၊ မိခင်လုပ်သူ ဘယ်လောက် ခံစားရမလဲဆိုတာ စဉ်းစားကြည့်တော့နော်–။

အဲဒီနောက် ဖခင်ဘုရင်ကြီးက ခြေနှစ်ချောင်းကို ဖြတ်ခိုင်းပြန် ပါတယ်။ မိခင်ဖြစ်သူ မိဖုရားကြီးက တောင်းပန်ရှာပါတယ်၊ ဒါပေမဲ့ မရခဲ့ပါဘူး၊

နောက်ဆုံးမှာတော့ ဦးခေါင်းကိုပါ ဖြတ်လိုက်ပါတော့တယ်၊ ဦးခေါင်းကိုဖြတ်တယ်ဆိုတော့ သေပြီပေါ့၊ မသေခင်မှာ ကလေးငယ်ဖြစ်လို့ စကားမပြောတတ်ဘူး၊ စကားမပြောတတ်သေးပေမဲ့ ငိုကြွေးမည်တမ်းခြင်း အလျဉ်းမရှိခဲ့ပါဘူး။

အသက်ဆုံးတဲ့အထိ ငိုကြွေးမည်တမ်းခြင်း မရှိပါဘဲ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိဖို့ သည်းခံခြင်းဆိုတဲ့ ခန္တီတရားရယ်၊ မေတ္တာ တရားရယ်၊ အဓိဋ္ဌာန်ရယ် ဒီပါရမီသုံးမျိုးကို အထွတ်အထိပ်ရောက်အောင် ဖြည့်ကျင့်ခဲ့ပါတယ်။

ခေါင်းဖြတ်လို့ သေပြီးတဲ့နောက်, သူငယ်ကလေးရဲ့ အသက် ဝိညာဉ်မဲ့နေတဲ့ ကိုယ်ကို မိုးပေါ်မြှောက်ပြီး အောက်ကနေ သံလျှက်နဲ့ခံပြီး အသိမာလာ–ဆိုတဲ့ သံလျှက်ပန်းလုပ်စေပြန်တယ်–တဲ့၊ ဘယ်လောက် ရက်စက်လိုက်တဲ့ ရှင်ဘုရင်လဲဆိုတာ၊ ကြည့်ပေတော့။ ဒီလောက်အထိ မိုက်မဲတဲ့ဖခင်မျိုး ရှိတယ်လို့တောင် ယုံကြည်စရာ မကောင်းဘူး၊ ဒါပေမဲ့ ဒေါသရဲ့ ကျေးကျွန်ဖြစ်နေကြတဲ့ ပုထုဇဉ်တွေထဲမှာ ဒီလိုလူလဲ ရှိနိုင် တာပါပဲ။

မယုံမရှိနဲ့၊ ယခုခေတ်မှာလဲ တစ်ခါတစ်ရံ ကြားဖူးတတ်ကြပါ တယ်၊ မိဖတွေက မကျွေးနိုင်လို့ လမ်းဘေးပစ်ထားခဲ့တဲ့ မွေးကင်းစ ကလေးငယ်လေးတွေ တွေ့တယ်ဆိုတာ ကြားဖူးကြမှာပါ။ ဒီလို မိခင်ဖခင်မျိုးတွေ ရှိနေတယ်နော်၊ ဒါကြောင့် မယုံမရှိနဲ့။ ဒေါသနော် ကြောက်စရာကောင်းလှပါတယ်၊ "ဒေါသော အတ္ထံ နဇာနာတိ" လို့ ဘုရားရှင်ဟောတော်မူထားတယ် "ဒေါသဖြစ်လာရင် အကြောင်းအကျိုး ကို မသိနိုင်တော့ဘူး" တဲ့။

ယနေ့ တရားနာယူကြတဲ့ ပရိတ်သတ်အပေါင်းသည်လဲ ဒေါသ– ဆိုတဲ့ ဆိုးရွားလှတဲ့ အကုသိုလ်တရားပေ့ ပြင်းပြင်းထန်ထန် မဖြစ်ပေါ် ရလေအောင် ဗုဒ္ဓရဲ့ တရားတော်ဖြစ်တဲ့ ခန္တီတရား,မေတ္တာတရားတို့ကို ရှေ့သွားပြုပြီးတော့ ထိန်းသိမ်းကြရမယ်။

အဲဒီ မဟာပတာပမင်းကြီးဟာ သူ့ရဲ့ သားတော်ကလေးကို သတ်ဖြတ်ပြီးတာနဲ့ သူထိုင်နေတဲ့ ရာဇပလ္လင်ပေါ်က ကျလာတယ်၊ ကြမ်းပေါ်ရောက်တဲ့အခါ ကြမ်းပြင်ပေါက်ပြီး မြေပေါ်ရောက်၊ မြေပေါ်လဲရောက်ရော မြေမျိုသွားပါတယ်။ မြေမျိုတယ်ဆိုတော့ မဟာအဝီစိငရဲကို ရောက်ပြီပေါ့။

မိဖုရားဖြစ်တဲ့ စန္ဒာဒေဝီဟာလဲ သားကလေး ရက်စက်စွာအသတ်ခံရခြင်းကြောင့် ငိုကြွေးရင်းနဲ့ပဲ ရင်ကွဲပြီး သေဆုံးရှာပါတယ်။ မဟာဓမ္မပါလသတို့သားလေးကတော့ သည်းခံခြင်းဆိုတဲ့ ခန္တီတရားကို ပါရမီမြောက်အောင် ဖြည့်ကျင့်ပြီး သေဆုံးသွားခဲ့ပါတယ်။

အမြတ်ဆုံးသာသနာ

အေး–ဒါကြောင့် ဘုန်းကြီးတို့ရဲ့သာသနာတော်ကြီးဟာ ဘယ်အရာ ဘယ်သင်းနဲ့မှ မတူအောင် မြင့်မြတ်လှတဲ့ သာသနာတော်မြတ်ကြီးဖြစ်တယ်ဆိုတာ ယခုပြောခဲ့တဲ့ ဘုရားအလောင်းတော် ပရမီဖြည့်ကျင့်ခဲ့ပုံကို ကြည့်ရင် သိနိုင်လောက်ပါပြီ၊ အသက်တွေပေး၊ အသွေးအသားတွေနဲ့ရင်းပြီးတော့မှ တည်ထောင်ထားခဲ့ရတဲ့ သာသနာတော်မြတ်ကြီး၊ ကမ္ဘာပေါင်းများစွာ ကြာမြင့်အောင် ပါရမီမျိုးစုံအောင် ဖြည့်ကျင့်ပြီးမှ ပေါ်ထွက်လာတဲ့ သာသနာတော်မြတ်ကြီး၊ ဒါကြောင့် လောကမှာ တန်ဖိုးအကြီးမားဆုံးနဲ့ အခက်အခဲအမျိုးမျိုးတွေကို ရင်ဆိုင်ပြီးမှ ပေါ်ပေါက်လာတဲ့အရာဟာ ဒီသာသနာတော်မြတ်ကြီးပဲ ဖြစ်တယ်ဆိုတာ သဘောကျထားကြရမယ်နော်။

တွေ့ဆုံခဲ့တဲ့သာသနာဆိုတာတော့ အထူးပြောနေဖွယ်လိုမယ် မထင်ပါဘူး၊ ကမ္ဘာပေါင်း အသင်္ချေကြာမြင့်မှ တစ်ကြိမ်တစ်ခါသာ ပေါ်ထွန်းလာတဲ့ သာသနာတော်မြတ်ကြီးပါ၊ အင်မတန်မှ တွေ့ဆုံခဲလှပါတယ်၊ ပါရမီတွေ ပါလာခဲ့လို့သာ,ကုသိုလ်ထူးတဲ့သူတွေမို့သာ တွေ့ကြုံနေကြရတာပါ။

စဉ်းစားတတ်မှ ဒီအချက်ကို မြင်နိုင်ပါတယ်၊ အပေါ်ယံမျက်စိနဲ့ကြည့်ရင် မမြင်နိုင်ပါဘူး၊ မြင်အောင်ကြည့်တတ်ဖို့လဲ အရေးကြီးလှပါတယ်၊ မြင်အောင် ဉာဏ်မျက်စိနဲ့ သေသေချာချာ စဉ်းစားတွေးခေါ်–

ကြည့်ဖို့လိုအပ်ပါတယ်၊ ဒီလို ကြည့်လို့မြင်လာပြီဆိုရင် မိမိတို့ဘဝဟာ အင်မတန်မွန်မြတ်တဲ့ဘဝဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်လာမှာပါ။ ဒါကြောင့်–

"ခဲယဉ်း"စာရင်းဝင်သာသနာ

(၁)ဘုရားပွင့်ရာ၊ သာသနာ၊ လွန်စွာခဲယဉ်းသည်။

(၂)လူတစ်ယောက်ဟာ၊ ဖြစ်ဖို့ရာ၊ လွန်စွာခဲယဉ်းသည်။

(၃)သာသနာတွင်း၊ လူဖြစ်ခြင်း၊ လွန်မင်းခဲယဉ်းသည်။

(၄)ရတနာသုံးတန်၊ ယုံကြည်ရန်၊ အမှန်ခဲယဉ်းသည်။

(၅)သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်း၊ ဆင်မြန်းဝတ်ဖို့ – ခဲယဉ်းသည်။

(၆)နိဗ္ဗာန်ရောက်ရန်၊ တရားမှန်၊ နာခံကျင့်ဖို့ခဲယဉ်းသည်။

ဘုရားပွင့်တဲ့ သာသနာတော်ကြီးဟာ အလွန်ပင်ခဲယဉ်းတယ်၊ ဘုရားတစ်ဆူတစ်ဆူပွင့်ဖို့ဆိုတာ ခဲယဉ်းရင် ဘုရားပွင့်မှ ပေါ်ပေါက်လာရတဲ့ ဒီသာသနာတော်ကြီးနဲ့လဲ တွေ့ကြုံဖို့ခဲယဉ်းပြီပေါ့။

ဘုရားပွင့်တဲ့ သာသနာတော်ကြီးနဲ့ ကြုံကြိုက်ပြီး လူလာဖြစ်ဖို့ဆိုတာလဲ ခဲယဉ်းတာပါပဲ။

"မနုဿတ္တဘာဝေါ ဒုလ္လဘော"လူဖြစ်ဖို့ ခဲယဉ်းတယ်ဆိုတဲ့နေရာမှာ လူ့ဘဝမှာ လူလာဖြစ်ဖို့ခဲယဉ်းနေရင် လူဖြစ်ခိုက်လေးမှာ ဒီသာသနာတော်ကြီးနဲ့ ကြုံတဲ့လူဖြစ်ဖို့ဆိုတာလဲ မလွယ်လှပါဘူး၊ လူ့ပြည်က အပ်တစ်စင်း၊ ဗြဟ္မာ့ပြည်ကအပ်တစ်စင်း၊ အပ်သွားချင်းထိဖို့ မလွယ်ကူသလိုနေမှာပါ၊ နခသိခသုတ်တော်မှာကြည့်နိုင်ပါတယ်။

မြတ်ဗုဒ္ဓက နခသိခသုတ်တော်မှာ ရဟန်းတော်တွေကို လက်သည်းပေါ်မှာ မြူမှုံလေးတွေကို တင်ပြပြီးတော့ "ချစ်သားရဟန်းတို့ ငါ့ရဲ့ လက်သည်းပေါ်မှာ ရှိနေတဲ့ မြူမှုံလေးတွေနဲ့ မဟာပထဝီမြေကြီးပေါ်မှာ

ရှိနေတဲ့ မြူမှုံတွေဟာ ဘယ်သင်းက များသလဲ"လို့မေးမြန်းတော်မူပါတယ်၊ ရဟန်းတော်အရှင်မြတ်တွေက ဘုရားရှင်ရဲ့ လက်သည်းပေါ်မှာရှိနေတဲ့ မြူမှုံဟာ မပြောပလောက်ပါဘုရား၊ မဟာပထဝီ မြေကြီးပေါ်မှာ ရှိနေတဲ့ မြူမှုံတွေက အလွန်များနေပါတယ်ဘုရား-လို့ လျှောက်ထားကြပါတယ်၊

ဒီလို လျှောက်ထားတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က "ချစ်သားရဟန်းတို့၊ ဒီဥပမာအတိုင်းပါပဲ၊ သတ္တဝါတွေအထဲမှာ လူ့ဘုံ လူ့လောက,နတ်ဘုံနတ်လောက-စတဲ့ သုဂတိဘဝတွေကို ရောက်တဲ့သူက အင်မတန်နဲပါးလှပါတယ်၊ မကောင်းတဲ့ ငရဲ,တိရစ္ဆာန်,ပြိတ္တာ-စတဲ့ ဒုဂ္ဂတိဘဝကို ရောက်ရတဲ့ သတ္တဝါတွေက များပြားပါတယ်-လို့ ဟောကြားတော်မူပါတယ်။

ဒီဘုရားဟောဒေသနာတော်တွေကို ထောက်ပြီးတော့ လူဖြစ်ရတာ ခဲယဉ်းကြောင်း သိသာလှပါတယ်။

လက်တွေ့အနေနဲ့လဲ ကြည့်လို့ရပါတယ်၊ ငရဲ,ပြိတ္တာ, အသုရကာယ်-ဆိုတာတွေဟာ မျက်စိနဲ့ မမြင်ရလို့ ထားလိုက်ပါအုံး၊ တိရစ္ဆာန်ဆိုတာကိုပဲကြည့်လိုက်အုံး။ တိရစ္ဆာန်ဆိုတာ အပါယ်ဘုံသား သတ္တဝါပဲ၊ အဲဒီ တိရစ္ဆာန်သတ္တဝါနဲ့ လူဆိုတဲ့သတ္တဝါ ဘယ်သင်းက များနေသလဲ ယှဉ်ကြည့်လိုက်ရင် သိသာပါတယ်၊ ဒါက လက်တွေ့မြင်ကြည့်တတ်အောင် ပြောပြတာပါ။ ဘုရားရှင်ကတော့ ဒေသနာတော်တွေမှာ အတိအလင်း ဟောကြားခဲ့ပြီးသားပါ။

နောက်တစ်ခါ သာသနာတွင်းမှာ လူတော့လာဖြစ်ပါရဲ့, သာသနာရှိတဲ့ ခေတ်ကာလမှာတော့ လူလာဖြစ်ပါရဲ့, ဒီသာသနာတော်ကို မယုံကြည်တဲ့လူမျိုးလဲ ဖြစ်နိုင်သေးတာပါပဲ။

ယနေ့ မျက်မှောက်မှာ ဖြစ်နေကြတာ မြင်တွေ့နေကြမှာပါ၊ သာသနာတော်နဲ့ ကြုံနေပေမဲ့ သာသနာတော်ရဲ့ အဓိကဖြစ်တဲ့ ရတနာသုံးပါးကို မယုံကြည်နိုင်တဲ့သူတွေ လောကမှာ အများကြီးပါပဲ။ ဒါကြောင့် "သာသနာတွင်း လူဖြစ်ခြင်း လွန်မင်းခဲယဉ်းသည်"လို့-

လက်ာထဲမှာ စပ်ဆိုထားတာပဲဖြစ်ပါတယ်။

တစ်ခါထပ်ပြီးတော့ လာပြန်တာက၊ "သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်း၊ ဆင်မြန်းဝတ်ဖို့ခဲယဉ်းသည်"တဲ့၊ ဒါကတော့"ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော"လို့ ဘုရားရှင်ဟောထားပြီး ဖြစ်ပါတယ်။ ရှင်ရဟန်းအဖြစ် ဆိုတာလဲ အလွန်ရခဲတဲ့ ဒုလ္လဘတစ်ပါးပါပဲ။

နောက်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မတွေ နာကြားဖို့၊ လက်တွေ့လိုက်နာကျင့်သုံးဖို့ ဆိုတာတွေဟာလဲ ခဲယဉ်းတဲ့ အလုပ်တွေပါပဲ။

အေး–အခုလို သာသနာတော်နဲ့ စပ်နေတဲ့ ကိစ္စတွေဖြစ်ပေါ်ဖို့ အရေးဆိုတာ အဓိကကျတဲ့ ဘုရားသာသနာတော်ကြီးနဲ့တွေ့ဆုံမှ ဖြစ်တာ တွေပါ၊ ဒါကြောင့် ယနေ့ သိမ်ထပ်ကြတဲ့ ဒါယကာ,ဒါယိကာမများဟာ မိမိတို့အနေနဲ့ ယနေ့ပြုလုပ်တဲ့ သိမ်ထပ်မင်္ဂလာကောင်းမှုဟာ သာသနာနဲ့ စပ်တဲ့ ကုသိုလ်ကောင်းမှုဖြစ်တယ်လို့ မှတ်ကြရမယ်နော်၊ နောက်ပြီး သိမ်ထပ်တယ်ဆိုတာလဲ သာသနာပြုကုသိုလ် တစ်မျိုးပဲဖြစ်ပါတယ်၊ ဒီလိုသဘောကျပြီး ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ကြရမယ်နော်။

လူသားတွေသာ ချီးမြှောက်နိုင်ကြတာပါ

"တံ သာသနံ–ထိုသာသနာတော်မြတ်ကြီးကို၊ မနုဿာဝ– လူတို့သာလျှင်၊ ပဂ္ဂဏှန္တိ–ချီးမြှောက်နိုင်ကြလေကုန်၏"တဲ့။

ယခုလို ဘုရားရှင်ကိုယ်တော်မြတ် သွေးသားတွေ၊ အသက်တွေနဲ့ ရင်းနှီးပြီးတော့ ထည်ထောင်ခဲ့ရတဲ့ ဒီသာသနာတော်မြတ်ကြီးကို လူသား တွေပဲ ချီးမြှောက်နိုင်ကြတယ်–တဲ့၊ လူသားတွေသာလျှင် သာသနာပြု ကုသိုလ်တွေကို ဆည်းပူးခွင့်ရှိတယ်လို့ ဆိုလိုတာပါပဲ။

ဒါကြောင့် လူ့ဘဝကြီးဟာ အခြားသော သတ္တဝါတွေနဲ့,ဘဝ တွေနဲ့မတူပဲ ထူးခြားမှုရှိနေတယ်၊ ဒီလူ့ဘဝကြီးဟာ ကောင်းမှုမျိုးစုံ အောင်လုပ်နိုင်တဲ့ "ပုညတိတ္ထ" တဲ့၊ ကောင်းမှုမျိုးစုံကို ပြုလုပ်နိုင်တဲ့ အတွက် မည်သည့်ဘဝကိုမဆို ရယူလို့ လွယ်ကူတဲ့ လူ့ဘဝပဲဖြစ်ပါတယ်။

ယနေ့ ကြည့်လိုက်မယ်ဆိုရင် သာသနာနဲ့တွေ့ဆုံပြီး သာသနာကို ယုံကြည်လေးမြတ် ကိုးကွယ်ဆည်းကပ်နေကြသူတွေအနေနဲ့ ကုသိုလ်ကောင်းမှုတစ်ခုကို ပြုလုပ်လိုက်မယ်ဆိုရင် အဲဒီကုသိုလ်သည် သာသနာတွင်းမှာ ပြုတဲ့ကုသိုလ်ဖြစ်လို့ သာသနာပမှာပြုတဲ့ ကုသိုလ်ထက် အများကြီး ကွာခြားသွားပါပြီ။

သာသနာကို မယုံကြည်တဲ့သူများလဲ ကောင်းမှုတွေကို ပြုတယ် ပြောကြတာပါပဲ၊ သူတို့ပြုတဲ့ ကောင်းမှုမျိုးဟာ ကံ,ကံရဲ့အကျိုးကို ယုံကြည်ပြီးပြုတဲ့ ကောင်းမှုမျိုးမဟုတ်လို့ အကျိုးပေးတော့လဲ တူလိမ့်မယ် မဟုတ်ပါဘူး၊ ဒီလို ခြားနားချက်တွေရှိနေပါတယ်၊ ဒါက အခြေခံကုသိုလ် ပြုတဲ့နေရာကို နိုင်းယှဉ်ပြလိုက်တာပါ၊ အခြားသော အဆင့်မြင့်တဲ့ ကုသိုလ်တွေဆိုတာတော့ သူတို့မှာ ဖြစ်ခွင့်မရှိနိုင်ဘူးဆိုတာ မှန်းကြည့်လို့ရနေပါပြီ၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သမထ,ဝိပဿနာတွေဆိုတာ သူတို့မှာ ဖြစ်ခွင့်မရှိပါဘူး၊ ဒီလို ကွာခြားချက်တွေ ရှိနေပါတယ်၊ လူလူချင်း အတူတူတောင် ကွာခြားနေမှုဖြင့် အခြားသော နတ်ဗြဟ္မာတွေ အနေနဲ့လဲ ဒီလိုပဲကွာခြားနေမှာဆိုတာ မြင်ကြည့်လို့ ရနိုင်ပါတယ်။

## နတ်ဗြဟ္မာတွေမပြုနိုင်တဲ့ကုသိုလ်

ဒါကြောင့် "ဒေဝါ–ထက်ရပ်ခိုမှီ,ဘုံကိုယ်စီဌ,စုံညီပျော်ပါး,နတ်ဗြဟ္မာအများတို့သည်ကား၊ အဝိသယာ–လောကစဉ်လာ,သူတော်စွာတို့, အရာဌာန,မဟုတ်ကြလေကုန်သောကြောင့်၊ န ဟိ ပဂ္ဂဏှန္တိ–ဘယ် လောက်ပင် သဒ္ဓါတွေရှိကြသော်လည်း,ဘဂဝါပရမေ သုံးလူ့ဘုရားရှယ်က, နတ်ဗြဟ္မာတွေကိုသာသသနာ့အမွေ ပိတ်ပင်ထားခဲ့တာကြောင့်, စိတ်မရွှင် လက်မှိုင်ထောက်ပြီး မပြုစု,မချီးမြှောက်နိုင်ကြလေကုန်သတည်း––။

နတ်ဗြဟ္မာတွေကြတော့ သာသနာ့အမွေခံ–ဆိုတဲ့ ကုသိုလ်မျိုးကို ဆည်းပူးခွင့်မရရှိနိုင်ကြဘူး–တဲ့၊ နတ်ဗြဟ္မာတွေဟာ သာသနာ့အမွေခံ ကုသိုလ်များဖြစ်တဲ့ ရှင်ပြုခြင်း,ရဟန်းခံခြင်း,ယခုလိုသိမ်ထပ်ခြင်း–စတဲ့ ကုသိုလ်မျိုးတွေကို မလုပ်နိုင်ကြပါဘူး၊ ဒီကုသိုလ်မျိုး သူတို့မှာ–

ဖြစ်ခွင့်မရှိနိုင်ကြဘူး၊ သူတို့ကိုယ်တိုင် ရဟန်းခံချင်တယ် ခံလို့မရကြဘူး အဲဒီလို လူ့ဘဝနဲ့ကွာခြားနေတယ် နော်--။

သာသနာ့အမွေဆိုတာ-

သာသနဒါယာဒေါတိ သာသနဿ အဗ္ဘန္တရော သာသနဿ ဉာတကော။

သာသနဒါယာဒေါတိ-သာသနာ့အမွေခံဆိုသည်ကား၊ သာသနဿ-သာသနာတော်ကြီး၏၊ အဗ္ဘန္တရော-အတွင်းကျတဲ့ ပုဂ္ဂိုလ်တည်း၊ သာသနဿ-သာသနာတော်ကြီး၏၊ ဉာတကော-ဆွေမျိုးတော်တဲ့ ပုဂ္ဂိုလ်တည်း။

သာသနာ့အမွေခံဆိုတာ သာသနာတော်မြတ်ကြီးရဲ့ အတွင်းဝင်ပုဂ္ဂိုလ်ပဲ၊ သာသနာတော်ရဲ့အတွင်းကျတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ပါတယ်၊ သာသနာတော်နဲ့ ဆွေမျိုးတော်စပ်တဲ့ ပုဂ္ဂိုလ်ပဲ-တဲ့။ သာသနာ့ဆွေမျိုးတော်စပ်သူလို့ ဆိုလိုပါတယ်။

သာသနာပြုမင်းတစ်ပါးဖြစ်တဲ့ သီရိဓမ္မာသောကမင်းကြီးဟာ ကုသိုလ်တွေစုံအောင်ပြုလုပ်ပါတယ်၊ ရေတွင်းပေါင်းရှစ်သောင်းလေးထောင်,ရေကန်ပေါင်းရှစ်သောင်းလေးထောင် စသည်ဖြင့် ကြီးမားတဲ့ ကုသိုလ်ကောင်းမှုကြီးတွေကို ပြုလုပ်တဲ့ မင်းတစ်ပါးပဲဖြစ်ပါတယ်၊ ဒီလို ကြီးမားတဲ့ ကုသိုလ်ကောင်းမှုကြီးတွေကို ပြုလုပ်ထားသူဆိုတော့ သူ့ကိုယ်သူ သာသနာတော်ရဲ့ အတွင်းအကျဆုံးပုဂ္ဂိုလ်ပဲလို့ ပြောလို့ရပြီထင်နေတာ၊ နောက်တော့ ရဟန်းတော်တွေကို လျှောက်ထားကြည့်တော့ ရဟန်းတော်တွေက သာသနာရဲ့ အတွင်းကျတဲ့ပုဂ္ဂိုလ်မဖြစ်သေးဘူးလို့ ပြောလိုက်ပါတယ်၏

ဒါဆိုရင် ဘုရားတပည့်တော် မည်ကဲ့သို့ဆောင်ရွက်ရမလဲဘုရား-လို့ လျှောက်ထားတဲ့အခါ ရဟန်းတော်တွေက သာသနာအတွင်းကျ ပုဂ္ဂိုလ်ဖြစ်ချင်ရင် မိမိရဲ့ သားသမီးတွေကို သာသနာ့ဘောင် သွတ်သွင်းရတယ်-လို့ မိန့်ကြားတော်မူကြပါတယ်။

ဒီ မိန့်ကြားချက်ကို ကြည့်လိုက်ရုံနဲ့ သာသနာ့အမွေခံဆိုတဲ့ ကုသိုလ်မျိုးဟာ ထူးခြားပြီး ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေသာ ပြုလုပ်နိုင်တဲ့ ကုသိုလ်ဆိုတာ ထင်ရှားလှပါတယ်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ ဖြစ်အောင် ပြုပေးသူတွေသာ ဒီလိုကုသိုလ်မျိုးရရှိနိုင်တယ်ဆိုတာ ထင်ရှားလှပါတယ်။

အခုပြောခဲ့တာ သာသနာတော်မြတ်ကြီးကို နတ်ဗြဟ္မာတွေ မချီးမြှောက်နိုင်တဲ့ အကြောင်း၊ လူသားတွေသာ ချီးမြှောက်နိုင်ကြတယ်-ဆိုတဲ့အကြောင်းတွေပါပဲ၊ နတ်ဗြဟ္မာတွေ မချီးမြှောက်နိုင်တာဟာလဲ သာသနာဆိုတာက နတ်ပြည်၊နတ်လောက၊ ဗြဟ္မာ့ပြည်၊ဗြဟ္မာ့လောက တွေမှာ တည်ထားခဲ့တာမှ မဟုတ်ဘဲ၊ မြတ်ဗုဒ္ဓက လူ့ပြည်မှာသာ တည်ထောင်ထားခဲ့တာဖြစ်လို့ လူတွေသာ ချီးမြှောက်နိုင်ကြတာ ဖြစ်ပါတယ်။ ဒါဟာ လူတွေရဲ့ ထူးခြားမှုတစ်ခုလို့ ဆိုရမှာပါ။

## ဘုန်းရှင်၊ကံရှင်ဖြစ်ဖို့လဲလိုပြန်တယ်

လူတွေအထဲမှာလဲ လူတိုင်းလူတိုင်း ဒီသာသနာတော်ကြီးကို မချီးမြှောက်နိုင်ကြပြန်ပါဘူး၊ ဘုန်းရှင်၊ကံရှင်တွေဖြစ်ဖို့လဲ လိုပါသေးတယ်။ ယနေ့လို သာသနာနဲ့စပ်တဲ့ သာသနာပြုကုသိုလ်တွေကို ပြုလုပ်နိုင်တယ်ဆိုတာ ဘုန်းကံရှိတဲ့ လူသားတွေဖြစ်နေလို့သာ ပြုလုပ်နိုင်ကြတာပါ။ ဒါကြောင့်-

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လာဘိနော။

နပ္ပပုညာ ကရဟာစိ၊ ပဂ္ဂဏှိတုံ မဝိသယာ။

ပုညဝန္တဿ-ဣဿရိယ၊စသည်ခြောက်ဖြာ၊ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ သာသနံ-နေဝါလဝန်း၊တက်ထွန်းရှိန်စော်၊အာနုဘော်ကြီးသော သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ-ရှေးရှေးဘဝ၊သံသာရက၊ဘုန်းစက်ထူး၊ရှိခဲ့ဘူးသော သူတို့သည်သာလျှင်၊ ပဂ္ဂဏှိတုံ-ပစ္စယမွေ့၊နှစ်ဝလုံလောက်၊ယခုလို ချီးမြှောက်ထောက်ပံ့နိုင်ခြင်းငှါ၊ လာဘိနော-ဘာလန္တိ- ကောင်းစွာကျန်-

ရှေးကံလှသဖြင့်၊ရရှိနိုင်ကြလေကုန်၏။ ပုညဝန္တသ-ဣသရိယ, စသည်ခြောက်ဖြာ,ဘုန်းသမ္ဘာနှင့်,ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ သာသနံ-နေဝါလဝန်း,တက်ထွန်းရှိန်စော်,အာနုဘော်ကြီးသော သာသနာတော်မြတ်ကြီးကို၊ အပ္ပပုညာ-ဘုန်းကံပါးရှား, ဂုဏ်အင်နွမ်းပါးသော သူတို့သည်။ အဝိသယာ-အဝိသယာယ-အလှမ်းဝေးကွာ,မတန်မရာသည်၏ အဖြစ်ကြောင့်၊ ကရဟာစိ-တစ်ဘဝတစ်ကမ္ဘာ,တစ်ရံတစ်ခါလေးသော်မျှ၊ ပဂ္ဂဏှိတုံ-ပစ္စယဓမ္မ,နှစ်ဝလုံလောက်ယခုလိုချီးမြှောက်ထောက်ပံ့ခြင်းငှါ၊ န လာဘိနော-နလဘန္တိ-ကောင်းစွာကျနရှေးကံမလှသဖြင့်,မရနိုင်ကြပါကုန်တကား--။

သာသနာတော်မြတ်ကြီးကို နတ်ဗြဟ္မာတွေ မချီးမြှောက်နိုင်ကြဘူး၊ လူတွေသာ ချီးမြှောက်နိုင်ကြပါတယ်၊ လူတွေထဲမှာလဲ ဘုန်းကံရှိတဲ့ လူတွေသာ ချီးမြှောက်နိုင်ကြတယ်-လို့ ဆိုလိုပါတယ်။

ဒီဂါထာကအရ ကြည့်လိုက်ရင် အဆင့်ဆင့် တက်လာတာကို တွေ့ရမယ်။ ရှေးရှေးက ဘုန်းကံတွေပါလာခဲ့တဲ့ လူတွေသာ ဒီသာသနာတော်ကြီးကို ချီးမြှောက်ထောက်ပံ့နိုင်ကြပါတယ်။ ဘုန်းကံ ပါးရှားတဲ့ လူမျိုးတွေကတော့ ဒီသာသနာတော်မြတ်ကြီးကို မချီးမြှောက် မထောက်ပံ့နိုင်ကြဘူး-တဲ့။ ဒါနဲ့ ပတ်သက်ပြီးတော့လဲ မိထွေးတော် ဂေါတမီက ဘုရားရှင်ကိုလျှောက်ထားဘူးတာရှိတယ်၊ ဘယ်လို လျှောက်ထားဘူးလဲဆိုတော့-

မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိစ။

ယေ တေ ဝါကျာနိ သောဿန္တိ၊ တေပိ ဓညာ နရုတ္တမ။

နရုတ္တမ-လူသုံးပါးတို့၏အရှင်ဖြစ်တော်မူသော မြတ်ဘုရား-မဓုရာနိ-ချိုမြိန်ကုန်ထသော၊ ပဟဋ္ဌာနိ-ကြားရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်ကုန်ထသော၊ ဒေါသဃ္ဃါနိ-အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စေနိုင်ကုန်ထသော၊ ဟိတာနိစ-ကြားနာတိုင်း အကျိုးရစေနိုင်ထသော၊ ဝါကျာနိ-ဟောကြားပြသ ဆိုဆုံးမအပ်သော တရားစကား-

တော်တို့ကို၊ ယေ–အကြင်ခပ်သိမ်းသော သူတို့သည်၊ သောသဿန္တိ–ကြားနာကြရလေကုန်၏၊ တေပိ–ထိုခပ်သိမ်းသောသူတို့သည်လည်း၊ ဧဉာ–ရှေးကုသိုလ်ကံ စီမံဖန်တီး ဘုန်းကံကြီးမားကြပါပေကုန်စွတကား။

အဓိပ္ပါယ်ကတော့၊ မြတ်စွာဘုရား–အရှင်ဘုရားရဲ့တရားတော်ကို နားကြားရတဲ့သူတွေဟာ သိပ်ပြီး ဘုန်းကံတွေကြီးမားသူတွေ ဖြစ်ကြပါပေတယ်ဘုရား–လို့ မိထွေးတော်ဂေါတမီက အံ့ဩလွန်းလို့၊ဝမ်းမြောက်လွန်းလို့ ဘုရားရှင်ကို လျှောက်ထားတဲ့စကားပါပဲ။

ဒီလျှောက်ထားချက်ထဲမှာတော့ တရားတော်တွေကို နာကြားရတဲ့သူတွေကို ဘုန်းကံကြီးမားသူတွေလို့ ဆိုထားတာပါ၊ ဒါပေမဲ့ တရားတော်ကို နားကြားသူတွေရော၊ ဘုရားရှင်သာသနာနဲ့စပ်တဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ကြသူတွေရော၊ အားလုံးတို့ဟာ ဘုန်းကံကြီးမားကြတာပါပဲ၊ ဘုရားရှင်ရဲ့သာသနာတော်မြတ်ကြီးကို ယုံကြည်တယ်ဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမ တရားတော်တွေကို ယုံကြည်တာဖြစ်လို့ ဘုန်းကံကြီးမားကြတဲ့သူတွေပါပဲ။

ဒီကနေ့ သိမ်ထပ်မင်္ဂလာကို ပြုလုပ်ကြတဲ့ အလှူရှင်များသည်လဲ ဘုရားရှင်ရဲ့ သာသနာတော်ကြီးကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့တာဖြစ်တဲ့အတွက် ဘုန်းကံကြီးမားကြတဲ့သူတွေပဲဆိုတာ အထူးပြောဖွယ်မလိုတော့ပါဘူး။ ဒီလို ချီးမြှောက်ထောက်ပံ့နိုင်တာဟာ ဘုန်းကံပါရမီတွေပါလာခဲ့လို့ဆိုတာ ထင်ရှားနေပါတယ်၊ ဘုန်းကံပါလာသူများဖြစ်ကြလို့ ယခုလို သာသနာတော်မြတ်ကြီးကို ချီးမြှောက်နိုင်ခြင်းဖြစ်တယ်၊ အဲဒီလို သိရှိပြီး မိမိတို့ရဲ့ကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ကြရမယ်နော်။

အေး–ဒါကြောင့် ဘုန်းကြီးအနေနဲ့ ယခုလို သာသနာနဲ့စပ်တဲ့ အကြောင်းအရာတွေကို ဟောကြားတဲ့အတွက် သာသနာတော်မြတ်ကြီးရဲ့ မြင့်မြတ်ပုံ၊ သာသနာတော်ကြီးရဲ့ ကျေးဇူးကြီးမားပုံ၊ မိမိတို့ ရရှိနေတဲ့ လူ့ဘဝကြီးမြင့်မြတ်ပုံ အလုံးစုံတို့ကို သိကြရပါပြီ၊ ဒါကြောင့် ယနေ့ အင်မတန်မှ ရခဲ တွေ့ခဲတဲ့ သာသနာတော်မြတ်ကြီးနဲ့ တွေ့ရ၊ဆုံရ၊

ကြုံနေရတဲ့အခိုက်အတန့်လေးမှာ သာသနာတော်မြတ်ကြီးကို အထောက်အကူပေးတဲ့ ပုနော့ပသမ္ဗဒမင်္ဂလာကောင်းမှုကို မိသားစု စုပေါင်းပြီးတော့ ပြုလုပ်ရတယ်၊ အင်မတန်မှ ကံကောင်းလှတယ်၊ လူ့ဘဝကို အရတော်တယ်–လို့ ဝမ်းမြောက်ဝမ်းသာတွေဖြစ်ကြရမယ်။

အဟော မေ လာဘာဝတ ဗုဒ္ဓသာသနံ နိဿာယ မဟန္တံ

ပုညံ ပသုတံ။

မေ–ငါ့အား၊ အဟော လာဘာဝတ–ဩော် အရတော်ပေစွတကား၊ ဗုဒ္ဓသာသနံ–ဘုရားရှင်သာသနာတော်ကြီးကို၊ နိဿာယ–အမှီပြု၍၊ မဟန္တံ–နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်သဖြင့် မြင့်မြတ်လှစွာသော၊ ပုညံ– ကောင်းမှုကို၊ ပသုတံ–ဆည်းပူးပွားများအပ်ပေသည်တကား . . .။

မိမိတို့ ယနေ့ယခု ပြုလုပ်တဲ့ ကောင်းမှုအပေါ် ယခုလိုစဉ်းစားပြီး ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿတွေ ဖြာဝေလျှက် ယနေ့ယခု ပြုပြုသမျှသော ကောင်းမှုတွေကို အားလုံးသော လူနတ်ဗြဟ္မာ သတ္တဝါတို့အား အမျှပေးဝေလိုက်ကြရအောင်– – – ။

# ဆွမ်းသွတ်အနုမောဒနာဒေသနာ

ယနေ့ယခု ဒါယကာကြီး ဦးအောင်သောင်း၊ ဒါယိကာမကြီး ဒေါ်အေးမြင့် အမှူးပြုတဲ့ ဆွေးမျိုးဉာတိတစ်စုတို့က ဘဝတစ်ပါးသို့ ပြောင်းသွားကြတဲ့ နှစ်ဖက်သော မိခင်ဖခင် ကျေးဇူးရှင်တို့နှင့်တကွ၊အထူးသဖြင့် ဘဝတစ်ပါး ကွယ်လွန်ပြောင်းရွှေ့သွားသော မောင်စည်သူအောင်–တို့အား ရည်စူးပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တို့အား မိမိတို့နေထိုင်ရာ အိမ်ဂေဟာသို့ ပင့်ဆောင်ပြီးတော့ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ်တို့ကို ကျင့်သုံးခံယူဆောက်တည်ခြင်း၊မေတ္တာဘာဝနာပွားများခြင်း၊ အသုဘဘာဝနာပွားများခြင်း စသော ကောင်းမှုကုသိုလ်အစုစုတို့ကို ပြုလုပ်ကြပါတယ်။

ရည်စူးပြီးပြုတဲ့နေရာမှာ

ယနေ့ပြုလုပ်ကြတာ ဒါန၊ သီလ၊ဘာဝနာ ဆိုတဲ့ ကုသိုလ်တွေကို စုံအောင် ပြုလုပ်ကြတာပါပဲ၊ အဓိက ရည်ရွယ်တာ၊ရည်စူးတာကတော့ ကွယ်လွန်သူများအတွက်ပါပဲ၊ ကွယ်လွန်သူများကို ရည်စူးပြီးပြုတဲ့ ကုသိုလ်မျိုးကို "ပေတဥဒ္ဒိဿ ဒါန"လို့ ခေါ်ပါတယ်၊ ဒီကုသိုလ်ဟာ ကွယ်လွန်သူများကို ရည်စူးပြီးပြုတဲ့ ကုသိုလ်မျိုးဖြစ်တဲ့တွက် ကွယ်လွန်သူများထံမှောက်သို့ မိမိတို့ပြုတဲ့ ကုသိုလ်အဖို့ဘာဂတွေ–

ရောက်ရှိအောင် ပြုတတ်ဖို့ လိုပါတယ်၊ ဒီလို ပြုတတ်မှသာ ကွယ်လွန်သူများထံမှောက် ရောက်ရှိနိုင်ပါတယ်။ ကွယ်လွန်သူများထံမှောက် ရောက်ရှိနိုင်အောင် ပြည့်စုံရမဲ့ အင်္ဂါအချက်အလက်တွေရှိပါတယ်။

ပေတကိစ္စ၊ ဥဒ္ဒိသ္သက၊ ရည်ထပေးပြု၊ သာဓုခေါ်တတ်၊

လှူခံမြတ်မှ၊ သေသူရ၏။(မဃဒေ၀)

ပေတဥဒ္ဒိဿဒါနကုသိုလ်ကို ပြုတဲ့နေရာမှာ ကွယ်လွန်သူများရရှိအောင် အင်္ဂါသုံးပါးနဲ့ ညီညွတ်နေရပါမယ်။

(၁)ရည်ထပေးပြု=ယနေ့ပြုတဲ့ ကုသိုလ်သည် ကွယ်လွန်သူများအတွက် ဖြစ်တယ်-လို့ ရည်မှန်းထား,ရည်စူးထားရမယ်၊ အာရုံပြုထားရမယ်။

(၂)သာဓုခေါ်တတ်=ကွယ်လွန်သွားကြတဲ့ ပုဂ္ဂိုလ်များကလဲ ယနေ့ပြုတဲ့ ကုသိုလ်အဖို့ဘာဂကို အမျှဝေတဲ့အခါ သာဓုခေါ်နိုင်ရပါမယ်။ သာဓုခေါ်နိုင်ရန်အတွက် မိမိတို့ကလဲ ဖိတ်မန္တကပြုထားရမယ်၊ ကွယ်လွန်သူများကလဲ သာဓုခေါ်ဆိုနိုင်တဲ့ ဘုံဘ၀မျိုးရောက်ရှိနေရပါမယ်။

(၃)လှူခံမြတ်မှ=နောက်တစ်ခါ အလှူခံပုဂ္ဂိုလ်တွေကလဲ မွန်မြတ်ရပါမယ်။ စင်ကြယ်နေတဲ့ အလှူခံတွေ ဖြစ်နေရမယ်။

အလှူခံမြတ်ဖို့အရေး

ဒီနေရာမှာ အလှူခံမွန်မြတ်တယ်,စင်ကြယ်တယ်ဆိုတာ ဘယ်လို အာရုံပြုရမလဲဆိုတော့၊ ယနေ့ယခု ဆွမ်းခဲဖွယ်ဘောဇဉ် စတဲ့ လှူဒါန်းတဲ့ လှူဖွယ်ဝတ္ထုအစုစုတွေကို "သံဃဿ ဒေမ-သံဃာတော် အရှင်မြတ်တို့အား လှူဒါန်းပါ၏" လို့ သံဃာတော်အရှင်မြတ်တို့ရဲ့ သီလ,သမာဓိ, ပညာဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီး လှူဒါန်းရပါမယ်။ အဲဒီလို သံဃာအားလုံးကို ရည်စူးလိုက်ရင် သမ္မုတိသံဃာသာမက အရိယာသံဃာတော်တွေပါ အားလုံးပါဝင်သွားကြတဲ့အတွက် မိမိတို့ပြုတဲ့ ကုသိုလ်သည် သံဃိကဒါနကောင်းမှုကုသိုလ် ဖြစ်သွားပါတယ်။

"သံဃော ဟိ ဒုဿီလောနာမ နတ္ထိ" တဲ့၊ သံဃာဆိုတာ ဒုဿီလပုဂ္ဂိုလ်ရယ်လို့ မရှိနိုင်ပါဘူး-တဲ့၊ စင်ကြယ်မွန်မြတ်တဲ့ သံဃာသာ လျှင် ဖြစ်နိုင်ပါတယ်-တဲ့။

ဒါကြောင့် သံဃိကဒါနမြောက်အောင် လှူဒါန်းဆက်ကပ်လိုက်ရင် အလှူခံပုဂ္ဂိုလ်စင်ကြယ်သွားပါတယ်၊ အလှူခံစင်ကြယ်ခြင်း-ဆိုတဲ့ အင်္ဂါရပ်နဲ့ ညီညွတ်သွားပါတယ်၊ ဒီလို ပြည့်စုံရမဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံ ညီညွတ်နေအောင် ပေးလှူခဲ့ရင်၊ ပေးလှူတဲ့ ကုသိုလ်တွေဟာ မိမိတို့ရည်မှန်းထားတဲ့အတိုင်း ကွယ်လွန်သူများထံမှောက်သို့ "ဠာနသော ဥပကပ္ပတိ"ဆိုတဲ့အတိုင်း တစ်ခဏချင်းပဲ ရောက်ရှိသွားနိုင်ပါတယ်။

ဒီနေရာမှာ သံဃာကို အာရုံပြုနည်းနဲ့ ပတ်သက်လို့၊ သံဃာတော် အရှင်မြတ်တွေဟာ မိမိတို့အပေါ် ကျေးဇူးများနေတယ်ဆိုတဲ့အချက်ကို သိမြင်နေဖို့ လိုအပ်ပါလိမ့်မယ်၊ ဘယ်လိုကျေးဇူးတွေ များနေသလဲဆိုတာ-ဆက်စပ်ရှာဖွေကြည့်မယ်ဆိုရင်-

သံဃေ စိတ္တံ ပသာဒေထ၊ သံဃော နော ဟိတကာရကော။

သံဃံ နိဿာယ ဗုဒ္ဓေါ စ၊ ဓမ္မော စ သာဓု ဉာယရေ။

သံဃေ-သံဃာတော်မြတ်၌၊ စိတ္တံ-မိမိတို့ စိတ်ကို၊ ပသာဒေထ-ကြည်ညိုအောင်,သဒ္ဓါတရား ပွားများအောင် ကြိုးစားကြပါကုန်လော၊ သံဃော-သံဃာတော်သည်၊ နော-ငါတို့၏၊ ဟိတကာရကော-တကယ့် အကျိုးစီးပွားကို ဆောင်ရွက်တတ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါပေ၏။ သံဃံ-သံဃာတော်မြတ်ကို၊ နိဿာယ-အမှီပြု၍၊ နော-ငါတို့သည်၊ ဗုဒ္ဓေါစ-ဘုရားရှင်ကိုယ်တော်မြတ်ကိုလည်းကောင်း၊ ဓမ္မော စ-တရားတော်တို့ကိုလည်းကောင်း၊ သာဓု-ကောင်းမွန်စွာ၊ ဉာယရေ-ထိထိမိမိ သိအပ်ပါပေကုန်သတည်း . . .။

သံဃာတော်အရှင်မြတ်တွေကို အမှီပြုပြီးတော့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကိုလဲ သိရှိကြရတယ်၊ ဘယ်လိုနည်းနဲ့ သိရှိရသလဲဆိုတော့၊ သံဃာတော်အရှင်မြတ်တွေဟာ သာသနာတော်မြတ်ကြီးကို အရှည်-

တည်တံ့ဖို့အရေး ဆောင်ရွက်နေကြသူတွေထဲမှာ ရှေ့တန်းကနေ ဆောင်ရွက်နေကြတာဖြစ်တယ်၊ သံဃာတော်အရှင်မြတ်တွေ ဦးဆောင် ဦးရွက်ပြုပြီးတော့ ဆောင်ရွက်နေကြတာဖြစ်လို့ မိမိတို့ ဒါယကာ ဒါယိကာမများကို ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ, ဘာသာ သာသနာနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ဟောကြား ပြသ ဆိုဆုံးမပေးနေတာဖြစ်ပါတယ်။

အဲဒီလို အမြဲမပြတ် ဟောပြောပေးနေရတော့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတွေလဲပဲ ရတနာသုံးပါးနဲ့ ပတ်သက် တဲ့ အသိဉာဏ်တွေ တိုးပွားနေတယ်၊ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်မြတ်တွေကိုလဲ သိရှိနေကြရတယ်၊ သိရှိတဲ့အတိုင်းလဲ လိုက်နာကျင့်သုံးနေကြရတယ်၊ ဒါတွေဟာ သံဃာတော်အရှင်မြတ်တွေရဲ့ ဂုဏ်ကျေးဇူးတွေပါပဲ။

နောက်ပြီး၊ တစ်နည်းကြည့်အုံးမယ်ဆိုရင် ဘုရားရှင်သာသနာ တော်မြတ်ကြီး ယနေ့တိုင် တည်တံ့နေတာဟာ သံဃာတော်အရှင်မြတ်များ သယ်ဆောင်လာခဲ့လို့ပါပဲ၊ သက်စွန့်ဆံဖျား ကြိုးစားပမ်းစားနဲ့ ကိုယ်နဲ့ အသက်ကို မငဲ့ကွက်ပဲ သယ်ဆောင်လာခဲ့ကြလို့ ဒီသာသနာတော်မြတ် ကြီး ဒီကနေ့အထိ တည်ရှိနေတာဖြစ်ပါတယ်။

သံဃာယနာတွေ အထပ်ထပ်တင်, သာသနာ့ဘေးရန်တွေကို ရှေ့တန်းက ကြံ့ကြံ့ခံ ကာကွယ်စောင့်ရှောက်ခဲ့ကြလို့ ယခုလိုသာသနာကြီး အရှည်တည်တံ့နေတာပဲဖြစ်တယ်။ ဒီနေရာမှာ သမိုင်းကြောင်းတွေနဲ့ ထုတ်ပြဖို့ သိပ်ကောင်းတာပေါ့၊ ဒါပေမဲ့ ဒီလောက်နဲ့ပဲ ရိပ်မိလောက်, အောင့်မေ့မိလောက်ပါပြီ။

ဒါကြောင့် သံဃာတော်တွေရဲ့ ကျေးဇူးတွေကြောင့် ငါတို့သည် ယခုလို ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကို သိရှိနေကြရတာဖြစ်တယ်၊ ဘုရားရှင်ဟောကြားတဲ့ တရားဓမ္မတွေကို နာကြားရ, လိုက်နာကျင့်သုံး နေကြရတာဖြစ်တယ်၊ ဒါကြောင့် သံဃာတော်တွေဟာ-

ငါတို့အပေါ်မှာ အင်မတန်မှကျေးဇူးများနေတယ်-လို့ သဘောကျထား ကြရမယ်နော်။

ဒီလို နားလည်သဘောပေါက်ပြီး သံဃာ့ဂုဏ်တွေကို အာရုံပြု လှူဒါန်းဆက်ကပ်ကြရမယ်၊ ဒီလို အလှူရှင်များဘက်က ပြည့်စုံရမဲ့ အချက်တွေနဲ့ ပြည့်စုံနေခဲ့ရင် ကွယ်လွန်သူများထံမှောက်သို့ ယနေ့ မိမိတို့ ပြုတဲ့ကုသိုလ်အဖို့ဘာဂတွေ ရောက်ရှိနိုင်ပါတယ်၊ ကွယ်လွန် သူများကလဲ ကောင်းမှုတွေရဲ့ အကျိုးကျေးဇူးတွေကို ချက်ချင်းခံစား နိုင်ပါတယ်။

မမေ့ကောင်းတဲ့ ကျေးဇူးရှင်တွေ

ကျန်ရစ်သူများအနေနဲ့ ယနေ့ယခုလို ကွယ်လွန်သူများကို ရည် မှန်းပြီး ကုသိုလ်ကောင်းမှုတွေပြုပေးတယ်ဆိုတာ ကွယ်လွန်သူများဟာ မိမိတို့အပေါ်မှာ ကျေးဇူးတွေများခဲ့လို့၊မိမိတို့ကို ကျေးဇူးတွေ ပြုခဲ့ဖူးလို့၊ သူတို့ရဲ့ ကျေးဇူးတွေကို မမေ့နိုင်လို့၊ ယခုလို ကုသိုလ်ကောင်းမှုတွေကို အလေးထားပြီး ပြုလုပ်ပေးနေတာဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

ယနေ့ အလှူရှင်များအနေနဲ့ မိမိတို့ ရည်စူးထားတဲ့ သူတွေထဲမှာ အမိအဖတွေပါတယ်၊ အဘိုးအဖွားတွေလဲပါပါတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ အနန္တဂိုဏ်းဝင် ပုဂ္ဂိုလ်တွေပါပဲ၊ မမေ့ကောင်းတဲ့၊ မမေ့အပ်မမေ့ထိုက်တဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ မမေ့အပ်တဲ့ ပုဂ္ဂိုလ်များဖြစ်လို့ ယခုလို သူတို့ရဲ့ ကျေးဇူးတွေကို ပေးဆပ်နေကြတာပဲဖြစ်ပါတယ်။ မမေ့ကောင်းတဲ့ ပုဂ္ဂိုလ်တွေဆိုတာက ဘယ်လိုပုဂ္ဂိုလ်တွေလဲဆိုတော့-

နပ္ပမဇ္ဇိတဗ္ဗာ မာတာ စ၊ ပိတာ စ ရတနာ ဂရု။

တေသံ ပစ္စောပကာရာယ၊ ကာတဗ္ဗံ ပူဇနံ သဒါ။

မာတာ စ-မွေးသမိခင် ကျေးဇူးရှင်ကိုလည်းကောင်း၊ ပိတာ စ-မွေးသဖခင် ကျေးဇူးရှင်ကိုလည်းကောင်း၊ ရတနာ-ရတနာနိ စ- ရတနာသုံးပါးတို့ကိုလည်းကောင်း၊ ဂရု စ-ဆရာသခင် ကျေးဇူးရှင်ကို

လည်းကောင်း၊ နပ္ပမဇ္ဇိတဗ္ဗာ–ကျေးဇူးအထူး ရှိခဲ့ဖူး၍ မမေ့အပ်, မမေ့သင့်, မမေ့ထိုက်ပါကုန်၊ တေသံ–ထို မိဘ,ဆရာ,ရတနာသုံးပါးတို့ကို၊ ပစ္စော–ပကာရာယ–ကျေးဇူးတုံ့ပြန်၍ ပြုခြင်းငှါ၊ ပူဇနံ–ပူဇော်ခြင်းကို၊ ကာတဗ္ဗမေဝ–ပြုအပ် ပြုသင့် ပြုထိုက်လှပါပေသတည်း။

မမေ့စကောင်းသော ပုဂ္ဂိုလ်ငါးဦးပေါ့၊ ဒီငါးဦးကို အနန္တောအနန္တငါးပါးလို့လဲ ခေါ်ကြပါတယ်၊ အဲဒီငါးဦးက– မွေးသည့်မိခင်, မွေးသည့်ဖခင်, ဆရာသခင်, ရတနာသုံးပါး။ ပေါင်းတော့ ငါးဦး၊ အဲဒီ ငါးဦးထဲမှာ မိခင်,ဖခင်နှစ်ဦးဟာ ထိပ်ဆုံးကနေ ပါဝင်နေပါတယ်။

## မိဘကျေးဇူးမြင့်မိုရ်ဦး

သားတွေ သမီးတွေအတွက် တစ်ဘဝအတွက်တာမှာ ပထမဆုံးဖြစ်တဲ့ ကျေးဇူးရှင်တွေပါပဲ၊ ဘယ်လောက် ဒုက္ခတွေခံပြီးတော့ သားသမီးတွေကို စောင့်ရှောက်ခဲ့,ကျွေးမွေးခဲ့ရသလဲ၊ စဉ်းစားကြည့်နော်၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သက်အရွယ်ကစပြီးတော့ ဆင်းရဲဒုက္ခတွေခံပြီး မွေးမြူစောင့်ရှောက်ခဲ့ရတယ်၊ အရွယ်ရောက်လာတော့ကော၊ မိဘတွေရဲ့ စောင့်ရှောက်မှုကင်းပြီလား၊ မကင်းနိုင်သေးဘူးနော်၊ သားသမီးတွေကသာ ကင်းပြီထင်ချင်ထင်နေကြမှာ မိဘတွေကတော့ သားသမီးတွေ ဘယ်အရွယ်ရောက်ရောက် စောင့်မ,နေကြတာပါပဲ။ ဒီလို စောင့်ရှောက်ခဲ့တဲ့,ကျွေးမွေးခဲ့တဲ့ ဂုဏ်ကျေးဇူးတွေဟာ အလွန်များပြားလှတယ်။

မာတာပိတု ဂုဏော အနန္တော–ဆိုတဲ့အတိုင်း မိဘတို့ရဲ့ ဂုဏ်ကျေးဇူးတွေဟာ အဆုံးအပိုင်းအခြားမရှိလောက်အောင် များပြားနေတယ်၊ ဒီကျေးဇူးတွေကို ဘယ်လောက်ပင်ဆပ်ဆပ်၊ ဆပ်လို့မကုန်နိုင်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ အင်္ဂုတ္တိုရ်ပါဠိတော်မှာ–

ဒွိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ။

ကတမေသံ ဒွိန္နံ' မာတု စ ပိတု စ။

ဘိက္ခဝေ–ရဟန်းတော်များ အိုချစ်သားတို့၊ ဒွိန္နံ–နှစ်ဦးသော သူတို့ကို–

သုပ္ပတိကာရံ-လွယ်ကူစွာ ကျေးဇူးတုံ့ဆပ်နိုင်၏ဟူ၍၊ အဟံ-ငါဘုရားသည်၊ န ဝဒါမိ-ဟောတော်မမူ၊ ကတမေသံ ဒွိန္နံ-အဘယ်နှစ်ဦးတို့နည်း၊ မာတု စ-အမိလည်းကောင်း၊ ပိတု စ-အဖလည်းကောင်းတည်း။

မိဘတို့ရဲ့ ကျေးဇူးတရားတွေဟာ များပြားလှတဲ့အတွက် ပေးဆပ်လို့ ကုန်နိုင်ရိုးထုံးစံမရှိပါဘူး-တဲ့။ နောက်ပြီး ဆက်လက်ဟောကြားထားတာရှိသေးတယ်-

"ချစ်သားရဟန်းတို့၊ အသက်တစ်ရာရှည်သော သားသမီးသည် ထိုအနှစ်တစ်ရာကာလပတ်လုံး မိခင်ကို ပခုံးတစ်ဖက်၊ ဖခင်ကို ပခုံးတစ်ဖက် တင်ပြီး ကျင်ကြီးကျင်ငယ်ကိုပင် ထိုပခုံးပေါ်မှာ စွန့်စေလျက် လိုအပ်ရာရာ ဝေယျာဝစ္စ,အစားအစာ,အဝတ်အထည်မှ စပြီးတော့ လိုလေသေးမရှိ အချိန်ပြည့် စောင့်ရှောက်ပြုစုပြီး ကျေးဇူးပေးဆပ်ပါသော်လည်း မကုန်နိုင်ဘူး။ ချစ်သားရဟန်းတို့- လေးကျွန်းလုံးကို အစိုးရနေတဲ့ စကြာမင်းရဲ့ စည်းစိမ်ကြီးကို မိခင်ဖခင်တို့ကို ပေးပြီးတော့ ကျေးဇူးဆပ်သော်လဲ အကုန်မကျေနိုင်ဘူး၊ ကျေးဇူးဆပ်သည် မမည်သေးဘူး" လို့ ဆက်လက်ပြီးဟောကြားတော်မူထားပါတယ်။

ဒီ ဟောကြားချက်တွေကို ကြည့်ခြင်းအားဖြင့် မိဘကျေးဇူးတွေဟာ သားသမီးတွေအပေါ်မှာ ဘယ်လောက်များပြားနေတယ်ဆိုတာ ထင်ရှားနေပါတယ်။

အဲဒီလို များပြားလှတဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီး မိမိတို့ စွမ်းနိုင်သလောက် ပေးဆပ်နေကြရမယ်၊ အမြဲမပြတ် အာရုံပြုနေကြရမယ်၊ အာရုံပြုပြီး ပေးဆပ်နေကြရလိမ့်မယ်၊ ဒါကြောင့် "တေသံ-ထိုမိဘတို့ကို၊ ပူဇနံ-ပူဇော်ခြင်းကို၊ ကာတဗ္ဗမေဝ-ပြုအပ် ပြုသင့် ပြုထိုက်လှပါပေ၏" လို့ ဆိုထားခြင်းဖြစ်ပါတယ်။

ယနေ့လဲပဲ ကျန်ရစ်သူမိသားစုတို့က မိမိတို့ရဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ကြီးများဖြစ်ကြတဲ့ မိခင်ဖခင် ကျေးဇူးရှင်ကြီးများရဲ့ -

ဂုဏ်ကျေးဇူးတွေကို အာရုံပြု၊ ရည်မှန်းပြီးတော့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပြီး ကျေးဇူးဆပ်ကြတာပဲဖြစ်ပါတယ်၊ အောင့်မေ့သတိရတဲ့အနေနဲ့ ကျေးဇူးတရားတွေကို ပေးဆပ်နေကြတာပဲ ဖြစ်ပါတယ်။ အဲဒီလို မိဘတွေကို မမေ့မလျော့ပဲ ကျေးဇူးဆပ်နေတဲ့၊ ပြုစုလုပ်ကျွေးနေတဲ့ သားသမီးတွေ ဘယ်လိုအကျိုးတွေရနိုင်သလဲဆိုတော့-

ကျေးဇူးဆပ်ရကျိုး

တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။

ဣဓေဝ သော ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။

မာတာပိတူသု-အမိအဖတို့၌၊ တာယ ပါရိစရိယာယ- ထိုသို့ ပြုစုလုပ်ကျွေးခြင်းဖြင့်၊ နံ-ထိုမိဘနှစ်ပါးကို လုပ်ကျွေးသော သားမီးကို၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ ဣဓေဝ- ဤဘဝ၌ပင်လျှင်၊ ပသံသန္တိ-ချီးမွမ်းကြလေကုန်၏၊ သော-ထို သားသမီးသည်၊ ပေစ္စ-တမလွန်လောက၌၊ သဂ္ဂေ-နတ်ပြည်၌၊ ပမောဒတိ-မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ရပေသတည်း . . . . .။

မိဘတွေကို လုပ်ကျွေးတဲ့၊ မိဘတို့ရဲ့ ဂုဏ်ကျေးဇူးတွေကိုသတိရ အောင့်မေ့ပြီး ကျေးဇူးတုံ့ဆပ်နေတဲ့ သားသမီးများခံစားရမဲ့ အကျိုးတွေ ပါပဲ။ ယခုပစ္စုပ္ပန်ဘဝမှာလဲ ပညာရှိသူတော်ကောင်းတွေက ချီးမွမ်းမယ်၊ ပညာရှိသူတော်ကောင်းတွေရဲ့ ချီးမွမ်းမှုကို ခံကြရမယ်၊ အော်-ဒီသားသမီး တွေဟာ မိဘတွေရဲ့ ကျေးဇူးတရားတွေကို သိတတ်လိုက်တာ၊ လိမ္မာလိုက်တဲ့ သားသမီးလေးတွေပဲ-စသည်ဖြင့် သူတော်ကောင်းတွေ ချီးမွမ်းမှုကို ခံရမယ်၊ သူတော်ကောင်းတွေ ချီးမွမ်းခံရတယ်ဆိုတဲ့ အရည်အချင်းဟာ နည်းတဲ့ အရည်အချင်း မဟုတ်ပါဘူး၊ ချီးမွမ်းခံရဖို့ဆိုတာ မလွယ်ကူ လှပါဘူး၊ နောက်ပြီး တမလွန်လောက ရောက်တဲ့အခါလဲ ကောင်းတဲ့ ဘုံဘဝ၊ ကောင်းတဲ့ ဘုံဌာနတွေမှာ ဖြစ်ကြရလို့ သံသ ရာမှာ ပျော်ပျော် ရွှင်ရွှင်နဲ့၊ ကုသိုလ်ကောင်းမှုတွေပြုရင်းနဲ့ နေထိုင်ကြရမယ်-တဲ့။

ဒီအကျိုးကျေးဇူးတွေကို ဘာကြောင့် ရရှိခံစားရတာလဲ၊ မိဘတွေကို ပြုစုစောင့်ရှောက်လို့,မိဘတွေရဲ့ ဂုဏ်ကျေးဇူးတွေကို အောင့်မေ့သတိရပြီး ပြန်လည်ပေးဆပ်လို့ပဲ–တဲ့။ ယနေ့ မိဘကျေးဇူးဆပ်ကြတဲ့ အလှူရှင်များအနေနဲ့ ဘယ်လောက် ဝမ်းမြောက်ဖို့ကောင်းသလဲနော်။

ရတနာသုံးပါးကိုလဲမမေ့သင့်

နောက်တစ်ခါ "ရတနာ–ရတနာနိ စ–ရတနာသုံးပါးတို့ကိုလည်းကောင်း" တဲ့။

ရတနာသုံးပါးကိုလဲ မမေ့ရဘူး၊ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကို အမြဲမပြတ်အောင့်မေ့နေကြရမယ်၊ ဘုရားရတနာ တရားရတနာ သံဃာရတနာ၊ ဒီသုံးပါးဟာ မိမိတို့ ဘဝသံသရာမှာ တကယ့် ကျေးဇူးရှင်တွေပဲဖြစ်တယ်၊ ယခုဘဝမှာလဲ ဘေးခပ်သိမ်း,ရန်ခပ်သိမ်း,အန္တရာယ်ခပ်သိမ်းတွေ ကင်းငြိမ်းနေအောင် ဒီရတနာသုံးပါးက ဆောင်ကြဉ်းပေးတယ်၊ ဒီရတနာတွေ နှလုံးသားမှာ ကိန်းတဲ့ပုဂ္ဂိုလ်တွေ၊ ဒီရတနာတွေရဲ့ ဂုဏ်ကျေးဇူးတွေကို သိတဲ့ပုဂ္ဂိုလ်တွေဟာ ယခုဘဝမှာလဲ လောကီလောကုတ္တရာကောင်းကျိုးချမ်းသာတွေနဲ့ ပြည့်စုံပြီးတော့နေတတ်တယ်၊ တမလွန်ဘဝမှာလဲ အပါယ်သံသရာ ဝဋ်ဆင်းရဲတွေက ကင်းဝေးပြီးတော့ သုဂတိချမ်းသာများကို ရရှိနိုင်တယ်။ ရရှိနိုင်အောင် ဒီရတနာသုံးပါးက ဆောင်ကြဉ်းပေးနိုင်ပါတယ်။

ဒီရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကို သိနိုင်တယ်ဆိုတာ၊ ရတနာတွေ မှာရှိနေတဲ့ ဂုဏ်သတ္တိတွေကြောင့်ပါပဲ၊ ရတနာသုံးပါးရဲ့ ဂုဏ်သတ္တိတွေဟာ ဘာတွေလဲဆိုတော့–

စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။

အနောမသတ္တ ပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။

စိတ္တီကတံ–စိတ်၌စွဲကပ် အလေးအမြတ်ပြုအပ်ပါပေ၏၊ မဟဂ္ဃဉ္စ–အဖိုးများစွာလည်းထိုက်တန်ပါပေ၏၊ အတုလဉ္စ–မတုလည်းမရှိ၊ –

ဒုလ္လဘဒဿနဋ္ဌ–မြင်ရခဲသော အရာလည်းဖြစ်ပါပေ၏၊ အနောမသတ္တ–ပရိဘောဂဋ္ဌ–မယုတ်မညံ့သူ လူမွန်လူမြတ်တို့သာ သုံးဆောင်ရာလည်းဖြစ်၏၊ တေန–ထိုအကြောင်းများကြောင့်၊ ရတနံ–ရတနာဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပေ၏။

ဒါတွေဟာ ရတနာသုံးပါးရဲ့ ဂုဏ်သတ္တိတွေပဲ ဖြစ်ပါတယ်။

(၁)အလေးအမြတ်ပြုထိုက်တဲ့ ဂုဏ်သတ္တိ၊

(၂)အဖိုးများစွာ ထိုက်တန်တယ်ဆိုတဲ့ ဂုဏ်သတ္တိ၊

(၃)အတူမရှိခြင်းဆိုတဲ့ ဂုဏ်သတ္တိ၊

(၄)တွေ့မြင်ရခဲခြင်းဆိုတဲ့ ဂုဏ်သတ္တိ၊

(၅)မြင့်မြတ်သူတို့သာ သုံးဆောင်နိုင်ခြင်းဆိုတဲ့ ဂုဏ်သတ္တိ။

ဒီ ငါးမျိုးသော ဂုဏ်သတ္တိတွေနဲ့ ပြည့်စုံ ပြီးတော့နေပါတယ်။

လေးစားမြတ်နိုး၊ အဖိုးထိုက်တန်၊ တုမဲ့ဟန်နှင့်၊ မြင်ရန်ခဲလတ်၊

သူမြတ်တို့သာ၊ သုံးဆောင်ရာ၊ ရတနာ ဂုဏ်အင်ငါး။

ဒီလို ဂုဏ်သတ္တိတွေနဲ့ ပြည့်စုံနေလို့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နေကြတာပဲ ဖြစ်ပါတယ်၊ ကိုးကွယ်ဆည်းကပ်သူတွေကို လောကီ၊လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးတွေကို ပေးစွမ်းနိုင်ပါတယ်၊ မိမိတို့ ယနေ့ယခုလို မိဘကျေးဇူးတွေကို သိရှိနားလည်သဘောပေါက်နေတာဟာလဲ ဒီရတနာသုံးပါးတို့ရဲ့ လမ်းညွှန်မှုတွေကြောင့်ပဲဖြစ်တယ်၊ ရတနာသုံးပါးတို့ရဲ့ အဆုံးအမတွေကို နားလည်လက်ခံလို့ပဲဖြစ်တယ်။

ယခုလို ကွယ်လွန်သူတွေကို ရည်စူးပြီး ဒါနစတဲ့ ကောင်းမှုတွေပြုပြီးတော့ သုဂတိဘဝရောက်ကြောင်း အလုပ်တွေကို ပြုလုပ်နိုင်ကြတာလဲ ရတနာသုံးပါးတို့ရဲ့ ကျေးဇူးတွေကြောင့်ပဲ ဖြစ်ပါတယ်၊ အသိအလိမ္မာဉာဏ်ပညာတွေတိုးပွား နေတာတွေဟာလဲ ဒီရတနာ သုံးပါးတို့ရဲ့အဆုံးအမတွေကြောင့်ပါပဲ၊ ဒါကြောင့် အဓိကကျတဲ့ ဒီရတနာသုံးပါးကိုလဲ

မမေ့အပ်ဘူး၊ အမြဲမပြတ် အောင့်မေ့ဆင်ခြင်နေကြရမယ်။

ဆရာ့ကျေးဇူးကိုလဲမမေ့နဲ့

နောက်တစ်ခါ "ဂရူ စ–ဆရာသခင်ကျေးဇူးရှင်တို့ကို လည်းကောင်း"တဲ့။

ဒီ ဆရာသခင်ကျေးဇူးရှင်တွေကိုလဲ မမေ့သင့်ဘူး၊ ဘာလို့လဲဆိုရင် မိမိတို့ဘဝအတွက် အတတ်ပညာတွေ, အသိလိမ္မာဉာဏ်ပညာတွေ, မိမိတို့ ဘဝတိုးတက်ကြီးပွားရေး–စတဲ့ ဘဝတစ်ခုအတွက် အဖက်ဖက်က ပြည့်စုံနေအောင် ဒီဆရာတွေက လမ်းညွှန်ပေးခဲ့တာဖြစ်ပါတယ်၊ ဒီဆရာတွေရဲ့ သွန်သင်ပြသ ဆိုဆုံးမမှုတွေကြောင့် မိမိတို့ အသိဉာဏ်ပညာတွေ တိုးတက်ခဲ့သလို စီးပွားချမ်းသာတွေ ရှာဖွေတတ်လို့ လောကီချမ်းသာတွေနဲ့ ပြည့်စုံစွာနေနိုင်တာဖြစ်ပါတယ်၊ ဒါကြောင့် ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူးတွေကိုလဲ အမြဲမပြတ် သတိရအောင့်မေ့ပြီး ကျေးဇူးပေးဆပ်နေကြရမယ်။

ဒါကြောင့်"တေသံ–ထိုမိဘဆရာ ရတနာသုံးပါးတို့ကို၊ ပူဇနံ–ပူဇော်ခြင်းကို၊ ကာတဗ္ဗမေဝ–ပြုအပ် ပြုသင့် ပြုထိုက်လှပါပေသတည်း။

အဲဒီလို မမေ့သင့် မမေ့အပ်တဲ့ ပုဂ္ဂိုလ်များကို အမြဲတမ်း သတိရအောင့်မေ့ပြီးတော့ ထိုက်တန်တဲ့ ပူဇော်မှုတွေကို ပြုလုပ်ပေးကြရမယ်၊ ဒီကနေ့လဲ ကျန်ရစ်သူမိသားစုများအနေနဲ့ ကွယ်လွန်သွားကြတဲ့ မိဘဆွေမျိုးများနဲ့ သားဖြစ်တဲ့ မောင်စည်သူအောင်တို့ကို အမှတ်ရအောင့်မေ့ပြီးတော့ ဒါနစတဲ့ ကောင်းမှုတွေကို ပြုပြီးကျေးဇူးဆပ် ပူဇော်ကြတာဖြစ်လို့ စောစောက ဘုန်းကြီးပြောတဲ့အတိုင်း ဘုရားရှင်ရဲ့ ညွှန်ကြားမှုတွေကို လိုက်နာပြီး ပြုလုပ်ကြခြင်းပဲဖြစ်ပါတယ်။

သောကတွေမဖြစ်မိဖို့လိုတယ်

ကွယ်လွန်သူများအတွက် ရည်စူးပြီးကောင်းမှုတွေကို ပြုလုပ်ကြတဲ့ခါ ကွယ်လွန်သူများ မိမိတို့ပြုတဲ့ ကုသိုလ်အဖို့ဘာဂတွေကို ရရှိအောင်,သာဓုအနုမောဒနာတွေ ခေါ်ဆိုနိုင်အောင် ကုသိုလ်ပြုပေးသူများ–

အနေနဲ့ သောကပရိဒေဝတွေ မဖြစ်ကြဖို့ အရေးကြီးလှတယ်။

န ဟိ ရုဏ္ဏံ ဝါ သောကော ဝါ၊ ယာစညာ ပရိဒေဝနာ။

န တံ ပေတဿ အတ္ထာယ၊ ဧဝံ တိဋ္ဌန္တိ ဉာတယော။

ဟိ သစ္စံ-တိုက်တွန်းပါ၏၊ ရုဏ္ဏံ ဝါ-မျက်ရည်စီးယို ငိုခြင်း သည်လည်းကောင်း၊ သောကော ဝါ-စိုးရိမ်ပူဆွေးခြင်းသည်လည်း ကောင်း၊ အညာ-တစ်ပါးသော၊ ယာ စ ပရိဒေဝနာ-အကြင် ဂုဏ်ကို ချီး၍ ဖွဲ့နွဲ့မည်တမ်းခြင်းသည်လည်းကောင်း၊ အတ္ထိ-ရှိပါပေ၏၊ တံ-ထို ငိုတရှိုက်ရှိုက် စိုးရိမ်မြည်တမ်းခြင်းကို၊ န ကာတဗ္ဗံ-မပြုအပ် မပြုသင့်ပေ၊ တံ-ထို ငိုတရှိုက်ရှိုက်,စိုးရိမ်မြည်တမ်းခြင်းသည်၊ ပေတဿ-ဘဝတစ်ပါး ပြောင်းသွားစုတေလေသော သူ၏၊ အတ္ထာယ-အကျိုးစီးပွားအလို့ငှါ န ဟောတိ-မဖြစ်ပေ၊ တထာပိ-ထိုသို့ မဖြစ်ပါလျက်လည်း၊ ဉာတယော-ကြောင်းကျိုးမသိ,ပညာမရှိကုန်သော ဆွေမျိုးတို့သည်၊ ဧဝံ-ဤကဲ့သို့ ငိုယိုပူရှိုက်,စိုးရိမ်မြည်တမ်းကုန်လျက်၊ တိဋ္ဌန္တိ-တည်နေတတ်ကြလေကုန်၏။

စိုးရိမ်ပူဆွေးငိုကြွေးလျှက် ဒါနစတဲ့ ကောင်းမှုတွေကို ပြုမယ်ဆိုရင် မိမိရည်စူးထားတဲ့အတိုင်း ကွယ်လွန်သူများ ထံမှောက် ကုသိုလ်အဖို့ ဘာဂတွေ မရောက်ရှိနိုင်ဘူး-တဲ့။ ကွယ်လွန်သူများအနေနဲ့ သာဓုအနု မောဒနာတွေကို ခေါ်ဆိုနိုင်ကြမှာမဟုတ်ဘူး-တဲ့။

ဒါကြောင့် ကွယ်လွန်သူများထံ၊ ရည်စူးပြီးပြုတဲ့ ကုသိုလ်တွေ ရောက်ရှိအောင် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတွေ မဖြစ်ကြဖို့ သတိပြု ကြရမယ်၊ သောကပရိဒေဝမီးတွေ မတောက်လောင်ကြဖို့ သတိပြုကြ ရမယ်။

ဒီ သောကပရိဒေဝတွေ မတောက်လောင်အောင် ဘာတွေ နှလုံး သွင်းသင့်သလဲဆိုတော့-

သင်္ခါရသဘောတရားတွေကို မမြဲတဲ့အနိစ္စ, ဆင်းရဲတဲ့ဒုက္ခ, အစိုးမရတဲ့အနတ္တ-လို့ ဆင်ခြင်နှလုံးသွင်းကြရပါတယ်။

အနိစ္စသဘောတွေမြင်အောင်ကြည့်

သရီရာနိ အနိစ္စာနိ၊ ဝိဘဝေါ နေဝသဿတော။

နိစ္စံ သန္နိဟိတောပါယော၊ ကာတဗ္ဗော ဓမ္မသဥ္စယော။

သရီရာနိ-သူသူငါငါ သတ္တဝါမှန်သမျှတို့ရဲ့ ခန္ဓာကိုယ်ကြီးသည်၊ အနိစ္စာနိ အနိစ္စာဝတ-စင်စစ်ဧကန် အမှန်မုချ မမြဲလေကုန်စွတကား၊ ဝိဘဝေါ-သူသူငါငါတို့ ပိုင်ဆိုင်ထားကြတဲ့ ပစ္စည်းဥစ္စာရတနာရွှေငွေ အထွေထွေ တို့သည်၊ နေဝသဿတော-သူကလည်းစွန့် ကိုယ်ကသော် လည်းစွန့်ရသည့်အတွက် မြဲသောအရာများမဟုတ်ကြပါပေ၊ နိစ္စံ-အမြဲမပြတ်၊ သန္နိဟိတောပါယော-ပျက်စီးခြင်းနှင့် နီးကပ်လျှက်ရှိနေပါပေ၏၊ တသ္မာ-ထို့ကြောင့်၊ ဝါ-ထိုသို့ ပစ္စည်းဥစ္စာတွေကလည်းမမြဲ၊ အသက်ခန္ဓာကလည်းမမြဲသည့်အတွက်ကြောင့်၊ ဓမ္မသဥ္စယော-ဒါန သီလ ဘာဝနာစသော တရားတို့ကို ဆည်းပူးစုဆောင်းခြင်းကို၊ ကာတဗ္ဗော-ပြုအပ် ပြုသင့် ပြုထိုက်ပါပေတော့သတည်း . . .။

သူသူငါငါ သတ္တဝါမှန်သမျှတို့ရဲ့ အသက်ခန္ဓာဆိုတာ တစ်နေ့ ကျရင် စွန့်ခွာထားခဲ့ကြရမှာပါပဲ၊ ဇာတိဆိုတဲ့ ပဋိသန္ဓေကို ရယူထားရင် မရဏဆိုတဲ့ သေခြင်းနဲ့ အဆုံးသတ်ကြရတာပါပဲ၊ မြဲတဲ့သဘောဆိုတာ မရှိပါဘူး၊ မမြဲတဲ့သဘော, ဆင်းရဲတဲ့သဘောတွေသာ ရှိကြပါတယ်၊ မမြဲတဲ့သဘော,ဆင်းရဲတဲ့သဘောတရားတွေ ပြည့်နေတဲ့ ခန္ဓာကိုယ်ကြီးသည် တစ်နေ့ကျရင် သေခြင်းဆိုတဲ့ မရဏနဲ့ အဆုံးသတ်ကြရမယ်။

ကျမ်းဂန်တွေမှာ ဒီသဘောတွေကို ဘာနဲ့ဥပမာပေးသလဲ ဆိုတော့ ရထားနဲ့ ဥပမာပေးပါတယ်။

ခန္ဓာရထား,သံသရာခရီသွား

ခန္ဓာရထား၊ သံသရာသွား၊ လေးပါးဘူတာ၊ ဆိုက်ရရှာ၊

ဇာတိမှထွက်၊ ဇရာဆက်၊ နာချက်မရဏာ၊ လေးဘူတာ။

သံသရာဆိုတဲ့ ခရီးကြမ်းကိုနင်နေကြတဲ့ သတ္တဝါတွေ၊ ခန္ဓာဆိုတဲ့ ရထားကြီးကိုစီးပြီးတော့ သွားနေကြတယ်၊ ရထားဆိုတာ သတ်မှတ်ထားတဲ့ ဘူတာရောက်ရင် ဆိုက်ရတာပါပဲ။ ထို့အတူ၊ ခန္ဓာတည်းဟူသော ရထားကြီးကို စီးနေကြရသူတွေလဲ သတ်မှတ်ထားတဲ့ ဘူတာတွေရောက်ရင်တော့ ဆိုက်ပြီး ဆင်းကြရမှာပါ၊ အမြဲတမ်းစီးနေလို့ မရနိုင်ပါဘူး။

ဘူတာက လေးဘူတာရှိတယ်၊ ဇာတိဆိုတဲ့ဘူတာ,ဇရာဆိုတဲ့ဘူတာ,ဗျာဓိဆိုတဲ့ဘူတာ,မရဏဆိုတဲ့ဘူတာ၊ ဒီလေးဘူတာမှာ ဆိုက်ရတယ်၊ ဘူတာရှိတဲ့ သံသရာလမ်းခရီးဖြစ်လို့ ဘူတာရောက်ရင်တော့ ဆင်းကြရမယ်၊ အဲဒီဘူတာတွေကို ကျော်ဖြတ်လို့မရနိုင်ဘူး။

ဇာတိဆိုတဲ့ ဘူတာကနေ စထွက်လာတဲ့ ရထားကြီး၊ ရထားကတော့ ထွက်လာပါပြီ၊ သံသရာရထားကြီးကို စီးလာကြတဲ့ သတ္တဝါတွေသည် ဇာတိဆိုတဲ့ ဘူတာကြီးက ထွက်လာခဲ့ပါပြီ၊ အဲဒီဘူတာကထွက်လာပြီဆိုရင် ဇရာဆိုတဲ့ အိုရမဲ့ဘူတာကိုရောက်မယ်၊ အဲဒီဘူတာ ရောက်ပြီးတဲ့နောက် ဗျာဓိဆိုတဲ့ နာရမဲ့ဘူတာ, အဲဒီနောက် သေခြင်းဆိုတဲ့ မရဏဘူတာ၊ ဒီဘူတာတွေ အစဉ်အတိုင်း ဆိုက်ကြရတော့မယ်။

တချို့သတ္တဝါတွေကတော့ ဇရာဆိုတဲ့ အိုခြင်းဘူတာကို ဆိုက်နေကြပါပြီ၊ တချို့သတ္တဝါတွေကြတော့ ဗျာဓိဆိုတဲ့ ဘူတာဆိုက်နေကြရပြီ၊ တချို့လဲ မရဏဆိုတဲ့ သေခြင်းဘူတာကို ဆိုက်သွားကြပါပြီ၊ သေခြင်းဆိုတဲ့ ဘူတာကတော့ နောက်ဆုံးဘူတာပါပဲ၊ နောက်ဆုံး ဖြစ်တဲ့ သေခြင်းဆိုတဲ့ ဘူတာမှာ အဆုံးသတ်ကြပါတယ်။

သံသရာခရီးသွားများ နောက်ဆုံးဆိုက်ကြရမဲ့ ဘူတာကတော့ သေခြင်းဆိုတဲ့ ဘူတာပဲဖြစ်ပါတယ်။

ဘာရိက္ခာတွေယူသွားကြမလဲ

သံသရာခရီးကိုသွားနေကြတဲ့သူများသည် ခရီးသွားတဲ့အခါ ရောက်လေရာရာအရပ်တွေမှာ အသုံးပြုဖို့ ရိက္ခာတွေ ထည့်ကြရပါတယ်၊ ထို့ အတူပါပဲ၊ သံသရာခရီးမှာ ခန္ဓာရထားကြီးစီးပြီး သွားနေ–

ကြတဲ့ သတ္တဝါတွေလဲ လမ်းခရီးတွေမှာ ချမ်းချမ်းသာသာနဲ့ သုံးစွဲဖို့ ရိက္ခာတွေ လိုအပ်ပါတယ်၊ ဘာရိက္ခာတွေ လိုအပ်သလဲ ဘယ်ရိက္ခာတွေ ကိုတော့ မသယ်သွားဖို့ လိုသလဲ–

ခါး,အဆိပ်ပါ၊ များရိက္ခာ၊ ဝေးစွာရှောင်ကြဉ်ပါ၊

ချိုဆိမ့်ကောင်းမြတ်၊ ရိက္ခာစာတ်၊ အထပ်ထပ်သာ၊

ဆွဲတင်ပါ။

ခရီးသွား ရိက္ခာတွေကို သယ်ဆောင်ကြတဲ့နေရာမှာ၊ မကောင်းတဲ့ ရိက္ခာတွေ မသယ်ဆောင်ရဘူး၊ ကောင်းတဲ့ ရိက္ခာတွေသာ သယ်ဆောင်သွား ရတယ်၊ ခန္ဓာရထားကြီးကိုစီးပြီး သံသရာခရီးကြမ်းနှင်နေကြရတဲ့ သတ္တဝါတွေသည်လဲ လမ်းခရီးမှာ အဆင်ပြေဖို့ ကောင်းတဲ့ရိက္ခာတွေကိုသာ တင်ဆောင် သယ်ယူသွားကြရမယ်၊ မကောင်းတဲ့ရိက္ခာတွေ မသယ်ဆောင် မတင်သွားကြဖို့ အရေးကြီးပါတယ်၊ ကောင်းတဲ့ ရိက္ခာဆိုတာက ကုသိုလ် ကောင်းမှုတွေပဲဖြစ်ပါတယ်၊ မကောင်းတဲ့ ရိက္ခာဆိုတာက အကုသိုလ် မကောင်းမှုတွေပဲဖြစ်ပါတယ်၊ ကုသိုလ်ကောင်းမှုဆိုတဲ့ ကောင်းတဲ့ ရိက္ခာ တွေကိုသာ များများတင်ဆောင်သွားကြရမယ်၊ မကောင်းတဲ့ အကုသိုလ် ရိက္ခာတွေကိုတော့ မတင်သွားကြရဘူး၊ အရေးကြီးတယ်နော်။

## ပစ္စည်းဥစ္စာတွေကိုလဲစွန့်ရလိမ့်မယ်

နောက်တစ်ခါ မိမိတို့ ပိုင်ဆိုင်ထားကြတဲ့ ပစ္စည်းဥစ္စာရတနာတွေ၊ ဒါတွေကိုလဲ တစ်နေ့ကျရင် စွန့်ထားခဲ့ ရမှာပဲဖြစ်တယ်၊ သူ့သူ့ငါငါ အနည်းနဲ့ အများဆိုသလို ပစ္စည်းဥစ္စာတွေကို ပိုင်ဆိုင်ထားကြပါတယ်၊ ဘယ်ပစ္စည်း ဥစ္စာကိုမဆို တစ်နေ့သေဆုံးတဲ့အခါမှာတော့ ယူဆောင်သွားလို့ မရပါဘူး၊ ထားရစ်ခဲ့ကြရမှာပါ။

မသေခင်မှာလဲ ပစ္စည်းဥစ္စာတွေက အရင်စွန့်ခွာသွားနိုင်ပါတယ်၊ ဒါက သူကစွန့်သွားတာပါပဲ။ သေဆုံးတဲ့အခါကျတော့ ကိုယ်ကစွန့်ရပြီ၊ တစ်နေ့ကျရင် သူကသော်လဲစွန့်၊ ကိုယ်ကသော်လဲစွန့်၊ တစ်နည်းနည်း–

နဲ့တော့ စွန့်ထားခဲ့ရမှာပါ။ မမြဲတဲ့ အနိစ္စသဘောတရားတွေပါ။ သက်ရှိသတ္တဝါတွေ မမြဲကြသလို သက်မဲ့ဖြစ်တဲ့ အရာဝတ္ထုတွေလဲ မြဲကြလို့လား–။

တင့်တယ်ရှန်းမြ၊ ပန်းအလှလဲ၊ မြေခ,နောက်ဆုံး၊

ခန္ဓာပြန်း၏၊

အင်မတန်မှ လှပတင့်တယ်တယ်ဆိုတဲ့ ပန်း၊ ဒီပန်းတွေဟာလဲ နောက်ဆုံးတော့ မြေခပြီး ပျက်စီးသွားကြတာပါပဲ၊ မမြဲကြပါဘူး၊ ဒီသဘောတရားတွေကို ဉာဏ်လေးတွေသက်ဝင်ပြီးတော့ မြင်အောင် ကြည့်တတ်ကြရမယ်နော်။

ရောင်ဝါထိန်လင်း၊ ရှင်နေမင်းလဲ၊ မှောင်ခြင်းနောက်ဆုံး၊

ခန္ဓာပြန်း၏၊

ကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံးကို အရောင်အလင်းတွေပေးနေတဲ့ နေမင်းကြီး၊ ဒီနေမင်းကြီးဟာလဲ တစ်နေ့ပျက်စီးရမှာပဲ၊ မမြဲတဲ့ နိစ္စတရားတွေကို ပိုင်ဆိုင်ထားတာဖြစ်လို့ တစ်နေ့ကျရင် ပျက်စီးသွားရမှာပဲ။

ငါငါတက်ကြွ၊ မာန်မာနလဲ၊ လျော့ကျနောက်ဆုံး၊

ခန္ဓာပြန်း၏။

ငါတကားရယ်လို့ တက်ကြွနေတဲ့ မာန်မာနတရားတွေဟာလဲ တစ်နေ့ကျရင် လျော့ကျသွားကြတာပါပဲ၊ ဇာတိမာန်တွေ, ဓနမာန်တွေ တက်ပြီးတော့ နေကြသူတွေ၊ တစ်နေ့ကျတော့ မာန်မတက်နိုင်ပဲ ပျက်စီးကြရမယ်၊ ပျက်စီးခြင်းနဲ့ပဲ အဆုံးသတ်ကြရမယ်။

ရုပ်ဝါအဆင်း၊ လှပခြင်းလဲ၊ အိုခြင်းနောက်ဆုံး၊ ခန္ဓာပြန်း၏။

အင်မတန်မှ လှပါတယ်ဆိုတဲ့ ရုပ်အဆင်းဟာလဲ တစ်နေ့ကျရင် အိုခြင်းတရားနဲ့ ရင်ဆိုင်ရတဲ့အခါ မလှနိုင်တော့ပါဘူး၊ မအိုခင်လေး–

မှာတော့ လုတယ်,လုတယ်နဲ့ ဖြစ်နေကြတယ်၊ အိုတဲ့အခါကျတော့ အဲဒီအလုတွေလဲ ပျောက်ဆုံးသွားရတာပါပဲ၊ ဉာဏ်လေးတွေသက်ဝင်ပြီး ရှုဆင်ခြင်ကြည့်ကြနော်။

ဥစ္စာခနေ၊ ပေါကြွယ်ဝလဲ၊ စွန့်လွှတ်နောက်ဆုံး၊ ခန္ဓာပြုန်း၏။

ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပင် ပိုင်ဆိုင်နေသော်လဲ၊ အဲဒီပစ္စည်းတွေဟာ အနိစ္စသဘောတွေကို လွန်ဆန်နိုင်တဲ့ အရာတွေ မဟုတ်တာကြောင့် တစ်နေ့ကျ စွန့်ခွာသွားကြရမှာပဲ၊ ယူဆောင်သွားလို့ မရနိုင်ပါဘူး။

လူ့ရွာလောက၊ သက်ရှင်ကြလဲ၊ သေရနောက်ဆုံး၊

ခန္ဓာပြုန်း၏။

အသက်ရှင်ခြင်းဆိုတာလဲ မမြဲတဲ့သဘောတရားတွေဖြစ်လို့ နောက်ဆုံး သေဆုံးကြရမှာပါ၊ သေခြင်းတရားကိုတော့ မလွန်ဆန်နိုင်ကြပါဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင်တော့ သေဆုံးကြရပါလိမ့်မယ်။

အဲဒီလို သံဝေဂဉာဏ်လေးတွေဖြစ်အောင် ရှုမှတ်မယ်ဆိုရင် စောစောကပြောတဲ့ သောကပရိဒေဝတွေ ငြိမ်းသွားပါလိမ့်မယ်၊ သောကပရိဒေဝတွေ ငြိမ်းရုံတင်မက ဝိပဿနာဉာဏ်တွေပါဖြစ်ပြီး ယနေ့ပြုတဲ့ ကုသိုလ်ဟာ ဉာဏ်ယှဉ်ပြီးတော့ပြုတဲ့ ကုသိုလ်မျိုးဖြစ်သွားလို့ အကျိုးပေးပိုပြီးထက်သန်လိမ့်မယ်၊ ထက်သန်တဲ့ အကျိုးပေးမှုတွေကို ရရှိခံစားကြရမယ်၊ ဒီလို အကျိုးကြီးမားပါတယ်။

ဒါကြောင့် မိမိတို့ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပျက်နေတဲ့ သဘောတရားတွေကို သရုပ်မှန်အောင်မြင်တတ်ဖို့၊ တစ်ခဏတာသာ မဟုတ်ဘဲ မကြာခဏဆင်ခြင်သုံးသပ်နေဖို့ သိပ်အရေးကြီးလှတယ်။

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလဲ၊

တဖုံဆင်ကွဲ၊ သူတနဲဖြင့်၊ ဖေါက်လွဲတတ်စွာ၊ ဓမ္မတာကို၊

ပညာစက္ခု၊ မြော်ထောက်ရှု၍–

-ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊

ကြိုးစားပြုလော။

-ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊

ကြိုးစားပြုလော။

-ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊

ကြိုးစားပြုလော။

ဂုတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပြောက်ခန္ဓာ၊

သေပိမ့်ငါဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊

မိတ်သင်းဖွဲ့လျှက်၊ ချိန်းအချက်လျှင်၊ တစက်ကမ၊ မရှိကြဘူး၊

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"၊ ဘုရားစကား၊

လိုက်နာပွား၍၊ တရားလက်မလွှတ်ကြစေနှင့်--။

ယခုလိုလဲ မိမိတို့ ရရှိထားတဲ့ ခန္ဓာကိုယ်အပေါ် မမြဲတဲ့သဘော တရားတွေ,ဆင်းရဲတဲ့သဘောတရားတွေကို အမြဲမပြတ် ဆင်ခြင်တတ်တဲ့ အလေ့အထလေးတွေ ဖြစ်နေအောင် လေ့ကျင့်ပျိုးထောင်ထားကြရမယ်၊ အဲဒါကို မရဏာဿတိ-လို့ ခေါ်ပါတယ်။

မရဏာဿတိကို ပွားများထားလျှင် မသေရာနိဗ္ဗာန်သို့ ရောက် ကြောင်းအကျင့်ကို ကျင့်နေတာဖြစ်တယ်-လို့ ဘုရားရှင်ဟောကြား တော်မူပါတယ်။ ဖြစ်ပေါ်တတ်တဲ့ သောကပရိဒေဝတွေ တစ်ခဏကလေး မှာသာငြိမ်းအေးရုံတင်မက အပြီးတိုင်ငြိမ်းအေးသွားနိုင်ပါတယ်။

ဒီလို သံဝေဂဉာဏ်လေးတွေ ယှဉ်နေမယ်ဆိုရင် ကွယ်လွန်သူများ အတွက် ရည်စူးပြီးပြုတဲ့ ကုသိုလ်တွေဟာလဲ ကွယ်လွန်သူများထံ တစ်ခဏချင်းရောက်ရှိသွားနိုင်ပါတယ်။

ဒါကြောင့် ယနေ့ယခု ပြုလုပ်ကြတဲ့ ကုသိုလ်ကောင်းမှု တွေကို ကွယ်လွန်သွားသူများကို ရည်မှန်းပြီးတော့, ကွယ်လွန်သူများ ရရှိအောင်, ကွယ်လွန်သူများအနေနဲ့ ရောက်ရာဘုံဌာနက ယနေ့ပြုတဲ့ ကုသိုလ်အဖို့ တွေကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်အောင် အမျှအတမ်းပေးဝေကြ ရအောင်–

အားလုံးပဲ နိဗ္ဗာန်ကိုရမှန်း,ကွယ်လွန်သူအများကိုလဲ ရည်စူး ထားကြပါ. . . ။

# ခန္တီအကြောင်းသိကောင်းစရာဒေသနာ

ဒီကနေ့မှာတော့ တရားနာယူကြတဲ့ ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့အား ဘုန်းကြီးအနေနဲ့ ခန္တီနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ဓမ္မဒါနပြုသွားမယ်လို့ နှလုံးသွင်းခဲ့ပါတယ်။

ဘုရားအလောင်းသူတော်ကောင်းကြီးတွေဟာ သဗ္ဗညုတဉာဏ်တော်ကို ရရှိဖို့အရေး ကြိုးစားအားထုတ်တဲ့အခါ သည်းခံခြင်းဆိုတဲ့ ခန္တီတရားကို သာမန်မဟုတ်ဘဲ ပါရမီမြောက်အောင် ကြိုးစားအားထုတ်ကြရပါတယ်။ အခြားသော အဂ္ဂသာဝကကြီးများ,မဟာသာဝကကြီးများဟာလဲ မိမိတို့အတိုင်းအတာအရ ခန္တီဆိုတဲ့ သည်းခံခြင်းတရားကို လက်ကိုင်ပြုအားထုတ်ကြရပါတယ်၊ အဲဒီလို အားထုတ်ခဲ့ကြလို့လဲ လောကမှာ အထွတ်အထိပ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်ပါတယ်။

နောက်တစ်ခါ မေတ္တာတရားဆိုတာလဲရှိသေးတယ်၊ ဒီ မေတ္တာတရားဟာလဲ ခန္တီတရားနဲ့ အလွန်တရာမှ ဆက်စပ်မှုရှိနေပါတယ်။ သူတော်ကောင်းဖြစ်ကြတဲ့ ပုဂ္ဂိုလ်ကြီးများဟာ ခန္တီတရားကို အလေးထားပြီး အားထုတ်ကြသလို မေတ္တာတရားကိုလဲ အလေးထားပြီး ဖြည့်ဆည်းအားထုတ်ကြပါတယ်။

ခန္တီနဲ့မေတ္တာဆိုတာ ဆက်နွယ်မှု ရှိနေပါတယ်၊ မေတ္တာတရား ထားတတ်မှ သည်းခံလို့ဖြစ်ပါတယ်၊ မေတ္တာတရားခေါင်းပါးနေရင် သည်းခံမှုဆိုတာ မဖြစ်လာနိုင်ပါဘူး၊ ဒါကြောင့် မေတ္တာနဲ့ ခန္တီတရား နှစ်ပါးဟာ အလွန်ပဲ နီးကပ်ဆက်စပ်နေပါတယ်။

မေတ္တာတရားအကျိုးများ

မေတ္တာဘာဝနာကို ပွားများရင် ရရှိနိုင်မဲ့အကျိုးကျေးဇူးတွေဟာ အလွန်ပဲများပြားလှပါတယ်။ အာနိသင်ထက်မြက်လှပါတယ်။ ဒါကြောင့်–

ဟစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊

ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊

ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊

ဘုရားမြွက်စွာမိန့်ခွန်းတည်း။ (နိဒါနဝဂ္ဂသံယုတ်)

တစ်နေ့တစ်နေ့မှာ အိုးပေါင်းအလုံးတစ်ရာနဲ့ အလှူကြီးတွေ ပေးလှူလို့ ရမဲ့အကျိုးနဲ့ နံနက်တစ်ကြိမ်၊နေ့တစ်ကြိမ်၊ညတစ်ကြိမ်၊ သုံးကြိမ် နို့တစ်ညှစ်စာလေးမျှ၊ နံ့သာတစ်ရှူလေးမျှ အချိန်ကာလလောက် မေတ္တာ ဘာဝနာကို ပွားများရတဲ့အကျိုးက ပိုပြီးတော့ ကြီးမားပါတယ်–တဲ့။

အလှူဒါနတွေ ကြီးကျယ်ခမ်းနားစွာပြုလုပ်ပြီး အချိန်အကြာကြီး လှူဒါန်းလို့ရရှိမဲ့အကျိုးနဲ့ မေတ္တာဘာဝနာကို တစ်ခဏတာမျှ ပွားများ လို့ရရှိမဲ့ အကျိုးကျေးဇူးကို ဒီလင်္ကာမှာ နှိုင်းယှဉ်ပေးထားတာပါ။

ကြီးကျယ်သော အလှူဒါနကို အချိန်ကြာမြင့်စွာပြုလို့ရရှိမဲ့ အကျိုး ကျေးဇူးက တစ်ခဏတာလေး ပွားများလိုက်တဲ့ မေတ္တာဘာဝနာရဲ့ အကျိုး ကျေးဇူးကို မမီနိုင်ဘူး–လို့ ဆိုလိုပါတယ်။ မေတ္တာဘာဝနာပွားရ ခြင်းရဲ့ အကျိုးဟာ ဘယ်လောက်ကြီးမားသလဲဆိုတာ ကြည့်ပေါ့။

နောက်ပြီး မေတ္တာပွားလို့ရရှိနိုင်တဲ့ အကျိုး(၁၁)မျိုးဆိုတာလဲ ရှိပါသေးတယ်။

<u>မေတ္တာအကျိုး(၁၁)မျိုး-</u>

အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊

စောင့်လတ်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊

လျှင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊

လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်-

မေတ္တာပွားမှုအကျိုးတည်း။

မေတ္တာပွားသူများ ရရှိနိုင်တဲ့အကျိုးတွေကို မြတ်ဗုဒ္ဓက အင်္ဂုတ္တရ နိကာယ်မှာ ဟောကြားထားတာဖြစ်ပါတယ်။ (၁၁)မျိုးသော အကျိုးကျေးဇူး တွေကို ရရှိနိုင်ပါတယ်-တဲ့။ အဲဒီဆယ့်တစ်မျိုးကို တစ်ခုချင်းကြည့် မယ်ဆိုရင်-

(၁)အိပ်နိုးချမ်းသာ=ချမ်းသာစွာ အိပ်ရပါတယ်။ (သုခံ သုပတိ)

(၂)အိပ်နိုးချမ်းသာ=နိုးလာတော့လဲ ချမ်းချမ်းသာသာနဲ့ နိုးလာလေ့ ရှိတယ်။ (သုခံ ပဋိဗုဇ္ဈတိ)

(၃)ကောင်းစွာအိပ်မက်=မကောင်းတဲ့အိပ်မက်တွေ မမြင်မက်ဘဲ အိပ်မက်လှလှလေးတွေကိုပဲ မြင်မက်ရတယ်။ (န ပါပကံ သုပိနံ ပဿတိ)။

(၄)ချစ်လျက်လူနတ်=လူတွေကလဲ ချစ်ခင်ကြတယ်။ (မနုဿာနံ- ပိယော ဟောတိ)

(၅)ချစ်လျက်လူနတ်=နတ်တွေကလဲ ချစ်ခင်ကြတယ်။ (အမနုဿာနံ ပိယော ဟောတိ)

(၆)စောင့်လတ်နတ်များ=နတ်တွေကလဲ စောင့်ရှောက်တယ်။ (ဒေဝတာ ရက္ခန္တိ)

(၇)မီးဆိပ်မခံ ဓားတို့၊ ရောင်ရှားကိုယ်မှာ=မီးဘေးလဲကင်းတယ်၊ အဆိပ်ခပ်လို့လဲ မရနိုင်ဘူး၊ ဓား-စတဲ့ လက်နက်အန္တရာယ်တွေလဲ မကျရောက်ဘူး။ (နဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ)

(၈)လျှင်စွာစိတ်တည်=စိတ်တည်ကြည်တယ်၊ တည်ကြည်တဲ့စိတ်ထားမျိုး တစ်ခဏချင်း ဖြစ်ပေါ်လာတတ်တယ်(တုဝဋံ စိတ္တံ သမာဒိယတိ)

(၉)ရွှင်ကြည်မျက်နှာ=မျက်နှာကလဲ အမြဲတမ်း ကြည်လင်ရွှင်ပြုံးတော့နေတယ်။ (မုခဝဏ္ဏော ပသီဒတိ)

(၁၀)သေခါမတွေ=သေတဲ့အခါ တွေတွေဝေဝေ ငြီးငြီးတွားတွား အော်အော်ဟစ်ဟစ်နဲ့ မသေရဘူး။ (အသမ္မူဠှော ကာလံ ကရောတိ)

(၁၁)လားလေဗြဟ္မာ=သေလျှင်လဲ ဗြဟ္မာပြည်သို့ ရောက်ရတယ်။
(ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ)။

ဒါတွေဟာ မေတ္တာပွားများသူများအတွက် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေပါပဲ၊ ဒါကြောင့် ဒီအကျိုးကျေးဇူးတွေကို ခံစားနိုင်အောင် မေတ္တာဘာဝနာကိုလဲ ပွားများကြရမယ်။ မေတ္တာထားမှ ခန္တီဆိုတဲ့ သည်းခံတရားလဲထားနိုင်မှာ ဖြစ်ပါတယ်။ တစ်ဦးအပေါ်မှာ မေတ္တာစိတ်ထား မရှိခဲ့ရင် အဲဒီပုဂ္ဂိုလ်ရဲ့ ပြုမူဆက်ဆံမှုတွေကို ဘယ်နည်းနဲ့မှခံနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် မေတ္တာတရားဟာ ခန္တီတရားနဲ့ များစွာဆက်စပ်နေတယ်လို့ ဆိုခြင်းဖြစ်ပါတယ်၊ မေတ္တာပွားမှ ခန္တီတရားလဲ ဖြစ်ပေါ်နိုင်မယ်။ ဒီလို သဘောကျထားရမယ်နော်။

ခန္တီဆိုတာ

ခန္တီ-သည်းခံခြင်းဆိုတာ သူတစ်ပါးတွေ အပြစ်ပြောဆိုလဲ ပြန်ပြီး အပြစ်မပြောဘဲနေတယ်၊ သူတစ်ပါးတွေ ဆဲရေးကြိမ်းမောင်းလဲ သည်းခံတယ်။ ပြန်လှန်ပြီး မပြောဘဲနေတယ်၊ ကောင်းတဲ့ လောကဓံတွေနဲ့ တွေ့တဲ့အခါမှာလဲ လောဘတွေမဖြစ်ဘူး။ မကောင်းတဲ့လောကဓံတွေနဲ့ ကြုံတွေ့ခဲ့ရင်လဲ ဒေါသတွေမဖြစ်ဘူး၊ သည်းခံပြီးတော့နေနိုင်တယ်။

ဒါတွေဟာ ခန္တီတရားရဲ့ သဘောတွေပဲ။ အဲဒီလို အကောင်းအဆိုး စသည်တွေနဲ့ ကြုံတွေ့တဲ့အခါ သည်းခံနိုင်တာကို ခန္တီလို့ခေါ်ပါတယ်။ စာနဲ့ ပြောရရင်တော့ "အဓိဝါသန" လို့ ဆိုပါတယ်။

ခမဏံ သဟဏံ ခန္တိ-လို့ သဒ္ဒါကျမ်းဆရာတွေက ဖွင့်ဆိုကြပါတယ်။

"ခမဏံ သဟဏံ-သည်းခံခြင်းသည်၊ ခန္တိ-ခန္တီမည်၏" တဲ့။

ဒါကြောင့် မည်သည့်အကြောင်းတွေနဲ့ ကြုံတွေ့ရ၊ ရင်ဆိုင်ရသည် ဖြစ်စေ ပြန်လည်တုံ့ပြန်မနေဘဲ သည်းခံနေတာကို ခန္တီလို့ခေါ်တယ်-လို့ မှတ်ကြရပါမယ်။

ဒီ ခန္တီဆိုတဲ့တရားဟာ ဖြစ်နိုင်ခဲတဲ့တရားတစ်ခုပါပဲ၊ ခန္တီတရားကို လက်ကိုင်ထားဖို့ဆိုတာ ခဲယဉ်းတဲ့အကျင့်တစ်ခုပါ၊ "သည်းခံလျှင် နိဗ္ဗာန်ရောက်တယ်" လို့ ပြောနေကြတာ ကြားဘူးပါလိမ့်မယ်။ မှန်ကန်လှပါတယ်။ သည်းခံမှသာ နိဗ္ဗာန်ကို ရောက်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နိဗ္ဗာန်ရောက်ကြောင်းအကျင့်တွေဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာတွေကို ပြုလုပ်ကြမယ်ဆိုရင် သည်းခံမှလုပ်လို့ ဖြစ်လို့ပါပဲ။ ဒါကြောင့်-

သီလသမာဓိပညာနံ၊ ခန္တီ ပဓာနကာရဏာ။

သဗ္ဗေပိ ကုသလာဓမ္မာ၊ ခန္တျာယတ္တာဝ ဝဍ္ဎရေ။

ခန္တီ-သည်းခံခြင်းသည်၊ သီလသမာဓိပညာနံ-သီလ၊ သမာဓိ၊ ပညာတရားတို့၏၊ ပဓာနကာရဏာ-အရင်းမူလ ပဓာနဖြစ်သော အကြောင်းပါပေတည်း၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ကုသလာဓမ္မာပိ-ကုသိုလ်တရားတို့သည်လည်း၊ ခန္တျာယတ္တာဝ-သည်းခံခြင်းဆိုတဲ့ ခန္တီတရားနဲ့ စပ်ကုန်သော်သာလျှင်၊ ဝဍ္ဎရေ-တိုးပွားနိုင်ပါပေသတည်း။

သည်းခံခြင်းဆိုတဲ့ ခန္တီတရားဟာ သီလ၊ သမာဓိ၊ ပညာ-ဆိုတဲ့ ကောင်းမှုတို့ရဲ့ အခြေခံအကြောင်းရင်းဖြစ်ပါတယ်။ သီလ၊ သမာဓိ၊ ပညာ-ဆိုတဲ့ ကောင်းမှုတွေဟာ ခန္တီတရားနဲ့ ဆက်စပ်နေပါတယ်။

ခန္တီတရားရှိမှသာ သီလ,သမာဓိ,ပညာဆိုတဲ့ ကောင်းမှုတွေကို ပြုလုပ်နိုင်ကြမယ်၊ ဒါန,သီလ,ဘာဝနာဆိုတဲ့ ကောင်းမှုတွေကို ပြုလုပ်နိုင်တာဟာ သည်းခံတဲ့ ခန္တီတရားကြောင့်ပဲဖြစ်တယ်။ သည်းခံမှသာ ပြုသမျှကုသိုလ်တွေ ထမြောက်အောင်မြင်နိုင်ပါတယ်။ ဒါကြောင့် သည်းခံခြင်းဆိုတဲ့ ခန္တီတရားရှိနေမှသာလျှင် ကောင်းမှုမှန်သမျှကို ပြုလုပ်နိုင်မှာဖြစ်လို့ ဒီ ခန္တီတရားကို အမြဲတမ်းလက်ကိုင်ပြုထားကြဖို့ လိုအပ်ပါလိမ့်မယ်။

## သီလနဲ့ ခန္တီ

ဒီနေရာမှာ သည်းခံခြင်းတရားနဲ့ သီလ,သမာဓိ,ပညာဆိုတဲ့ တရားတွေ ဘယ်လိုဆက်စပ်နေသလဲဆိုတာ သိဖို့လိုအပ်လာပါတယ်၊ ဒါကြောင့် ပေါ်လွင်တဲ့ သရုပ်လေးတွေနဲ့ ချိန်ထိုးကြည့်ရအောင်။ ရှေဦးစွာ သီလနဲ့ ခန္တီ ဘယ်လိုဆက်စပ်နေသလဲလို့ ကြည့်မယ်ဆိုရင်။

သီလဆောက်တည်တဲ့အခါ မိမိဆောက်တည်ထားတဲ့ သီလသိက္ခာပုဒ်တွေ မကျိုး,မပေါက်,မပြောက်,မကြားအောင် စောင့်ထိန်းကြရပါတယ်။ ဥပမာ-ငါးပါးသီလထဲက ပါဏာတိပါတသိက္ခာပုဒ်ကို ကြည့်လိုက်ပါ။ သူတစ်ပါးအသက်ကို မသတ်ရဘူးဆိုတဲ့ သိက္ခာပုဒ်ဖြစ်လို့ သူတစ်ပါးအသက်ကို မသတ်မိအောင် သတိထားပြီး စောင့်ထိန်းကြရမယ်။

သူ့အသက်မသတ်ရဘူးလို့ စောင့်ထိန်းထားသူဟာ သူ့အသက်ကို မသတ်မိအောင် သည်းခံပြီးတော့ စောင့်ထိန်းနေရမယ်။ ခြင်တစ်ကောင် ကိုက်နေတယ်၊ ရုတ်တရက် သတ်ချင်စိတ်ဖြစ်လာမယ်။ အဲဒီလို ဖြစ်လာတဲ့အခါ "အော်-ငါသည် သီလတွေကို ဆောက်တည်ထား, စောင့်ထိန်းထားသူဖြစ်နေတယ်၊ သတ်လို့မဖြစ်ဘူး၊ သတ်မိလိုက်ရင် ငါဆောက်တည်ထားတဲ့ ပါဏာတိပါတသိက္ခာပုဒ် ကျိုးသွားမယ်"ဆိုပြီး မသတ်မိအောင် သည်းခံလိုက်ရပါတယ်၊ ဒီလိုသည်းခံလိုက်မှသာ ပါဏာတိပါတသိက္ခာပုဒ် မြဲမယ်၊ ဒါဟာ သီလနဲ့ ခန္တီ ဆက်စပ်နေပုံပါပဲ။ တစ်ခြားသိက္ခာပုဒ်တွေလဲ နည်းတူပါပဲ။ စောင့်ထိန်းထား,ဆောက်တည်ထားတဲ့ သီလတွေမပျက်အောင်ဆိုတာ သည်းခံနိုင်မှဖြစ်တယ်။

ဒါကြောင့် သီလတရားသည် ခန္တီတရားကို အခြေခံထားတယ်-လို့ ဆိုခြင်းပဲ ဖြစ်ပါတယ်။

## သမာဓိနဲ့ ခန္တီ

နောက်တစ်ခုက သမာဓိတရားနဲ့ ခန္တီတရားဆက်စပ်နေပုံပါပဲ၊ သမာဓိအလုပ်ဆိုတာ သမထဘာဝနာပွားများမှုပါပဲ၊ သမာထ;သမာဓိဆိုတာ အတူတူပါပဲ။ သမထ-အရ သမာဓိကိုယူရပါတယ်။

အဲဒီ သမထအလုပ်ကို လုပ်တဲ့နေရာမှာ မိမိပြုလုပ်နေတဲ့ သမာဓိအားတွေကောင်းအောင် သည်းခံပြီး ပြုလုပ်ကြရပါတယ်။ သမာဓိဆိုတာ စိတ်ကို ထိန်းသိမ်းရ, ထိန်းချုပ်ရတဲ့ အလုပ်မျိုးဖြစ်ပါတယ်၊ မိမိအာရုံပြုနေတဲ့ အရာဌာနမှာ စိတ်ကို တည်နေအောင်ထားရပါတယ်။

ဥပမာ- ဘုရားဂုဏ်တော်များကို အာရုံပြုပြီးတော့ သမာဓိအလုပ်လုပ်နေသူဟာ မိမိအာရုံပြုနေတဲ့ ဘုရာဂုဏ်တော်အပေါ်မှာပဲ တည်နေအောင် ထားရပါတယ်၊ အခြားသောအာရုံတွေ မဝင်ရောက်အောင် သည်းခံပြီးတော့ နေရပါတယ်၊ အခြားသော အာရုံများဆီသို့ စိတ်ရောက်ခဲ့ရင် အဲဒီအာရုံကို အာရုံမပြုမိအောင်, အာရုံပြုချင်လာရင်လဲ အာရုံမပြုမိအောင် သည်းခံပြီးတော့ တားဆည်းထားရပါတယ်။ အဲဒီလို သည်းခံပြီး အာရုံပြုနိုင်မှသာ သမာဓိတွေတိုးတက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် သည်းခံခြင်းဆိုတဲ့ ခန္တီတရားဟာလဲ သမာဓိတရားနဲ့ ဆက်စပ်နေတယ်ဆိုတာထင်ရှားလှနေပါတယ်။ ခန္တီတရားကို အခြေခံထားရတယ်ဆိုတာ ပေါ်လွင်လှပါတယ်။

## ပညာနဲ့ ခန္တီ

နောက်တစ်ခါ ပညာတရားနဲ့ ခန္တီတရား ဆက်စပ်နေပုံပါပဲ။ ပညာဆိုတာ ဝိပဿနာပညာတွေ, မဂ်ပညာတွေ, ဖိုလ်ပညာတွေကို ဆိုလိုပါတယ်။ အဲဒီ ပညာတရားတွေ ဖြစ်ပေါ်ဖို့အရေး အားထုတ်ကြတဲ့-

အခါမှာ သည်းခံခြင်းဆိုတဲ့ ခန္တီတရားကိုပဲ ပဓာနပြုထားရပါတယ်။ ဝိပဿနာပညာဖြစ်အောင် အားထုတ်တဲ့အခါ သင်္ခါရတရားတွေ အပေါ်မှာ အနိစ္စ,ဒုက္ခ,အနတ္တ-လို့ ရှုမှတ်ကြရပါတယ်၊ ရှုမှတ်တဲ့နေရာမှာ အချိန်များစွာ ရှုမှတ်ရတာဖြစ်လို့ ဆင်းရဲမှုဒဏ်တွေကို ခံစားရလိမ့်မယ်၊ ညောင်းညာတာတွေ, ကိုက်ခဲတာတွေကို အပြင်းထန်ဆုံးခံစားရတတ်ပါတယ်။ အဲဒီဝေဒနာတွေရဲ့ နှိပ်စက်မှုဒဏ်တွေကို ကြံ့ကြံ့ခံပြီး ဝိပဿနာပညာတွေဖြစ်ပေါ်အောင် အားထုတ်ရပါတယ်၊ ဒီ ဝေဒနာတွေရဲ့ နှိပ်စက်မှုဒဏ်တွေကို သည်းခံနိုင်မှသာလျှင်, သည်းခံပြီးရှုမှတ်မှသာလျှင် ဝိပဿနာပညာတွေ ဖြစ်နိုင်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ မဂ်ပညာတွေ, ဖိုလ်ပညာတွေဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ပညာတရားတွေ တိုးပွားအောင် အားထုတ်မှုနယ်ပယ်မှာလဲ သည်းခံမှုခန္တီတရားဟာ သိပ်ပြီးတော့ အရေးပါနေပြန်ပါတယ်၊ သည်းခံနိုင်စွမ်းမရှိဘူးဆိုရင် ပညာတရားတွေ ဘယ်နည်းနဲ့မှ ဖြစ်နိုင်မှာမဟုတ်ပါဘူး။

ဒါကြောင့် ပညာတရားတွေဟာလဲပဲ ခန္တီတရားကို အခြေပြုထားရပါတယ်။ လက်ကိုင်ပြုထားရပါတယ်။ ဒီလို ဆက်စပ်မှုရှိနေတယ်ဆိုတာ မှတ်သားကြရမယ်။

ဒါကြောင့် ခန္တီတရားသည် ယခုပြောခဲ့တဲ့အတိုင်း သီလတရားတွေ, သမာဓိတရားတွေ, ပညာတရားတွေနဲ့ ဆက်စပ်နေတယ်၊ ပဓာနအကြောင်းရင်းဖြစ်တယ်-လို့ နားလည်ထားကြရမယ်နော်။

ဒါနနဲ့ ခန္တီ

"သီလသမာဓိပညာနံ ခန္တီ ပဓာနကာရဏာ"လို့ ပါဠိတော်မှာ ဆိုထားတာကြောင့် ခန္တီတရားဟာ သီလ,သမာဓိ,ပညာဆိုတဲ့ တရားတွေ ဖြစ်ဖို့ရန် ပဓာနဖြစ်ကြောင်း သိရပြီးတဲ့နောက်၊" သဗ္ဗေပိ ကုသလာဓမ္မာ ခန္တျာယတ္တာဝ ဝမုရေ"လို့လဲ ဆိုထားတာဖြစ်လို့ ဒီခန္တီတရားဟာ အခြားသော ကုသိုလ်တရားမှန်သမျှနဲ့လဲ ဆက်စပ်နေပြန်ပါတယ်။

ဒီစကားအရ အလုံးစုံသော ကုသိုလ်တရားတွေဆိုတဲ့အထဲမှာ ဒါနကုသိုလ် လဲပါဝင်နေပါတယ်။ ဒါကြောင့် ဒါနနဲ့ ခန္တီ ဘယ်လိုဆက်စပ်နေသလဲ ဆိုတာ သိဖို့လိုပြန်တယ်။

ဒါနကုသိုလ်ဆိုတာ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေနဲ့အမြဲ မပြတ် ပြုလုပ်နေကြတာပါပဲ၊ ကုသိုလ်အမျိုးမျိုးတွေရှိနေတဲ့အထဲမှာ ဒီ ဒါနကုသိုလ်ဟာ အခြေခံအုတ်မြစ်ကုသိုလ်မျိုးပဲ ဖြစ်ပါတယ်။ အခြေခံ ကုသိုလ်မျိုးဖြစ်နေလို့ ဗုဒ္ဓဘာသာဝင်များ အများဆုံးပြုလုပ်နေကြတဲ့ ကုသိုလ်ပါ။ ဒီလို ပြုလုပ်ကြတဲ့အခါ မိမိပြုလုပ်တဲ့ ဒါနကုသိုလ်တစ်ခု အောင်အောင်မြင်မြင်နဲ့ အပြီးဆုံးတိုင်ရောက်ဖို့အတွက် သည်းခံမှုဆိုတဲ့ အချက်ပါဝင်နေရလိမ့်မယ်။

ဒါနကုသိုလ်တစ်ခုဖြစ်ဖို့အတွက် ပစ္စည်းဝတ္ထု၊ဒါနဝတ္ထုတွေကို ရှာဖွေရပါတယ်။

ဒါနကုသိုလ်မဖြစ်ခင်၊ တနည်းပြောရရင် ယခုလို ရေစက်ချ တရားမနာခင်အထိပေ့ါ၊ ဒီအထိ ရောက်ဖို့အရေး ဆောင်ရွက်စရာတွေကို ပျော်ရွှင်စွာဆောက်ရွက်ကြရမယ်၊ အဆင်သင့်ဖြစ်အောင် အားထုတ်ထားကြ ရမယ်၊ အဲဒီလို အဆင်ပြေအောင်,အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ကြ တဲ့နေရာမှာ ချောချောမောမောနဲ့ အဆင်ပြေပြေနဲ့ ဖြစ်ဖို့ဆိုတာ ခဲယဉ်းလိမ့် မယ်၊ အဆင်မပြေမှုလေးတွေနဲ့ ကြုံကြရမယ်၊ ဒီအခါမှာ ဘာလုပ်ကြရ သလဲ၊ သည်းခံကြရမယ်၊ သည်းခံပြီးတော့ အဆင်ပြေအောင် ဆောင်ရွက် ကြရမယ်၊ အဲဒီလို အခက်အခဲလေးတွေ, အဆင်မပြေမှုလေးတွေနဲ့ ကြုံတွေ့တဲ့အခါ ခန္တီတရားသာ လက်ကိုင်မထားဘူးဆိုရင်တော့ အဖု အထစ်ကလေးတွေ, စိတ်စနိုးစနောက်ဖြစ်မှုတွေ၊ ဒါတွေဖြစ်လာမှာပဲ။

ဒီလိုဖြစ်လာပြီဆိုရင် မိမိပြုတဲ့ ကုသိုလ်မှာ ဒေါသတွေခြံရံသွားပြီ၊ ဒေါသခြံရံပြီးပြုတဲ့ကုသိုလ်မျိုးဟာ အကျိုးပေး မထက်သန်တော့ပါဘူး၊ အကျိုးပေးညံ့တဲ့ ကုသိုလ်မျိုးဖြစ်သွားပါပြီ။ ဒါကြောင့် ဒါနကုသိုလ် တစ်ခုကို ပြုတဲ့နေရာမှာလဲ ခန္တီတရားလက်ကိုင်ပြုထားကြဖို့ လိုအပ်နေပြန် ပါတယ်။ ဒါနကုသိုလ်အရာမှာလဲ ဒီ ခန္တီတရားပါဝင်နေတယ်။

## အခြားကုသိုလ်များနဲ့ ခန္တီ

အခြားသော ကုသိုလ်မျိုးတွေမှာလဲ ခန္တီတရားဟာ ပါဝင်နေရတာပါပဲ။

သာသနာအတွက် သာသနာပြုကုသိုလ်တွေကို ဆောင်ရွက်တဲ့အခါမှာလဲ ခန္တီတရားလက်ကိုင်ထားပြီး ဆောက်ရွက်ကြဖို့ အရေးကြီးပြန်ပါတယ်၊ သာသနာနဲ့စပ်တဲ့ လုပ်ငန်းမှန်သမျှတွေမှာ ဒီခန္တီတရားကိုလက်ကိုင်ထားပြီး ပြုလုပ်ကြဖို့ အရေးကြီးပါတယ်။

ဘယ်ကုသိုလ်လုပ်ငန်း မှာမဆို ခန္တီတရားကို ရှေ့သွားပြုထားမှ၊ ရှေ့သွားပြုဆောင်ရွက်မှ အဲဒီကုသိုလ်လုပ်ငန်းဟာ ပြီးပြည့်စုံတဲ့ ကုသိုလ်လုပ်ငန်းတစ်ခုဖြစ်နိုင်ပါတယ်။

## ဝေယျာဝစ္စအဖွဲ့ဆိုတာတွေ သတိပြု

အထူးသဖြင့် ကျောင်းတိုက်တစ်ခုမှာ ရှေ့ဆောင်အနေနဲ့ ကျောင်းတိုက်ရဲ့အကျိုးကို သယ်ပိုးနေကြသူတွေ၊ ဒီ အချက်ကို အထူးဂရုပြုထားကြရမယ်၊ အများနဲ့ ဆက်ဆံပြီးတော့ လုပ်ရတဲ့အလုပ်၊ ရှေ့ဆောင်ဦးရွက်ပြုပြီး ဆောက်ရွက်နေရတဲ့ အလုပ်ဖြစ်လို့ ခန္တီတရားကို သာမန်မဟုတ်ဘဲ အထူးလက်ကိုင်ထားကြရလိမ့်မယ်။

ခန္တီတရားသာ အထူးဂရုပြုပြီး လက်ကိုင်မထားကြဘဲ ဆောင်ရွက်ကြမယ်ဆိုရင်တော့ "ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ" ဆိုတာလို ဖြစ်ကုန်ကြမယ်၊ ဆောင်ရွက်ရတဲ့ ကုသိုလ်ရဲ့အကျိုးကို ခံစားရဖို့က နဲနဲ၊ အပြစ်ဖြစ်ဖို့က များများ၊ အဲဒီလို ဖြစ်နေတတ်ပါတယ်။

သာသနာ့အကျိုး,ကျောင်းတိုက်အကျိုး–စသည်တွေကို မဆောင်ရွက်ခင်ကတော့ မူလစိတ်ထားလေးတွေ မှန်ကန်နေခဲ့ကြပါတယ်။ "ကုသိုလ်ရဖို့အတွက်"ဆိုတဲ့ စိတ်ထားနဲ့ ဆောင်ရွက်ကြတာပါပဲ၊ နောက်ပိုင်းကျတော့အဲဒီ မူလစိတ်ကလေးတွေ ပျောက်ပြီးတော့ လောဘတွေ,–

ဒေါသတွေ,မာန်မာနတွေ,ဂုဏ်တုဂုဏ်ပြိုင်တွေ၊ ဒါတွေကို ရှေ့တန်းတင် လာတတ်ကြပါတယ်။

တချို့ဆိုရင် သာသနာနဲ့စပ်တဲ့အလုပ်ကို အမှီပြုပြီးတော့ မိမိတို့ရဲ့ လောကီအကျိုးစီးပွားတွေကို ရှေ့တန်းတင်လုပ်ကိုင်နေကြတော့တယ်။ ရဟန်းသံဃာတော်တွေကိုတောင် ရိုသေကိုင်းရှိုင်းရမှန်းပင် မသိတော့ လောက်အောင်ဖြစ်နေကြတာတွေလဲ ရှိနေတယ်။

သာသနာ့အရေးကို လူမှုရေးရှုထောင့်အမြင်တွေနဲ့ကြည့်ပြီး လုပ်ကိုင်ဆောင်ရွက်နေတတ်တယ်။ ရဟန်းသံဃာတော်တွေရဲ့ အဆုံးအမ တွေကိုလဲ မခံယူချင်ကြတော့ဘူး၊ ခံယူစရာလို့ပင် သူတို့မှာ မမှတ်ထင်ကြ တော့ဘူး၊ ဒီလောက်အထိ ဖြစ်နေကြတာတွေလဲ ယခုအခါမှာ ရှိနေ ပါတယ်။ ဒါတွေဟာ ဘာကြောင့်ဖြစ်ရသလဲဆိုရင် "အရင်းစစ် အမြစ် မြေက" ဆိုတဲ့အတိုင်း ခန္တိတရားတွေကို လက်ကိုင်ပြုပြီး မဆောင်ရွက် ကြလို့ပဲဖြစ်ပါတယ်။

## အခြေခံကောင်းအောင်တည်ဆောက်ထားကြဖို့လို

လောကဓံတရားတွေကို မခံနိုင်ဘူး-ဆိုတာ ခန္တိတရား အားနည်း လို့ပဲဖြစ်ပါတယ်၊ လောကဓံတွေကို ခံနိုင်တာကတော့ ခန္တိတရား အား ကောင်းလို့ပဲ ဖြစ်ပါတယ်။

သာသနာ့အကျိုးတွေကို ဆောင်ရွက်တဲ့အခါ၊ ဆောင်ရွက်တိုင်း အောင်မြင်လာတယ်၊ ကောင်းသတင်းတွေ ကြွယ်လာတယ်၊ ဒီလိုဖြစ်လာ တာဟာ လောကဓံပဲ-ဆိုတာ သတိပြုရမယ်၊ ဆောင်ရွက်တိုင်း အောင်မြင် လာတော့ ငါမှငါ-ဆိုပြီး မာန်မာနတွေ ထောင်လွှားလာ တတ်တယ်၊ ဒီလို အခြေအနေရောက်နေလို့ အခြားပုဂ္ဂိုလ်များက ကောင်းရာကောင်း ကြောင်းတွေကို လမ်းညွှန်ပြောဆိုပေးကြပေမဲ့ လက်ခံဖို့ မလွယ်တော့ဘူး၊ လက်မခံဘဲ ခံပြင်းဒေါသတွေတောင် ဖြစ်အုံးမယ်။

ဒါဟာ ဂုဏ်သတင်းကြွယ်ဝခြင်း-ဆိုတဲ့ ကောင်းတဲ့လောကဓံကို မခံနိုင်တာဘဲ။

ခံပြင်းဒေါသတွေ ဖြစ်ရတယ်ဆိုတာက အဆိုးလောကဓံ တွေကို မခံနိုင်တာဘဲပေါ့။ ဒီလို အကောင်းလောကဓံ အဆိုးလောကဓံတွေကို မခံနိုင်တာဟာ ခန္တီတရားလက်ကိုင်ထားမှု အားနည်းလို့ပဲဆိုတာ ထင်ရှားပါတယ်။ မည်သည့်လောကဓံကိုမဆို ခံနိုင်တာကို ခန္တီလို့ ခေါ်တယ်ဆိုတာ ရှေ့ကပြောပြခဲ့ပြီးပါပြီ။ ဒါကြောင့် သာသနာ့အကျိုးတွေကို ရှေ့တန်းကနေ ဆောင်ရွက်နေကြရတဲပုဂ္ဂိုလ်များအနေနဲ့ အထူးသတိပြုကြရမယ်၊ ခန္တီတရားတွေကို အခြေခံကောင်းအောင် တည်ဆောက်ထားကြဖို့ လိုအပ်လိမ့်မယ်။

## အကျိုးပေးမှုကိုတော့ ခံစားရလိမ့်မယ်

ခန္တီတရားကိုသာ လက်ကိုင်မထားဘူး၊ အခြေခံကောင်းအောင် မတည်ဆောက်ထားကြဘူးဆိုရင်တော့ သာသနာ့အကျိုးကို ဆောက်ရွက်ရတဲ့ ကောင်းကျိုးတွေကို မခံစားရတော့ဘဲ မကောင်းကျိုးတွေကိုသာ ခံစားရလိမ့်မယ်။ အကုသိုလ်ရဲ့ အကျိုးပေးဆိုတာက ဒီအတိုင်းနေမှာ မဟုတ်ပါဘူး။ ချက်ချင်းသော်လဲ အကျိုးပေးတတ်တယ်၊ မသိမသာသော်လဲ အကျိုးပေးတတ်တယ်၊ ပေါ်လွင်ထင်ရှားစွာလဲ အကျိုးပေးတတ်ပါတယ်။

အေး–ဘယ်သူမပြု မိမိမှုဆိုတဲ့ဆိုရိုးစကားအတိုင်း ပြုသမျှ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးကိုတော့ ခံစားရလိမ့်မယ်။ ဒါကြောင့် မိမိကိုယ်ကို အမြဲတန်းသတိပြုနေရမယ်၊ ကုသိုလ်ဖြစ်ချင်လို့ ကောင်းတဲ့အမှုကိုပြုနေတာဖြစ်တယ်–လို့ မြဲတန်းသတိပြုနေရမယ်။ ဒါဟာ ကောင်းမှုပြုလုပ်ခြင်းရဲ့ မူလရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ ဒီ မူလရည်ရွယ်ချက်လေးတွေ မပျောက်အောင် သတိပြုပြီး ကုသိုလ်ကောင်းမှုတွေကို ထက်ထက်သန်သန်နဲ့ ဆောင်ရွက်ကြရမယ်၊ ခန္တီတရားကို လက်ကိုင်ပြုထားကြရမယ်။

ဒါကြောင့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြတဲ့နေရာမှာ ဘယ်ကုသိုလ်ကိုပဲပြုပြု သည်းခံခြင်းဆိုတဲ့ ခန္တီတရားကိုတော့–

လက်ကိုင်ထားကြဖို့ သိပ်အရေးကြီးလှပါတယ်။

ကုသိုလ်ပြုသူအားလုံး ဒီအချက်ကို သတိပြုလိုက်နာပြီး ဆောင်ရွက်ကြဖို့ ဘုန်းကြီးအနေနဲ့ တိုက်တွန်းပါတယ်။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်လဲ ခန္တီတရားကို လက်ကိုင်ထားကြဖို့ သတိပေးတော်မူလေ့ရှိပါတယ်၊ ဆုံးမတော်မူလေ့ရှိပါတယ်။

**ဗုဒ္ဓရဲ့ခန္တီဆိုင်ရာဩဝါဒ**

ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓရှင်တော်ဘုရား သက်တော်ထင်ရှားရှိနေစဉ်က လပြည့်နေ့ ,လကွယ်နေ့တွေရောက်တိုင်း သံဃာတော်အရှင်မြတ်တွေကို ကိုယ်တော်တိုင် ဩဝါဒပေးတော်မူလေ့ရှိပါတယ်။

ခန္တီ ပရမံ တပေါ တိတိက္ခာ၊

နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

န ဟိ ပဗ္ဗဇိတော ပရူပဃာတီ။

န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

တိတိက္ခာ–သည်းခံခြင်းဟုဆိုအပ်သော၊ ခန္တီ–ခန္တီတရားသည်၊ ပရမံ–မြတ်သော၊ တပေါ–အကျင့်ပါပေတည်း၊ နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ ပရမံ–မြတ်၏ဟူ၍၊ ဗုဒ္ဓါ–ဘုရားရှင်တို့သည်၊ ဝဒန္တိ–ဟောတော်မူကုန်၏၊ ပရူပဃာတီ–သူတစ်ပါးကို ညှင်းဆဲလေ့ရှိသူသည်၊ န ဟိ ပဗ္ဗဇိတော–အညစ်အကြေးနှင်ထုတ်သော ရဟန်းမဟုတ်ပေ၊ ပရံ–သူတစ်ပါးကို၊ ဝိဟေဌယန္တော- ညှင်းဆဲသောသောသူသည်၊ န သမဏော ဟောတိ–မကောင်းမှုငြိမ်းသော ရဟန်းမဟုတ်ပေ၊(ဣတိ ဧတံ–ဤတရားအပေါင်းသည်၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ သာသနံ–အဆုံးအမပင် ဖြစ်ပေတော့သတည်း . . .။

အခုလို ဩဝါဒပေးတော်မူလေ့ရှိပါတယ်၊ ဘုန်းကြီးအနေနဲ့ ဒီဩဝါဒတွေထဲက လိုရင်းပြောလိုတာက "ခန္တီ ပရမံ တပေါ–

တိတိက္ခာ”ဆိုတဲ့ အပိုဒ်ပါပဲ။

“တိတိက္ခာ-သည်းခံခြင်းဟုဆိုအပ်သော၊ ခန္တ-ခန္တီတရားသည်၊ ပရမံ-မြင့်မြတ်သော၊ တပေါ-အကျင့်ပါပေတည်း”။

သည်းခံခြင်းဆိုတာ အမြတ်ဆုံးအကျင့်ပါပဲ-တဲ့။ အကျင့်အမျိုးမျိုးတွေထဲမှာ သည်းခံခြင်းဆိုတဲ့ အကျင့်လောက် မြင့်မြတ်တဲ့ အကျင့်မျိုးဆိုတာ မရှိနိုင်ဘူး-တဲ့။ ဘုရားရှင်ပေးတဲ့ ဩဝါဒနော်။

ခန္တီတရားကို ဘယ်လောက်အမွှမ်းတင်ထားသလဲဆိုတာ ကြည့်။ မြင့်မြတ်တဲ့ အကျင့်ဖြစ်တယ်လို့ အမွှမ်းတင်တော်မူထားပါတယ်။ ဒါကြောင့် ခန္တီတရားလက်ကိုင်ထားသူဟာ မြင့်မြတ်တဲ့အကျင့်ကို ကျင့်သည်မည်တဲ့အတွက် မြင့်မြတ်တဲ့ လူသားလို့ပဲ ဆိုရမယ်၊ ခန္တီတရားလက်ကိုင်မထားဘဲ ခန္တီရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒေါသတရားတွေကို ရှေ့တန်းတင်ထားသူတွေကိုတော့ အပြန်အားဖြင့် မြင့်မြတ်တဲ့ လူသားမဟုတ်သူလို့ ပြောရလိမ့်မယ်နော်။

ဒါကြောင့် မြင့်မြတ်တဲ့လူသား၊ လူမြတ်တစ်ယောက်ဖြစ်လိုပါက ခန္တီတရားကို များများကိန်းနေအောင် တည်ဆောက်ထားကြရလိမ့်မယ်။ ဒါဟာ ဘုရားရှင်ရဲ့ အဆုံးအမနော်။ ဘုရားရှင်ကိုယ်တော်တိုင် ဆုံးမဩဝါဒပေးတော်မူတဲ့ စကားတွေပဲဖြစ်တယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ အဆုံးအမတွေကို လိုက်နာကျင့်သုံးကြရလိမ့်မယ်။

## ကိုယ်တိုင်လဲ ခန္တီဝါဒလက်ကိုင်ပြုတော်မူ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ မိမိရဲ့ တပည့်သာဝကတွေကို ခန္တီတရားလက်ကိုင်ထားကြဖို့ မကြာခဏ သတိပေးဆုံးမတော်မူသလို မိမိကိုယ်တိုင်လဲ ခန္တီဝါဒကို အမြဲတန်းလက်ကိုင်ပြုတော်မူထားပါတယ်။

အောင်ခြင်းရှစ်ပါး-ဆိုတာ ပရိသတ်များ သိပြီးဖြစ်ပါတယ်။ ဒီ အောင်ခြင်းရှစ်ပါးထဲမှာ ပါဝင်တဲ့၊ ဘုရားရှင်ကို အမျိုးမျိုးနှောက်ယှက်ခဲ့ကြတဲ့ မာန်နတ်၊အင်္ဂုလိမာလ-စတဲ့ ပုဂ္ဂိုလ်တွေကို အနိုင်ယူနိုင်ခဲ့တာဟာ-

ခန္တီတရားနဲ့ အနိုင်ယူခဲ့တာပါ။ ဒါ ဘုရားဖြစ်ပြီးချိန်မှာ ခန္တီတရားကို လက်ကိုင်ပြုခဲ့တာတွေပါပဲ။

ဘုရားဖြစ်ပြီးမှသာ ခန္တီတရားကို လက်ကိုင်ပြုတော်မူတာ မဟုတ်ပါဘူး၊ ဘုရားဖြစ်ဖို့ ပါရမီတော်တွေကို ဖြည့်ကျင့်နေစဉ်မှာလဲပဲ ခန္တီတရားကို ပါရမီမြောက်အောင် ဖြည့်ကျင့်ခဲ့တာပါ၊ ပါရမီမြောက်အောင် ဖြည့်ကျင့်ခဲ့လို့ ဘုရားအဖြစ် ရောက်ရှိတော်မူခဲ့ရတာပါ၊ ဘုရားဖြစ်ကြောင်း ကျင့်စဉ်တွေထဲမှာ ခန္တီပါရမီဆိုတာ ထည့်သွင်းထားတာကို ကြည့်လို့ ရှိရင် ခန္တီတရားဟာ ဘယ်လောက်အရေးပါအရာရောက်နေလဲဆိုတာ သိသာထင်ရှားလှပါတယ်၊ လိုရာဆန္ဒတွေ ပြီးမြောက်ဖို့အတွက် ခန္တီတရားကို လက်ကိုင်ထားရတယ်ဆိုတာ ထင်ရှားလှတယ်။

ဘုရားဆိုတာ လောကရဲ့ အထွတ်အထိပ်ပုဂ္ဂိုလ်ပါ၊ အထွတ်အထိပ်ပုဂ္ဂိုလ်ဖြစ်အောင် ခန္တီတရားကို အပြင်းအထန်ဆုံးအနေနဲ့ ဖြည့်ကျင့်ခဲ့ရပါတယ်။

ဒီနေရာမှာ လောကရဲ့အထွတ်အထိပ်ပုဂ္ဂိုလ်ဖြစ်အောင်, ပါရမီမြောက်အောင် ခန္တီတရားကိုဖြည့်ကျင့်တော်မူခဲ့ပုံ ဇာတ်တော်တစ်ပုဒ်ကို ကြည်ညိုဖွယ်, အံ့သြဖွယ်ကောင်းလှလို့ ထုတ်ပြပါအုံးမယ်။

### ခန္တီဝါဒီဇာတ်တော်

တချိန်က ဗာရာဏသီပြည်မှာ ကလာဗု–ဆိုတဲ့မင်းတစ်ပါး အုပ်ချုပ်ခဲ့ပါတယ်၊ အဲဒီမင်းအုပ်ချုပ်နေစဉ်အခါက ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းတော်ဟာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့ ဗြာဟ္မဏအမျိုးမှာ ဖြစ်လာခဲ့ပါတယ်၊ ပစ္စည်းဥစ္စာတွေက ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာပါတယ်။ နောက်ပိုင်းမှာ မိဘနှစ်ပါးကွယ်လွန်ကုန်ကြပါတယ်၊ မိဘတွေ ကွယ်လွန်ကုန်တဲ့အခါ မိဘတွေပိုင်ဆိုင်ခဲ့တဲ့ ကုဋေရှစ်ဆယ်သော ပစ္စည်းဥစ္စာတွေ ကျန်ရစ်ခဲ့ပါတယ်၊ အလောင်းတော်ဟာ အဲဒီ မိဘတွေစုဆောင်းပြီး ကျန်ရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို ကြည့်ပြီးတော့ ဘယ်လိုနှလုံးသွင်းမိသလဲဆိုတော့–

ယေ ဟိ ဣမံ ဓနံ ဥပ္ပါဒိတံ၊ တေ န ပညာယန္တိ၊ ဓနမေဝ ပညာယတိ။

ယေဟိ–အကြင်သူတို့သည်၊ ဣမံဓနံ–ဤပစ္စည်းဥစ္စာအစုကို၊ ဥပ္ပါဒိတံ–ဖြစ်စေအပ်ခဲ့ပြီ၊ တေ–ထိုပစ္စည်းဥစ္စာတွေကို စုဆောင်းသိမ်းဆည်းခဲ့ကြကုန်သော ငါ့မိ,ငါ့ဘ,ငါ့ဘိုး,ငါ့ဘွားတို့သည်၊ န ပညာယန္တိ–မထင်ကြတော့ကုန်၊ ဝါ–ကွယ်လွန်သွားကြကုန်၏၊ ဓနမေဝ–ပစ္စည်းဥစ္စာတွေသာလျှင်၊ ပညာယတိ–ထင်ရှား၏၊ ဝါ–ကျန်ရစ်ခဲ့လေ၏။

အလောင်းတော် မြင်တော်မူတာနော်၊ ပစ္စည်းဥစ္စာတွေကို စုဆောင်းသူတွေတော့ တစ်ယောက်မှ မရှိကြတော့ဘူး၊ သူတို့ စုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေပဲ ကျန်ရစ်ခဲ့တယ်၊ သူတို့ဟာ စုဆောင်းပြီး မယူသွားနိုင်ကြဘူး–တဲ့။ အလောင်း တော်ရဲ့ နှလုံးသားထဲမှာ ဒီအကြံအစည်လေး ဝင်လာတယ်။

လောကမှာ ဖြစ်ပျက်နေတဲ့သဘောတရားတွေပါပဲ၊ အသက်ရှိစဉ်မှာတော့ ရှာဖွေစုဆောင်းနေကြတာပါပဲ၊ အသက်မရှိ ကွယ်လွန်တဲ့အခါကျတော့ မယူသွားနိုင်တော့ဘူး၊ ချန်ထားခဲ့ရတော့တယ်၊ ဒီသဘောတွေကို ဉာဏ်နဲ့ ဆင်ခြင်ကြည့်မှ မြင်မယ်၊ ဉာဏ်နဲ့သာ မကြည့်ရင် မြင်လိမ့်မယ် မဟုတ်ဘူး။

သူသူ ငါငါအားလုံးတို့ဟာ တစ်နေ့ကျရင် ကွယ်လွန်ကြရမှာပါပဲ။ မကွယ်လွန်မီက ရှာဖွေစုဆောင်းခဲ့တဲ့ ပစ္စည်းဥစ္စာတွေကိုလဲ ထားရစ်ခဲ့ကြရမှာပါပဲ၊ ဒါတွေဟာ အထူးအဆန်းတော့ မဟုတ်ပါဘူး၊ လောကဓမ္မတာတွေပါပဲ၊ ဒါပေမဲ့ ဒီသဘောတရားတွေကို ဉာဏ်နဲ့ကြည့်သူတွေက ရှားပါးလှတယ်။ မိဘသေရင် အမွေဘယ်လောက်ကျန်မယ်၊ ဒီအမွေတွေကို ငါဘယ်လိုအသုံးပြုမယ်–စသည်ဖြင့် ဒါလောက်ပဲ စဉ်းစားတတ်ကြ, မြင်တတ်ကြပါတယ်၊ ဒီထက်ပိုပြီးတော့မမြင်ကြပါဘူး။ များသောအားဖြင့် ဒီထက်ပိုပြီးတော့ မစဉ်းစားမိကြတာ များပါတယ်၊ ကျန်ခဲ့တဲ့ပစ္စည်းတွေကို သုံးစွဲ၊ ကွယ်လွန်တော့ သူတို့လဲထားရစ်ခဲ့ကြ–

ပြန်တာပါပဲ။ သူတို့ ချန်ထားခဲ့ရမှာကိုတော့မမြင်, သူတစ်ပါးတွေ ဘယ်လောက်ကျန်သလဲဆိုတာသာ မြင်ကြတယ်နော်။

ဒါ လောကရဲ့သဘော,လောကရဲ့ ယနေ့ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက် တွေပါပဲ။ အလောင်းတော်ကတော့ ဉာဏ်နဲ့ကြည့်လို့ အမှန်ကို မြင်နေပါပြီ၊ ဒီပစ္စည်းတွေကို တစ်ဘဝတစ်ခဏသာ ပိုင်ဆိုင်နိုင်ကြတာ ဖြစ်တယ်–လို့ အမှန်အတိုင်းမြင်တွေ့နေတယ်။

အဲဒီလို အမှန်အတိုင်းမြင်တဲ့အခါ ကျန်ခဲ့တဲ့ပစ္စည်းဥစ္စာတွေကို သူတို့တော့ မယူသွားကြဘူး၊ ငါတော့ နောက်ဘဝအထိ ယူသွားမယ်ဆိုပြီး ပစ္စည်းတွေနဲ့ထိုက်တန်တဲ့ ပုဂ္ဂိုလ်တွေကို အကုန်လုံးပေးလှူပစ်တော့တယ်။ ဒါဟာ ပစ္စည်းဥစ္စာတွေကို နောက်ဘဝအထိယူသွားလို့ရတဲ့ နည်းလမ်းပါပဲ။ ပစ္စည်းဥစ္စာတွေထဲက ဒါနတည်းဟူသော အနှစ်ကို ထုတ်ယူသွားတာပါပဲ။ ဒါနကုသိုလ်ပြုပြီး နောက်ဘဝတိုင်အောင်ယူဆောင်သွားတာပါပဲ။

## တောထွက်တော်မူ

အလောင်းတော်ဟာ ပစ္စည်းဥစ္စာတွေကို တစ်ခုမကျန် အကုန်စွန့်လှူပြီးတဲ့နောက် ဟိမဝန္တာသို့သွားပြီး ရသေ့အဖြစ်နဲ့ နေထိုင်တော်မူပါတယ်။ အဲဒီ ဟိမဝန္တာမှာ သစ်သီး,သစ်ရွက်တွေကိုပဲ စားသောက်ပြီး တရားဓမ္မနဲ့ပဲ နေထိုင်တော်မူပါတယ်၊ ကိုယ်စိတ်နှစ်ပါးတို့ရဲ့ ငြိမ်းချမ်းမှုကို ရယူနေပါတယ်၊ တရားအလုပ်ကိုလည်း အားထုတ်တော်မူပါတယ်။

## ကလာဗုမင်းနဲ့ ဆုံရပုံ

တောထဲမှာပဲ သစ်သီးတွေကိုသာ သုံးဆောင်နေရတော့ အာဟာရ သိပ်ပြီး ပြည့်ဝမှုမရှိဘူးပေါ့၊ ဒါကြောင့် တစ်နေ့မှာတော့ ဆားနဲ့အချဉ်တွေကို သုံးဆောင်လိုတဲ့အတွက် လူနေရွာများသို့ ထွက်လာခဲ့ပါတယ်၊ နောက်ဆုံး ဗာရာဏသီမြို့ကို ရောက်ရှိလာခဲ့ပါတယ်၊ မြို့တွင်းကို ဆွမ်းခံကြွတဲ့အခါ ဗာရာဏသီပြည်ရဲ့ စစ်သူကြီးက မြင်တွေ့ပြီး ကြည်ညိုသွားပါတယ်၊ ဒါကြောင့် ရသေ့ကြီးလိုအပ်တဲ့ အာဟာရ,အသုံးအဆောင်တွေကို ဆက်ကပ်လှူဒါန်းပြီး ဘုရင့်ဥယျာဉ်တော်မှာ သီတင်းသုံးနေထိုင်ဖို့–

ပင့်လျှောက်ပါတယ်၊ အဲဒီ ပင့်လျှောက်ချက်ကြောင့် ဘုရားအလောင်းတော်ရဲ့သေ့ဟာ ကလာဗုမင်းရဲ့ ဥယျာဉ်သို့ရောက်ရှိ သီတင်းသုံးခဲ့ရတယ်။

တစ်နေ့သောအခါမှာ ကလာဗုမင်းကြီးဟာ ဥယျာဉ်အတွင်းသို့ ပျော်ပွဲခံဖို့အတွက် မိဖုရားတွေ့၊ မောင်းမမိဿံအခြွေရံတွေကို ခေါ်ပြီး ရောက်လာခဲ့ကြပါတယ်၊ ဥယျာဉ်ထဲမှာ ပျော်ပါးဖို့အတွက် ရောက်လာကြပါတယ်။ ဥယျာဉ်အတွင်းရှိ မင်္ဂလာကျောက်ဖြာပေါ်မှာ ပျော်ပွဲကျင်းပကြတယ်၊ ကလာဗုမင်းက သူချစ်တဲ့ အမျိုးသမီးလေးတစ်ယောက်ရဲ့ ပေါင်ပေါ်မှာ ခေါင်းအုံးပြီး လျောင်းစက်ရင်း သီဆို့ကခုန်ကြတာတွေကို ကြည့်ရှုနေပါတယ်၊ နန်းတွင်းသူ ကချေသည်တွေက တီးမှုတ် ကခုန်ကြပေါ့၊ မင်းကြီးကို ဖျော်ဖြေနေကြတယ်။

မင်းကြီးလဲ ကချေသည်များ သီဆိုကခုန်ကြတာကို ကြည့်ရှုရင်း အဲဒီ အမျိုးသမီးရဲ့ ပေါင်ပေါ်မှာပဲ အိပ်ပျော်သွား ပါတော့တယ်။ ဒီအခါမှာ တီးမှုတ်ကခုန်နေကြတဲ့ ကချေသည်တွေဟာ သူတို့ရဲ့ တီးမှုတ်ကခုန်မှုတွေကို ရပ်ဆိုင်းပြီး ဥယျာဉ်ထဲကို လျှောက်ကြည့်ကြတယ်၊ ဥယျာဉ်ထဲလှည့်လည်ကြည့်ရှုရင်း စောစောက စစ်သူကြီးလုပ်သူ ပင့်ထားတဲ့ ရသေ့ကြီးကို တွေ့မြင်သွားကြတယ်၊ ဒါနဲ့ တရားစကားတွေ နာကြားရန်အတွက် ရသေ့ကြီးထံ ချဉ်းကပ်သွားကြပါတယ်၊ သင့်လျော်တဲ့ တရားစကားတွေ ဟောကြားဖို့ တောင်းပန်လျှောက်ထားကြပါတယ်၊ ရသေ့ကြီးကလဲ သင့်တင့်တဲ့ တရားစကားတွေကို ဟောကြားပေးပါတယ်။

ဒီအချိန်မှာ ကလာဗုမင်းကို ခေါင်းအုံးအဖြစ်နဲ့ ပြုစုနေရတဲ့ အမျိုးသမီးက မင်းကြီးနိုးလာအောင် လှုပ်ရှားပြုပြင်လိုက်ပါတယ်၊ မင်းကြီးလဲ နိုးသွားတယ်၊ နိုးလာတဲ့အခါ သူ့အနားမှာ စောစောက ကခုန်ဖျော်ဖြေနေကြတဲ့ အခြွေရံတွေ့၊ မောင်းမမိဿံတွေကို မတွေ့မြင်တော့ မေးမြန်းတယ်၊ ရသေ့ကြီးထံ ရောက်နေကြကြောင်း အဲဒီအမျိုးသမီးလေးက ဖြေပါတယ်၊ ဒီအခါမှာ ကလာဗုမင်းကြီးဟာ မနာလိုဝန်တိုပြီး အမျက်ဒေါသ အကြီးအကျယ်ဖြစ်သွားတော့တယ်။

သံလျက်ကို စွဲကိုင်ပြီး အဲဒီ ရသေ့ကြီးထံ လျင်မြန်စွာသွားတော့တယ်၊ ကောက်ကျစ်ယုတ်မာတဲ့ ဒီရသေ့ကြီးကို ငါဆုံးမမယ်ဆိုပြီး ဒေါသနဲ့ ရသေ့ကြီးထံချဉ်းကပ်သွားတယ်၊ အဲဒီအခါ အလွန်းရင်းနှီးချစ်ခင်တဲ့ မောင်းမတစ်ယောက်က မင်းကြီးထံက သံလျက်ကိုယူပြီး ဒေါသငြိမ်းအောင် ဖျောင်းဖျပြောဆိုပါတယ်၊ ဒါပေမဲ့ ကလာဗုမင်းက အမျက်ဒေါသတွေ အပြင်းအထန်ဖြစ်နေတာဆိုတော့ ဖျောင်းဖျလို့ မရပါဘူး။

ကြောက်ဖွယ်ကောင်းလှ ဣဿာ,မစ္ဆရိယ

ကလာဗုမင်းကြီး ဒေါသတွေ သိပ်ဖြစ်နေတယ်၊ ဘေးက ဖျောင်းဖျလို့ မရတဲ့အထိ ဒေါသတွေ ဖြစ်နေလိုက်တာ၊ သတိပေးနေတာတောင် မိမိဖြစ်နေတဲ့ ဒေါသကို မထိန်းချုပ်နိုင်တော့ဘူးနော်။ ဒီဒေါသတွေ ဘာကြောင့်ဖြစ်ရသလဲ၊ ဣဿာမစ္ဆရိယကြောင့် ဖြစ်ရတာပဲ၊ တစ်ဖက်သားအပေါ် ငြူစူစောင်းမြောင်းမှုဆိုတဲ့ ဣဿာ, မနာလိုဝန်တိုမှုဆိုတဲ့ မစ္ဆရိယ၊ ဒီတရားတွေကို အခြေခံပြီး ယခုလိုဒေါသတွေဖြစ်လာရတာပါ။

သူတစ်ပါး ပြည့်စုံနေတာ, အဆင်ပြေနေတာတွေကို- ဝမ်းမမြောက်နိုင်,ဝမ်းမသာနိုင်၊ ဒါတွေဟာ ဣဿာ,မစ္ဆရိယတို့ရဲ့ သဘောတွေပဲပေါ့။ မိမိချစ်ခင်နှစ်သက်နေတဲ့သူတွေ သူတစ်ပါးနဲ့ အဆင်ပြေနေတာကို မကြည်ဖြူနိုင်ဖြစ်နေတယ်၊ မိမိချစ်ခင်နှစ်သက်သူတွေနဲ့ အဆင်ပြေနေသူကို ကြည့်ပြီးတော့လဲ မကြည်ဖြူနိုင် ဝမ်းမမြောက်နိုင်တွေဖြစ်။ ကြောက်စရာကောင်းလှတဲ့ ဣဿာ မစ္ဆရိယတွေ နော်။

ဒီဣဿာ,မစ္ဆရိယတွေကကော ဘာကြောင့်ဖြစ်ရတာလဲ၊ ဒါနဲ့ ပတ်သက်ပြီးတော့ သက္ကပဉှသုတ်တော်မှာ သိကြားမင်းက မြတ်စွာဘုရားကို လျှောက်လို့၊ မြတ်စွာဘုရားက ပြန်လည်ဖြေကြားထားတာရှိပါတယ်-

ဣဿာ,မစ္ဆရိယဖြစ်ကြောင်း

ဣဿာမစ္ဆရိယံ ခေါ ဒေဝါနမိန္ဒ ပိယာပ္ပိယနိဒါနံ-

ပိယာပ္ပိယသမုဒယံ ပိယာပ္ပိယဇာတိကံ ပိယာပ္ပိယပဘဝံ၊

ပိယာပ္ပိယေ သတိ ကလဟမစ္ဆရိယံ ဟောတိ၊ ပိယာပ္ပိယေ

အသတိ ကလဟမစ္ဆရိယံ န ဟောတီတိ။

ဒေဝါနမိန္ဒ-နတ်တို့၏ အရှင်သိကြားမင်း၊ ကလဟမစ္ဆရိယံ-ကလဟမစ္ဆရိယသည်၊ ပိယာပ္ပိယနိဒါနံ-ချစ်ခြင်း မုန်းခြင်းဟူသော အခြေခံဖြစ်ရာ အကြောင်းရှိ၏၊ ပိယာပ္ပိယသမုဒယံ-ချစ်ခြင်းမုန်းခြင်း ဟူသော တိုးတက်ဖြစ်ပွားရာ အကြောင်းရှိ၏၊ ပိယာပ္ပိယဇာတိကံ-ချစ်ခြင်းမုန်းခြင်းဟူသော ထင်ရှားဖြစ်ပေါ်လာရာ အကြောင်းရှိ၏၊ ပိယာပ္ပိယပဘဝံ-ချစ်ခြင်း မုန်းခြင်းဟူသော အမွန်အစဖြစ်ရာ အကြောင်းရှိ၏၊ ပိယာပ္ပိယေ-ချစ်ခြင်းမုန်းခြင်းသည်၊ သတိ-ရှိနေသော်၊ ကလဟမစ္ဆရိယံ-ကလဟမစ္ဆရိယသည်၊ ဟောတိ-ဖြစ်၏၊ ပိယာပ္ပိယေ-ချစ်ခြင်းမုန်းခြင်းသည်၊ အသတိ-မရှိသော်၊ ကလဟမစ္ဆရိယံ-ကလဟမစ္ဆရိယသည်၊ န ဟောတိ-ဖြစ်လာတော့မည်မဟုတ်ပေ။

ဣတိ-ဤသို့၊ ဣမံ ဓမ္မဒေသနံ-ဤဓမ္မကထာ ဒေသနာကို၊ ဘဂဝါ-ဘုန်းတော်ခြောက်စုံ,တန်ခိုးဂုဏ်နှင့်,ပြည့်စုံပေငြား,မြတ်ဘုရားသည်၊ အဝေါစ-ကရုဏာရှေ့သွား,မေတ္တာအားဖြင့်, ဟောကြားတော်မူလိုက်ပါပေသတည်း။

ဘုရားရှင်ဖြေဆိုချက်က ထင်ရှားပါတယ်၊ ကလဟမစ္ဆရိယဆိုတဲ့ တရားတွေဟာ ချစ်ခြင်းမုန်းခြင်းကစပြီး ဖြစ်လာကြပါတယ်၊ ချစ်ခြင်းမုန်းခြင်းကြောင့် ကလဟမစ္ဆရိယတွေ ဖြစ်ကြရတယ်။ ယခု ကလာဗုမင်းကြီးကို ကြည့်လိုက်ပါလား၊ သူ့ရဲ့မောင်းမ,မိသံအခြွေရံတွေ အပေါ်မှာ သူချစ်ခင်နှစ်သက်နေတာဖြစ်ပါတယ်၊ သူ့ရဲ့ ပရိသတ်လဲ ဖြစ်နေတယ်၊ သူချစ်တဲ့ သူ့ရဲ့ပရိသတ်ကို အကြောင်းပြုပြီးတော့ ကလဟ မစ္ဆရိယတွေ ဖြစ်လာခဲ့ရပါတယ်။

နောက်တစ်ခါ၊ အလောင်းတော်ရသေ့ကြီးကို သူ့ပရိသတ်တွေ သူ့ထံရောက်နေတာကို ကြည့်ပြီးတော့ ကလဟမစ္ဆရိယတွေဖြစ်ပြန်တယ်၊-

အလောင်းတော်ရသေ့ကြီးက သူမုန်းတဲ့သူပဲ၊ အစကတော့ မုန်းတာ မဟုတ်ပါဘူး၊ သူ့ပရိသတ်ကို လက်ခံပြီး တရားစကားတွေပြောနေလို့သာ သူမုန်းတာပါ။

ဒါကြောင့်-မောင်းမမိဿံများသည် "ပိယ" ချစ်အပ်သူတွေ၊ အလောင်းတော်ရသေ့ကြီးကျတော့"အပိယ"မုန်းတဲ့သူ၊ အဲဒီလို ချစ်သူများ အပေါ် ချစ်ခြင်း, မုန်းသူအပေါ် မုန်းခြင်း-ဆိုတဲ့ အကြောင်းတွေကြောင့် ကလာဗုမင်းကြီး ဣဿာမစ္ဆရိယတွေ ဖြစ်ခဲ့ရပါတယ်။

ဘုရားရှင် သိကြားမင်းကို ဟောကြားထားတဲ့ ဒေသနာတော်နဲ့ ယခုလို တိုက်ဆိုင်ကြည့်ရမယ်နော်၊ တိုက်ဆိုင်ကြည့်လိုက်တော့ ကလာဗု မင်းရဲ့ ဣဿာမစ္ဆရိယဖြစ်ခဲ့ရပုံဟာ ဗုဒ္ဓဟောကြားတော်မူတဲ့ ဒေသနာ တော်နဲ့ အလွန်ပဲတိုက်ဆိုင်,မှန်ကန်နေတာကို တွေ့မြင်ရပါတယ်၊ လောက ဓမ္မတာသဘောတွေကို ဉာဏ်မျက်စိနဲ့ ကြည့်ပြီးဟောထားတာပဲ၊ မမှန်ပဲ ရှိနိုင်ပါတော့မလား။

## အချစ်နဲ့ အမုန်းကိုရှောင်

ဒီတော့ ဣဿာတရားတွေ မစ္ဆရိယတရားတွေ မဖြစ်အောင် ချစ်ခြင်းမုန်းခြင်းတွေကို ရှောင်ကြဉ်ကြရမယ်၊ ချစ်ခြင်းမုန်းခြင်းတွေ မဖြစ်ခဲ့ရင် ဣဿာမစ္ဆရိယဆိုတဲ့ တရားဆိုးတွေလဲ ဖြစ်ပေါ်လာမှာ မဟုတ်ပါဘူး-တဲ့။

ဣဿာမစ္ဆရိယကြောင့် ဒေါသတွေဖြစ်ကြရတယ်၊ ဒေါသမီးတွေ လောင်နေကြရတယ်၊ ဒီ ဒေါသတရားတွေဟာ ဣဿာမစ္ဆရိယကို အခြေခံထားတယ်၊ ဒေါသမီးတွေ မလောင်အောင် ဒေါသရဲ့ အခြေခံဖြစ်တဲ့ ဣဿာမစ္ဆရိယတွေ မဖြစ်အောင် ပြုလုပ်ကြရမယ်၊ ဣဿာမစ္ဆရိယ ဆိုတာတွေဟာလဲ ချစ်ခြင်းမုန်းခြင်းက စတာဖြစ်ခြင်းကြောင့် ချစ်ခြင်း မုန်းခြင်းတွေ မဖြစ်ပေါ်အောင် ပြုလုပ်ကြရမယ်၊ ဒီ ချစ်ခြင်းမုန်းခြင်းဆိုတာ တွေဟာလဲ မိမိက သည်းမခံနိုင်တာကြောင့်ဖြစ်လာကြတာပါပဲ၊ အချစ်နဲ့ အမုန်းဒဏ်ကို မခံနိုင်တာကြောင့် ဖြစ်လာရတာပါ။ ဒီလို အကျိုး-

အကြောင်းတွေ ဆက်စပ်နေကြတယ်နော်။ သည်းမခံနိုင်လို့ ချစ်ခြင်းမုန်းခြင်းတွေဖြစ်၊ ချစ်ခြင်းမုန်းခြင်းတွေဖြစ်လာတော့ ဣဿာမစ္ဆရိယတွေဖြစ်လာ၊ ဣဿာမစ္ဆရိယတွေဖြစ်လာလို့ ဒေါသမီးတွေလောင်လာပေါ့၊ ဒီလို အဆင့်ဆင့် ဆက်နွယ်နေကြတယ်။

အကြောင်းအကျိုးတွေ အဆင့်ဆင့်ဆက်နွယ်နေပုံကို စိစစ်ကြည့်လိုက်တော့ ခန္တီတရားမှာ အဆုံးသတ်နေတာကို မြင်တွေ့ရလိမ့်မယ်။

ဣဿာတရားရဲ့ ဥပမာ

ဣဿာတရားကို ကြောက်စရာကောင်းလှလို့ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ ခွေးသတ္တဝါနဲ့တောင် ခိုင်းနှိုင်းစပ်ဆိုခဲ့ပါတယ်။

ဣဿာသဘော၊ ပြန့်ပြောများသူ၊ ခွေးနှင့်တူ၏၊

ခွေးဟူတုံက၊ လှ,မလှနှင့်၊ ဟီန,ဥက္ကဋ္ဌ၊ ယုတ်မြတ်လူရှင်၊

ပျိုအိုသွင်လည်း၊ မြင်မြင်သမျှ၊ သွားကိုပြ၍၊ ဒေါသမျက်ဆူ၊

ဟိန်းငြူစူ၏။

ခွေးဆိုတဲ့သတ္တဝါဟာ မြင်မြင်သမျှတွေကို အယုတ်လား၊ အလတ်လား၊အမြတ်လား၊လှသူလား၊မလှသူလား-ဆိုတာ ဘာမှမစဉ်းစားဘူး၊ စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်ပညာလဲမရှိဘူး၊ ဒါကြောင့် တွေ့တွေ့သမျှ ဟိန်းဟောင်တော့တာပဲ-တဲ့။ မန်လည်ဆရာတော် ဘုရားကြီးပေးတဲ့ ဥပမာနော်၊ သရုပ်ပေါ်လွင်လှပါတယ်။

နောက်တစ်ခါ၊ ဣဿာကြီးသူရဲ့ ခံစားရမဲ့ အကျိုးတွေကိုလဲ စပ်ဆိုတော်မူထားပါသေးတယ်။

ဣဿာကြီးက၊ ကိုယ်ထီးချို့တဲ့၊ ရှိန်စော်မဲ့၏၊

ဣဿာတရားကြီးသူများဟာ အခြွေရံကင်းပြီး တစ်ယောက်တည်း အထီးကျန်ဖြစ်နေတတ်တယ်-တဲ့။ အရှိန်အစော်လဲ ကင်းမဲ့နေတတ်တယ်။

နောက်တစ်ခါ၊ ဣဿာ,မစ္ဆရိယ ထူပြောတဲ့ပုဂ္ဂိုလ်များဟာ သေလို့ရှိရင် မျောက်ဖြစ်တတ်တယ်လို့လဲ ဆိုပြန်ပါတယ်၊"မစ္ဆေ,ဣဿာ၊ ယုတ်မာငြူစူ၊ ကံမူမျောက်မျိုး"တဲ့ မန်လည်ဆရာတော်ကြီးက စပ်ဆိုခဲ့ တာနော်။

အေး–ဒါကြောင့် ကြောက်စရာကောင်းလှတဲ့ ဣဿာမစ္ဆရိယတွေ မဖြစ်အောင် သတိတရား,အသိတရားလေးတွေရှေ့သွားပြုပြီး ရှောင်ကြဉ် ကြရမယ်နော်၊ ပုထုဇဉ်လူသားများဆိုတော့ ကိလေသာတွေကို အကုန်လုံး သတ်ထားကြတာမဟုတ်ဘူး၊ အပြည့်ရှိနေကြတာပဲ၊ ဒါပေမဲ့ ဖြစ်ပေါ်လာ တဲ့ ကိလေသာတရားတွေကို သတိပညာနဲ့ ထိန်းအုပ်, ထိန်းချုပ်ထားကြရ ပါတယ်၊ ခန္တီတရားတွေနဲ့ ထိန်းချုပ်ထားကြရမယ်။

အလောင်းတော်အားနိုပ်စက်ခြင်း

ခန္တီတရားတွေ လက်ကိုင်မထားဘူး၊ သတိ,ပညာတရားတွေနဲ့ မထိန်းချုပ်ထားဘူးဆိုရင်တော့ အဲဒီ ဣဿာမစ္ဆရိယဆိုတဲ့ ကိလေသာ တွေရဲ့ ကြောက်စရာကောင်းလှတဲ့ အကျိုးတွေကို ခံစားကြရလိမ့်မယ်။

ယခု ကလာဗုမင်းကြီးကို ကြည့်လိုက်၊ ဣဿာမစ္ဆရိယတွေကို အခြေခံပြီး ခံပြင်းဒေါသတွေ ဖြစ်နေပါပြီ၊ အဲဒီ ဒေါသအရှိန်ကြောင့် အလောင်းတော်ရသေ့ကြီးထံကို သွားပြီးတော့ "အသင် ဘယ်ဝါဒရှိသလဲ" လို့ မေးလိုက်တယ်၊ အလောင်းတော်ရသေ့ကြီးကလဲ မဆိုင်းမတွ"ငါဟာ ခန္တီဝါဒ ရှိသူဖြစ်တယ်"လို့ ဖြေကြားပါတယ်၊ သည်းခံခြင်းဆိုတဲ့ အယူ ဝါဒကို လက်ကိုင်ထားသူဖြစ်တယ်–လို့ ဖြေပါတယ်။

ဒီအခါမှာ ကလာဗုမင်းကဆက်ပြီးတော့ "ခန္တီဆိုတာ ဘာလဲ"လို့ မေးတယ်၊ ရသေ့ကြီးကလဲ"ဆဲဆိုကြိမ်းမောင်းသူ၊ ပုတ်ခတ်နှိပ်စက်သူတွေ အပေါ်မှာ အမျက်မထွက်ဘဲ နေတာကို ခန္တီလို့ခေါ်တယ်"လို့ ဖြေကြားပါ တယ်။ ရိုးရိုးသားသား ဖြေကြားတာပါပဲ။ ဒါပေမဲ့ ကလာဗုမင်းက နဂိုထဲက ဒေါသထွက်ပြီးလာသူဆိုတော့ ဒီလိုဖြေဆိုလိုက်တယ်ဆိုရင်ပဲ နှိပ်စက်ဖို့ပြင်ဆင်တော့တာပါပဲ။

"ဒါဖြင့် အသင် သည်းခံခြင်းရှိနေပုံကို စမ်းသပ်ကြည့်မယ်" ဆိုပြီးတော့ သူသတ်သမားတွေကို ခေါ်လိုက်ပါတယ်၊ ခေါ်ပြီးတော့"ဒီ ရသေ့ကို ကိုင်ဆွဲပြီး မြေပြင်မှာလှဲချ၊ ရှေ့နောက် ဘေးနှစ်ဖက်-ဆိုတဲ့ လေးဌာနကို ဆူးရှိတဲ့ ကြိမ်လုံးနဲ့ အချက်ပေါင်း နှစ်ထောင်ရိုက်နက်ကြ" ဆိုပြီး အမိန့်ပေးလိုက်ပါတယ်။

သူသတ်သမားတွေကလဲ ကလာဗုမင်း အမိန့်ပေးတဲ့အတိုင်း အလောင်းတော်ရသေ့ကြီးကို ကြိမ်နဲ့ အချက်ပေါင်းနှစ်ထောင် ရိုက်နှက်ကြပါတယ်၊ ဆူးရှိတဲ့ ကြိမ်နဲ့ အချက်ပေါင်းနှစ်ထောင်ရိုက်တယ် ဆိုတော့ သေဖို့ပဲရှိတော့တယ်၊ ဒါပေမဲ့ မသေအောင်လျှော့ရိုက် လို့လား,ရသေ့ကြီးရဲ့ ခန္တီဂုဏ်ကြောင့်လား, ဝင့်ကြွေးကြောင့်လားတော့ မသိဘူး၊ မသေနိုင်ဘူး။ သို့ပေမဲ့ ဆူးရှိတဲ့ကြိမ်နဲ့ အချက်ပေါင်းနှစ်ထောင် အရိုက်ခံရတဲ့အတွက် ကိုယ်ပေါ်မှာ အရေးပါးအရေထူတွေ ပြတ်ကုန်တယ်၊ အသားတွေလဲ ပြတ်ကုန်တယ်၊ သွေးအလိမ်းလိမ်းနဲ့ ဖြစ်နေတော့တယ်၊ ဘယ်လောက် နာကျင်ရှာမလဲဆိုတာ စဉ်းစားကြည့်ပေတော့ နော်။

ဒါပေမဲ့ ရသေ့ကြီးဟာ ရိုက်နှက်ခိုင်းသူအပေါ်မှာရော, ရိုက်နှက်နေတဲ့ သူသတ်သမားတွေအပေါ်မှာပါ အမျက်ဒေါသလုံးဝမထွက်ဘူး၊ သည်းခံပြီးတော့ နေပါတယ်၊ မေတ္တာလဲ မပျက်ဘူး၊ ဘုရားအလောင်းတော်တို့ရဲ့ ခန္တီနော်၊ ဘယ်လောက် အံ့သြဖို့ကောင်းသလဲဆိုတာ ကြည့်လိုက်စမ်း၊ သာမန်မဟုတ်တဲ့ခန္တီ,အထွတ်တတ်ရတဲ့ခန္တီ, ပါရမီမြောက်တဲ့ခန္တီ၊ ဒီလို မြင်ကြည့်ပြီးတော့ ဘုရားရှင်ရဲ့ခန္တီဂုဏ်တော်ကို အာရုံပြုကြည်ညိုကြနော်၊

သတ္တဝါတွေကို သံသရာက ကယ်တင်နိုင်ဖို့အတွက်, သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရရှိဖို့အတွက် အသက်နဲ့ခန္ဓာကို မငဲ့ကွက်ဘဲ ပါရမီတော်တွေကို ဘယ်လောက်အထိ ဖြည့်ဆည်းခဲ့ရတယ်- ဆိုတာ ယခုအလောင်းတော်ဘဝကို ကြည့်၊ ယခုလို အသက်နဲ့ခန္ဓာ မငဲ့ညှာဘဲ ဖြည့်ကျင့်ခဲ့ရတဲ့ ပါရမီဂုဏ်တော်တွေကို အာရုံပြုပြီး ကြည်ညိုကြရမယ် နော်။

### တစ်ဆင့်တိုးပြီး နှိက်စက်ကြပြန်ခြင်း

အဲဒီလို ကြိမ်နဲ့ အချက်ပေါင်းနှစ်ထောင်ရိုက်ခိုင်းပြီးတော့ ရသေ့ကြီးဝေဒနာတွေ ပြင်းစွာခံစားနေရတာကို ကြည့်ပြီး"အသင် ဘယ်ဝါဒရှိသလဲ"လို့ မေးမြန်းပြန်ပါတယ်။ ရသေ့ကြီးကလဲ ယခင် အတိုင်းပဲ "ခန္တီဝါဒရှိတယ်"လို့ပဲ ဖြေကြားပါတယ်၊ နောက်ပြီး ဆက်ပြော တာက"အသင်ဟာခန္တီကိုငါရဲ့ အရေထဲမှာရှိတယ် ထင်နေသလား၊ အသား ထဲမှာ ရှိနေတယ်လို့ ထင်နေသလား၊ ငါ့ရဲ့ ခန္တီဟာ အရေထဲမှာလဲမရှိဘူး၊ အသားထဲမှာလဲ မရှိဘူး၊ ငါ့ရဲ့ နှလုံးသားထဲမှာပဲ ရှိတယ်"လို့ ပြောကြား ပါတယ်။

ဒီလိုပြောတော့ ကလာဗုမင်းက သူသတ်ယောကျ်ားတွေကို ရှင်ရသေ့ရဲ့ လက်နှစ်ဖက်ကို ဖြတ်ခိုင်းတယ်၊ ခြေနှစ်ချောင်းကိုလဲ ဖြတ်ခိုင်း တယ် နားရွက်တွေ,နှာခေါင်းတွေကို ဖြတ်ခိုင်းတယ်၊ သူသတ်ယောကျ်ား တွေကလဲ ရက်ရက်စက်စက် ဖြတ်တောက်ကြတယ်။

နှိက်စက်နေရင်းမှာလဲ ကလာဗုမင်းက မေးမြန်းနေတာပဲ "သင်ဘယ်ဝါဒရှိသလဲ"လို့ မေးနေတာပဲ၊ မေးလိုက်,နှိက်စက်လိုက် လုပ်နေ တာနော်၊ အလောင်းတော်ရသေ့ကြီးကလဲ ဖြေနေကျအတိုင်း"ငါ့မှာ ခန္တီဝါဒရှိတယ်"လို့ပဲ ဖြေနေတာပဲ။

နောက်ဆုံးကျတော့ ကလာဗုမင်းက "ကောတ်ကျစ် တဲ့ရသေ့၊ သင့်ခန္တီကို သင်သာ ပင့်မပြီး ထိုင်နေပေတော့"လို့ ပြောပြီး ထွက်ခွာသွား တော့တယ်၊ ကလာဗုမင်း ထွက်သွားလို့ ဥယျာဉ်ရဲ့ တံခါးဝလဲရောက်ရော မြေမျိုတော့တာပဲ၊ မဟာအဝီစိငရဲမီးတွေက ကလာဗုမင်းကို ငရဲပြည်သို့ ဆောင်သွားကြတော့တယ်။

### ဒေါသရဲ့အပြစ် ကြောက်စရာ

သီလ,သမာဓိ,ပညာတွေနဲ့ ပြည့်စုံနေတဲ့ အလောင်းတော်ကို ပြစ်မှားမိတဲ့ ကလာဗုမင်း၊ ဒေါသတရားတွေကို မထိန်းနိုင်တဲ့ ကလာ ဗုမင်း၊ ဣဿာတရားတွေ, မစ္ဆရိယတရားတွေ လွှမ်းမိုးခံလိုက်ရတဲ့-

ကလာဗုမင်း။ နောက်ဆုံးကျတော့ မိမိရဲ့ မိုက်ပြစ်တွေကို မိမိကိုယ်တိုင်ပဲ ခံသွားရရှာတော့တယ်၊ အေး–ဒေါသရဲ့ အပြစ်တွေ ဘယ်လောက်ကြောက်စရာကောင်း လိုက်သလဲဆိုတာ ကြည့်ကြပေတော့၊ အကြောင်းအကျိုး အကောင်းအဆိုးတွေကို ဘာတစ်ခုမှ မမြင်နိုင်လောက်အောင် ဆိုးရွားစွာ ဖြစ်ပေါ်တတ်တဲ့ဒေါသ နော်၊ ကြောက်စရာကောင်းလှပါတယ်။

ဒီ ဒေါသတရားကြောင့် ကလာဗုမင်းကြီး ဘာဖြစ်သွားရသလဲ၊ အပါယ် မဟာအဝီစိ–ဆိုတဲ့ ဒုဂ္ဂတိသို့ လားရောက်ခဲ့ရတယ်။ ဒါကြောင့်–

ယေန ဒေါသေန ဒုဋ္ဌာသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

တံ ဒေါသံ သမ္မဒညာယ၊ ပဇဟန္တိ ဝိပဿိနော။

ယေနဒေါသေန–အကြင်ဒေါသဖြင့်၊ ဒုဋ္ဌာသေ–ဖိစီးနှိပ်စက်အပ်ကုန်သော၊ သတ္တာ–သတ္တဝါတို့သည်၊ ဒုဂ္ဂတိံ– ဒုဂ္ဂတိဘဝသို့၊ ဂစ္ဆန္တိ–လားရောက်ကြရလေကုန်၏၊ တံ ဒေါသံ–ထိုဒေါသတရားကို၊ သမ္မာ–ကောင်းစွာ၊ အညာယ–သိရှိကြသည် ဖြစ်၍၊ ဝိပဿိနော–ဒေါသတရား၏ အပြစ်တွေကို မြင်ကြကုန်သော ပညာရှိသူတော်ကောင်းတို့သည်၊ ပဇဟန္တိ–ဒေါသတရားကို ရဲရဲဝံ့ဝံ့ ပယ်စွန့်နိုင်ကြလေကုန်သတည်း . . . ။

ကလာဗုမင်းကြီး မဟာအဝီစိငရဲသို့ ကျရောက်သွားရတာဟာ ဒေါသကြောင့်ပဲ၊ ဒေါသတရားက ဖိစီးနှိပ်စက်လိုက်တာ, အဲဒီဒေါသ တရားကပဲ သူ့ကို မဟာအဝီစိငရဲသို့ ပို့ဆောင်ပေးလိုက်တာပါပဲ။

ဒါကြောင့် ဒေါတရားရဲ့ ဆိုးကျိုးကို အခုလိုသိရှိကြပြီး၊ ဒေါသ မဖြစ်အောင် ပယ်စွန့်ကြရမယ်၊ ပယ်စွန့်တဲ့နေရာမှာ ခန္တီတရားတို့ မေတ္တာတရားတို့နဲ့ ပယ်စွန့်ကြရမယ်။

ခန္တီတရားကို စွဲစွဲမြဲမြဲ လက်ကိုင် ပြုထားသူဟာ ဒေါသဖြစ်စရာ အာရုံတွေနဲ့ ကြုံတွေ့တဲ့အခါ၊ ချက်ချင်း သတိဝင်လာပြီး၊ ဖြစ်လာတဲ့ ဒေါသကို ထိန်းသိမ်းနိုင်ပါတယ်။ မေတ္တာတရားကို ပွားများထားလျှင်လဲ ဒေါသဖြစ်စရာတွေနဲ့ ကြုံတွေ့တဲ့အခါ မဖြစ်အောင်ထိန်းသိမ်းနိုင်စွမ်းရှိ–

ပါတယ်၊ မေတ္တာတရား ခန္တီတရားတို့ရဲ့ အစွမ်းသတ္တိတွေဟာ သိပ်ပြီး ထက်မြက်လှတယ်။

အလောင်းတော်ရသေ့ကို ကြည့်ပြီးတော့ ခန္တီတရားဟာ ဘယ်လောက် လက်ကိုင်ထားသင့်တဲ့တရားလဲဆိုတာ သိရှိနားလည်ထားကြရမယ်၊ အားကျ အတုယူကြရမယ်။

အံ့ဩဖွယ်စကား မိန့်ကြားခြင်း

ကလာဗုမင်းလဲ မြေမျိုပြီးတဲ့နောက် သူ့ရဲ့စစ်သူကြီးရောက်လာပါတယ်၊ ရသေ့ကြီးကို ဥယျာဉ်ထဲ ပင့်ထားတဲ့ စစ်သူကြီး၊ သူရောက်လာပြီးတော့ ရသေ့ကြီးကို တောင်းပန်ပါတယ်၊ စိတ်မဆိုးဖို့၊အမျက်ပြန်မထွက်ဖို့, တောင်းပန်ရှာပါတယ်၊ ဒီအခါမှာ အလောင်းတော် ရသေ့က–

ယော မေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။

စိရံ ဇီဝတု သော ရာဇာ၊ န ဟိ ကုဇ္ဈန္တိ မာဒိသာ။

ယော–အကြင် ကလာဗုမင်းသည်၊ မေ–ငါ၏၊ ဟတ္ထေ စ–လက်တို့ကိုလည်းကောင်း၊ ပါဒေ စ–ခြေတို့ကို လည်းကောင်း၊ ကဏ္ဏနာသဉ္စ–နား, နှာခေါင်းတို့ကိုလည်းကောင်း၊ ဆေဒယိ–ဖြတ်စေ၏၊ သော ရာဇာ–ထိုကလာဗုမင်းသည်၊ စိရံ–ကြာမြင့်စွာ၊ ဇီဝတု–အသက်ရှင်လျက်ရှိပါစေသတည်း၊ ဟိ–စိတ်မဆိုးပဲ ဤသို့မေတ္တာပွားနိုင်ခြင်းအကြောင်းကား၊ မာဒိသာ–ငါကဲ့သို့သော သူတော်ကောင်းတို့သည်၊ န ကုဇ္ဈန္တိ–အမျက်မထွက်ကြကုန်၊ ဣတိ ဓဝံ–ကြောက်ရွံ့ခြင်းကင်း, ရဲတင်းလှသော,ဤအံ့ဖွယ်စကားးကို၊ အဘာသိ–ခန္တီတရား မေတ္တာတရား, လက်ကိုင်ထားလျှက်,မိန့်ကြားတော်မူလိုက်ပါပေသတည်း . . .။

ငါ့ကို ခြေတွေ, လက်တွေ ဖြတ်တောက်, ရိုက်နှက် ပုတ်ခတ်တဲ့ ကလာဗုမင်းကြီးကို စိတ်မဆိုးပါဘူး၊ အမျက်မထွက်ပါဘူး၊ ကလာဗုမင်းကြီး အသက်ရှည်ပါစေ၊ အနာကင်းပါစေ–လို့ မေတ္တာထားတော်မူရှာပါတယ်၊ ငါ့ကိုနိုက်စက်တဲ့ကလာဗုမင်းအသက်ရှည်ပါစေ–လို့တောင် မေတ္တာပြုလိုက်ပါသေးတယ်။

သူတော်ကောင်းတို့ရဲ့ သဘော

ဒါဟာ သူတော်ကောင်းတို့ရဲ့သဘောပါပဲ၊ သူတော်ကောင်းတို့ မည်သည့်,သူတော်ကောင်းစိတ်ဓာတ်ရှိသူတို့မည်သည် တစ်ဖက်သား အပေါ်နစ်နာအောင်,အကျိုးစီးပွားပျက်ပြားအောင် ဘယ်တော့မှ လုပ်လေ့ မရှိဘူး၊ သူယုတ်မာတွေနဲ့ မလွှဲသာလို့ဆက်ဆံပေါင်းသင်းနေရသည့် တိုင် သူယုတ်မာတို့ရဲ့စိတ်ထားမျိုး ဘယ်တော့မှ မဖြစ်ဘူး–တဲ့၊ သူယုတ်မာတို့နဲ့ တုဖက်ပြိုင်လေ့မရှိဘူး–တဲ့၊ ဒါကြောင့်–

န ဟောတိ ခလု ဒုဋ္ဌဗျ– မပိ ဒုဋ္ဌနသင်္ဂမေ။

သဘာဝနိမ္မလတရေ၊ သာဓုဇန္တုန စေတသိ။ (အလင်္ကာ)

သာဓုဇန္တုနံ–သူတော်ကောင်းတို့၏၊ သဘာဝနိမ္မလတရေ– သဘောအားဖြင့်,ညစ်ကြေးမတင်,လွန်သန့်စင်သော၊ စေတသိ–စိတ်၌၊ ဒုဋ္ဌနသင်္ဂမေ–သူယုတ်မာတို့နှင့် ပေါင်းရခြင်းသည်၊ သတိ အပိ– ဖြစ်ပါသော်လည်း၊ ဒုဋ္ဌဗျ–သူယုတ်မာ၏ဖြစ်ကြောင်း မကောင်းသော သဘောသည်၊ ခလု–စင်စစ်၊ န ဟောတိ–မဖြစ်နိုင်ပေ။

သူတော်ကောင်းတို့ရဲ့သဘောဟာ သူယုတ်မာတွေနဲ့ ဆက်ဆံ ပေါင်းသင်းနေသော်လဲ အဲဒီ သူယုတ်မာတွေရဲ့ စိတ်ထားမျိုး ဘယ်တော့မှ မဖြစ်လာဘူးတဲ့၊ သူယုတ်မာနဲ့ ပေါင်းပြီး သူယုတ်မာအလုပ်ကို ဘယ်တော့ မှမလုပ်ဘူး။

ယခု အလောင်းတော်ရသေ့ကြီးကို ကြည့်လိုက်၊ ကလာဗုမင်းရဲ့ သူယုတ်မာစိတ်ထားနဲ့ ဆက်ဆံမှုကို ခံလိုက်ရပေမဲ့ သူယုတ်မာစိတ်ထားနဲ့ ပြန်ပြီး မတုံ့ပြန်ဘူး၊ ဒေါသရှိနေသူကို ဒေါသနဲ့ပြန်ပြီး မတုံ့ပြန်ခဲ့ပါဘူး၊ ဒေါသရှိနေသူဟာ သူယုတ်မာစိတ်ဝင်နေတာပဲ၊ သူယုတ်မာစိတ်ဝင်နေသူကို သူယုတ်မာစိတ်ပြန်ထားရင် သူတော်ကောင်းမဟုတ်နိုင်ပါဘူး။

"ရန်ကို ရန်ချင်း မတုံ့လျှင်းနှင့်"ဆိုတဲ့ စကားကို ပရိတ်သတ် များ ကြားနေကြတာပဲမဟုတ်လား၊ အဲဒါ သူတော်ကောင်းတို့ရဲ့–

သဘောပဲ–တဲ့၊ သူတော်ကောင်းတို့ရဲ့သဘောကို ဖော်ညွှန်းထားတဲ့ ဘုရားဟောကို အခြေခံပြီးစပ်ဆိုထားတဲ့ ဆိုရိုးစကားပါပဲ။

ဒါကြောင့် သူတော်ကောင်းဆိုဟာ တစ်ဖက်သားအပေါ် အနိုင်အထက်ပြုလေ့မရှိဘူး၊ မျှမျှတတ ရှုမြင်သုံးသပ်လေ့ရှိတယ်။

တစ်ဖက်သားနစ်နာစေမဲ့ အလုပ်ကို အထူးရှောင်ကြဉ်လေ့ရှိတယ်၊ တစ်ဖက်သားနစ်နာမဲ့ အလုပ်ကို မလုပ်သလို၊ တစ်ဖက်သားကို နစ်နာစေမဲ့ အပြောအဆိုမျိုးကိုတောင် ရှောင်ကြဉ်တတ်ကြပါတယ်။ မိမိကို ဘယ်လောက်ပင် ထိခိုက်နစ်နာအောင် လုပ်နေပေမဲ့လဲ မိမိကတော့ အဲဒီပုဂ္ဂိုလ်ကို လက်တုံ့ပြန်လေ့မရှိဘူး၊ သည်းခံလေ့ရှိတယ်၊ မေတ္တာတရားနဲ့ စောင့်ရှောက်တုံ့ပြန်လေ့ရှိတယ်၊ ဒါတွေဟာ သူတော်ကောင်းတွေရဲ့ သဘောသဘာဝတွေပဲ၊ သူတော်ကောင်းတို့ရဲ့ အလေ့အကျင့်, သူတော် ကောင်းတို့ရဲ့ လက္ခဏာတွေပါပဲ။

## သတ္တဝါတွေအတွက်

ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းဖြစ်တော်မူသော ခန္တီဝါဒီရသေ့ကြီးကတော့ ဝေနေယျသတ္တဝါတွေအတွက်,သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ရရှိရေးအတွက်ဆိုပြီး ကိုယ်ကျိုးစွန့်အနစ်နာခံကာ ခန္တီပါရမီတော်မြတ်ကို ယခုလိုဖြည့်ကျင့်ခဲ့ပါတယ်၊ ဒီလို ပါရမီမြောက်အောင် ဖြည့်ကျင့်ခဲ့လို့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတော်မူခဲ့ခြင်း။ ဖြစ်ပါတယ်။ သဗ္ဗညုတရွှေဉာဏ်တော်မြတ်ကြီးကို ရရှိတော်မူခဲ့လို့ သတ္တဝါတွေကိုလဲ ကယ်တင်နိုင်ခဲ့တယ်၊ သာသနာတော် မြတ်ကြီးကိုလဲ တည်ထောင်နိုင်ခဲ့ပါတယ်၊ ဒီလို ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတွေကို အာရုံပြု ကြည်ညိုကြရမယ်နော်။

## အတုယူကြပါ

ဘုရားရှင်သာသနာတော်မြတ်ကြီးနဲ့ ကြုံတွေ့နေချိန်မှာ ဘုန်းကြီးတို့ပရိသတ်အနေနဲ့လဲ ယခုဘုန်းကြီးထုတ်ပြခဲ့တဲ့ ခန္တီဝါဒီအလောင်းတော်ရသေ့ကြီးကို စံနမူနာယူကြရမယ်၊ အလောင်းတော်ရသေ့ကြီးလောက်

ခန္တိတရားကို ပြည့်ပြည့်ဝဝ မကျင့်သုံးနိုင်သော်လဲ အလောင်းတော်ကြီး သော်မှ ယခုလောက် ခန္တိတရားကို လက်ကိုင်ထားနိုင်ခဲ့သေးတာ၊ ငါတို့လဲ အလောင်းတော်ကြီးရဲ့ခန္တီမျိုးကို မမီနိုင်ပေမဲ့ အလောင်းတော်ကြီးရဲ့အတုကို ယူကြရမယ်–ဆိုတဲ့ ခံယူချက်တွေတော့ထားရှိကြရမယ်၊ ကိုယ့်အတိုင်း အတာနဲ့ကိုယ်ပေါ့လေ၊ ဘုရားအလောင်းတော်ကြီးကိုတော့ မမီနိုင်ဘူးပေါ့၊ ဘယ်အတိုင်းအတာအထိ ရောက်သည်ဖြစ်စေ ခန္တိတရားကို ကျင့်သုံးထား ကြရမှာပါ၊ လက်ကိုင်ပြုထားကြမှာပါ၊ နဲနဲ လက်ကိုင်ပြုထားရင် နဲနဲ အကျိုးရှိမယ်၊ များများလက်ကိုင်ပြုထား၊ ဖြည့်ဆည်းထားရင် များများ အကျိုးခံစားရမယ်ပေါ့။ လက်ကိုင်မထားကြဘူး၊ အတုယူ မကျင့်သုံးကြဘူး ဆိုရင်တော့ လူမိုက်စာရင်းဝင်ဖြစ်ပြီး ကလာဗုမင်းလို မကောင်းတဲ့ ဘုံဘဝတွေကို ဆိုက်ရောက်ကြလိမ့်မယ်။

## ခန္တီရဲ့ အကျိုးအပြစ်များ

သည်းခံခြင်းဆိုတဲ့ ခန္တိတရားကို ကျင့်သုံးထားသူဟာ အကျိုး ငါးပါးရရှိနိုင်တယ်–လို့ မြတ်ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောကြားတော် မူတယ်၊ မကျင့်သုံးသူများအဖို့က်လဲ မကောင်းကျိုးငါးမျိုး ခံရတတ်တယ် လို့ ဟောကြားထားပါတယ်။ အဲဒါကို လင်္ကာလေးနဲ့ တိုင်ပေးမယ် လိုက်ဆိုကြည့်ကြ–

> သည်းမခံသူ၊ ဖြစ်ပါမူကား၊ သူမချစ်ခင်၊ ရန်လျှင်တိုးပွား၊
>
> အပြစ်များခဲ့၊သေကားတွေဝေ၊ သေလျှင်အပါယ်၊
>
> လားစဖွယ်တည်း၊ ငါးသွယ်အပြန်၊ ရမြဲမှန်သည်၊
>
> သည်းခံသူဖို့တည်း။

လင်္ကာထဲမှာက အပြစ်ကို တိုက်ရိုက် ပြဆို ဖွဲ့စီထားတာ ဖြစ်တယ်၊ အကျိုးကိုတော့ အပြစ်ရဲ့ အပြန်အနေနဲ့ မှတ်ကြရမယ်၊ သည်းမခံသူသည် –

(၁)သူမချစ်အပ်=သူတစ်ပါးမုန်းတတ်တယ်။

(၂)ရန်လျှင်တိုးပွား=သူတစ်ပါးတွေက ရန်ပြုတတ်တယ်၊ ရန်လိုတတ်တယ်။

(၃)အပြစ်များခဲ့-သူတစ်ပါးတွေရန်လိုနေတတ်တဲ့အတွက် မိမိမှာ အမြဲတမ်းအပြစ်တစ်ခုခု ရောက်ရှိလာတတ်တယ်။ အဲဒီအပြစ်ကို ခံစားရတတ်တယ်။

(၄)သေကားတွေဝေ-သေလျှင်လဲ တွေတွေဝေဝေ ငြီးငြူအော် ဟစ်ပြီး သေရတတ်တယ်။

(၅)သေလျှင်အပါယ်-သေတဲ့အခါ အပါယ်ဒုဂ္ဂတိသို့ ဆိုက်ရောက် ရတယ်။

အဲဒါ သည်းမခံသူများ ခံစားရမဲ့အပြစ်တွေပဲ၊ ကောင်းတာတစ်ခုမှ မရှိဘူး။ သည်းခံသူများကတော့ အဲဒီ အပြစ်ငါးမျိုးရဲ့ အပြန်ဖြစ်တဲ့ အကျိုးတွေကို ခံစားရမယ်။

(၁)ချစ်ခင်သူပေါမယ်၊

(၂)သူတစ်ပါး ရန်လိုမုန်းထား ဘယ်တော့မှမပြုဘူး၊ အပြု မခံရဘူး၊

(၃)အပြစ်ကင်းစင်တယ်၊ ခန္တီတရားရဲ့ ဆန့်ကျင်ဖက်ဖြစ်တဲ့ ဒေါသကြောင့်ဖြစ်ပေါ်လာတတ်တဲ့ အပြစ်တွေ ဘယ်တော့မှမရှိဘူး၊ ကင်းစင်ပြီးတော့ နေလိမ့်မယ်။

(၄)သေလျှင် ရှင်ရှင်ပျပျနဲ့ပဲ သေရတယ်။

(၅)သေပြီးနောက် အပါယ်မရောက်ပဲ သုဂတိဘုံဘဝတွေကိုသာ ရောက်ရတယ်။

ဒါတွေက သည်းခံခြင်းကြောင့် ရရှိခံစားရမဲ့ အကျိုးကျေးဇူး တွေပါပဲ ဒါကြောင့်-ယနေ့တရားနာယူကြတဲ့ ပရိတ်သတ်လဲပဲ မိမိတို့သည် ဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီးနဲ့-

ဆုံတွေ့နေခိုက်မှာ ဘုရားရှင်ရဲ့အဆုံးအမတစ်ခုဖြစ်တဲ့ ယခုဟောခဲ့တဲ့ ခန္တီနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ဆိုးကျိုးတွေ၊ ကောင်းကျိုးတွေကို သိရှိကြရပါပြီ၊ သိရှိကြသည့်အားလျော်စွာ လက်တွေ့လဲပဲ ခန္တီရတရားကို လက်ကိုင်ပြုထားကြပါ၊ ခန္တီတရားကို လက်ကိုင်ပြု ကျင့်သုံးထားကြမယ်ဆိုရင်ဖြင့် မိမိတို့ပြုလုပ်နေတဲ့ ဒါန သီလ ဘာဝနာ–ဆိုတဲ့ ကောင်းမှုကုသိုလ်တွေ၊ သီလ,သမာဓိ,ပညာတရားတွေဟာလဲ အောင်အောင်မြင်မြင်ဖြစ်ပြီး လိုရာဆန္ဒတွေ၊ တောင့်တအပ်တဲ့ ကောင်းကျိုးတွေနဲ့ ပြည့်စုံကြမယ်။ သာသနာ့အကျိုး သည်ပိုးရတဲ့ကုသိုလ်တွေရဲ့ အကျိုးတွေကိုလဲ အပြည့်အဝခံစားကြရမယ်။

ဒါကြောင့် မိမိတို့ ပြုသမျှ ကုသိုလ်အားလုံးတို့ရဲ့အကျိုးတွေကို ခံစားနိုင်ရန်အတွက် ခန္တီတရား၊ မေတ္တာတရားတွေကို ဆထက်တိုးပြီး ကြိုးစားမယုတ် ပွားများအားထုတ်နိုင်ကြပါစေ၊ အားထုတ်တိုင်းလဲ ရည်မှန်းထားသော ကောင်းကျိုးတွေကို ရရှိခံစားနိုင်ကြပါစေ–လို့ ဆန္ဒပြုလိုက်ရပါသတည်း . . . .။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၈၆၅၃၃
ရက်စွဲ ၂၅-၉-၂၀၁၁
သုတေသနစာကြည့်တိုက်

# ဒေသနာပန်းခင်း

ဒုတိယတွဲ

**သုံးလောကထွတ်ထား မြတ်စွာဘုရားရဲ့**
**တရားဓမ္မတွေကို နာကြားလိုက်ရရင်**

- ကြည်လင်အေးမြတဲ့ လရောင်နဲ့ ထိတွေ့ခံစားလိုက်ရသလို ပင်ပန်းနွမ်းနယ်မှုတွေလျော့ပါး၊ နှစ်သက်ရွှင်လန်းမှုအင်အားတွေ ပြည့်ဝလာလိမ့်မယ်...
- မောဟဆိုတဲ့ အမှောင်ထုထဲမှာ မမြင်လမ်းမှား စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းနေရတဲ့ အဖြစ်က ကင်းဝေးသွားလိမ့်မယ်...
- ကိလေသာဆိုတဲ့ လှောင်အိမ်မှာ မပေါ့မပါး မွန်းကြပ်စွာ ခံစားနေရတဲ့ "လှောင်အိမ်စံ"ဘဝက ကင်းလွတ်သွားလိမ့်မယ်...

GRAPHIC NAY WIN AUNG